www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စောညို

## တမလွန်နောက်ကွယ်မှနေ၍


စာမူခွင့်ပြုချက်အမှတ် - ၉၉၁/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၂၄/၂၀၀၄ (၉)

၂၀၀၅ ခုနှစ်၊ မေလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC

# စောညို



## တမလွန်နောက်ကွယ်မှနေ၍


မောင် ကျော် လှိုင်

စေတနာစာပေ

မှ

စီစဉ်သည်။


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဘယ်သူသိသိ၊ မသိသိ
နိုင်ငံအကျိုးယုတ်အောင် ငါမလုပ်။
ဘယ်သူသိသိ၊ မသိသိ
ငါ့နိုင်ငံအကျိုးရှိအောင် ငါ့စာပေဖြင့်
ငါလုပ်မည်။

စောညို

❖ ❖ ❖

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည်

ရတနာသုံးပါးကို ဦးညွှတ်၏။

နိုင်ငံတော်ကို ဦးညွှတ်၏။

စာဖတ်ပရိသတ်ကို ဦးညွှတ်၏။

ကျွန်ုပ်အား မွေးဖွားပေးသော စာရေးဆရာကို ဦးညွှတ်၏။

စနေထွန်း

❖ ❖ ❖



BURMESE CLASSIC

## စာတ်လမ်းစဉ် (၁)

ဝိဉာဉ်တွေရှိကြသော ပရလောကဆိုတာ မယုံလည်းအခက်၊ လည်းအခက်။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်စေ သေလွန်သည့်၏ မှာဘက်သို့ သုံးဆယ့်တစ်ဘုံတွင် တစ်ဘုံဘုံမှာတော့ ဝင်ရောက် မြဲလို့ ကြားဖူးသည်။

သူတို့သည် ဝိဉာဉ်တွေလား။ စိတ်စွဲလမ်းရာကိုသွားသော ခံဆိုလားဆိုတာကို ဦးခင်မော်ထွန်း ကွဲကွဲပြားပြားမသိပါ။

ဝိဉာဉ်သည် သက်သက်။

နာမ်သည် သက်သက်လို့တော့ထင်၏။

ဝိဉာဉ်သည် သတ္တဝါတစ်ခု၏ ရုပ်ထဲတွင်ကိန်းအောင်းနေသော သက်တစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာမ်သည် ရုပ်ကိုနိုင်းစေသောစိတ်ပင်ဖြစ်သည်။

ရုပ်တခြား၊ နာမ်တခြားဆိုသလို ဝိညာဉ်တခြား၊ စိတ်တ[illegible] လို့ပင် ဦးခင်မော်ထွန်း မှတ်ယူသည်။

စီးပွားရေးကိုလိုက်ပြီး ရုပ်တရားသက်သက်ချည်း ချမ်[illegible] အောင်လုပ်ခဲ့သော ဦးခင်မော်ထွန်းမှာ ဘာသာရေးလိုက်စားမှု[illegible] နည်းသဖြင့် တမလွန်ဘဝ။ သုံးဆယ့်တစ်ဘုံတွင် သတ္တဝါတွေ [illegible] တန်းမဝင်နိုင်ဘဲ သံသရာဘဝအဆက်ဆက်ကျင်လည်ကြသည်[illegible] လည်း နက်နက်နဲနဲ မတီးခေါက်မိပါ။

သူ့လက်ထဲသို့ မမျှော်လင့်ဘဲ ရောက်လာသော တိပ်ခွေ[illegible] နှင့် ထိုတိပ်ခွေတွင် ဖွင့်ဟဝန်ခံချက်တွေကို ကြားနာပြီး သူ့အ[illegible] ထိုအကြောင်းအရာ ဖွင့်ဟမှုတွေနှင့်ပတ်သက်၍ မယုံရအခက်၊ [illegible] အခက်ဖြစ်နေသည်။

တစ္ဆေသရဲဆိုတာကို သူ မယုံကြည်။

ပရလောကကို သူလက်မခံ။

ဒါပေမယ့် တိပ်ခွေတွင်ပါသောအကြောင်းအရာတို့၏ ကာ[illegible] ရှင်သည် သူ့သားဖြစ်နေသောကြောင့် မယုံလည်းမရ၊ ယုံလည်း[illegible]

အင်း…တော်တော်စဉ်းစားတွေးတောရခက်တာပဲ။

သားဖြစ်တဲ့လူက စနေထွန်းဆိုတဲ့ကောင်လေး။





သူထင်ရာမြင်ရာကို ဖွတ်လုပ်တတ်လို့ ရုပ်တရားကိုသာ ချမ်းသာတိုးတက်အောင်လုပ်နိုင်ခဲ့သောသူ့အဖို့ စိတ်နှင့် ပတ်သက်လို့ ချမ်းသာအောင် မလုပ်နိုင်။

သားဖြစ်သူမှာ အမည်မဖော်နိုင်သောရောဂါနှင့် ဆေးရုံတက်ရသည်။

သူ့ဝမ်းဗိုက်တွင်းမှ အမျိုးအမည်မသိနိုင်သော အသားလုံးတစ်လုံးခွဲစိပ်ယူရသည်အထိ ဖြစ်ခဲ့သည်။

ယင်းအသားလုံးကို ဆရာဝန်တွေကိုယ်တိုင် အမည်မပေးနိုင်ပါ။ ကင်ဆာလား၊ လေလုံးလား၊ သွေးလုံးလား၊ ဘေလုံးလားဆိုတာ ကွဲကွဲပြားပြား မဖော်ပြနိုင်ဘဲ သုတေသနလုပ်ဆဲရှိသည်။

အချို့က ပြောကြသည်။

အပင်းသွင်းခံရတာတဲ့။

ဒါကို ဦးခင်မော်ထွန်းက ကြားတော့ ရယ်ချင်သည်။ ရယ်လည်း ရယ်မိသည်။

ပြောကြသူတွေကိုပင် ရှုံ့ချမိသည်။

ရှေးရိုးအစွဲအလမ်းတွေ မစွန့်လွှတ်နိုင်ဘဲ ဦးနှောက်မရှိတဲ့ လူတွေ၊ ခေတ်နောက်ကျနေတဲ့လူစားတွေလို့ သတ်မှတ်မိ၏။

မြန်မာနိုင်ငံတွင် လူဦးရေသန်းရခြောက်ဆယ်နီးပါးရှိသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



သန်းခြောက်နီးပါးရှိသော လူတွေသည် ကောက်ချက်အမျိုးမျိုးချမည်။ စိတ်အမျိုးမျိုးရှိမည်။ စကားအမျိုးမျိုးပြောမည်။

လက်ခံယုံကြည်မှုအမျိုးမျိုးရှိလိမ့်မည်။

ဆေးပညာရပ်မှာတော့ ခေတ်မမီသောအစွဲအလမ်း အယူအဆတွေကို လက်မခံပါ။

သိပ္ပံဆန်သော ရုပ်တရားအတွေးတွေကိုသာ လက်ခံသည်။ ဦးခင်မော်ထွန်းလည်း ထိုနည်းနှင်နှင်ပါပဲ။

ဒါပေမယ့် စိတ်တရားကိုတော့ ဦးခင်မော်ထွန်း ချမ်းသာအောင် မလုပ်နိုင်။ စနေထွန်း ဆေးရုံမှဆင်းပြီး ဘယ်ကိုထွက်သွားသည်မသိ။ ထွက်သွားပျောက်ကွယ်သွားသည်။

သားအတွက် နေ့စဉ် စိတ်မချမ်းမသာဖြစ်သလို ဇနီးအတွက်လည်း စိတ်ညစ်နေရသည်။

ဒေါ်မြင့်ကြူသည် တစ်ဦးတည်းမွေးခဲ့ရသောသားကို သိပ်ချစ်သည်။ ကုမ္ပဏီကိစ္စနှင့် စက်ပျက်ကို စနေထွန်း သွားစဉ်ကတောင် နေ့ဆက်ရက်ဆက် ဖုန်းဆက်ရသည်မှာအမော။

စနေ လုပ်ချင်ရာလုပ်လို့ ထွက်သွားချင်ရာထွက်သွားတော့ နေ့စဉ် တကြောင့်ကျကျနှင့် တငိုငို။

လူချမ်းသာတို့၏ ရှိမြဲအပ်သောရောဂါထုံးစံအတိုင်း နှလုံးရောဂါ





နှင့် သွေးတိုးရောဂါကလည်း ရှိသဖြင့် သားစိတ်နှင့် ဒေါ်မြင့်ကြူ ဘစ်ခါတစ်ခါ ရောဂါဖောက်လာပြီဆိုလျှင် ဦးခင်မော်ထွန်း ခြေမကိုင်မိ။ လက်မကိုင်မိ။ စိတ်ညစ်ရသည်။

သူမကို အနီးကပ်သူနာပြုတစ်ဦးနှင့် ဆရာဝန်အမြဲတမ်းထားပေးရသည်။

တိပ်ခွေတစ်ခုက စာတိုက်မှတစ်ဆင့် သူ့လက်ထဲ ရောက်လာတော့မှ တိပ်ခွေအကြောင်းအရာအရ သူ့သား ဘယ်ကိုသွားခဲ့မှန်း သိခဲ့ရသည်။

ဇနီး စိတ်ချမ်းသာအောင် စနေ မြန်မာနိုင်ငံထဲမှ မြို့တစ်မြို့တွင် ရှိနေကြောင်းပြောပြီး တိပ်ခွေကို ဖွင့်ပြလိုက်၏။

ဒေါ်မြင့်ကြူမှာ ခေတ်ပညာတတ်။

သို့လင့်ကစား ဦးခင်မော်ထွန်းနှင့် အယူအဆချင်းမတူ။

သူမသည် ပရလောက၊ ဝိညာဉ်၊ တစ္ဆေသရဲတွေကို လက်မခံသော်လည်း သူပြောလူပြောနှင့် ယုံကြည်သည်။

စနေက ရှေးရိုးလူတစ်စုနှင့်တွေ့ပြီး ထိုလူစုထဲမှ နှင်းဖြူငယ်ဆိုသော မိန်းကလေးတစ်ယောက်နှင့် တွေ့ဆုံခြင်းသည် ပရလောက ကြုပ်သို့မဟုတ် ဥစ္စာစောင့်နှင့် တွေ့ဆုံခြင်းဖြစ်မည်ဟု မိန်းမသား ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မော်ထွန်းကိုယ်တိုင်က ယင်းအကြောင်းအရာတွေကို မ
ခွဲနိုင်သောကြောင့် ယခင်လို အကြောက်အကန်မပြောတော့ပါ။

ဒါကြောင့် သူ့အဖို့ စနေထွန်း တွေ့ကြုံရချက်များသည် ယုံ
အခက် မယုံရအခက်ဟုဆိုရခြင်းပါ။

ဒေါ်မြင့်ကြူမှာ သားဖြစ်ခဲ့သောအတွေ့အကြုံကို ကြားခဲ့ပြီး
သည်မှစ၍ စိတ်မချမ်းသာခြင်းမှ ကူးပြောင်းကာ အမြဲစိုးရိမ်ကြော
ကျ ထိတ်လန့်ခဲ့ရ၏။

"သားကလေးဟာ ရှင့်လိုပဲ ဒါတွေကို အယုံအကြည်မရှိ
ပရလောကအကြောင်းကို ဂဃဏန ဝေခွဲတတ်မှာမဟုတ်ဘူး၊ သူ
တစ္ဆေသရဲတွေက အန္တရာယ်ပြုရင် ဒုက္ခ၊ ပြီးတော့ ရှင့်လိုပဲ ဘု
တရားသိပေမယ့် မြဲတာမဟုတ်ဘူး၊ သရဏဂုံသုံးပါးမရှိတဲ့လူတွေ
ပရလောကက သတ္တဝါတွေက နှောင့်ယှက်နိုင်တာပဲ"

"မင်းကလည်း...ကလေးကလားတွေ လမ်းဘေးအ
အခေါ်တွေနဲ့ မပြောစမ်းပါနဲ့ ကြူရာ...လူကြားရင် ရှက်စရာ"

"ကျွန်မတို့မှာ ခေတ်လွန်တဲ့အတွေးအခေါ်တွေ မထားချင်
ဝိညာဉ်လောက၊ ပရလောကသားတွေရှိတယ်ဆိုတာတော့ အယူ
အနေနဲ့ လက်ခံရမှာပေါ့၊ လက်မခံလည်း ယုံကြည်ရမှာပေါ့၊ ရှ
ကြားဖူးတယ်မဟုတ်လား၊ ဘုရားရှင်လက်ထက်က ဗိုင်းပြည်တစ်ပြ





မှာ ဖုတ်တွေ၊ တစ္ဆေတွေ၊ ဘီဘူးတွေဝင်မယ်ဆိုတော့ ဘုရားရှင်ကိုယ်တိုင်က ရဟန်းတွေကိုခေါ်ပြီး ပရိတ်ကြီးတွေ၊ ပရိတ်တွေရွတ်ပြီးထားလို့ ပရိတ်တန်ခိုးကြောင့် အဲဒီဖုတ်တွေ၊ ဘီလူးတွေ မဝင်နိုင်တာတွေလေ...ဒါတွေဟာ တကယ်ရှိလို့ပေါ့၊ ဒီတော့ ရတနာသုံးပါးက ပရလောကက မကောင်းတဲ့သတ္တဝါတွေကို တွန်းလှန်နိုင်တာပဲ"

"ကိုယ်တော့ ပြောသံပဲကြားဖူးတယ်၊ အေးလေ...မင်း အယူအဆ မင်းအစွဲကို မငြင်းပါဘူး၊ သားအတွက် တို့ ဘာလုပ်ပေးနိုင်မလဲ လို့ပဲ စဉ်းစားရမယ်"

"သူ့ကိုသွားရှာပေါ့...သူ ဘယ်မြို့မှာရောက်နေသလဲ"

"တိပ်ခွေပို့လိုက်တာကတော့ ညောင်ရွှေကပို့လိုက်တာပဲ"

"ဒါဆို ညောင်ရွှေကို သွားကြမယ် ကိုမော်...ကြူ့ကိုလိုက်ပို့နော်"

ဧည့်ခန်းထဲတွင် ထိုင်နေသော ဒေါ်မြင့်ကြူကို ဦးခင်မော်ထွန်းက မတ်တပ်ရပ်နေရာမှ ကရုဏာနှင့်ကြည့်လိုက်၏။

သူတို့နှင့် မနီးမဝေးတွင် အာရောဂျမဂ္ဂဇင်းတစ်စောင်ကို ဖတ်နေသော နာ့(စ်)မလေး စိမ်းသဇ္ဇာလှဲက မဂ္ဂဇင်းကို ဖတ်ဟန်ပြု၍ တစေ့တစောင်း နားထောင်နေသည်။

ဒေါ်မြင့်ကြူ ပိန်သွားသည်။ မျက်ဝန်းတို့သည် နွမ်းရှန်းတောက်

www.burmeseclassic.com

www.burmeseclassic.com



စိုခဲ့သော်လည်း ယခုမူ မျက်ခွံအောက်သို့ မသိမသာ လျှိုးဝင်နေသည်။

"မင်းသားအကြောင်းကို မင်းလည်းသိသားပဲ ကြူရယ်…မင်းသားက ရွက်ကျပင်ပေါက်လို ကျရာပျော်တဲ့ သား…ပြီးတော့ ဒီနေရာမှာဆိုပေမဲ့ နောက်နေ့ ဟိုနေရာကို ရောက်ချင်ရောက်သွားတာပဲ၊ ကိုယ်လည်း အစကလိုက်ဖို့ စဉ်းစားပါတယ်…ဒါပေမဲ့ သူ့ကို လေလို ဖမ်းမမိနိုင်ဘူး ကြူရယ်"

"ဒါဆို ကြူတို့ ဘာလုပ်ကြမလဲ"

"စနေ ပြန်လာတဲ့အထိ စောင့်ကြတာပေါ့…ကိုယ့်စိတ်ထင် ဒီကောင်ဟာ သူ့ချစ်သူ နှင်းဖြူငယ်ဆိုတဲ့ မိန်းကလေးနောက်ကို လိုက်လိမ့်မယ်ထင်တယ်"

"မိန်းကလေးမဟုတ်ပါဘူး…တစ္ဆေမပါ"

"အေးပါ…ဟုတ်ပါတယ်…တစ္ဆေမပဲထားပါ"

ဒေါ်မြင့်ကြူသည် အဲသည်စကားကိုကြားသော် မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာသည်။

"မငိုပါနဲ့ကြူရာ…သား ပြန်လာမှာပါ"

"ကြူ ငိုတာ တစ္ဆတ်ထိုးနိုင်တဲ့သားထက် သူ့အတွက် မဖွယ်မရာလုပ်တာကိုပဲ စဉ်းစားပြီးငိုမိတာပါရှင်…သိမ့်ဘရဏီနဲ့ ပေးစားမယ်လုပ်တုန်းကလည်း လက်မခံဘဲ သူထင်ရာ သူချစ်ရာ ရွှန်းလဲ့





သံသာဆိုတဲ့ မိန်းကလေးကိုပဲချစ်ခဲ့တယ်၊ လက်ထပ်မယ်ဆိုလို့ ဟည်း ကြူတို့ လက်ခံခဲ့တယ်၊ အခု ရွှန်းလဲ့ သေသွားပြန်တော့ မအပ်မရာ တစ္ဆေမကိုမှ သွားကြိုက်ရသတဲ့ရှင်…လူကြားလို့တောင် မတော်ပါဘူး"

"တစ္ဆေမက ရွှန်းလဲ့နဲ့ တထေရာထဲပဲလို့ သူ့တိပ်ခွေထဲမှာပြောထားတာပဲ ကြူရာ၊ သူက အဲဒီတစ္ဆေမကို ရွှန်းလဲ့ကိုချစ်တဲ့စိတ်နဲ့ ချစ်မိတာဖြစ်မှာပေါ့…သူ့တိပ်ခွေထဲမှာလည်း ဝန်ခံထားသားပဲ"

"သားဟာ မိုက်တယ်၊ ဘဝချင်းမအပ်စပ်တာကိုမှ သွားကြိုက်တယ်၊ သူ့အတွက် အန္တရာယ်ရှိမယ်"

"တစ္ဆေသရဲဆိုတာ ရှိခဲ့ရင်လည်း အဲ…အဲဒီ နှင်းဖြူငယ်ဟာ တစ္ဆေသရဲဖြစ်ခဲ့ရင်လည်း တို့ သားလေးကို ဘာမှမလုပ်နိုင်ပါဘူး… လူတွေကသာ အစွဲအလမ်းနဲ့ကြောက်နေတာ"

မျက်ရည်တွေ ထွက်ဆဲမှပင် နံရံတစ်နေရာတွင် ချိတ်ထားသော ဓာတ်ပုံတစ်ခုကို ဒေါ်မြင့်ကြူ ငေးကြည့်နေသည်။

ဓာတ်ပုံထဲမှာက ဘွဲ့ဝတ်စုံဝတ်ပြီး မိဘနှစ်ပါး ခြံရံကာ ရိုက်ထားသော စနေထွန်း၏ပုံ။

မဂ္ဂဇင်းကို သူနာပြုဆရာမလေး စိမ်းသဉ္ဇာလဲ့က တစ်နေရာတွင် ချထားပြီး ကရုဏာသံနှင့်…



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရယ်...မငိုပါနဲ့...အန်တီ့မှာ နှလုံးရှိနေတော့ ငိုရင် စိတ်ထိခိုက်သလို နှလုံးကိုလည်း ထိခိုက်သွားနိုင်ပါတယ်၊ အန်တီ့သား မကြာခင် ပြန်လာမယ်လို့ စိမ်း ထင်ပါတယ်"

"ဆရာမလေး စိမ်းရေ...သမီး အန်တီ့ကို ကြည့်ပြောပေးပါဦး"

တစ်ဘက်လူကို အကူအညီတောင်းရပြန်သည်။ စိမ်းက ပြုံးပြုံးလေးနှင့် သူမ၏ လူနာဆီသို့ ထလာသည်။

တယ်လီဖုန်းလူခေါ်ခေါင်းလောင်းသံက လူတွေကို ကိုင်လှုပ်လိုက်သလိုဖြစ်သွားစေသည်။ ဒေါ်မြင့်ကြူက မျက်ရည်သုတ်နေစဉ် ဦးခင်မော်ထွန်းက စင်ထက်မှ စကားပြောခွက်ကို သွားဆွဲလိုက်သည်။

သူသည် စကားကို နည်းနည်းပြောသည်။ ပြောနေစဉ် သူ့မျက်နှာ ပျက်သွားသည်။ နောက် မျက်နှာက ပြန်တည်သွားကာ ဒေါသ ထွက်လာသည့်ပုံပေါက်လာသည်။

"ဦးမြတ်ထွန်းအောင်...ခင်ဗျား ဒါပါနဲ့ဆို နှစ်ခါရှိနေပြီ...ကျုပ် သည်းမခံနိုင်တော့ဘူး"

သူ့အသံက မသိမသာကျယ်သွားသည်။ ဒေါသသံလည်းပါသွားသည်။ အမျိုးသမီးနှစ်ယောက်၏အာရုံက သူ့ဘက်ကို ညွတ်လာသည်။





သူတို့ကို ဦးခင်မော်ထွန်းက အရေးမထားပဲ သူပြောလိုရာကို ပြောချသည်။

"ခင်ဗျား ကျုပ့်အလုပ်ကို ဝင်ရှုပ်တာပဲ...ကုန်ပစ္စည်းတိုက်ရိုက် ဆက်သွယ်တဲ့နေရာမှာ ကျုပ်က ခင်ဗျားလိုလူမျိုးကို ပွဲစားမထားဘူး၊ ထိုဘက်ကိုယ်စားလှယ်ကိုပဲ တိုက်ရိုက်ခေါ်ဆက်သွယ်တာပဲ၊ အခုဟာ က ခင်ဗျားသက်သက်လူလည်လုပ်တာ...အခုမှ တောင်းပန်စရာ မလိုပါဘူး၊ ခင်ဗျား လုပ်လိုက်တာ ကျုပ်အတွက် ဒေါ်လာငါးသောင်း လောက် ဆုံးရှုံးသွားပြီ...အရင်ကလည်း ဒီလိုပဲ မနည်းဘူး"

ဒေါသသံနှင့် ဦးခင်မော်ထွန် အသံတုန်ခါနေသည်။

တစ်ဘက်မှ ဘာပြန်ပြောသည်ကိုတော့ သူမတို့မသိပါ။

"ကောင်းပြီလေ...ကောင်းပြီ...ခင်ဗျားနဲ့ကျုပ်တွေ့မယ်၊ ကျုပ်က တစ်ခါသာသည်းခံမယ်၊ နှစ်ခါသည်းခံမယ့်လူစားမဟုတ်ဘူး၊ ခင်ဗျားနဲ့ကျုပ်တွေ့မယ်"

သူက ဖုန်းကိုဆောင့်ချလိုက်သည်။

တောက်တစ်ချက်ခေါက်လိုက်သည်။ ချက်ချင်းပဲ သတိပြုမိသည်။ သူ့ဘေးနားတွင် အမျိုးသမီးနှစ်ယောက်ရှိနေပါလား။

ဒေါ်မြင့်ကြူ၏ စိုးရိမ်ပူပန်သောမျက်နှာ။

မိမိကို စူးစမ်းတိုင်းတာသောအကြည့်နှင့် ကြည့်နေသော စိမ်း



www.burmeseclassic.com

www.burmeseclassic.com



သဋ္ဌာလှဲ့၏မျက်လုံးကလေးတွေ။

သူ့ကိုယ်သူ ဒေါသထွက်သွားမိသဖြင့် အမူအရာပုံပန်းပျက်သွားသည်ကိုပဲ ဦးခင်မော်ထွန်း ရှက်သွားမိသည်။

"ဘာတွေဖြစ်နေတာလဲ ကိုမော်"

"ဘာမှမဟုတ်ပါဘူးကွာ…ကိုမြတ်ထွန်းအောင်နဲ့ စကားပြောတာပါ"

"ကိုမြတ်ထွန်းအောင်ကို ကိုမော် မပေါင်းစေချင်ဘူး၊ ဒီလူအကြောင်း ရှင်သိသားပဲ…အမြီးကျက်အမြီးစား…ခေါင်းကျက်ခေါင်းစားလူ"

"ကိုယ်ကပေါင်းတာမှမဟုတ်ပဲ…စီးပွားရေးခွင်ဆိုတာ လူတန်းစားအမျိုးမျိုး အကျင့်အမျိုးမျိုးရှိကြတာပဲ၊ ကိုမြတ်ထွန်းအောင်ကို ကိုယ်က ပေါင်းတာမဟုတ်ဘူး၊ သူကလာပေါင်းတာ…ပြီးတော့ သူ့အတွက် အမြတ်ထုတ်သွားတာချည်းပဲ"

ရုတ်တရက်ပင် မခံချင်စိတ်နှင့် ဦးခင်မော်ထွန်းနှုတ်မှ လွှတ်ခနဲ စကားတွေထွက်သွားသည်။

"ရှင့်ဆီက သူ ဘာတွေထပ်စားသွားပြန်ပြီလဲ"

"မသိချင်ပါနဲ့ကွာ…အင်း…စနေသာရှိမယ်ဆိုရင် ဒီကိစ္စဖြစ်လာနိုင်စရာအကြောင်းမရှိဘူး၊ ပြည်ပဆက်သွယ်မှုမှာ ဖက်(စ်)နဲ့ ဆက်





သွယ်လို့လည်း ပြည့်စုံတာမဟုတ်ဘူး၊ အင်တာနက်နဲ့ ဆက်သွယ်လို့လည်း မပြည့်စုံနိုင်ဘူး၊ ကိုယ်ကိုယ်တိုင် ပြည်ပကိုသွားနိုင်ရင်သွား…မသွားနိုင်ရင် အေးဂျင့် (AGENT) တစ်ယောက်ရှိမှပဲ"

ဦးမြတ်ထွန်းအောင်မှာ ကုမ္ပဏီ၏ အေးဂျင့်မဟုတ်ပါ။ အေးဂျင့်ခေါ် ကိုယ်စားလှယ်အစား သူက အဝယ်တော်ကြားခံလူသာဖြစ်၏။ လိုရင်းစကားနှင့် ဆိုရပါမူ ပွဲစားတစ်ယောက်။

ဦးခင်မော်ထွန်းအလုပ်ကို တိတိကျကျလုပ်ကာမှ ဦးမြတ်ထွန်းအောင်နှင့် ဆုံရသည်။

သူနှင့် ဦးမြတ်ထွန်းအောင် တွေ့ကြတာက ထိုင်းမှာပဲ။

အဲသည်မှာ အလုပ်ကိစ္စနှင့် စတင်တွေ့ကြပြီး မြန်မာနိုင်ငံသို့ ပြန်ရောက်လာကြသော်လည်း တစ်ယောက်ကိုတစ်ယောက် ခင်မင်မြဲ။

စတင်ဖောက်လာသူက ဦးမြတ်ထွန်းအောင်။

ဦးခင်မော်ထွန်းက သူ၏ ပွဲးချေးဆင်းဘုတ်(PURCHASING BOARD) ထဲမှ အဝယ်တော်တစ်ယောက်ကိုလွှတ်၍ မြန်မာနိုင်ငံတွင်းမှ ပဲနှင့် အခြားမြေထွက်သီးနှံများကို ကုမ္ပဏီလိုင်စင်နှင့်အညီ အဝယ်လွှတ်လိုက်၏။

ဝယ်ယူရေးပါချေးဆင်းဘုတ်မှ ဦးသန်းအောင်က ယင်းပစ္စည်းများကို ဝယ်ယူရန် ကြိုးစားစဉ် ဦးမြတ်ထွန်းအောင်က ဒိုင်ကိုသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



တခြားကုမ္ပဏီတစ်ခုနှင့် ကြားခံပွဲစားလုပ်၍ စည်းလားရိုက်ပေးသည်။

ဦးသန်းအောင် လက်လွှတ်ဆုံးရှုံးသွားသည်။

ထိုမြေထွက်သီးနှံများကို အခြားကုမ္ပဏီကရသွား၏။

ဦးသန်းအောင်က ဦးခင်မော်ထွန်းကို ဖုန်းနှင့် အကြောင်းကြားသည်။ ယင်းပစ္စည်းကုန်များကို ဦးခင်မော်ထွန်းက ထိုင်းမှ ကုန်သည်အချို့နှင့် စာချုပ်လာခဲ့ပြီးဖြစ်ရာ သူ့အဖို့ အခက်အခဲဖြစ်တော့၏။

ဒါကြောင့် စာချုပ်မပျက်စေဖို့ သူက ရှိရင်းစွဲဈေးထက် နှစ်ဆပိုပေးပြီး တစ်ဘက်ကုမ္ပဏီမှ ပြန်ဝယ်ရ၏။

ကုန်ပစ္စည်းတွေကို တစ်ဘက်နိုင်ငံသို့ ပို့ဖြစ်၏။

ဒါပေမဲ့ သိန်းပေါင်းများစွာ ရှုံးခဲ့၏။

ဒါ ဘယ်သူ့လက်ချက်လဲလို့ ကောက်ချက်ချတော့ ဦးမြတ်ထွန်းအောင်၏ လက်ချက်။

ခင်မင်နေတာမို့ သူက ဦးမြတ်ထွန်းအောင်ကို သည်းခံခွင့်လွှတ်လိုက်သည်။ ဒါပေမဲ့ ဆက်ဆံမှုမပြုတော့။

ခုလည်း သည်လူလုပ်ပြန်ချေပြီ။

ပြည်ပမှ မိမိဝယ်ယူတင်သွင်းမည့် ဆောက်လုပ်ရေးပစ္စည်းအချို့ကို သူက ကြားခံပွဲစားလုပ်ပြီး တခြားဆောက်လုပ်ရေးကုမ္ပဏီနှင့် ဆက်သွယ်ကာ ဈေးတင်ကစားပေးသဖြင့် ပြည်ပကုမ္ပဏီက





ချုပ်လုပ်ကာနီးမှ ယင်းပစ္စည်းတွေကို မြန်မာနိုင်ငံအတွင်းမှ တခြားမ္ပဏီသို့ လွှဲပြောင်းပေးသည်။

ဒါ ဘယ်သူ့လက်ချက်လည်းဆိုတော့ ဦးမြတ်ထွန်းအောင်က်ချက်။

ယခု သူက တောင်းပန်စကားပြောတော့ ဦးခင်မော်ထွန်းတော်ဒေါသထွက်နေသည်။

သည်လူကိုတော့ အပြတ်ရှင်းမှ။

ဦးမြတ်ထွန်းအောင်ဆိုတာ နယ်နယ်ရရလူမဟုတ်။

လူရည်လည်သည်။ ခေတ်ဟောင်းက မှောင်ခိုအကြီးအကျယ်လုပ်ဖူးသည်။ လောင်းကစားနှင့် မိန်းမစွက်ဖက်သဖြင့် ချမ်းသာခြင်းသည် သူ့တွင်မရှိ။

အပေါင်းအသင်းရှိသည်။

တပည့်တပန်းတွေရှိသည်။

သည်လိုလူနှင့် ဦးခင်မော်ထွန်း ယှဉ်ပြိုင်ရာမှာ လက်ချည်းတ်သက် သွားပြိုင်လျှင်တော့ ကျဆုံးဖို့ပဲရှိသည်။

သည်တော့ ဘေးဆီးရန်ကာဆိုသလို သူလိုင်စင်နှင့် ကိုင်ဆောင်ား ပွိုင့်သုံးဆယ့်နှစ် ဝေါလတာပီပီကေပစ္စတို သေနတ်ကလေးကိုခါးကြားထဲ ထိုးထည့်ကာ အပေါ်မှ ဂျာကင်စွပ်၍ဝတ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာကင်ဝတ်တာက ဆောင်းတွင်းမို့ ဆီလျော်သည်။

အသက်လေးဆယ့်ငါးသာရှိသေးသော ဦးခင်မော်ထွန်းသည် အတော်အေါကန်နေသည်။ ဦးမြတ်ထွန်းအောင်မှာ သူနှင့် မတိမ်းမယိမ်း ရှိလျက် အသားညိုညို၊ ထောင်ထောင်မောင်းမောင်းခန္ဓာကိုယ်ဖြစ်၏

သူ့အိမ်သူ့ဝင်းက တောင်ဥက္ကလာ၊ သံသုမာလမ်းတွင်ရှိသည်။

ဦးခင်မော်ထွန်း သူနှင့်မတွေ့မီ အိမ်ထဲမှအထွက်တွင် လူငယ် တစ်ယောက်နှင့် သွားဆုံသည်။

သူက စနေထွန်းနှင့် ခင်မင်သော စနေ၏သူငယ်ချင်း အောင် သူ။

"အန်ကယ်(လ်) ဘယ်လဲ"

"ဟော့…မောင်အောင်သူပါလားကွ"

ဦးခင်မော်ထွန်း သူ့ခြံဝမှ ကားအထွက်၊ မော်တော်ဆိုင်ကယ်နှင့် လူငယ်ကို နှုတ်ဆက်သည်။

"စနေ ပြန်ရောက်ပြီလား အန်ကယ်(လ်)"

"မင်းသူငယ်ချင်း ဘယ်ပေါက်လို့ ဘယ်ရောက်နေလည်း မသိ ပါဘူးကွာ…ခုထက်ထိ အရိပ်အယောင်တောင် ပေါ်မလာဘူး၊ စိတ် ညစ်ပါတယ်ကွာ…ဒီကောင်က သူထင်ရာသူလုပ်တာကွ"

"သူ ဘာတွေများလုပ်လို့လည်း အန်ကယ်(လ်)"





တိပ်ခွေတွင်ပါသော အကြောင်းအရာတွေကို မပြောချင်ပါ။ ပြောဖို့လည်းအချိန်မရပါ။

"သိပါဘူးကွာ"

မြန်မြန်ပဲ စကားပိတ်လိုက်သည်။

"အခု အန်ကယ်(လ်)က ဘယ်လဲ"

"မြတ်ထွန်းအောင်ဆီ"

"နားလည့်ပါးလည့် ဦးမြတ်ထွန်းအောင်လား"

စီးပွားရေးလောကတွင် ဦးမြတ်ထွန်းအောင်ကို နားလည့်ပါး လည့် မြတ်ထွန်းအောင်လို့ ခေါ်ကြသည်။ အောင်သူက မော်တော် ဆိုင်ကယ် အရောင်းအဝယ်လုပ်နေသဖြင့် နားလည့်ပါးလည့် မြတ် ထွန်းအောင်ကို သိပုံရသည်။

"ဟုတ်တယ်…သွားမယ်ဟေ့"

ဦးခင်မော်ထွန်းလေသံ၊ ဦးခင်မော်ထွန်းအမူအယာကိုကြည့်ခြင်း ဖြင့် သည်လူကြီး ဒေါသဖြစ်နေပုံရသည်ဟု အောင်သူ အကဲခတ်မိ သည်။

ထွက်သွားသော ကားနောက်မြီးကိုကြည့်ပြီး အောင်သူ ငေး ကျန်ရစ်ခဲ့သည်။

ဦးမြတ်ထွန်းအောင်ကို သူ့အိမ်ထဲမှာ အဆင်သင့်ပဲ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဦးမြတ်ထွန်းအောင်သည် သူ့လူတစ်ယောက်ကို ဧည့်ခ
မှာ စကားပြောနေသည်။

ဦးမြတ်ထွန်းအောင်၏မျက်နှာကို မမြင်ရ။

လက်နှစ်ဘက်နောက်ပစ်ပြီး သူ့လူက သူ့ပြောစကားကို န
ထောင်နေသည်။

ဦးမြတ်ထွန်းအောင်မှာ သားတစ်ယောက်လည်းရှိ၏။

အဲသည်နေ့က တေတေပေပေ။

ယခုသည့် နေ့ကိုလည်းမတွေ့။

"ဩော်...ဦးခင်မော်ကြီးပဲ...ကျွန်တော့်ကို စိတ်ဆိုးနေသလာ
ဦးခင်မော်"

သူ့ကို တွေ့တွေ့ချင်း ဦးမြတ်ထွန်းအောင်က သားနားသော
အိမ်၏ ဧည့်ခန်းထဲမှပင် စတင်နှုတ်ဆက်သည်။

သည်လူက တစ်ချိန်က ချမ်းသာခဲ့ပေမယ့် ချမ်းသာမှု၏
အဆောင်အယောင်ကို မလျှော့ပါ။

ဧည့်ခန်းတွင်ရှိသော အိမ်ထောင်ပရိဘောဂနှင့် အသုံးအဆောင်
တွေမှာ နိုင်ငံခြားလုပ်တွေများသည်။

"ခင်ဗျားကို ကျုပ် ချဲချင်လို့လာတာ"

ဦးခင်မော်ထွန်းက ဒေါသသံနှင့်ဆိုသည်။ မျက်နှာလေးတောင်





မျက်နှာကောင်းကောင်းနှင့် ထောင်မောင်းသော ကိုယ်ကာယပိုင်ရှင်
ဦးမြတ်ထွန်းအောင်က သွားတွေဖြည်းလိုက်သည်။

"ဒေါသမကြီးပါနဲ့ဗျာ...အေးအေးဆေးဆေး စကားပြောရ
အောင် စီးပွားရေးလုပ်တဲ့အခါ ဒေါသမထားကောင်းဘူးဗျ ဦးခင်မော်
ရ"

"ခင်ဗျား ကျုပ်ကို ဘာအငြိုးနဲ့ ဒါလောက်လိုက်နှောင့်ယှက်
ရတာလဲ ကိုမြတ်ထွန်းအောင်...ကျုပ်နဲ့ ခင်ဗျားနဲ့ ရန်ဖြစ်ဖူးသလား"

"မဖြစ်ဖူးပေါင်ဗျာ"

"ခင်ဗျားနဲ့ ကျုပ် မယားလုဘက်လား"

"ဟာ...သေတော့မှာပဲ...ခင်ဗျား ဘာတွေလာပြောနေတာ
လဲ"

"သေမှာက ခင်ဗျားဗျ၊ ကျုပ်မဟုတ်ဘူး...စီးပွားရေးသမား
ချင်းအတူတူ ခင်ဗျား ဒီလိုခေါင်းပုံဖြတ်အလုပ်ကို မလုပ်သင့်ဘူး...
သိပ်ကလေးဆန်တာပဲ"

"ဒါကတော့ဗျာ...စီးပွားရေးသမားဆိုတာ ကောင်းတာတွေ
ချည်းလုပ်ပါ့မယ်လို့ ဘယ်စီးပွားရေးသမားက အာမခံမှာလဲ၊ ချမ်းသာ
ချင်တဲ့လူချည်းဆိုတော့ သူဦးသူ...ကိုယ်ဦးကိုယ်ပေါ့ဗျာ"

"စီးပွားရေးမှာ စောင့်ထိန်းရတာရှိတယ် ကိုမြတ်ထွန်းအောင်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ခွင်ကိုယ့်ခွင်ရှိတယ်ဗျ"

"ဦးခင်မော်…ခင်ဗျား မှားနေပြီ…ကျုပ်က စီးပွားရေးသမား မဟုတ်ဘူး၊ ပွဲစားဗျ…ပွဲစားဆိုတာ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိနေရင် ထမင်းငတ်သွားမှာပေါ့…ခွင့်တော့ သူ့ခွင်ကိုယ့်ခွင် မထားဘဲ ခွင်ရိုက်ကြစမြဲပဲ…ခင်ဗျားလည်း ကျုပ်လိုပဲ ခွင်ရိုက်ပေါ့…ဖြစ်တော့လာမပြောနဲ့ဗျာ"

မထေမဲ့မြင်ပြောနေသော ဦးမြတ်ထွန်းအောင် အမူအရာမှာ ဒေါသဖြစ်လာသော ဦးခင်မော်ထွန်းအတွက် ပိုဒေါသဖြစ်စရာ ဆင့်တက်လာသည်။

နဂိုကမှ ခြေမြန်လက်မြန်နှင့် လက်ပါတတ်သော ဦးခင်မော်ထွန်းအတွက် ဒေါသကို ချုပ်စရာမလို။ လူကြီးလူကောင်းတို့၏ သိက္ခာကို ထိန်းစရာမလို။ မိမိ၏ ဂုဏ်သိက္ခာကို ငဲ့ကွက်ဖို့လည်း မေ့လျော့သွားတာမို့…

"ခွင်ရိုက်ချင်တဲ့ မင်းကို ပါးရိုက်ချင်တယ်ကွာ"

လွှတ်ခနဲဒေါသနှင့်ပြောမိသလို ညာလက်တစ်ဘက်ကလည်း ဦးမြတ်ထွန်းအောင်၏ပါးကို ဖြန်းခနဲရိုက်ချလိုက်တော့၏။

ဦးမြတ်ထွန်းအောင် ယိုင်သွားသည်။

သူလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်။





ဒေါသနှင့်လူဖြစ်လာသူပဲ။

ဘယ်ခံလိမ့်မလဲ။

"ဟင်…မင်းက ငါ့ကို စော်ကားတာပေါ့လေ…ကဲကွာ"

သူကလည်းမခေ။

တစ်ချိန်က လက်စခြေစရှိသူ။

သူ့ညာလက်သီးနှင့် ဦးခင်မော်ထွန်း ပါးချိတ်ထဲကို ဝိုက်လက်သီးတစ်လုံး ထိုးသွင်းထည့်လိုက်သည်။

သည်လိုလုပ်လိမ့်မည်ကို ဦးခင်မော်ထွန်းက နဂိုတွက်ပြီးသား။

နောက်ကို ခေါင်းငဲ့၍ ထိုးလက်သီးကို အလျင်အမြန်ရှောင်လိုက်၏။ မျက်နှာရှေ့မှ လက်သီးဝဲသွားသည်။

ဦးခင်မော်ထွန်း ဆက်လက်လှုပ်ရှားဖို့မလွယ်တော့။

ဦးမြတ်ထွန်းအောင်၏ လူက ဦးခင်မော်ထွန်းကို နောက်ဘက်မှ ဝင်ရောက်သိမ်းဖက်ပွေ့ချုပ်လိုက်သည်။

"ချ…ဆရာ…ချ…ချ"

သခင်အားရ ကျွန်ဒေါ်ဝ စကားနှင့် ယင်းလူက ပြောလိုက်သေး၏။ ဦးမြတ်ထွန်းအောင် ဒေါသဖြစ်နေတာမို့ အချုပ်ခံနေရသော ဦးခင်မော်ထွန်းမျက်နှာကို လက်သီးတစ်လုံးပစ်သွင်းလိုက်မြန်၏။

ဖုန်း…



www.burmeseclassic.com

www.burmeseclassic.com



"အား"

ဦးခင်မော်ထွန်း၏ အဲဒယ်လက်(စ်) (ADELES) ဖိနပ်ခြေဦးက ဦးမြတ်ထွန်း၏ ရှုတူတူဗိုက်ထဲကို ကန်ထည့်လိုက်ပြီးသား။

စနေထွန်းအဖေပဲ။

ဒါလောက်တော့ လာရမှာပေါ့။

ပါးစပ်မှ အော်သံနှင့် ဦးမြတ်ထွန်းအောင် ဖင်ထိုင်ပစ်ကျသွားသည်။ ဦးခင်မော်ထွန်းက သူ့ခြေထောက်နှင့် နောက်မှ ပွေ့ချုပ်ထားသူရဲ့ခြေဖျားတွေကို တအားဆောင့်နင်းလိုက်သည်။

"အား…ယို"

ချုပ်ထားသူဆီမှ အော်ညည်းသံ။ ပြီးတော့ အတီးခံရသံ။

ချုပ်ထားမှုအတွင်းမှ ဦးခင်မော်ထွန်း လွတ်အောင်ရုန်းနိုင်၏။ သည်စဉ်အတွင်း ဦးမြတ်ထွန်းအောင်၏ လှုပ်ရှားတိုက်ခိုက်မှုတွေကသာမန်ထက် ကျော်လွန်လာခဲ့ချေပြီ။

သူက စားပွဲနားသို့ ပြေးသွားသည်။

အံဆွဲကို ဆွဲဖွင့်သည်။

တစ်စုံတစ်ခုကို အံဆွဲတွင်းမှ ဆွဲယူလိုက်၏။

အီတာလီလုပ် ဓားရှူးတစ်ချောင်း။

စတီလက်တို (STILETTO) လို့ ခေါ်ကြတာပဲ။





ယင်းစတီလက်တိုသည် နှစ်ဘက်သွားဖြစ်သလို ချွန်မြပြီး ခံရသူအတွက် အန္တရာယ်ကြီး၏။

ဒါကို ဦးခင်မော်ထွန်း နားလည်သည်။

သူကလည်း သူ့အထာနှင့်သူပဲ။

ခါးကြားထဲမှ လက်ထဲကို နေရာပြောင်းလာသော ဝေါလတာ ပီပီကေသေနတ်နှင့်ချိန်ပြီး ဖြစ်၏။

"ဟေ့လူ…လက်ထဲကဓားကိုချ"

"မင်း…မအေ…"

ဆဲသံနှင့်အတူ ဒေါသဖြစ်နေသော ဦးမြတ်ထွန်းအောင်မှာ ဘာမှမစဉ်းစားဘဲ ပြေးလာ၏။

ဒိုင်း…

သေနတ်သံ။

ပေါက်ကွဲမှုက နားအူမတတ်ဖြစ်သွားသည်။

ဦးမြတ်ထွန်းအောင်မှာ ခဲတောင့်ဝင် မဟာဏ်ထူးရှင်ဖြစ်သွားသည်။

ခြေကားယားလက်ကားယားနှင့် ပစ်လဲကျသွားသည်။ သေနတ်နှင့် ပစ်ပြီးလို့ ဦးခင်မော်ထွန်း ငိုင်နေသည်။

သွားပြီပေါ့။ သူ လက်လွန်သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတရားက လွင့်သွားသည်။ ဒေါသတရားနောက်မှာ ကြောက်ရွံ့မှုက လွှမ်းမိုးလာသည်။ မိမိ လူသတ်မိပါပကော။

လူကြီးလူကောင်းမဟုတ်ပဲ လူကြီးလူမိုက်နှစ်ယောက်၏တိုက်ပွဲက သည်မှာပဲ ပြီးဆုံးသွားပြီး နောက်မှတော့…

"အမယ်လေး…ဘုရား…ကိုမြတ်ထွန်း…ကိုမြတ်ထွန်း"

ကြောက်လန့်သံ ထိတ်လန့်သံနှင့် သူ့မိန်းမ ဒေါ်သိန်းနွဲ့က ပြောပြီး လဲနေသော ဦးမြတ်ထွန်းအောင်ကို ပြေးပွေ့သည်။ ဦးမြတ်ထွန်းအောင် ဝမ်းဗိုက်မှာ သွေးတွေရဲလို့"

"ကိုမြတ်ထွန်းရဲ့ ဘယ်လိုဖြစ်တာလဲရှင်…အမယ်လေးတော် ကိုမြတ်ထွန်း သေပါပြီ"

ငိုသံပါကြီးနှင့်အော်ပြောပြီး သေနတ်ကိုင်ကာ ငိုင်နေသော ဦးခင်မော်ထွန်းကို လှည့်ကြည့်ပြန်သည်။ ထိုမှ သတိရသဖြင့်…

"လာကြပါဦး…လာကြပါဦး…ဟောဒီမှာ ကျွန်မယောက်ျားကို သတ်နေပါပြီ…လာကြပါဦးရှင်"

သူမ၏အသံက ဆူညံကာ ပွတ်လောရိုက်သွားသည်။ ထိုအသံကြောင့်ပဲ ဦးခင်မော်ထွန်း သတိဝင်လာသည်။

"ဟာင်"

ဒါပဲ သူ့နှုတ်ကထွက်ကာ အိမ်ထဲမှအပြင်ကို တချိုးတည်း





လစ်ပြေးတော့သည်။ အပြင်တွင် သူစီးနေကျ ပါဂျဲရိုးကားကြီးပေါ် တက်မောင်းထွက်သွား၏။

နောက်ဘက်တွင် ဘာဖြစ်ကျန်ရစ်ခဲ့တော့သည်ကို သူမသိ။

သူ့ရင်ထဲမှာ ပေါက်ဖွားနေတာက နောင်တ။

နောင်တဆိုတာ အမှားလုပ်ပြီးမှသိလာသောအသိ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## တတ်လမ်းစဉ် (၂)

ဦးမြတ်ထွန်းအောင်ကို ဆေးရုံသို့ပို့လိုက်ကြရသည်။

သူ့မှာ မသေနိုင်သေး။

ပါးစပ်မှ အီးအီးအဲအဲ ညည်းညူနေသည်။ ဝမ်းဗိုက်တွင် ဝင်သွားခဲ့သော ကျည်းဖူးဒဏ်က မသေမီ အခံရခက်စေဟန်တူ၏။

ရဲတွေရောက်လာသည်။

ဒုရဲအုပ် ကိုသော်မောင်ထွေးက ဦးမြတ်ထွန်းအောင်ကို စစ်ချက်ယူသည်။

"ကျုပ်...ကျုပ်ကို ခင်...ခင်မော်....မော်ထွန်း...သေ...သေနတ်နဲ့ပစ်သွားတယ်"





ဒါပဲ သူပြောပြီးမောနေသည်။ ပါးစပ်ထဲမှ သွေးတွေကထွက်ကျလာသည်။ ဆက်မပြောနိုင်။

ဒေါ်သိန်းနွဲ့မှာ တငိုငို။

လူနာကို အသက်ရှင်နိုင်ရေးအတွက် နီးရာကားတစ်စီး အကူအညီတောင်းကာ ဆေးရုံသို့ ပို့ပေးပြီးမှ ဒုရဲအုပ် သော်မောင်ထွေးက ဒေါ်သိန်းနွဲ့အား...

"အန်တီ...ဘယ်လိုဖြစ်တာလဲ...ပြောပါဦး"

သော်မောင်ထွေးက အသက်အစိပ်ခန့်။

ဒေါ်သိန်းနွဲ့က အသက်လေးဆယ့်ငါး။

သူမအား အန်တီဟု ခေါ်လိုက်တာကိုပဲ ကျေနပ်ဟန်မတူ။

"ငါ ဘယ်လိုသိမှာလဲကွယ်...သူ့ဟာသူ သေနတ်ပစ်ခံရတာ"

ငိုရာမှ ပြောလိုက်သံက ခပ်ဆတ်ဆတ်။

ဒုရဲအုပ် သော်မောင်ထွေး စိတ်ထဲတစ်မျိုးကြီးဖြစ်သွားသည်။ သို့မှ...သြော်...သူ့ကို အန်တီ ခေါ်မိလို့ကိုးဟူသော အတွေးနှင့် မျက်နှာကို ချိုချိုထား၍

"အစ်မကြီး...ခုဟာက လူသတ်မှုဆိုတော့ ပေါ့သေးသေးအမှုတော့မဟုတ်ဘူး၊ ဘယ်သူက ဘယ်သူ့ကိုသတ်တယ်၊ အစ်မကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမြင်လိုက်ခဲ့သလဲဆိုတာ ထွက်ချက်ကလေး သိချင်တာပါ''

မြန်မာနိုင်ငံရဲဆိုတာ နိုင်ငံခြားရဲတွေလို ပြည်သူတွေနှင့် ဆန့်ကျင်ဘက်မဟုတ်ဘဲ ပြည်သူနှင့် တစ်သားတည်းရှိရန် လိုအပ်သည်ဟူသော အယူအဆကို သော်မောင်ထွေး လက်ကိုင်ထားသည်။

''ငါနောက်ဖေးမှာ ဟင်းချက်နေတယ်၊ စကားများသံ သဲ့သဲ့လိုတော့ ကြားရတယ်၊ ဒါပေမယ့် ဘယ်သူဘာဖြစ်နေတယ်ဆိုတာ ဘယ်လိုသိမှာလဲ…နောက် ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေကြားရတယ်၊ သေနတ်သံကြားရတယ်..ကြားလို့ ထွက်ကြည့်တော့ ကိုမြတ်ထွန်းလဲနေတယ်၊ လူတစ်ယောက်က သေနတ်ကိုင်ရပ်နေတယ်၊ မောင်မြင့်သိန်းလဲ လဲနေတယ်၊ ငါအော်တော့မှ ထွက်ပြေးတာပဲ''

ဒေါ်သိန်းနွဲ့မှ လူမှုအပေါင်းအသင်း သိပ်ကျေလည်ပုံမရ။

စကားပြောတာ နည်းနည်းမောက်မာသည်။

သူမပြောတာတွေကို သော်မောင်ထွေးက အသင့်ပါလာသော အိပ်ဆောင်ကက်ဆက်ကလေးနှင့် ဖမ်းယူသည်။

နယ်ထိန်းတစ်ယောက်က ရေးမှတ်စရာရှိတာ လိုက်ရေး၏။

''သေနတ်သံ ဘယ်နှစ်ချက်ကြားလဲ''

''တစ်ချက်တည်းပဲ''

''မောင်မြင့်သိန်းဆိုတာ ဘယ်သူလဲ''





''ကျွန်တော်ပါ''

အသက်သုံးဆယ်နီးပါး လူပိန်ပိန်ဆံပင်ရှည်ရှည်နှင့် လူတစ်ယောက်က အနားသို့ရောက်လာ၏။

ဦးမြတ်ထွန်းအောင်၏တပည့်ဖြစ်သည်။

''ခင်ဗျားက…''

''ကျွန်တော်က ဆရာဦးမြတ်ထွန်းအောင်ရဲ့တပည့်တစ်ဦးပါ''

''ဘာလုပ်သလဲ''

''ကျွန်တော် ကားပွဲစားလုပ်ပါတယ်''

''ခင်ဗျား ဦးမြတ်ထွန်းအောင်ကို သေနတ်နဲ့ပစ်ခဲ့တာတွေ့လား''

''တွေ့ပါတယ် ဆရာ…ကျွန်တော့်ရှေ့မှာပါပဲ''

''ပစ်တဲ့လူက ဘယ်သူလဲ''

ကိုမြင့်သိန်းက ခဏစဉ်းစားပြီးမှ

''ဦးခင်မော်လို့တော့ ခေါ်သံကြားရတယ်''

''လူပုံပန်းက''

''အရပ်မြင့်မြင့်၊ မျက်နှာက…အင်း…''

ခဏစဉ်းစားလိုက်သေးသည်။

''မျက်နှာက မျက်နှာပေါက်ကောင်းပြီး ခပ်ခန့်ခန့်ပဲဗျ''

''ဝတ်ထားတာကကော''



www.burmeseclassic.com

www.burmeseclassic.com



"ဘောင်းဘီရှည်နဲ့ ဂျာကင်ပဲ…ဗိုက်ဆံရှိပုံပါပဲ"

သော်မောင်ထွေး မသိမသာ ခေါင်းယမ်းလိုက်၏။

သည်လူပြောနေတာက သမရိုးကျစကားတွေပဲ။

"ခင်ဗျား…အဲဒီလူကို မြင်ဖူးလား"

"မမြင်ဖူးပါဘူး"

ဆက်မမေးဘဲ ဒေါ်သိန်းနွဲ့ဘက်လှည့်၍…

"အစ်မကြီး…ဦးခင်မော်ဆိုတဲ့လူကို အစ်မကြီး သိလား"

"မသိပါဘူး"

"ဒီနာမည်မျိုး အစ်မကြီးယောက်ျားဆီက ကြားဖူးလား"

ဒေါ်သိန်းနွဲ့က မျက်ရည်တွေကို လက်ဖဝါးနှင့်သုတ်ကာ ခေါင်းစိုက် စဉ်းစားနေသည်။ သူတို့အားလုံးမတ်တပ်ရပ်ပဲ ရှိကြသည်။

"ကြားဖူးတယ်…ကြားဖူးတယ်"

"ဟုတ်ပြီ…လုပ်စမ်းပါဦး အစ်မကြီးရာ။ ဒါမှ ကျွန်တော်တို့ တရားခံကို အမြန်ဆုံးရှာဖမ်းနိုင်မှာ"

"ကုမ္ပဏီတစ်ခုက ပိုင်ရှင်တစ်ဦးနာမည်တော့ ပြောဖူးတယ် ဦးခင်မော်ထွန်း ဆိုလားပဲ"

"အစ်မကြီး အဲဒီပုဂ္ဂိုလ်ကို မြင်ဖူးလား"

ဒေါ်သိန်းနွဲ့ ခေါင်းယမ်းပြသည်။





"ကုမ္ပဏီအမည်တော့ သိမှာပဲနော်"

သူမကြီးက ခေါင်းယမ်းပြပြန်သည်။

"ဆရာ…ကျွန်တော်တို့ ကုမ္ပဏီမှတ်ပုံတင်စာရင်းတွေထဲက မှတ်ပုံတင်တွေကိုကြည့်ရင် သိမှာပါ"

နယ်ထိန်းပြောတာကို သော်မောင်ထွေးက ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။

ဦးမြတ်ထွန်းအောင် လဲနေခဲ့ရာကိုလည်းကောင်း၊ ဦးမြတ်ထွန်းအောင် လဲနေပုံကိုလည်း အမှတ်အသားပြု ဓာတ်ပုံရိုက်ပြီးခဲ့ပြီမို့ ထိုမြင့်သိန်းကိုပဲ ဆက်မေးသည်။

"ဆရာက ဓါးကိုင်ပြီး ဒီမှာ ရပ်ပါတယ်၊ လူသတ်သမားက ဒီမှာ ရပ်ပါတယ်"

"ဘာတွေ ပြောသေးလဲ"

"လူသတ်သမား ဦးခင်မော်က 'ဟေ့ကောင်…လက်ထဲက ဓါးကိုချ'လို့ ပြောတယ်။ ပြီးတော့မှ မောင်းဖြုတ်လိုက်တာပဲ ဆရာ"

"ဦးမြတ်ထွန်းအောင်က ဓါးနဲ့ထိုးမယ် လုပ်သလား"

"ဓါးတော့ ကိုင်ထားတယ်"

နယ်ထိန်းက လိုက်ရေးမှတ်နေရာမှ…

"ဒါဆို(လ်ဖ်)ဒီဖင့်(စ်) (SELF DEFENCE) ပဲ ဖြစ်မှာပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သော်မောင်ထွေးက စိတ်မဝင်စားဘဲ တစ်နေရာသို့ သွားသ
သူသွားသောနေရာက အိမ်နံရံဖြစ်သည်။ အုတ်အနည်းငယ် ပဲ့ထွက်
ပြီး အသေအချာကြည့်တော့ အတွင်းတွင်မြုပ်နေသောကျည်ဆန်
တွေ့ရ၏။

သူက ဒေါ်သိန်းနွဲ့ဘက် လှည့်ပြီး…

"အစ်မကြီး ကြားရတာ သေနတ်သံတစ်ချက်ပဲနော်"

"တစ်ချက်တည်းပါ"

"သူတို့ သတ်ကြပုတ်ကြသေးလား"

"ဟုတ်ကဲ့…သတ်ပုတ်ကြသေးတယ်။ ကျွန်တော်တော
ဝင်ဖျန်ဖြေလို့ အတီးခံရပါသေးတယ်"

သူ့ကိုယ်သူ သူတော်ကောင်းလုပ်ပြီး ကိုမြင့်သိန်းက ယောင်ဖြ
နေသော သူ့ခြေထောက်များနှင့် မေးတစ်ဘက်ကို ပြသည်။

ဩော်…သနားစရာ…ကုလားမသာပါလား။

"လူသတ်သမားက ဒီမှာ ရပ်တယ်နော်"

"ဟုတ်ကဲ့"

ဦးခင်မော်ထွန်းရပ်နေသောနေရာမှာ ပွင့်နေသောပြတင်းပေါ
တစ်ခုနှင့် တည့်နေသည်။

"ကျွန်တော်တို့ ဆေးရုံကိုလိုက်သွားမယ်။ ဦးမြတ်ထွန်းအော





က်နဲ့ကိုယ် မြဲနေဦးမယ်ဆိုရင်တော့ သူ့ဆီက စစ်ချက်ယူနိုင်ဦးမှာ
…ဒီတော့ လူသတ်ကောင်ကို ဗိုဗိုပြင်ပြင် ဖမ်းနိုင်မယ်"

"အံမယ်လေး ကိုမြတ်ထွန်းရဲ့၊ ရှင် ကျွန်မကို မထားခဲ့ပါနဲ့
ကိုမြတ်ထွန်းရဲ့…အီး…ဟီး"

တကယ်ပဲ ငိုသလား။ အများသနားအောင် ဟန်ဆောင်ငိုသလား
သိရအောင် အော်ဟစ်ငိုယိုလိုက်သော ဒေါ်သိန်းနွဲ့၏ ငိုသံက
သော်မောင်ထွေးတို့ကို မြန်မြန်ပြေးအောင် နှင်ထုတ်လိုက်သလို ဖြစ်သွား
သည်။

ရဲတွေထွက်လာမှ အပြင်တွင်ဝိုင်းအုံနေသော လူတစ်ချို့ ဝင်လာ
ကြသည်။ အိမ်နီးနားချင်းအချို့နှင့် စပ်စုလိုသူအချို့။

ရဲတွေက ယင်းလူတွေကို ဖမ်းတားသည်။

သည်လူတွေဆီမှလည်း လိုချင်သောအချက်များကို သော်မောင်
ထွေးတို့က မေးမြန်းသည်။

တစ်ယောက် ဝင်ဖြေသံက မဆိုးပါ။

သေနတ်သံကြားရပြီးနောက်ပိုင်း ခြံထဲမှ ပါဂျဲရိုးကားနက်တစ်စီး
ထွက်ကာ သံသုမာလမ်းမကြီးအပေါ် အရှိန်ပြင်းပြင်း မောင်းထွက်သွား
ကြောင်းပင် ဖြစ်သည်။ ကားနံပါတ်ကိုတော့ မသိပါဟုလည်း ပြော
သည်။



www.burmeseclassic.com

www.burmeseclassic.com



သော်မောင်တွေးအဖို့ သည်အမှုတွဲကိုကိုင်ဖို့ ရှိသည်။ သူ့ဂျူ[illegible]
ကျချိန်မှာ ဖြစ်လာတာကိုး။

❖ ❖ ❖





## ခတ်လမ်းစဉ် (၃)

ကားကို ဦးတည်ရာမရှိဘဲ ဟိုမောင်းသည်မောင်း လုပ်နေသည်။

စိတ်တွေက ရှုပ်ထွေးနေသည်။

နောက် သူရောက်လာရာကို သတိပြုမိတော့မှ မင်္ဂလာဒုံထဲ ရောက်နေတာကို သတိပြုမိသည်။

ဓါတ်ဆီဆိုင်တစ်ခု ရှိ၏။

ဓါတ်ဆီဆိုင်အားမှ လမ်းကလေးထဲ တိုးဝင်ကာ တစ်နေရာတွင် ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပတ်ဝန်းကျင်တွင် အိမ်များမရှိ။

သူ့အရှေ့ကမြင်ကွင်းတွင် ချိုင့်ဝှမ်းများနှင့်သစ်ပင်များ၊ ဟိုအဝေးက လျှပ်စစ်ကြိုးတာဝါတိုင်တွေပဲ ရှိ၏။

မိမိ လူသတ်သမား။

ဘာမဆို စိတ်လိုက်မာန်ပါ လုပ်မိခဲ့သည်ကိုလည်း နောင်တရသည်။

တရားရုံးတော်တွင် သူ့ကိုယ်သူ လက်ထိပ်တန်းလန်းကြီးနှင့် မြင်ယောင်သည်။

လူတွေ ဝိုင်းဝန်းလက်ညှိုးထိုးကာ ပြောင်လှောင်ရယ်မောကြသံတွေကိုလည်း ကြားယောင်မိ၏။

နောက်…မြင်လာတာက ထောင်ဝတ်ထောင်စားနှင့် ထောင်အလုပ်တွေ ပင်ပန်းကြီးစွာ လုပ်နေရပုံတွေ။

အဲသည်နောက် ကြိုးစင်။

သူ့ကိုယ်သူ မအော်ဟစ်မိအောင် သတိထားလိုက်ရသည်။ မျက်နှာကို လက်ဝါးများနှင့် အုပ်ထားမိ၏။

ကားထဲတွင် ကားမှန်တွေ ပိတ်ကာ အဲယားကွန်းဖွင့်ထားသည့်တိုင်အောင် သူ့တစ်ကိုယ်လုံး ကြောက်ချွေးချေးတွေ ပြန်နေသည်။

ဟိုလူ အသက်ပြန်ရှင်လာရင် ကောင်းမှာပဲ။





တတ်နိုင်လျှင် သူ့အသက်နှင့် ဆက်ပေးလို့ရ ဆက်ပေးလိုက်ပါရဲ့။

အင်း…ဒါတွေဟာ အတွေးပဲရှိမှာပါ။ မဖြစ်နိုင်တော့ပါဘူး။ အွေးဝေးရင်း စိတ်ထဲမှာရင်ထဲမှာ မကောင်းလှ။ လူတစ်ယောက်ကို သက်လွန်ခဲ့ပြီးမှတော့ သူ ဘာလုပ်မလဲ။ ရဲအဖမ်းခံပြီး ဥပဒေနဲ့ ရင်ဆိုင်မလား…ဒါမှမဟုတ် ရှောင်တိမ်းမလား။

လူ့ဘဝမှာ လူဟာလွတ်လပ်ရေးကြိုက်တဲ့ သတ္တဝါပဲ။ ရဲကို ရင်ဆိုင်အဖမ်းခံရလျှင် သူ့ဘဝဆုံးရှုံးရတော့မှာပေါ့။ တတ်နိုင်သရွေ့ ရှောင်တိမ်းနေတာ အကောင်းဆုံး။ ဒါဆို ဘယ်သွားမလဲ။ ရန်ကုန်မြို့ပြင်တစ်နေရာကို သွားမှပဲ။ အချိန်မီပါသေးတယ်လေ။

တုန်လှုပ် သောစိတ်ကို ချုပ်ထိန်းလိုက်သည်။ သူ့တွင်ရှိသော ငွေတွေကို ရေတွက်လိုက်သည်။ ရှိသောငွေက တစ်သောင်းခွဲပဲ။ ဒါလောက်ငွေလေးနှင့် ရှောင်တိမ်းဖို့မလွယ်။ ကုမ္ပဏီမီးခံသေတ္တာထဲတွင် ဘဏ်မသွင်းရသေးသောငွေအချို့ ကျန်သေးတာပဲ။

သူ့ကုမ္ပဏီက ၇မိုင်ခွဲ မြို့ပြင်ဟောဝန်ပန်းခြံနားတွင် ရှိသည်။ သခုရောက်နေသာနေရာနှင့် နီးပါသည်။

ရောက်တတ်ရာရာကို စဉ်းစားသည်။ အထူးသဖြင့် ဒေါ်မြင့်ကြူကို စဉ်းစားသည်။ ဒေါ်မြင့်ကြူမှာ နှလုံးနှင့်သွေးတိုးရှိနေတာမို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကိုသိလျှင် သွေးတက်ပြီး နှလုံးရောဂါနှင့် ရောသွားမှာသေချာသည်။

သူ တစ်ခုခုကို အလေးအနက် စဉ်းစားသည်။ ကုမ္ပဏီရှေ့သို့ ကားဆိုက်မိလျှင် သူ့စိတ်တွေမှာ အတော်ကြီးငြိမ်သက်သွားချေပြီ။

ကားထက်မှ တာဝါအဆောက်အဦး၏ အောက်ထပ်ကို ကြည့်သည်။ မော်ထွန်းကုမ္ပဏီဟု အလူမီနီယံနှင့်ထွင်းထားသော ဆိုင်းဘုတ်က အောက်ဆုံးထပ် တိုက်ခန်းတစ်ခန်းတွင် ခန့်ခန့်ထည်ထည်ကြီးပါပဲ။

ကုမ္ပဏီဝန်းကျင်တွင် အခြားသော စီးပွားရေးဆိုင်းဘုတ်များလည်း ရှိနေသည်။

ကုမ္ပဏီထဲ ဝင်သင့်မဝင်သင့်ကို စူးစမ်းရှာဖွေသော မျက်လုံးများနှင့် တိုင်းတာကြည့်သည်။

ထိုစဉ် ကုမ္ပဏီထဲမှ လူတစ်ယောက် ထွက်လာသည်။ သူ့ကို သိသည်။ ကုမ္ပဏီဝန်ထမ်းတစ်ဦး။ ယူနီဖောင်းဝတ်လို့။

"ဟော့...ဟော့ မောင်ခင်မောင်သိန်း"

မလှမ်းမကမ်းအရောက်တွင် ဦးခင်မော်ထွန်းက မတိုးမကျယ် လှမ်းခေါ်လိုက်၏။ မောင်ခင်မောင်သိန်းဆိုသည့် ဝန်ထမ်းက ကြားသည်။

အနားသို့ ကပ်လာသည်။ ပါဂျဲရိုးပေါ်မှ နေကာမျက်မှန်တပ်





ထားသော ဦးခင်မော်ထွန်းရှေ့တွင် လက်နှစ်ဘက် နောက်ပစ်ချိတ်ရပ်ကာ ကိုယ်ကိုယို့၍...

"ဟုတ်ကဲ့...အမိန့်ရှိပါ အန်ကယ်လ်၊ ဘာခိုင်းချင်လို့ပါလဲ"

သူ့ကုမ္ပဏီဝန်ထမ်းတွေက ရိုးသားတည်ကြည်ပြီး ဝန်ထမ်းတွေပေါ် အလိုက်သိသောသူ့ကို ရိုသေလေးစားကြသည်။

ဦးခင်မော်ထွန်းက မပြောသေးဘဲ သူ့လက်တွင်ပတ်ထားသော ရိုးလက်(စ်) လက်ပတ်နာရီ ကြည့်သည်။ ဆယ့်တစ်နာရီ ထိုးပြီးစ။

"ကုမ္ပဏီကို ဘယ်သူတွေ လာသေးလဲကွ"

"ဘယ်သူမှ မလာကြသေးပါဘူး ခင်ဗျ"

"ဆွေဇင်ထွန်း ရောက်နေပြီလား"

"ရောက်နေပါပြီ"

"ကုမ္ပဏီထဲမှာ ဘာတွေ ထူးခြားသေးလဲ"

"ဘာမှ မထူးခြားပါဘူး ခင်ဗျ"

"သြော်...အေး အေး၊ ငါ ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားလို့ကွ၊ ဖေါ်ရိန်နာ (FOREIGNER) တစ်ယောက်ပါပဲ အေး...အေး သွားတော့...သွားတော့"

ကိုခင်မောင်သိန်း ထွက်သွားပြီးနောက် သူ ကားပေါ်မှ ဆင်း၏။ ဝန်းကျင်ကိုအကဲခတ်လိုက်ပြီးမှ ကုမ္ပဏီခန်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကုမ္ပဏီက ခန့်ညားသည်။ ကုမ္ပဏီဝန်ထမ်း ဆယ့်နှစ်ယောက် ရှိသည်။ လစာမှာ အနည်းဆုံးသုံးသောင်းအထိ ပေးနိုင်၏။

နောင် သူမရှိတော့သည့်နောက်တွင် ကုမ္ပဏီချုပ်ပိတ်ကာ အပယ်ဖျက်ခံရသလို ဝန်ထမ်းတွေ အလုပ်မရှိ ဖရိုဖရဲဖြစ်သွားကြမှာကိုတွေးပြီး စိတ်မကောင်း ဖြစ်သွားမိသည်။

ကုမ္ပဏီမှမန်နေဂျာအခန်းကို သူဝင်လာစဉ် လှမ်းကြည့်၏။ မန်နေဂျာမှာ ဦးစီးမန်နေဂျာ ဖြစ်သည်။ အစက ဟိုတယ်ရှုတ်ချ်လေး စနေထွန်းကို ရာထားခဲ့သည်။

မန်နေဂျာခန်းကိုကျော်ပြီး အတွင်းခန်းသို့ ဦးတည်လာသည်။ အထက်သို့တက်သော ထပ်ခိုးရှိ၏။

သူဝင်လာစဉ် အားလုံးက အလေးယူမတ်တပ်ထရပ်ကြသည်။ သူက လုပ်မြဲအလုပ်လုပ်ရန် လက်ရိပ်ပြပြီး အတွင်းခန်းထဲသို့ ဝင်လာသည်။ လှေခါးမှ အထက်ကို တက်သည်။

လေအေးပေးစက်ကြောင့် အတွင်းခန်းနှင့် ထပ်ခိုးအထိ အေးနေသည်။

ဝန်ထမ်းတွေအတွက်တော့ အစပထမ လေအေးပေးစက် ပေးထားခဲ့သည်။ လေအေးပေးစက်က ပြီးခဲ့သည့်ဆယ်ရက်လောက်ကမှ ပျက်သွားခဲ့ရာ ပြန်တောင်မပြင်ရသေး။ လိုရမယ်ရ တပ်ထားသော





မျက်နှာကျက်ပန်ကာပဲ သုံးနေရသည်။ ဆောင်းတွင်းမို့ တော်ေ ားရဲ့။

"ဖွတ်မောနင်း ဘော့(စ်)"

ဆွေဇင်ထွန်းကပဲ သူမစားပွဲမှနေ၍ ဦးခင်မော်ထွန်းကို စတင်နှုတ်ဆက်သည်။

သူမသည် ဘွဲ့နှစ်ဘွဲ့ ရထားသည်။ အင်္ဂလိပ်စာ အရေးအသားနှင့် အင်္ဂလိပ်စကားပြော ကျွမ်းသည်။ ရုပ်ရည်ချောမော၍ ခေတ်မီသော တန်းဝင်မိန်းကလေး ဖြစ်သည်။

ဦးခင်မော်ထွန်းမှာ ကုမ္ပဏီပိုင်ရှင်ဖြစ်လင့်ကစား အနေအထိုင် အပြောအဆို တည်ကြည်သဖြင့် သူမကရိုသေလေးစား၏။

"နင်...ရောက်တာ ကြာပြီလား ဆွေဇင်"

"ရက်(စ်)...အန်ကယ်(လ်) ဘော့(စ်)"

"ဂက်(စ်) (GUEST) တွေထဲက ဘယ်သူတွေ လာသေးလဲ"

"နိုးဝမ်း (NO ONE) အန်ကယ်(လ်)"

"ဆမ်း(မ်)သင်း ကွန်ပလိန်း (SOMETHING COM-PLAIN) တစ်ခုခု တင်ပြစရာ ရှိသေးလား"

"နန်း (NONE) အန်ကယ်(လ်)"

"အိုကေ...ကယ်ရီအွန် (O.K CARRY ON)"

သူနှင့် ဆွေဇင်တွေ့လျှင် တစ်ခါတစ်ရံ သည်လိုပဲ အင်္ဂလိပ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောတတ်၏။ ဆွေဇင်ထွန်းကို ထားခဲ့သည်။ သူ့ရုံးခန်းထဲ ဝင်လာသည်။ ရုံးခန်းမှာ သားနားကြည်လင်မှု ရှိ၏။

တစ်နေရာတွင်ရှိသော နောက်ဆုံးပေါ် ပေါ်တေဘယ်ကေ့စ် (PORTABLE CASE) သားရေအိတ်ကို ဆွဲယူသည်။ သူက မီးခံသေတ္တာသော့နှင့် မီးခံသေတ္တာသော့ကို ဖွင့်လိုက်၏။

အထဲတွင် ဘဏ်မသွင်းရသေးသော ငွေစက္ကူတွေ အချပ်လိုက်ရှိနေသည်။ ထောင်တန်တွေချည်းပဲ။ အားလုံးသိန်းနှစ်ဆယ် ရှိသည်။ ဆယ့်ငါးသိန်းကို ယူလိုက်၏။ သူ့တွင် ဘဏ်စာရင်းနှစ်ခု ခွဲဖွင့်ထားသည်။ တစ်ခုက ကုမ္ပဏီနာမည်။ တစ်ခုက သူ့နာမည်။

ဤငွေတွေမှာ သူ့နာမည်စာရင်းတွင် ထည့်သွင်းရမည့်ငွေများ ဖြစ်သည်။ ဆယ့်ငါးသိန်းကို သူ အိတ်ထဲထည့်၊ ကျန်ငါးသိန်းကို သူက ဆွေဇင်ထွန်းအား ပေးအပ်လိုက်သည်။

"ဆွေဇင်…ငါ အခု အရေးတကြီး ခရီးထွက်စရာရှိတယ်။ လကုန်လို့ ပြန်မရောက်သေးရင် ဒီလစာကို နင်နဲ့ မန်နေဂျာဦးသိန်းတိုးနဲ့ တိုင်ပင်ပြီး ဝန်ထမ်းတွေကို ရှင်းပေးလိုက်…ကျန်တာသိမ်းထား"

ဆွေဇင်ထွန်းကို သူ ယုံကြည်သည်။ ငွေတွေ သိန်းဘယ်လောက်များများ ငွေသွင်းငွေထုတ်စာရင်းကို ဆွေဇင်ထွန်းကပဲ လုပ်ပေးနေသည်။ တစ်ပြားသားမှ လျော့ဖူးသည် မရှိ။





"အန်ကယ်(လ်)ဘော့(စ်)က ဘယ်သွားမှာလဲ"

"အရေးကြီးလို့ပါ ငါသွားမယ်"

သူက ဣန္ဒြေမပျက် ထွက်လာသည်။

ကားပေါ်ရောက်တော့မှ သက်ပြင်းချည်ကြီး ချလိုက်၏။ ကားကို မောင်းလာသည်။ မောင်းရင်းမှပင် သူ့ဆယ်လူလာကိုထုတ်ကာ သူ့အိမ်ကို ခေါ်သည်။ တစ်ဘက်မှ ဖုန်းဝင်လာသည်။

"ဟုတ်ကဲ့…ပြောပါရှင်"

တစ်ဘက်မှ ကြည်လင်သောအသံ။

"စိမ်းလားကွ…ငါ့တူမကြီး စိမ်းလား"

"ဪ…ဟုတ်ကဲ့၊ အန်ကယ်(လ်) ဦးခင်မော်"

တစ်ဘက်ကဖုန်းကိုင်သူမှာ စိမ်းသဉ္ဇာလဲ့ ဖြစ်နေသဖြင့် ဦးခင်မော်ထွန်း စိတ်အေးသွားသည်။

"စိမ်း…မင်းအန်တီ ဒေါ်မြင့်ကြူ ဘာလုပ်နေသလဲ"

"အိပ်နေတယ်၊ အန်ကယ်(လ်)…ထမင်းစားပြန်ရင် သူ့ကို နှိုးပါတဲ့"

ဒေါ်မြင့်ကြူနှင့် ဦးခင်မော်ထွန်းမှာ လင်မယားထမင်းလက်ဆုံစားနေကြ ဖြစ်သည်။

ယခုလည်း သူမခမျာ စောင့်နေရှာသည်။ ဒါကိုအွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မော်ထွန်း ရင်ထဲနင့်သွားသည်။ နောင်မှာ လင်မယားနှစ်ယောက် ဘယ်တော့မှ ထမင်းလက်ဆုံ စားရတော့မည် မဟုတ်ပါ။

အနာဂါတ်က ပြိုကွဲခဲ့ချေပြီ။ အိပ်မက်ပဲ ဖြစ်လိုက်ပါတော့။

"စိမ်း…တူမကြီး နားထောင်နော်၊ အန်ကယ့်(လ်)မှာ ခုအချိန်မှာ စိမ်းတစ်ယောက်ကိုပဲ အားကိုးစရာရှိတယ်။ စိမ်းဟာ ဟုမ်း(မ်)နာ့စ် (HOME NURSE) ပေမယ့် သွားသားရင်းလို ဖြစ်နေပြီ။ စိမ်း အန်တီ့ကို ဂရုစိုက်ကြင်နာတာလည်း အန်ကယ်(လ်)အဖို့ ကောက်ရိုးတစ်မျှင် မြက်တစ်ပင်လိုပဲ အားကိုးဆုပ်ကိုင်စရာ ရှိတယ်"

ကားကို မှန်မှန်မောင်းရင်း ဦးခင်မော်ထွန်း ပြောနေ၏။

"ဘာဖြစ်လို့လဲ အန်ကယ်(လ်)…အန်ကယ့်(လ်)စကားကြီးက တစ်မျိုးကြီးပဲ မထိတ်သာမလန့်သာနဲ့"

မပြောမဖြစ်တာမို့ ကားမောင်းရင်းပင် ဦးခင်မော်ထွန်းက သူနှင့် ဦးမြတ်ထွန်းအောင် ဖြစ်ပျက်ပုံတွေကို ပြောပြလိုက်သည်။ တစ်ဘက်မှ ဟင့်ခနဲ ပင့်သက်ရှိုက်သံ ကြားလိုက်ရသည်။

"ဖြစ်ရလေ အန်ကယ်(လ်)ရယ်…အဲဒါ ဘယ်လို လုပ်ကြမလဲ"

"အန်ကယ်(လ်)…တိမ်းရှောင်နေရဦးမှာပေါ့ တူမကြီးရယ်"

"အဖမ်းခံလိုက်ပါလား"





"ချက်ချင်း အဖမ်းခံလို့ မဖြစ်သေးဘူး။ အန်ကယ့်(လ်)တစ်သက် ဒါမျိုးတစ်ခါမှမဖြစ်ဖူးတော့ ထူပူနေတယ်။ ရှင်းရှင်းပြောရရင် ထောင်ထဲဝင်ရမှာကို ကြောက်နေတယ်"

"စိမ်း စိတ်မကောင်းပါဘူး အန်ကယ်(လ်)ရယ်၊ အန်ကယ်(လ်) ဒါလောက်ဒေါသကြီးမှန်း ခြေမြန်လက်မြန်ရှိမှန်း စိမ်း မသိဘူး။ စိမ်းဘာကယ် စိတ်မကောင်းဘူး"

စိမ်းအသံလေးမှာ တုန်ခါနေကာ ငိုသံပါနေသည်။

"အန်ကယ်(လ်)လည်း ဖြစ်ပြီးမှ နောင်တရတယ်။ တဒင်္ဂတိုးနိုင်တဲ့စိတ်နဲ့ဒေါသဟာ ပျက်စီးရာပျက်စီးကြောင်းဆိုတာ အန်ကယ်(လ်)ခုမှသိတယ်ကွာ။ ဒါပေမဲ့ အသိက နောက်ကျနေပြီကွယ့်"

"နောက်မကျသေးပါဘူးရှင်…အဖမ်းခံလိုက်ပါ"

"တစ်နေ့နေ့တော့ အဖမ်းခံမှာပါ။ အရေးကြီးတာက စိမ်းကို အန်ကယ်(လ်) အသိပေးတာက စိမ်းပဲ ကြူ့ကို ပြုစုပေးပါ။ ဒီကိစ္စကိုလည်း ကြူ့ကို လုံးဝအသိမပေးပါနဲ့။ ကြူသိသွားရင် ကြူ ဘာဖြစ်သွားမလဲဆိုတာ စိမ်း အသိဆုံးပါပဲ တူမရယ်"

ခဏာတိတ်ဆိတ်သွားသည်။ ပြီးတော့မှ စိမ်းအသံ ပေါ်လာ၏။

"စိတ်ချပါ အန်ကယ်(လ်)။ စိမ်းရဲ့မိခင်တစ်ယောက်လို ပြုစု



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပါ့မယ်။ ဒါပေမဲ့ အန်ကယ်(လ်) ကြာကြာတော့ တိမ်းရှောင်မနေစေချင်ဘူး"

"အင်းပါ...ကြူ့ မသိစေနဲ့နော်၊ စိမ်းကျေးစူးကို အန်ကယ်(လ်) မမေ့ပါဘူး"

"မလိုပါဘူး အန်ကယ်(လ်)ရယ်။ အန်ကယ်(လ်)သာ ကိုယ့်ကိုယ်ကို ကျန်းမာရေးရော အန္တရာယ်ကိုပါ ဂရုစိုက်။ အန်ကယ်(လ်)က ဘယ်မှာ အက်ဘဆာကွန်ဒင့် (ABSCONDANCE) လုပ်မှာလဲ"

အက်ဘဆာကွန်ဒင့် (ABSCONDANCE) ဆိုတာ ထွက်ပြေး ပုန်းရှောင်ခြင်းကို ဆိုလိုတာပဲကို ဦးခင်မော်ထွန်း နားလည်သည်။

"ဒယ်(လ်)တာ (DELTA) တစ်ခုခုမှာပဲပေါ့"

ပါးစပ်မှ ကြုံရာကိုပဲပြောချပြီး ဆယ်လူလာကို ပိတ်လိုက်သည်။

တကယ်တော့ သူ့စိတ်ထဲမှာ ရည်ရွယ်နေတာက ကရင်ပြည်နယ်ဘက်။ ဖားအံပဲဖြစ်ဖြစ်၊ မြဝတီပဲဖြစ်ဖြစ် သွားမည်။ ထိုမှ တစ်ဘက်နိုင်ငံရှိ မဲဆောက်သို့ သွားမည်။

ဒါပေမဲ့ ဖားအံ့ကိုရောက်တော့ မဲဆောက်ဘက်ကို မသွားချင်။ သူ့မိတ်ဆွေ စောတင်ထွေးက မဲဆောက်တွင် မြေပေါ်မြေအောက် အဖျက်သမားများ ခြေရှုပ်နေကြောင်း ပြောသည်။ ဦးခင်မော်ထွန်း ကိုယ်တိုင်လည်း ရှေးမဆွကတည်းက သိထားသည်။





သူက စောတင်ထွေးအား နယ်စပ်ကုန်သွယ်မှုကိစ္စနှင့် လာကြောင်းပဲ ပြောသည်။ သည်ကြားထဲ သတင်းစာ ဝယ်ဖတ်ရသည်။ သူ့အကြောင်းများ ပါမလားလို့။ တော်ပါသေးရဲ့။ ပြည်တွင်းနှင့်ပြည်ပ သတင်းတွေသာပါပြီး သူ၏ရာဇဝတ်မှုအကြောင်း ပါမလာခဲ့။

သက်ပြင်းချမိ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းစဉ် (၄)

ဦးခင်မော်ထွန်း စိမ်းကို ကြိုတင်အကြောင်းကြားထားချက်က မဆိုးပါ။ တစ်နာရီနီးပါးအကြာတွင် ရဲအရာရှိတစ်ဦးနှင့် ရဲသားနှစ်ဦးက ပါရမီလမ်းရှိ ဦးခင်မော်ထွန်းအိမ်ကို ရောက်လာသည်။

ခေါင်မြင့်ကြိုးမှာ အိပ်ရာမှ မနိုးသေးပါ။ စိမ်းတစ်ယောက်က ရဲတွေ လာတော့မှာကို အတတ်သိထားပြီး ဖြစ်သည်။ ဣန္ဒြေမပျက်ပင် လက်ခံတွေ့ဆုံလိုက်၏။

"ဘာကိစ္စများပါလဲရှင်"

သံတံခါးအတွင်းမှပင် မေးလိုက်သည်။ သော်မောင်တွေးက လှပနုနယ်သော မျက်ခုံးကောင်းကောင်း၊ မျက်ဝန်းလှလှ ပြည့်တွဲတွဲ





ဖြစ်နေသော နှုတ်ခမ်းလှလှကလေးနှင့် အရပ်အမောင်းကောင်း ည့် စိမ်းကို သံတံခါးအပြင်မှ အကဲခတ်ရင်း…

"ဒါ…ဦးခင်မော်ထွန်းအိမ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဦးခင်မော်ထွန်းနဲ့ တွေ့ချင်တယ်"

"ဦးခင်မော်ထွန်း ကုမ္ပဏီမှာပါ၊ မလာသေးပါဘူး"

"တံခါးဖွင့်ပေးပါလားဗျာ၊ ကျွန်တော်တို့ အထဲကိုဝင်ပါရစေ။ တွေ့ဆိုတော့ စိတ်ချရပါတယ်"

ရဲအရာရှိကလေးက တကယ့်ကို အပြောအဆိုရည်မွန်ပါပေရဲ့။ ာကလေးမှာ ထိတ်လန့်အံ့ဩမှုဖြစ်ပုံနှင့် စိမ်းက သံတံခါးကို ပေးလိုက်သည်။

အက်တင်လုပ်လို့ သရုပ်ဆောင်ကောင်းရင် ပြီးတာပဲလေ။

"ခင်ဗျားက…"

"ကျွန်မက ဒီအိမ်ကပါပဲ၊ အကြောင်းက…"

"ဦးခင်မော်ထွန်းကို ကုမ္ပဏီမှာ ကျွန်တော်တို့ အခုပဲ သွားရှာခဲ့ တယ်၊ မတွေ့ခဲ့ပါဘူး။ ခဏလာပြီး ပြန်ထွက်သွားတယ်လို့ ပြော ယ်။ ဒီမှာ…ရှိမယ်ထင်လို့"

"အခုတော့ မလာသေးဘူးရှင့်၊ ကိစ္စများရှိနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်မှု ဖြစ်လို့ပါ"

"ရှင်…"

စိမ်း၏ မျက်လုံးကလေးနှစ်ဖက်က အထက်သို့ မြင့်တက်သွ… သလို ထိတ်လန့်သွားဟန်…။

တကယ်တော်တဲ့ အမူအရာပါပဲလေ။

"ပြောပါဦးရှင့်၊ ဘယ်လိုလူသတ်မှုလဲ"

"ဦးခင်မော်ထွန်းက လူတစ်ယောက်ကို သတ်လိုက်တယ်… ဦးမြတ်ထွန်းအောင် ဆိုတဲ့လူပါ"

"ဘုရား…ဘုရား၊ ဘယ်လိုဖြစ်တာလဲ"

ရင်အုံကလေးကို သူမက လက်နှစ်ဖက်နှင့် ဖိလိုက်သေး…

မျက်လုံးကလေးတွေ ကြည့်ပုံကလည်း ခပ်ကြောင်ကြောင်…

သူမကိုကြည့်ကာ သော်မောင်ထွေး သနားသွားသည်။ သော်… မောင်ထွေးမှာ အိမ်ထောင်ရှိသူ မဟုတ်ပါ။ ခေတ်သစ်မိန်းမချော… မိန်းမလှလေးတွေ ဒုက္ခရောက်လျှင် အားနာသနားတတ်သော ခေတ်သ… ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ စိတ်ဓာတ်ရှိသူ ဖြစ်၏။

ယခုလည်း ကောင်မလေးအမူအရာနှင့် ရုပ်ရည်ဖန့်ဖြိုးမှုကြော… အားနာသလိုဖြစ်သွား၏။ သူ့ခမြာ စိတ်ထိခိုက်သွားရှာမှာပဲဟု အထ… ရှိသွား၏။





"အေးဗျာ…ကိုယ့်ညီမကိုပြောရမှာတော့ အားနာပါတယ်။ ကျွန်တော်တို့က ဦးခင်မော်ထွန်းကို ဖမ်းရမှာပါ။ ခင်ဗျားက…"

"ကျွန်မက ဦးခင်မော်ထွန်းရဲ့ဇနီးကို ထရီမင့် (TREAT-MENT) လုပ်နေတဲ့ နာ့စ်ပါ။ ကျွန်မနာမည် စိမ့်သဥ္ဇာလှဲ၊ နေတာက ဘောက်ထော်"

"အို…အို…ဒါတွေ မလိုသေးပါဘူး။ ကျွန်တော်ဆိုလိုတာက ဦးခင်မော်ထွန်းမရှိရင် သူ့ဇနီးနဲ့များ မတွေ့နိုင်ဘူးလား။ ဦးခင်မော်ထွန်း ဘယ်သွား ဘယ်လာတယ်ဆိုတာ သိရအောင်"

"အစ်ကို"

သည်တစ်ခါတော့ စိမ်းသဥ္ဇာလှဲက ညှို့ငင်သောမျက်လုံးကြီးများနှင့် သော်မောင်ထွေးကို ကြည့်၍ခေါ်သည်။ အဲသည်ခေါ်သံကြောင့် သော်မောင်ထွေးရင်ထဲ တစ်မျိုးခံစားလိုက်ရသည်။

"ပြောပါ…ညီမ"

"အစ်ကိုရယ်…အစ်ကိုတို့လာတာ ဝတ္တရားနဲ့လာတာပါ။ ကျွန်မမှာလည်း လူနာကိုစောင့်ကြည့်ရမယ့်ဝတ္တရား ရှိပါတယ်။ ဦးခင်မော်ထွန်းရဲ့ဇနီး ခေါ်မြင့်ကြူမှာ သွေးတိုးနဲ့နှလုံး ရှိပါတယ်။ သူ့မှာ ပျောက်ဆုံးနေတဲ့သားအတွက်လည်း ခံစားနေရတယ်။ ခုတစ်ခါ သူ့ယောကျ်ားဟာ လူသတ်မှုဖြစ်နေပါတယ်ဆိုရင် သူ ဘာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ သေသွားမှာရှင့်…အဲဒီအခါ ကျွန်မမှာလည်း တာဝန်မကင်းဘူး။ အစ်ကိုတို့မှာလည်း တာဝန်မကင်းဘူး"

ပြောနေစဉ် ညို့မျက်လုံးတွေမှာ အသနားခံသော အရိပ်အယောင်တွေ ပါနေသည်။ သော်မောင်ထွေးမှာ ထိုမျက်လုံးတွေကိုကြည့်၍ အားနာသနားငဲ့ညှာစိတ်ကလေး ဝင်သွား၏။

မိမိတို့ ဝတ္ထုရေးဆောင်ရွက်တာတော့ ဟုတ်ပါရဲ့။ လူမှုရေး ရှိပါသေးသည်။

"အဲဒီတော့…"

သူက စကားထောက်ပေးသည်။ စိမ်းက သွက်လက်စွာနှင့်

"အဲဒီတော့…အစ်ကိုတို့က အန့်တီနဲ့တွေ့တဲ့အခါ…"

သူမက လေသံတိုးတိုးနှင့် သော်မောင်ထွေး ကြားလောက်ရုံပဲ

"အန့်တီ့ရှေ့မှာ ဦးခင်မော်ထွန်း လူသတ်တဲ့အကြောင်း မပြောပါနဲ့နော်။ တခြားကိစ္စတစ်ခုပဲ လမ်းကြောင်းပြီး ပြောဆိုပါ။ အစ်ကိုတို့ကိုလည်း ကျွန်မ ကူညီပါ့မယ်"

"အင်း…နားလည်ပြီ"

သော်မောင်ထွေးက တိုးတိုးကလေး ဆိုလိုက်၏။

"ဘယ်သူတွေလဲ သမီး"





ညှင်သာသောမေးသံတစ်ခုသည် သူတို့နှင့် မနီးမဝေးမှ ထွက်လာ၏။

မျက်နှာချင်းဆိုင် ရပ်နေမိကြသော သော်မောင်ထွေးနှင့် စိမ်းသည်လည်းကောင်း၊ ဝင်ပေါက်ထွက်ပေါက်မှာ ရပ်နေကြသော ရဲသားနှစ်ဦးသည် လည်းကောင်း လှည့်ကြည့်မိကြသည်။

အသက်လေးဆယ်ကျော်သော်လည်း ချောမောခဲ့ပုံရသော အမျိုးသမီးတစ်ဦး ရပ်နေသည်။ သူမအသားအရေတွေမှာ ဖြူယော်သလိုရှိသော မျက်နှာက ညှိုးချုံးကျနေသည်။ ခေါင်းထက်ကဆံပင်တို့သည် ဖရိုဖရဲ ရှိနေ၏။

ယခုမှ အိပ်ရာက ထလာဟန်တူသည်။ ခေါ်မြင့်ကြူသည် ထွန်းဖောင်းဝတ်စုံနှင့် ဒုရဲအုပ်အဆင့်တံဆိပ်ရှိနေသော သော်မောင်ထွေးကို မြင်ရသောအခါ သားကလေး စနေထွန်းကို သွားသတိရလိုက်မိ၏။

သားလေးစနေထွန်းကလည်း သည်လိုပဲ ရဲဝတ်ရဲစားနှင့် တစ်ချိန်က ရှိခဲ့ဖူးသည် မဟုတ်လား။

"သားလေး"

သူမက သော်မောင်ထွေးကိုမြင်တော့ တိုးတိုးကလေး နှုတ်ခမ်းလေး လှုပ်ရုံမျှ ခေါ်လိုက်မိ၏။ စိမ်းက သော်မောင်ထွေးအား…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်မအန်တီ ဒေါ်မြင့်ကြူပဲ ဦးခင်မော်ထွန်းရဲ့ဇနီးပါ အစ်ကို"

သားကိုယ်တိုင်က ရဲဖြစ်ခဲ့တာမို့ သည်ရဲတွေကို တွေ့တော့လည်း သားကလေးကို သတိရသွားသည်မှအပ ဒေါ်မြင့်ကြူ မတုန်လှုပ်ပါ။

"အန်တီ…သူတို့က အန်တီနဲ့ တွေ့ချင်လို့တဲ့"

ဒေါ်မြင့်ကြူကို စိမ်းကပြောပြီး ဒေါ်မြင့်ကြူနား ကပ်သွားသည်။ ဒေါ်မြင့်ကြူက စူးစမ်းတတ်သောအကြည့်များနှင့်ကြည့်၍…

"ဘာကိစ္စများလဲကွယ်၊ သြော်…စိမ်းရယ် ဧည့်သည်တွေကို နေရာမပေးဘူး ထိုင်ကြပါ…ထိုင်ကြပါ"

သူမက ပြုံးရွှင်စွာပဲ ဖိတ်ခေါ်ဧည့်ဝတ်ပြုသည်။ သည်တော့မှ သော်မောင်တွေးတို့ ဝင်ထိုင်ကြသည်။ ဒေါ်မြင့်ကြူက သူတို့နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

စိမ်းက အလိုက်သိစွာ အမွှေးနံ့ပါသော စန္ဒကူးတာဝါတစ်ထည်ကို ဒေါ်မြင့်ကြူကို ပေးသည်။ ဒေါ်မြင့်ကြူက ထိုစန္ဒကူးတာဝါမျက်နှာသုတ်ပုဝါနှင့် သူမ၏မျက်နှာကို ညင်သာစွာသုတ်လိုက်၏။

သူမမျက်နှာသုတ်စဉ် သော်မောင်တွေးက…

"ကျွန်တော် ဒုရဲအုပ် သော်မောင်တွေးပါ။ (…)ရဲစခန်းကပါ၊





ဦးခင်မော်ထွန်းက ကျွန်တော်တို့ကို၊ အမှုတစ်ခု တိုင်ထားခဲ့ပါတယ် အန်တီ"

"ဘာအမှုလဲကွယ်"

မေးပြီး စန္ဒကူးတာဝါကို စိမ်းအား ပြန်ပေးလိုက်၏။ စိမ်းကယူပြီး လူခေါ်ခေါင်းလောင်းကလေးကို တီးလိုက်သည်။ အိမ်ဖော်မလေး တစ်ယောက်က ထွက်လာတော့ စန္ဒကူးတာဝါအားရွှန်းစိုပြစ်ရန် သူမကိုပြော၍ ဧည့်သည်တွေမမြင်အောင် လက်သုံးချောင်းထောင်ပြသည်။

ပြီးတော့…ဒေါ်မြင့်ကြူနှင့် မလှမ်းမကမ်းမှာ ထိုင်သည်။

"ဦးခင်မော်ထွန်းက တခြားကုမ္ပဏီတစ်ခုဆီမှာ ငွေချေးထားတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆီကို အမှုတိုင်တန်းထားပါတယ်။ အဲဒီအမှုအတွက် သက်သေအထောက်အထား အရေးတကြီးလိုအပ်နေပါတယ် အန်တီ"

"သားရယ်…အန်တီလည်း ဒီအမှု မသိပါလား"

"ကျွန်တော်တို့ဆီ မနေ့ကမှ တိုင်တာပါ"

"ထားပါတော့…အန်တီ ဘာလုပ်ပေးရမလဲကွယ်"

"ဦးခင်မော်ထွန်းနဲ့တွေ့ဖို့ ကျွန်တော်တို့မှာ အရေးတကြီး လိုအပ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ဟာ သူ ထမင်းစားပြန်ချိန်ပဲ သားရဲ့၊ ခုထက်ထိ မလာသေးဘူး"

အသား မသိမသာညိုသော်လည်း နဖူးကျယ်ကျယ်၊ ထောင်မောင်းသောအရပ်နှင့် ယောက်ျားပီသသော မျက်နှာရှိသည့် ဤလူငယ်သည် စနေနှင့် မတိမ်းမယိမ်းရှိတာမို့ သားလို့ပဲခေါ်မိသည်။

နှုတ်မှလည်းပြောရင်းပင် တစ်ဘက်နံရံရှိ တိုင်ကပ်နာရီကို လှမ်းမော်ကြည့်သည်။ တစ်နာရီထိုးပြီး ငါးမိနစ်။

"ကျွန်တော်တို့ ကုမ္ပဏီကို ရောက်ခဲ့ပါတယ်၊ မရှိဘူး ဒီကို လာတယ် ထင်လို့ပါ"

"ဒီကို မလာဘူး။ အန်တီ့ယောက်ျားက ခြေတော့များသား။ အလုပ်ကိစ္စကလည်း များတယ်လေ...သူနဲ့တွေ့မှ ဖြစ်မှာလား"

"ဟုတ်ပါတယ်"

ပြောစဉ်...သော်မောင်ထွေး မျက်လုံးလေးတွေက တစ်ဘက်ရှိ စိမ်းဆီသို့ မသိမသာရစ်ဝဲသွားသည်။ စိမ်းက အပြုံးကလေးနှင့် ကြည့်နေ၏။

လုပ်ပါတယ်ကွယ်...။

သည်စဉ်...အိမ်စေမလေးတစ်ယောက်က စတီးဗန်းတွင်





ဆေါ်ကာလိုင်ချိုး(စ်)မှ အချိုရည်များ ဖန်ခွက်ထဲ ဖေါက်ထည့်လာချ း သည်။

"သုံးဆောင်ကြပါဦးကွယ်"

"နေပါစေ အန်တီ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"မဟုတ်ဘူးကွယ်၊ ဧည့်ဝတ်ပြုရတာဟာ အန်တီတို့ရဲ့ မြန်မာ့ယဉ်ကျေးမှုပါတစ်ရပ်ပါ။ သားတို့ နိုင်ငံတာဝန်ကိုထမ်းလို့ ပင်ပန်းတာတိုလည်း အန်တီ သိပါတယ်။ တိုင်းပြည်တာဝန်ကိုထမ်းလို့ ပထမအပင်ပန်းဆုံးက တပ်မတော်သားရဲ့ဘော်တွေပဲ၊ ဒုတိယက သားတို့ရဲဘော်တွေပဲ။ အန်တီ့ သားတစ်ယောက်ဟာလည်း သားလိုပဲ... တစ်ချိန်က ဒုရဲအုပ်ပဲ။ နာမည်က စနေထွန်းတဲ့။ အမှုကိုကြိုးစားဆောင်ရွက်လို့ ကြိုးစားမှုလွန်ပြီး မဖြစ်သင့်တာ ဖြစ်သွားတယ်။ ဓားနည် ဆိုတဲ့ လူဆိုးတစ်ဦးကိုဖမ်းရာမှာ ဓားနည်ကခုခံလို့ လက်လွန်သွားတယ်"

"ဒါတွေက ဖြစ်တတ်ပါတယ် အန်တီ။ ကျွန်တော်တို့ တရားခံဖမ်းတဲ့နေရာမှာ အင်မတန်သတိထားရပါတယ်။ စစ်သားနဲ့ရဲ လက်နက်ကိုင်ချင်းတူပေမဲ့ ရန်သူကိုရင်ဆိုင်ရာမှာတော့ ကျွန်တော်တို့ လုပ်ချင်တိုင်း လုပ်လို့မရအောင် ဥပဒေစည်းကမ်းတွေက ပညတ်ထားပါတယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သားလေးလည်း အမှုမဖြစ်ရုံတမယ် ထုချေနိုင်လွန်းလို့ လွတ်သွားခဲ့ရတယ်လေ…၊ အန်တီတို့လည်း သူ့ကို ရဲဘက်က အတင်းနားချထုတ်ရတယ်။ သူက သူ့အဖေလို လက်မြန်ခြေမြန် တဖွတ်ထိုးသမားလေ။ လက်နက်ကိုင်လို့မသင့်တော်ဘူး"

စကားဆိုတာ ရောက်တတ်ရာရာ မဟုတ်ပေမင့် တစ်ခါတစ်ခါဆို စကားကပဲ ဇာတိပြတတ်ပါ၏။

ဒေါ်မြင့်ကြူစကားတွေထဲမှ 'သူက သူ့အဖေလို လက်မြန်ခြေမြန် တဖွတ်ထိုးသမားလေ'ဆိုသော စကားကို သော်မောင်ထွေးက စွဲမှတ်ယူပြီး ဖြစ်သည်။

"ဩော်…စနေထွန်းက အန်တီတို့သားကို…သူ့အကြောင်းကို ကျွန်တော်တို့ ကြားရပါတယ်။ သူဟာ လုပ်ကိုင်တဲ့နေရာမှာ ဖြောင့်မတ်တယ်၊ တော်တယ်၊ ကြိုးစားတယ်။ ဒါပေမဲ့ တရားခံကို တရားခံလို့ပဲ ဆက်ဆံတတ်တဲ့ အားနည်းချက်ကလေး သူ့မှာရှိတယ်။ ကျွန်တော်တို့မှာ တရားခံကို တတ်နိုင်သရွေ့ ပျော့ပျော့ပြောင်းပြောင်းနဲ့ ဆက်ဆံပြီး မရမှသာ တရားခံလိုဆက်ဆံရတာပါ။ တရားခံဟာ အချိုကြိုက်ရင် အချိုကျွေးရပါတယ်။ အချဉ်ကြိုက်ရင် အချဉ်ကျွေးရပါတယ်။ စိတ္တဗေဒသဘောအရပေါ့။ အဲဒီတော့ တရားခံဟာ ရဲကို ကြည်ညိုလေးစားပြီး ကိုယ့်ဘက်ပါအောင် ဆွဲယူရပါတယ်။ တတ်နိုင်





ရင်တော့ ကျွန်တော်တို့ရဲတွေက အမေရိကားတို့ အင်္ဂလန်တို့က ရဲ ၇ ဘို့ မကြမ်းတမ်းတဲ့ ပျော့ပြောင်းရပါတယ်။ အထူးသဖြင့် ပြည်သူရဲ့ လေးစားချစ်ခင်မှုကို ရအောင်ယူရပါတယ်။ အနောက်နိုင်ငံတွေမှာတော့ ရဲဆိုရင် ပြည်သူက မုန်းတယ်။ သူတို့က တရားခံရော ပြည်သူကိုပါ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံနေကြတာကိုး"

ပြောသူက စိတ်ပါလက်ပါပြောလာတော့ ဒေါ်မြင့်ကြူသာမက စိမ်းကပါ နားစွင့်နေမိ၏။

"ကျွန်တော် တာဝန်ကျတဲ့ရဲစခန်းက ကိုစနေထွန်း တာဝန်ထမ်းခဲ့ရတယ် ရဲစခန်းပါ။ သူ့နေရာမှာ ကျွန်တော် အစားဝင်ရောက်လာတာပါ"

"အို…ဟုတ်လား၊ ဝမ်းသာပါတယ် သားရယ်။ ကဲ…ကဲ သုံးဆောင်လိုက်ကြပါဦး"

ဧည့်ဝတ်ပြုသူကပြုတော့ သူတို့က ပေါ်ကာအချိုရည်တွေကို သောက်ကြသည်။

"ဦးခင်မော်ထွန်း ဘယ်နေရာတွေကို သွားတတ်ပါသလဲ"

"သူက မိတ်ဆွေတော့များတယ်၊ အသွားတတ်ဆုံးနေရာတွေကို အန်တီ ပြောလိုက်ပါမယ်ကွယ်။ ဒါပေမဲ့…သူ ပြန်လာမှာပဲ"

"အချိန်ရှိတုန်း လိုက်လိုက်ရင် ပိုကောင်းတာပေါ့ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



သူက နယ်ထိန်းဘက်လှည့်ကာ…

"ကဲ…ဆရာမိုးကျော်…အန်တီပြောတဲ့လူတွေရဲ့ လိပ်စာကို ရေးမှတ်လိုက်ပါ"

ဦးခင်မော်ထွန်း သည်လူတွေဆီမှာ ခိုအောင်းကောင်း ခိုအောင်းနိုင်ပါသည်။ ကိစ္စတွေပြောဆိုပြီးစီးလို့ အပြင်သို့ထွက်လာတော့ စိမ်းက ပါ လိုက်လာ၏။

"အစ်ကို ကူညီတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်။ စိမ်း အစ်ကို့အလုပ်ကို နှောင့်ယှက်တယ်လို့လည်း မထင်ပါနဲ့။ ဆရာလုပ်တယ်လို့လည်း မထင်ပါနဲ့ အစ်ကို။ အခု…အစ်ကိုသွားစုံစမ်းမဲ့ လူတွေဆီရောက်ရင်လည်း ဦးခင်မော်ထွန်းကို လူသတ်မှုနဲ့ လိုက်ရှာတယ် မပြောပါနဲ့နော်…၊ သူတို့က ဒီအကြောင်းသိရင် အန်တို့ကို ဖုန်းနဲ့ မေးကြမှာပဲ။ အန်တီ သိသွားရင်ပြဿနာ အစ်ကိုရဲ့"

အိမ်ပြင်ဘက်ရှိ ခြံထဲတွင် ဦးခင်မော်ထွန်းထက် ဒေါ်မြင့်ကြူ အတွက် စိုးရိမ်ပူပန်နေပုံရသည့် စိမ်းစကားကြောင့် သော်မောင်ထွေး တွေတွေကလေး စဉ်းစားနေသည်။ ပြီးမှ ခေါင်းညိတ်၍…

"အေးလေ…ကျွန်တော် တတ်နိုင်သလောက်တော့ စိမ်း အတွက်ရော ဒေါ်မြင့်ကြူအတွက်ပါ ကြိုးစားပေးလိုက်ပါ့မယ်။ စိမ်း ကြည့်ရတာ အန်တီ့အတွက် စိတ်ပူနေပုံရတယ်"





"သူက ကျွန်မပေးရှင့် (PATIENT) ဆိုတော့ အံဆုံးရုံးခံလို့ မဖြစ်ဘူးလေ။ ပြီးတော့ ဒေါက်တာအောင်မြင့်ကလည်း ကျွန်မကို ကိုမြင့်လုပ်ဖို့ တာဝန်ပေးထားတယ်။ အန်တီကလည်း သဘောကောင်း တော့ ကျွန်မမှာ ပေးရှင့်တစ်ယောက်အနေနဲ့မဟုတ်ဘဲ မိခင်လိုခွေမျိုး သားချင်းလို ဖြစ်သွားလို့ပါ သည်းခံပါရှင်"

လူပျိုကလေး ဒုရဲအုပ် သော်မောင်ထွေးက စိမ်းကို နှစ်နှစ် ခြိုက်ခြိုက် ပြုံးပြလိုက်၏။

"လူမှုရေးအတွက်ရော စိမ်းအတွက်ပါ ကျွန်တော် နားလည် ပေးလိုက်ပါမယ်။ ဒါပေမဲ့ မှုခင်းစာနယ်ဇင်းတွေအတွက်တော့ တာဝန် ယူနိုင်ဘူးနော်"

"ဒါကတော့ ကံတရားပါပဲရှင်"

"ကံတရားအတိုင်းဆိုရင် ကျွန်တော် မစိမ်းသဘ္ဘာလှဲ့ကို ထပ်တွေ့ ရတဲ့မှ ပါပါဦးမလား မသိဘူး"

"ကျွန်မ အသက်နဲ့ကိုယ် မြဲနေသရွေ့ အစ်ကို တွေ့နိုင်ပါ တယ်"

"တွေ့နိုင်ရုံပဲလား၊ စကားကော ပြောနိုင်သလား"

"အစ်ကို့လျှာရှိသရွေ့ အစ်ကို့ပါးစပ်ကထွက်သရွေ့ စကားချည်း ပဲပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ညို့သောမျက်လုံး၊ ဖော်ရွေသောမျက်နှာလေးကိုတော့ သည်နေ့မှောင် ဘယ်တော့မှမေ့မည် မဟုတ်။

သူမ အထဲကို ပြန်ဝင်လာသောအခါ ဒေါ်မြင့်ကြူက ပြောင်ချော်ချော်နှင့်...

"ကောင်လေးက စကားပြောညက်တယ်၊ ရုပ်ကလေးကလည်း ညက်တယ်နော်"

"သြော်...အန်တီရယ်၊ ဒီလိုပဲ လူမှုရေးအရ ပေါင်းသင်းရတာပါပဲ။ ရုပ်ညက်တယ် စကားညက်တယ်လို့ မဟုတ်ပါဘူး။ အန်တီ့ကိုတော့ ပြောရမယ်"

"သမီးက ဘာပြောမှာလဲ၊ လခကြိုလိုချင်လို့လား"

"နိုး...အန်တီ၊ အန်တီ အိပ်နေတုန်းက အန်ကယ်ဖုန်းလာတယ်။ ကုမ္ပဏီချင်း ငွေလိမ်လည်မှုကြောင့် လိမ်သွားတဲ့ပိုင်ရှင်ဆီကို သူ လိုက်ရမယ်တဲ့။ နယ်ကို သွားရမှာတဲ့။ အိမ်ကို ချက်ချင်းပြန်မလာနိုင်တာ အန်တီ့ကို ပြောလိုက်ပါတဲ့ အန်တီ"

သည်စကားကြောင့် စိမ်းကို ဒေါ်မြင့်ကြူက အံ့အားသင့်ကြည့်နေမိ၏။ စိတ်ထဲမှာလည်း ရှုပ်ထွေးသွားသည်။

စကားကြောင့် ဒေါ်မြင့်ကြူ စိတ်ရှုပ်ခံစားမှုကို အကဲခတ်မိသော စိမ်းက...





"အန်ကယ်(လ်)က လုပ်လိုက်ရင်တော့ အပူတပြင်းချည်းပဲ။ ...ကဲ ထားလိုက်ပါ အန်တီရာ။ အခု ဆေးသောက်ချိန် ကျနေ အန်တီ ဆေးသောက်ရမယ် ဆေးသောက်ပြီးရင် အန်တီကြိုက်တဲ့ င်း စားရမယ်။ စိမ်းကိုယ်တိုင် အန်တီ့အတွက် ဖုတ်ထားတာ န်တီရဲ့"

"နေပါဦးကွယ်...ကိုမော် နယ်ကို လိုက်သွားမယ်ဆိုတဲ့ ကြောင်း စောစောက ရဲကို သမီး ဘာလို့မပြောလိုက်သလဲ"

သည်တော့လည်း စိမ်းက ခစ်ခနဲ ရယ်လိုက်လေသည်။

"သြော်...အန်တီရယ်၊ သူတို့ ဟိုစုံစမ်းသည်စုံစမ်း အလုပ် စေချင်လို့ပေါ့"

စိမ်း၏ချစ်စရာကောင်းသော ရယ်မှုလေးကို ဒေါ်မြင့်ကြူက ငေးကြည့်နေမိသည်။

"မေမေ"

အသံတစ်ခုက တံခါးပေါက်ဝမှ ပေါ်လာသည်။ အသံရှင်က ားမားရပ်နေသည်။ စိမ်းက အသံရှင်ကို ငေးကြည့်နေမိ၏။

ဟယ်...တကယ်ချောတဲ့ ကိုလူချော။

ကိုလူချောက လာပါပြီ။

သူက စနေထွန်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အတ်လမ်းစဉ် (၅)

ဂျို့ချောင်းသည် မကြီးလွန်းမငယ်လွန်းသော ရွာတစ်ရွာ ဖြစ်သည်။ သံလွင်မြစ်ကမ်းနဖူးနှင့် ရွာကမိုင်ဝက်မရှိတရှိပဲ ဝေးသည်။ ပိုးကရင်အမျိုးသားတွေ နေထိုင်ကြသည်။

မြန်မာစကားလည်း ပြောသည်။ ကရင်စကားလည်း ပြောသည်။ ရွေ့ပွန်းနှင့် သုံးမိုင်သောဝေးသော ထိုရွာရှိလူများသည် ရိုးသားကြသူတွေ ဖြစ်၏။ ရှေးက လယ်လုပ်ကိုင်းလုပ်ရှိကြသော်လည်း ယခုမူ ငြိမ်းချမ်းရေးရပြီးနောက် ထိုရွာရှိလူငယ်အများအပြားသည် မြဝတီမှ တစ်ဘက်နိုင်ငံသို့ သွားအလုပ်လုပ်ကြသည်ကို ဦးခင်မော်ထွန်း သိပြီး ဖြစ်သည်။





သူက ဖါးအံမှမိုင်နှစ်ဆယ်ကျော်ဝေးသော ထိုရွာကလေးသို့ ...လာရေးအဖြစ်ဆိုပြီး စောတင်ထွေးကြောင့် ရောက်လာ၏။ ထိုရွာ...င် စောပြေအေးနှင့် နော်အေးသန်းက စောတင်ထွေးနှင့် ခင်မင်တာမို့ ဦးခင်မော်ထွန်းကို သူတို့အိမ်မှာပဲ ပို့ပေး‌ခဲ့၏။

ဂျို့ချောင်းကို သူတို့ကရင် အခေါ်အဝေါ်အားဖြင့် "ပျောက်" ...ပဲ ခေါ်သည်။

ဦးခင်မော်ထွန်းက သူ့ကားကို လူမသိအောင် ဖားအံ ဓါးတော ...ကွက်ရှိ စောတင်ထွေးအိမ်မှာပဲ ထားခဲ့၏။

ဖားအံသည် လွမ်းမောဖွယ်ကောင်းသော ကရင်ပြည်နယ်၏ ...တော်ဖြစ်သလို ဂျို့ချောင်းသည်လည်း သံလွင်မြစ်ကမ်းနဖူးနားမှာ ...သဖြင့် သာယာသောရွာကလေးတစ်ရွာအဖြစ် သူ ခံစားရ၏။

မြို့မှာပဲနေ၊ မြို့စကားပြော၊ မြို့၏စည်းစိမ်ကိုခံစားခဲ့ရသော ...ခင်မော်ထွန်းမှာတော့ ရွာ၏စရိုက်ဓလေ့တွင် မနစ်မြောနိုင်ပါ။ ...သားစုလာလည်လျှင်တော့ တစ်မျိုးပေါ့။ အထူးသဖြင့် သူ့လိုအထီး...ရှိနေသောလူအဖို့ကို ပြည်အေးနှင့်နော်အေးသန်းမှလွဲပြီး စကားပြော...ယ် မရှိ။

လည်စရာပတ်စရာကလည်း သာယာသောရှုခင်းကို မြစ်ကမ်း...းမှာ သွားရောက်ကြည့်ရှုခံစားရုံမှလွဲပြီး ဘာမှပျော်ဖြေစရာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောဘီအတွေ့ ရှိနေသောထိုနေရာတွင် သူ ကြာ
နိုအောင်းနိုင်သော်လည်း ယင်းဒီကောဘီအမျိုးသည် သူ့စိမ်းလူ
လာရောက်ပါလျှင် တစေ့တစောင်းစုံစမ်းတတ်တာကြောင့် ထိုရွာ
ဆက်နေဖို့ရာ စိတ်မလုံ။ ပြီးတော့ ဒေါ်မြင့်ကြူကိုလည်း စိတ်မ
သူမ နေထိုင်ကောင်းပါရဲ့လား။ စိတ်ပူပန်မှုကြောင့် ဖြစ်လိုရာဖြစ်
ရန်ကုန်ကို ပြန်မည်လို့တော့ စိတ်ဆုံးဖြတ်လိုက်သည်။

ဦးစွာ ဖါးအံကို ပြန်သည်။ ဖါးအံတွင်နေခိုက် ရန်ကုန်
သူ့မိတ်ဆွေတစ်ယောက်ဆီ ဖုန်းဆက်၏။ လုပ်ဖော်ကိုင်ဖက်တစ်ဦး
သူက ဆောက်လုပ်ရေးကုမ္ပဏီမှ ဖြစ်သည်။

"ဦးခင်မော်ထွန်း...ခင်ဗျား ပျောက်လှချည်လား၊ ကုမ္ပ
ကိုဆက်တော့လည်း နယ်သွားနေသလိုလို..."

"ဟုတ်တယ် ဦးဘမြင့်၊ ကျွန်တော် နယ်ရောက်နေတာ
ကျွန်တော် ဝရမ်းပြေးနေတယ် ထင်လို့လား"

"ခင်ဗျားမိန်းမကြီးက ခင်ဗျား ပြန်မလာရင် ဝရမ်းပြေးထ
လို့ ကွာရှင်းပြတ်စဲခြင်းသတင်းတွေ ထုတ်ပြန်နေဦးမယ်၊ ဟား...ဟား"

"အေးဗျာ...ကျွန်တော် ပြန်လာခဲ့ပါ့မယ်၊ အခု ခင်ဗျ
ဂျေဂျေကို သွားသေးလား"

ဂျေဂျေမှာ မင်္ဂလာဈေးအပေါ်ထပ်ရှိ နိုက်ကလပ်ဖြစ်





ဒါသနာအိုးဦးဘမြင့်အတွက် ညစဉ် စားကောင်းသောက်ဖွယ်လေးများ ရှာနေသောနေရာ ဖြစ်၏။

"အခု ကျွန်တော့်စီးပွားရေးက နည်းနည်းထိုင်းသွားတယ်ဗျ။ အသုံးအဖြုန်း ဆင်ခြင်နေရတယ်"

"ကျုပ်လို နေပါလားဗျာ"

"ဟာ...ခင်ဗျားကြီးက ပုတီးမကိုင်တဲ့ သူတော်ငါကောင်း အလုပ်ကြီး မနေနိုင်ပါဘူးဗျာ ကျုပ်မှာ အိမ်ကအဘွားကြီးကို ငြီးငွေ့လာတော့ စိတ်ပျော်ရာလေးတွေကို ရှာရတာ"

သူတို့ အသက်သာကြီးသည်။ လူငယ်စကား ပြောကြတုန်း။ မိမိနှင့်ပတ်သက်၍ ထူးခြားမှုမရှိတာကို ဦးခင်မော်ထွန်း သိရတာကြောင့် စိတ်ပေါ့သွားသည်။

ရန်ကုန်ကိုရောက်လျှင် ဘယ်နေရာခိုလျှင် အကောင်းဆုံးလဲ။ အင်း...ဒဂုံတောင်ဘက်ဆိုလျှင် အိုကေ...။

အဲဒီမှာ သူ့ကျေးဇူးနှင့်မကင်းသော သူ့တပည့်တွေ ရှိ၏။ သူ့အပေါ်လည်း သစ္စာရှိကြသည်။ သူ အတွက်ချသည်။ ရန်ကုန်ထဲ ဝင်လျှင် ရုပ်ဖျက်ဝင်တာ အကောင်းဆုံးပဲ။ တစ်ခုပဲ ရှိသည်။ မိမိ၏ ကားလိုင်စင်နှင့် မိမိ၏အမျိုးသားမှတ်ပုံတင်ပဲ ပြောင်းလဲလို့မရတာ ရှိသည်။ ကားနှင့်ပတ်သက်လို့က မော်တော်ဝီကယ်ယာဉ်ထိန်းရုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြသနာမပေါ်လျှင် ပြီးပြီ။ အမျိုးသားမှတ်ပုံတင်နှင့် ကင်းလှည့်စာရင်
ပြသနာမပေါ်လျှင် ပြီးပြီ။

သူ့ကိုယ်သူ နှုတ်ခမ်းမွေးတွေတပ်၊ အသားကပ်နှဖူးခေါင်းအေ
အပိုတစ်ခုလုပ်။ ဆံပင်ကို သာမာန်အနေအထားမှ အရှည်ဖြစ်အော
ဆံပင်တုကိုတပ်။ ဖါးအံတွင် သည်လိုရုပ်ဖျက်ကိရိယာမျိုးရှာဖို့
မခဲယဉ်းပါ။

ရန်ကုန်သို့မောင်းလာရာတွင် သတိနှင့်မောင်းလာ၏။ သံလွ
တံတားတွင်တစ်ခါ၊ စစ်တောင်းတံတားတွင်တစ်ခါ ဂိတ်ကြေးပေးပြ
အမျိုးသားမှတ်ပုံတင်ကို ထုတ်ပြအစစ်ခံလိုက်၏။ မျက်နှာက ဟ
ဆောင်ကောင်းသော်လည်း ရင်တွင်းမှာဘုရားတနေရသည်။ တွေ့တွေ
ထူးထူးမစစ်ဘဲ ခပ်ပေါ့ပေါ့စစ်ကာ လွှတ်လိုက်ကြ၏။ ဘုရားမလို့ဝ

ဦးခင်မော်ထွန်း သက်ပြင်းချမိသည်။ အောင့်ထားသောလေ
တွေကို ရင်ထဲမှပြင်ပရောက်အောင် ပါးစပ်မှမှုတ်ထုတ်မိသည်။ ဝရမ်
ပြေးလုပ်နေရတာ မလွယ်ပါလား။ ကြည့်ရတာ မိမိတိမ်းရှောင်နေသည်
အတွက် ရဲက ဝရမ်းမထုတ်သေးတာပဲ ထူးဆန်းနေသည်။ မိမိကသာ
စိတ်မလုံဘဲ လျှောက်ပြေးနေသည်။ တကယ်ဆို မိမိအမှုအခြေအနေကို
နားထောင်နားစွင့်ထိုက်သည်ပေါ့။

အနားမရှိဘဲ တောက်လျှောက်မောင်းလာတာက တကယ်





စိတ်ပန်းကိုယ်ပန်းပဲ။ ရန်ကုန်နှင့်ဖားအံ တကယ်မောင်းလျှင် ငါးနာရီ
ပဲ မောင်းရသည်။ မနက်ဆယ်နာရီထဲက ထွက်လာတာ ဘီးလင်းမှာ
ထမင်းဝင်စားတာကလွဲလို့ လက်ဖက်ရည်တောင်သောက်တာ မဟုတ်။
၂ နာရီထိုးတွင် ရန်ကုန်ထဲ ဝင်သည်။ မင်္ဂလာဒုံကိုကျော်၊ သူ့ကုမ္ပဏီ
ရှိသော မြိုင်ဟေဝန်ကိုအဖြတ်တွင် တာဝါအောက်ရှိ သူ့ကုမ္ပဏီ
အခန်းကို လှမ်းကြည့်၏။

တကယ့်ကို အံ့အားသင့်သွားသည်။ သူ့ကုမ္ပဏီမှာ ပိတ်လိမ့်
မည်ဟု မျှော်လင့်ခဲ့ရာ ဖွင့်ထားဆဲရှိနေပါကလား…။

ဒါပေမဲ့ ဗဟန်းအရောက်တွင် ရင်ထိတ်စရာကြုံရတော့၏။
သူက တစ်နေရာအရောက်မှာ ရှေ့မှကားက အသွားနှေးနေသဖြင့်
စိတ်ထဲမရိုးမရွ ဖြစ်နေ၏။ ဖြတ်ကျော်တက်လို့ကလည်း မဖြစ်နိုင်။
တစ်နေရာတွင် လှည့်ကင်းကားကို တွေ့လိုက်၏။ လှည့်ကင်းကို
သူ မကြုံချင်ပါ။ ဒါကြောင့် ရှေ့မှကားကို မြန်မြန်သွားရန် ဟွန်းတစ်ချက်
နှိပ်ကာ အသိပေးလိုက်၏။

ယာဉ်ထိန်းရဲတစ်ဦးက လမ်းဘေးစကြံန်မှနေပြီး သူ့ကားကို
လှမ်းကြည့်၏။ ချက်ချင်းပဲ လက်ပြတားလိုက်၏။ ဦးခင်မော်ထွန်း
ရင်ထဲတွင် ဒိန်းခနဲခံစားလိုက်ရသည်။ ကားကို ရပ်ပဲပေးရမလား။
မောင်းပဲ ပြေးရမလား။ မင်းတို့ အာဏာတန်ခိုးပြသည်ဆိုတာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကားကို လမ်းဘေးသို့ ဝင်ရပ်ပေးပြီးသား ဖြစ်သွား၏။ ဦးခင်မော်ထွန်းရင်တွင်းမှ သွေးတွေတဒိန်းဒိန်း တက်လာ၏။ ရင်ပူလာသည်။ မိမိ အဖမ်းခံရတော့မှာပါကလား…။ မိမိကားကို သူတို့သိသွားကြပြီပေါ့။

"အန်ကယ်(လ်)က…အသက် သိပ်မကြီးသေးပါဘူး။ ဘာလို့ ဒါလောက်သတိမေ့ရတာလဲ ဒါ…ဟွန်းမတီးရနယ်မြေဆိုတာ မသိဘူးလား"

လှမ်းမေးသောရဲကပင် သူ့ကားရှေ့ခန်းနား ကပ်လာပြော၏။

သည်တော့မှ ဦးခင်မော်ထွန်း သူ့ကိုယ်သူ ကျိန်ဆဲမိ၏။

ဗဟန်းနယ်မြေအပါအဝင် ရန်ကုန်တွင်းနယ်မြေ အတော်များများမှာ ကားဟွန်းမတီးရသော အသံတိတ်နယ်မြေဆိုတာကို မေ့သွားခဲ့၏။

"ဆောရီးပါကွာ"

သူက လေသံပြော့ကလေးနှင့်ပြောတော့…

"အန်ကယ်(လ်)ရဲ့ ကားမောင်းလိုင်စင်ကလေး…"

"ဟာကွာ…မေ့ပြီးတီးမိတာပါ၊ မင်းနဲ့အန်ကယ်(လ်) ညှိရအောင်"

"မရဘူး အန်ကယ်(လ်)၊ ဟိုမှာ လှည့်ကင်းက တာဝန်ကျ





တွေ ပါတယ်။ လိုင်စင်ကလေးသာ…"

ခုမှ ပြဿနာ ဖြစ်တော့သည်။ သူ ကားမောင်းလိုင်စင်ကို မပေးချင်ပါ။ သူသည် နှုတ်ခမ်းမွေး၊ နှာတံရှည်ရှည်နှင့် ဆံပင်ရှည်ကြီး ရှိကာ နေကာမျက်မှန်တစ်လက် တပ်ထားသဖြင့် သူ့ရုပ်က နိုင်ငံခြားသားရုပ် ထွက်နေ၏။

"အန်ကယ်(လ်)က ကားကို ကမန်းကတန်း မောင်းထွက်လာလို့ လိုင်စင်ပါမလာဘူးကွာ"

"ဒါဆို အပြစ်နှစ်ခု ဖြစ်သွားပြီ"

"အန်ကယ့်(လ်)ကို သနားပါကွာ။ အခု အန်ကယ်(လ်) ထွက်လာတာ အရေးကြီးလို့ ထွက်လာတာပါ ငါ့တူရယ်။ သမီးက ဒီမနက်မှာ လင်နောက်လိုက်ပြေးတယ်။ သမီးကြောင့် ဇနီးက နှလုံးရောဂါထပြီး ဆေးရုံတင်လိုက်ရတယ်။ အခု ဇနီးဆီ သွားမလို့ပါ။ စိတ်ဆင်းရဲပြီး စိတ်ရှုပ်ထွေးတာကြောင့် အန်ကယ့်(လ်)မှာ လိုင်စင်ကိုလည်း မေ့လာတယ်။ ဆေးရုံရောက်ချင်ဇောနဲ့ ဟွန်းလည်းတီးမိပါတယ် ငါ့တူရယ်။ အန်ကယ့်(လ်)ကို သနားပါကွာ"

သူက တကယ်မျက်နှာငယ်ကလေးနှင့် ပြောသည်။ အသံကလည်း ငိုသံပါကြီး။

မြန်မာနိုင်ငံမှရဲများမှာ ကိုယ်ချင်းစာတတ်ပါသည်။ လူမှုရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ရှေ့ရှုကြပါသည်။ မော်တော်ယာဉ်ထိန်းရဲသားမှာ သက်ပြင်းချ၍···

"ကျွန်တော်တို့မှာ ဝတ္တရားကတစ်ဘက် လူမှုရေးက တစ်ဘက်ပဲ အန်ကယ်(လ်)။ အန်ကယ်(လ်)ကို လွှတ်ပေးလို့တော့ မဖြစ်ဘူး။ အမောင်းလိုင်စင်မရရင်တော့ ကားဝိတက်ကို သိမ်းရလိမ့်မယ်"

"ရပါတယ် ငါ့တူရယ်၊ ကျေးဇူးတင်ပါတယ်၊ တကယ်ကျေးဇူးတင်တာပါ။ မောင်မင်းကြီးသား စင်းလုံးချော ကျန်းမာပါစေ။ သိန်းထီကြီး (၃၀၀)ဆု ပေါက်ပါစေဗျာ"

ဝိတက်ကို လျှင်မြန်စွာ ပေးလိုက်သည်။ ဖြတ်ပိုင်းတစ်ခုတွင် ဟွန်းတီးသောပြစ်ချက်ကို ဦးခင်မောင်ထွန်း၏အမည်၊ နေရပ်နှင့်တကွ ရေးမှတ်၍···

"ဝိတက်ကို သိမ်းထားမယ်၊ ရုံးတော်ကို ဒဏ်သွားဆောင်တဲ့နေ့မှာ ဝိတက်ပြန်ရမယ် ဟုတ်ပလား"

"ကျေးဇူးတင်ပါတယ်"

ရဲအမှုထမ်းဆီမှ ဖြတ်ပိုင်းကလေးကိုယူကာ မောင်းထွက်လာသည်။ သူ့ကားသည် သူ့ကို ထောင်ထဲတွန်းပို့လိမ့်မည်ဖြစ်ကြောင်း စဉ်းစားမိသည်။ ယခုယာဉ်ထိန်းရဲမှာ ကားတွေစစ်ရသောကြောင့် သူ့ကားနံပါတ်နှင့် ကားအမျိုးအစားကို လျှံသွားပုံရသည်။





အိမ်ကို ဖုန်းဆက်ဖို့ သတိရလာသည်။ သူ့တွင် ဆယ်လူလာရှိသော်လည်း မသုံးရဲပါ။ သူ့ဆယ်လူလာနံပါတ်သည် ဆယ်လူလာဆက်ချိန်မှာ ဒီဂျစ်တယ်ရုံးတွင် သွားပေါ်နေလိမ့်မည်။ သူ့အမည်နှင့် ဆယ်လူလာနံပါတ်ကို ဆယ်လူလာဒီဂျစ်တယ်ရုံးတွင် ရဲကရှာဖွေကာ သူ့ဖုန်းဆက်မှုကိုသိအောင် စောင့်ကြည့်နေပေလိမ့်မည်။ သည်တော့ ဆယ်လူလာဖုန်းကိုလည်း မသုံးရဲတော့ပါ။

မြို့ထဲကိုပဲ ရဲရဲတင်းတင်း မောင်းလာသည်။ သူ ဟန်မပျက်ဖို့ အရေးကြီးသည်။ တစ်နေ့လုံး မောင်းလာရသောဒဏ်ကြောင့် သူ့ကိုယ်မှာ နွမ်းချည့်နေသည်။

ဆူးလေမီးပွိုင့်ကိုဖြတ်ပြီး ဆူးလေဘုရားရင်ပြင်အဝိုင်းကိုပတ်၍ မဟာဗန္ဓုလအဝိုင်း မောင်းလာ၏။ပန်းဆိုးတန်းအကျော်တွင် တစ်နေရာမှာ ကားကိုထိုးရပ်သည်။ အဲဒီမှာ တက္ကစီတွေကလည်း ရှိ၏။ သည်ဘက်မှာ ယာဉ်ထိန်းရဲ အလာနည်းသည်။

သူက ကားပေါ်မှဆင်းသည်။ ပိုက်ဆံပေးပြောနိုင်သောဖုန်းကို ရှာသည်။ မျက်မှန်အတွင်းမှ မျက်လုံးတွေကလည်း ပတ်ဝန်းကျင်ကို အကဲခတ်ရ၏။ ဆိုင်တစ်ဆိုင်တွင် ဖုန်းကို တွေ့သည်။ သူက ဖုန်းကို မကိုင်မီ ဖုန်းနားတွင်ထိုင်နေသော အမျိုးသမီးကို ပြုံးပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုန့်မျိုးစုံရောင်းသော ဆိုင်ပင်။ ဖုန်းကိုကောက်ယူကာ နံပါတ်ကိုလှည့်သည်။ မကြာမီ အသံဝင်လာ၏။

"ဟုတ်ကဲ့ ပြောပါ"

သည်တစ်ခါတော့ ဖုန်းကို ကောက်ကိုင်သူမှာ ဒေါ်မြင့်ကြူ ကိုယ်တိုင်ပါ။ သူ့ဖုန်းအသံကိုတော့ သူ ကောင်းကောင်း မှတ်မိလေရဲ့။

"ကိုယ်ပါ ကြူ"

"ဟင်…ကိုမော်"

"ဟုတ်တယ်…ကြူ နေကောင်းရဲ့လား"

"ဩော်…ကိုမော်ရယ်၊ ရှင်က မေးဖေါ်ရသေးသကိုး…ရှင် အခု ဘယ်က ဆက်နေတာလဲ"

နဂိုက ကြိုတင် စဉ်းစားထားပြီးပြီမို့…

"တို့ အခု တောင်ငူကဆက်နေတာ မိန်းမရဲ့။ မင်း ကိုယ့်ကို ဒေါကန်နေတယ် မဟုတ်လား"

"ရှင်…ဘာကောင်းသလဲ၊ ထွက်သွားပြီးတဲ့အချိန်ကစပြီး ဖုန်းတစ်ခါမှ ဆက်ဖေါ်မရဘူး။ ရှင့်ကောင်မ အငယ်အနှောင်းက မဆက်နဲ့လို့ပြောတယ် မဟုတ်လား"

"ဟာ…မဟုတ်ရပါဘူးကွာ၊ မင်းမောင်နောက်ကိုလိုက်ရင်း





မထဲကို ရောက်သွားတာကွ။ တောထဲမှာ ဘယ်လိုလုပ် တယ်လီဖုန်း ဆက်လို့ရမလဲ"

"ရှင် ဘယ်လောက်အထိ ကြာကြာလိုက်နေမှာလဲ။ အဘိုး ကြီးနော်…ဟုတ်မှလဲ လုပ်၊ ကျွန်မဖြင့် ရှင့်ကို သင်ကိုမသိကာတော့ ဘူး"

သူမကတော့ မိန်းမတို့စိတ်ဓာတ်ဖြင့် စွပ်စွပ်စွဲစွဲ သူ့ကို ဆဲမြဲ ထဲသရက်သား လုပ်နေချေပြီ။ တစ်ခုတော့ သတိပြုမိ၏။ ဒေါ်မြင့်ကြူ အသံမှာ တက်ကြွရွှင်လန်းနေတာကိုတော့ သတိပြုမိသည်။

"မင်း ထင်တာတွေ မဟုတ်ရပါဘူး ကြူရယ်…ဒီမှာ မင်းမောင်နဲ့ မပြတ်သေးလို့ပါ။ ကိုယ့်ဆီကငွေတွေ ယူသွားတာ ကြာပြီကွ"

"ငွေက ဘယ်လောက်မို့လဲ"

"ဆယ်သိန်းပါ"

"ဩော်…ရှင့်ဆယ်သိန်းက ကြူ့ထက် ပိုတန်ဖိုးရှိနေလို့ ရှင်က ကျွန်မကို ဒါလောက် ကြာကြာပစ်ထားရသလား။ ဒီငွေဟာ ကျွန်မတို့အတွက် လက်ဖျောက်တစ်ချက်တီးဆိုတာ ရှင်လည်း အသိ သားပဲ။ ဒါလောက်ငွေကို နောက်မှတောင်းယူ…ရှင် မြန်မြန် ပြန်လာ ခဲ့တော့။ ဒီမှာ…ဘယ်သူရောက်နေသလဲ ရှင်…သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ရောက်နေလို့လဲ"

"သားလေး ပြန်ရောက်နေပြီလေ"

"ဘာ"

ဦးခင်မော်ထွန်းအသံ အနည်းငယ်ကျယ်သွားလို့ မုန့်ဆိုင်မှာ ထိုင်ပြီး ရုပ်ပြဖတ်နေသော အမျိုးသမီးကတောင် တစ်ချက်လှမ်းကြည့်၏။ ဦးခင်မော်ထွန်းမျက်လုံးတွေကလည်း ဇီးကွက်မျက်လုံး ဖြစ်သွားလေရဲ့။

"ဘာကွ...စနေ ရောက်နေပလား"

"ဟုတ်တယ်"

"ဘယ်တုန်းက ရောက်တာလဲ"

"ရှင်...နယ်သွားတဲ့နေ့ကပဲ။ သူ...အခု ရှင့်ကိုယ်စား ကုမ္ပဏီကို ဆင်းနေတယ်။ ရှင်နဲ့လည်း တွေ့ချင်နေတယ်"

"ကုမ္ပဏီမှာ ဘာမှမဖြစ်ဘူး မဟုတ်လား"

"ရှင် ဘာပြောတာလဲ"

ဦးခင်မော်ထွန်း သူ့ကိုယ်သူ ဆဲမိချေသည်။ မှားသွားပြန်ချေပြီ။ ပွန်းမှားတီးခဲ့တာထက် ဆိုးချိမ့်မည်။

"ဩော်...ဟော်...ကိုယ်က ကိုယ့်ကုမ္ပဏီမှာ ကိုယ်ရှိမှ





ယ်နေတာ။ သားက...ကုမ္ပဏီမှာ သွားလုပ်နေပြီဆိုတော့ ကုမ္ပဏီ ခုခုဖြစ်မှာစိုးလို့ မေးမိတာပါ"

"တစ်ခုပဲ ရှိတယ်၊ ငွေသိန်းနှစ်ဆယ် စာရင်းကွာနေတယ်။ အတွင်းရေးမှူးကပြောတော့ သူ့ကို လခရှင်းဖို့ ငါးသိန်းကြိုပေးသွား ယ်ဆို ဆယ့်ငါးသိန်းက..."

"ဒါ အရေးမဟုတ်ပါဘူး ကိုယ်လာရင် ရှင်းလိုက်ပါ့မယ်။ ဆက် သားလေး မိန်းမရလာ..."

သူ့စကားတောင် မဆုံးသေးပါ။ ဖုန်းလိုင်း ပြတ်သွား၏။ ခင်မော်ထွန်း ထပ်ခေါ်သည်။ မရတော့...။

"ဖုန်းက ပြတ်သွားပြီ"

ရုပ်ပြစာဖတ်နေသော မိန်းကလေးကိုပြောတော့ မရွှေချောက

"တစ်ခါတစ်ခါ ဒီလိုပဲ ဖြစ်တတ်တာပဲ"

"ဩော်...အင်း...ဘယ်လောက်လဲကွ"

စကားပြောတာနှင့် အချိန်ကိုတွက်ချက်ပြီး ဆိုင်ရှင်တောင်း တာဖုန်းခကို ရှင်းလင်းပေးခဲ့၏။

လေးလံနေသောစိတ်က တစ်ဝက်ပေါ့သွား၏။ စနေထွန်း ရောက်နေပြီတဲ့။ ဒါဆို သူ့အတွက် အိမ်ကိုပူစရာ မလိုတော့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအတွက် စိတ်လေးစရာ မလိုတော့။ သားများထက်လျှင် ခါး
မျက်လျှင်ကျားလို့ ဆိုထားတယ် မဟုတ်လား။ စနေလိုအကောင်မျိုး
တော့ ခါးဖြစ်မှာပါ။

သူက ကားဆီသို့အလာ ကားနားမရောက်မီ ခြေလှမ်းတွေ
တုန့်ခနဲ ရပ်သွားတော့၏။ ရင်ထဲမှာလည်း သွေးခုန်နှုန်းက ဒိန်း
တက်သွား၏။ သည်နေရာမှာ ရဲမရှိဟု သူထင်မှတ်ခဲ့တာ မှားချေပြီ
သူ့ကားနားတွင် အမျိုးသမီးရဲမေ ယာဉ်ထိန်းတစ်ဦးနှင့် အမျိုးသား
ယာဉ်ထိန်းရဲတစ်ဦး ရောက်နေသည်။

အမျိုးသမီးရဲက ကားကို ပတ်လည်လိုက်ကြည့်နေသလို
အမျိုးသားရဲက မတ်တပ်ရပ်ကာ သူ့မှတ်စုထဲတွင် ကားနံပါတ်ကို
ရေးမှတ်နေသည်။ ရဲအမျိုးသမီးလက်ထဲတွင် ဆယ်လူလာကို ကိုင်ထား
သည်။

မကြာမီ သက်ဆိုင်ရာသို့ ထိုကားအကြောင်းကိုမေးပေလိမ့်
မည်။

ဦးခင်မော်ထွန်း တွန့်သွားသည်။ ယာဉ်ထိန်းရဲတွေကို သူ
မရင်ဆိုင်လိုပါ။ သူက ချက်ချင်းနေရာမှ လှည့်ထွက်လာသည်။

သူ့ ပါဂျဲရိုးကို စွန့်လွှတ်ဖို့စဉ်းစားလိုက်တော့၏။





ဩော်…ရာဇဝတ်ဘေးဆိုတာ တပြေးတည်းပြေးနေရပါ
ဘား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



**ဓာတ်လမ်းစဉ် (၆)**

ဆောင်းနှင်းမြူတို့ကြွေကြဆဲ။

လရောင်သည် ပြည့်ပြည့်စုံစုံမပေးဘဲ သစ်ပင်တွေကြောင့် လရောင်မပေးနိုင်ဘဲ လရိပ်ကိုပဲပေးနေသည်။

အဲသည်လရိပ်ကို ကြိုက်ပါသည်။

ဆောင်းနှင်းမြူတို့၏ အေးမြမှုကို အချစ်ကပင် ဖုံးကွယ်ထားသည်။ အချစ်စိတ်ကြောင့် နွေးထွေးသည်လို့ပဲထင်၏။

စနေက သူမကို ပိုက်ပွေ့ထားသည်။





သူမတစ်ကိုယ်လုံးသည် ရှုန်းလုံ့နှင့်တူညားသော်လည်း ပွေ့ပိုက်ထားရတာ စည်းစည်းလုံးလုံးမရှိမှုပဲ လေကိုပွေ့ပိုက်ထားသလိုပဲ ထင်ရသည်။

"သိပ်ချစ်တာပဲလား အစ်ကို"

"သိပ်ချစ်တာပေါ့ နှင်းဖြူရယ်"

"သဟာပဲနော်…နှင်းဖြူကလေ…အစ်ကိုကိုချစ်လို့ လိုက်လာသဟာ…အစ်ကို နှင်းဖြူကို စွန့်ပယ်သွားသလောမလုပ်ရပါနော်"

"ဪ…အချစ်ရယ်…နှင်းဖြူကိုချစ်လွန်းလို့ တို့…နှင်းဖြူကို အပါခေါ်ခဲ့တာပေါ့…နှင်းဖြူကို တို့မခွဲဘူးလေ"

"အကယ်လားတော့"

"တကယ်ပဲ နှင်းဖြူ"

ပြောပြီး နှင်းဖြူကို သူက အထပ်ထပ်အခါခါနမ်းသည်။ သူ့အနမ်းတွေက တုထည်နှင့်မတွေ့ရလို့ အားရသည်မထင်။

နှင်းဖြူပါးပြင်လွှလွှဆီမှ ယန့်သင်းသင်းကတော့ သူ့ရင်ထဲ ဝင်ရောက်တိုးဝှေ့နေရဲ့။

သူနှင့် နှင်းဖြူသည် မြုံထဲမှာ ချစ်သလင်းခင်းလို့ ချစ်ရမွှက်တွေဖြာပြီး ချစ်ပန်းတွေဝေနေကြတာ ရက်အတော်ကြာပါပြီ။

"အိမ်ထဲကိုဝင်ခဲ့ပါလားအချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေ့…အစ်ကိုကပြောတော့လွယ်သနော…နှင်းဖြူ ဝင်လို့မရပါဘူးဆိုနေမင့်ဟာ…နှင်းဖြူဝင်ရင် နှင်းဖြူကို အိမ်စောင့်တဲ့ ဘိုးဘိုးက သူ့ကြိမ်နဲ့ ရိုက်မယ်ပြောလို့မဝင်ရဲဘူးပ"

"ကိုယ်ပြောပေးမယ်"

"မဖြစ်နိုင်သဟာပါပဲအစ်ကိုရယ်…နှင်းဖြူနဲ့ အစ်ကိုက ဘဝချင်းမတူလေ့မှ မတူလေ့သလေ့…အစ်ကိုကလူ…နှင်းဖြူက ပြိတ္တာဘုံကဝိညာဉ်…ဘယ်လိုအတူနေလို့ဖြစ်မှာသတဲ့လဲရှင့်ရဲ့"

နှင်းဖြူကို တွေးပိုက်ထားသော စနေမှာ ရင်မောသွားရ၏။ နှင်းဖြူစကားမှာ ဟုတ်ပါသည်။

သူက နှင်းဖြူကို တောတောင်ထဲမှခေါ်လာသည်။ လမ်းတွင်နေရာသစ်တစ်ခုသို့ဝင်တိုင်း နှင်းဖြူ သွန်သင်သလို ဝင်ရောက်ခွင့်ကို မှန်းဆတောင်းပန်ခွင့်ပန်ရသည်။

ဖြတ်ကျော်ရသည်။

သည်လိုနှင့် ရန်ကုန်ထဲရောက်လာသည်။

နှင်းဖြူ၏ အံ့သြပြောဆိုမှုတွေကို သူတစ်ယောက်သာပဲကြားယောင်မိ၏။ ရပ်ပိုင်းတို့၏ တိုးတက်မှုကို တောတောင်ထဲနေခဲ့သောဝိညာဉ်ရှင်ကပဲ အံ့သြနေသယောင်။

အိမ်ဝင်းထဲရောက်လာတော့ ဂမ္ဘီရဆရာကြီး ဦးဒင်္ဂါး စီမံပြု





လုပ်ပေးခဲ့သော နှင်းဖြူငယ်ဝိညာဏ်ခိုးအောင်းနေသည့် ဂဝံကျောက်ရုပ်ထုကလေးကို သစ်ပင်တစ်ပင်ထက်တွင် လျှို့ဝှက်ချိတ်ထားပေးခဲ့ရ၏။

ခြံတွင်းရှိ မမြင်ရသောသူတွေကိုလည်း နှင်းဖြူငယ်ကိုထားဖို့ခွင့်ပန်ကြားခဲ့ရပြန်၏။

စနေလုပ်ပုံက သူရူးတစ်ယောက်နှင့်သာတူချေ၏။

"ကိုယ်တော့ နှင်းဖြူနဲ့ ထင်ထင်ပေါ်ပေါ်နေချင်တယ်"

"ဘဝလိုမှမဖြစ်နိုင်သဟာကို နှုတ်ချော်မနေစမ်းပါနဲ့ အစ်ကိုရယ်…နှင်းဖြူတို့ဘုံကို အစ်ကိုလာပါဆိုလည်း အစ်ကိုမလာချင်… နှင်းဖြူ စိတ်ညစ်ညူးတယ် အစ်ကိုရယ်"

"ကိုယ့်ဘဝမှာ ကိုယ့်လူ့ဘဝမှာ နေချင်သေးတာပဲ"

"ဟုတ်ပ…အစ်ကို့ကို နှင်းဖြူခေါ်လည်း မရဘူးပ၊ အစ်ကို့ကံကရှိသေးသဟာကိုး…နှင်းဖြူလည်း အစ်ကိုနဲ့ အမြဲနေချင်သာပ… အစ်ကိုက လူ့ပြည်မှာနေတော့ လူမလေးနဲ့တွေ့…ပြီးတော့ နှင်းဖြူကို မေ့…"

"အို…မဟုတ်လိုက်တာနှင်းဖြူရာ…တို့က နှင်းဖြူမှနှင်းဖြူပါ…နှင်းဖြူကိုချစ်လို့ပဲ တောထဲတောင်ထဲလိုက်ရှာခဲ့ရတာ…ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှူးမတတ်ပါပဲ…ဆရာကြီးဦးဒဂ်ါး ကျေးဇူးကြောင့်သာ နှင်းဖြူနဲ့ကိုယ် ခုလိုဆုံဆည်းနိုင်တာ"

(ဂမ္ဘီရဆရာကြီးဦးဒဂ်ါးနှင့် စနေထွန်းတို့ တွေ့ကြပုံမှာ စိတ်ဝင်စားဘွယ်ကောင်းအောင် 'တမလွန်ဆိုးမလေး' ဝတ္ထုတွင် စာရေးသူ ရေးခဲ့ပြီးပါပြီ။)

စာရေးသူ

"အစ်ကိုပြောလို့ နှင်းဖြူ ကျေနပ်ပါတယ်…နှင်းဖြူလည်း အစ်ကို့ကိုချစ်တာပဲလေ့…အစ်ကို့ထက်တောင် နှင်းဖြူအချစ်က ပိုလိမ့်မယ်…တစ်ခုပဲ နှင်းဖြူစိုးရိမ်မိသယ်ပ"

"ဘာကိုလည်း နှင်းဖြူ"

"အစ်ကို့အိမ်မှာလေ ကောင်မတစ်ကောင်ရှိသယ်လေ…သူက ချောတယ်နော…သူ့ကို အစ်ကိုစကားပြောသဟာ နှင်းဖြူတွေ့ရသယ်…ဘာကြောင့် ဒီကောင်မနဲ့ စကားပြောရသဟာလဲ အစ်ကို"

သူမပြောတာ သူမဆိုလိုတာ စိမ်းသဥ္ဇာလဲ့ကိုဆိုလိုပုံပဲ။ စနေက ရယ်မောလိုက်မိ၏။ နှင်းဖြူတစ်ယောက် ဝိညာဉ်ဘဝရောက်နေတာတောင် မိန်းမပီပီ ဝန်တိုစိတ်ကလေးတော့ရှိနေပါကလား။

"သူက ညှို့သည်ပါ နှင်းဖြူရယ်…သူနဲ့ စကားပြောတာ ရိုးရိုးပါ၊ နှင်းဖြူ ဘာမှစိုးရိမ်မနေပါနဲ့ကွယ်"

"စိုးရိမ်ရသာပ အစ်ကိုနယ်…နှင်းဖြူနဲ့ အစ်ကိုက ဘဝချင်း





ဘူကြဘူးပ…တစ်ယောက်နဲ့တစ်ယောက် ချစ်နေတာတောင် လင်ယားလို ပေါင်းဖက်လို့ရသဟာမဟုတ်ဘူးလေ…ဟိုကောင်မနဲ့ အစ်ကိုက လူလူချင်းဆိုတော့ နှင်းဖြူ စိုးရိမ်မိသာပ အစ်ကိုရယ်"

အင်း…နှင်းဖြူပြောတာလည်း ဟုတ်ပါရဲ့။

သူ နှင်းဖြူနဲ့ပေါင်းတာ အတွေ့နဲ့ပေါင်းတာမှဟုတ်။ အငွေ့နှင့်ပေါင်းရတာပဲ။ စနေထွန်းမှာလည်း နှင်းဖြူလိုမဟုတ်။ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်။ အသွေးအသားဆိုတာ ဆန္ဒကိုတောင့်တစမြဲ။

သည်အတွက် စနေ စိတ်ညစ်ရပေါင်း များလှချေပြီ။ တစ်ခါတစ်ခါလည်း နှင်းဖြူကို လူလိုနာနာရုပ်ဖန်တီးပြီးနေဖို့ပြောတော့ နှင်းဖြူက…

"ကိုယ့်အပိုင်မှာပဲ နှင်းဖြူ လုပ်လို့ရမယ်။ ဒီမှာတော့ မရနိုင်ဘူးပ အစ်ကို၊ ဒါလေးတော့ သည်းခံလိုက်ပါနော့"

ဟု ပြောခဲ့ဖူးသည်။

သူတို့နှစ်ယောက် ချစ်ကြည်ကြတာ အချိန်တွေရွေ့ချိန်မှာ ရောက်တက်ခဲ့ပြီပေါ့။

"အစ်ကို…ပြန်တော့ နေလုံးပေါ်လာပြီ"

နှင်းဖြူက သတိပေးသည်။ နှင်းဖြူသည် နေထွက်တာကို ကြောက်မခံ။ နေလုံးပေါ်လာတာနှင့် စနေကို အသော့နှင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေတာလဲ နှင်းဖြူရယ်"

"ဒီအချိန်ဟာ သူတော်စင်သူတော်မြတ်တွေ သွားလာကျက်စားနေတဲ့အချိန် အစ်ကို...သတို့ရဲ့ဖြူစင်တဲ့ သီလ၊ သူတို့ရဲ့ ဖြူစင်တဲ့ ဘုန်းရှိန်စွမ်းအားတွေကို နှင်းဖြူတို့ဝိညဉ်တွေက မခံနိုင်ဘူး။ ဒီတော့ နှင်းဖြူ ရှောင်ပေးရမယ်"

အရုဏ်တက်အချိန်သည် အင်မတန်ကြည်နူးနှစ်သက်စရာကောင်းသောအချိန် ဖြစ်သည်။ အရိယာသူတော်စဥ်တို့ ကျင်လည်ကျက်စား တရားမြတ်ရှာသောအချိန်။

ဟုတ်ပါသည်။ အဲသည်အချိန်မှာ ဘုရားရှိခိုးသံကြားရလျှင်ပင် အင်မတန် စိတ်ညွတ်နူးကြည်နူးဖို့ကောင်းတာကို စနေ သိပါသည်။ အချိန်တန်တော့လည်း ကိုယ့်အိမ်ကိုယ် ဝင်ရတော့သည်။

စနေ၏မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာသည်။ သူ့ကိုယ်သည် အိပ်ရာထက်မှာပဲ ရှိနေ၏။ မကြာမီ အိမ်တစ်အိမ်မှ ဘုရားရှိခိုးသော အသံတစ်သံ။

အမျိုးသားကြီးတစ်ယောက်၏ အသံနေအသံထားနှင့် နား ထောင်ချင့်စဖွယ်၊ ကြည်နူးချင့်စဖွယ်ကောင်းသော ဘုရားရှိခိုးရွတ်ဆိုသံ

စနေသည် သူ့ခုတင်ထက်တွင်ပင် အိပ်ရာမှမထဘဲ ဘုရားရှိခိုးသံကို နားစွင့်နေမိ၏။ သူ နှင်းဖြူနဲ့ တွေ့တွေ့နေတာ အိပ်မက်





ထဲမှာပင်။ ထိုအိပ်မက်သည် တကယ်လိုလိုပင် ဖြစ်နေမိတတ်သည်။ သူ့စိတ်မှာ နှင်းဖြူနှင့်တွေ့လျှင် ပျော်ပြီးကြည်နူးနေတတ်၏။

နှင်းဖြူနှင့် သူ တွေ့ကြတာ တစ်လနီးပါးလောက်တော့ရှိချေပြီ။ သူက နှင်းဖြူကို အိမ်သို့တိုက်ရိုက်မခေါ်သေးဘဲ ဟိုဝင်သည်ထွက်လုပ်နေပြီးမှ အိမ်သို့ခေါ်လာ၏။ နှင်းဖြူသည် ဝိညဉ်အဖြစ်ပါလာတာကို ဘယ်သူ့ကိုမှ သူ မပြောခဲ့ပါ။

ဖေဖေက ဒါတွေကိုလက်မခံပေမယ့် မေမေကတော့ တစ္ဆေသရဲတွေကို ကြောက်တတ်သည်။ ယုံကြည်သည်။ နှင်းဖြူဝိညာဉ်က သူနှင့်ပါလာတာကိုသိလျှင် သူနှင့်မကွဲကွဲအောင် ခွဲကောင်းခွဲပေမည်။ မေမေသည် သူပြန်လာတာကိုတွေ့သောအခါ ဝမ်းပမ်းတနည်း သားကို ကြိုကာ ငိုကြွေးသည်။ သူကလည်း မေမေငိုတာမြင်သော် သူ ဆင်ရာသွား ထင်ရာလုပ်ခဲ့တာကို တွေးပြီးနောင်တရမိ၏။ မေမေနှင့်လည်းကောင်း ဖေဖေနှင့်လည်းကောင်း ဘယ်တော့မှမခွဲတော့ဟု ဆုံးဖြတ်ခဲ့သည်။

အိမ်တွင် မမျှော်လင့်သောလူတစ်ဦးနှင့် တွေ့ဆုံခဲ့ရပြန်သည်။ စိမ်းသဥ္ဇာလှဲ့ပဲ ဖြစ်သည်။

မေမေပြောပြတာကတော့ စိမ်းသဥ္ဇာလှဲ့သည် ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြီးနောက် သူနာပြုသင်တန်း တက်ခဲ့ဖူးသော သူနာပြုဆရာ တစ်ယောက် ဖြစ်၏။

ဆေးရုံတွင် နှစ်နှစ်သုံးနှစ်လောက် အမှုထမ်းခဲ့ဖူးသည်။ စိမ်း တွင် မိဘမရှိ။

မအေတစ်ယောက်သာရှိခဲ့ပြီး ဘောက်ထော်တွင် နေထို ကြောင်း၊ သားသမီးသုံးယောက်ရှိသည့်အနက် စိမ်းသည် ထိုသားသမီး သုံးယောက်တွင် အကြီးဆုံးဖြစ်ကြောင်း။

"သူက မေမေ့ကို သိပ်ဂရုစိုက်တာပဲ၊ မေမေရောဂါ သက် သာလာတာလည်း သူ့ကြောင့်ပါ၊ ဒါကြောင့် မေမေက သူ့ကို သား သမီးလိုပဲ သံယောဇဉ် တွယ်ခဲ့တယ်။ အိမ်တွင်းသူနာပြုလို့ မေမေ မြင်တောင်မမြင်တော့ဘူးလေ"

စိမ်းနှင့်ပတ်သက်လို့ မေမေ ပြောခဲ့ဖူးသည်။ စိမ်းသည် ရွှန်းလဲ့လှသလို၊ နှင်းဖြူလှသလို အလှကြီးမဟုတ်တောင် သူမအ အထားနှင့်ကတော့ သူမ၏အပြောအဆို အမူအယာ၊ မျက်နှာပေးလေ ကအစ လှပါသည်။

အထူးခြားဆုံးက ရွှန်းတောက်သောမျက်ဝန်းအစုံပဲ ဖြစ်၏ ထိုမျက်ဝန်းတို့သည် အစဉ်သဖြင့် ညို့ငင်ဆွဲမြူနေတတ်၍





ယင်းမျက်လုံးတို့ကို ဆန့်ကျင်ဘက်ယောကျ်ားတို့မြင်က ရင်မှာနွေးပွေး နွဲ့လန်းသွားစေနိုင်သည်။

စနေတောင် ထိုမျက်လုံးတို့ကို စတင်ရင်ဆိုင်ခံခဲ့ရစဉ်က ရင်ထဲ တစ်မျိုး ဖြစ်သွားသည်။ သို့သော် သူက ယင်းခံစားမှုတို့ကို ပယ်ဖျက် ပစ်လိုက်ချေသည်။

သူ့အား နှင်းဖြူက စိမ်းနှင့်ပတ်သက်၍ ပြောခဲ့သည်။ စိမ်း ကို နှင်းဖြူ မနာလိုဖြစ်နေပြီလား။ သူ တွေးရင်းပဲ ပြန်အိပ်ပျော်သွား ၏။ သူ့ဝိညာဉ်သည် နှင်းဖြူနှင့် ထပ်မံထိတွေ့မှု မရှိတော့ပါ။ မနက် မိုးလင်းတော့ လန်းလန်းဆန်းဆန်းပဲ။ သူထချိန်က ရှစ်နာရီ။ ယခင် သူ ရှစ်နာရီဆို ပေအိပ်တတ်သော်လည်း ယခုမူ ဖေဖေ နယ်သွားနေ သည်ဆိုခြင်းကြောင့် ရှစ်နာရီမှာထသည်။

ထမင်းစားခန်းတွင် မေမေနှင့်ဆုံရသည်။ ထမင်းစားစားပွဲ ပေါ်တွင် နံနက်စာစားစရာ ပြင်ထားသည်။ မုန့်ဟင်းခါး၊ ကြက်ဥ ကျော်နှင့် အီကြာကွေး၊ မိုင်လိုပ် ဖြစ်သည်။ မေမေက စားပွဲထိပ်တွင် ထိုင်သည်။ စိမ်းနှင့် စနေက စားပွဲတစ်ဘက်တစ်ချက်တွင် မျက်နှာချင်း ဆိုင် ထိုင်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား…နေကောင်းရဲ့လား"

မေမေ့အကြည့်က သူ့အပေါ်ကျက်စားလာသလို မေးခွန်းတစ်ခုလည်း နောက်ဆက်တွဲပါလာသည်။

"နေကောင်းပါတယ် မေမေ၊ ဘာဖြစ်လို့လဲ"

"ညက သားအိပ်ရာထက်မှာ ယောင်ယမ်းစကားပြောသံတွေ ကြားရတယ်၊ သားအသံပဲ"

စနေ မျက်မှောင်လေး ကုတ်သွားသည်။

"ဘာတွေများ ယောင်လို့လဲ မေမေ ကြားသလား"

"ကြားတယ်…ဘာလဲ နှင်းဖြူကို သိပ်ချစ်တယ်တဲ့၊ နှင်းဖြူနဲ့ ဒီတစ်သက်မခွဲဘူးဆိုလား ဘာဆိုလား"

"ဟား…ဟား သားစိတ်ကူးတွေယဉ်ပြီး ထင်ရာမြင်ရာတွေ အိပ်မက်လျှောက်မက်တယ် ထင်ပါတယ် မေမေရာ"

စနေ အသံထွက်အောင် ဟားတိုက်ရယ်၏။ မေမေက မရယ်ပါ။ မေမေက မရယ်ပါ။ သားမျက်နှာကို တည့်တည့်ကြည့်၍…

"သား"

မုန့်ဟင်းခါးပန်းကန်ထဲကို ဟင်းရည်ခတ်ထည့်နေရာမှ မေမေ့ခေါ်သံကြောင့် စနေ ခေါင်းထောင်ကြည့်၏။





"သား…သားအသက် ဘယ်လောက်ရှိပြီလဲ"

"မေမေကလည်း အထူးအဆန်းလုပ် မေးနေပြန်ပြီ"

စိမ်းရှေ့မှာ အမေးခံရတော့ စနေ ရှက်တက်တက် ဖြစ်သွားပါလေသည်။

"နှစ်ဆယ့်သုံးနှစ်"

"အင်း…ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် နှစ်ဆယ့်သုံးနှစ်ဆိုတာ လူကြီးဖြစ်နေပြီ။ ကလေး မဟုတ်တော့ဘူး။ အခု စိမ်းက အသက်နှစ်ဆယ် ရှိနေပြီ။ ဆယ့်ခြောက်နှစ်မှာ ဆယ်တန်းအောင်ပြီး သူနာပြုသင်တန်းကို တက်ခဲ့တယ်။ အခု သူ့မိဘကို လုပ်ကျွေးနေတယ်။ သားဆိုလည်း ဘွဲ့ရပြီးပြီ။ ကုမ္ပဏီအလုပ်ကို ဝင်လုပ်ဖို့ ကောင်းနေပြီ။ သား ထင်ရာမြင်ရာ သွားလာလုပ်ကိုင်ဖို့ မလိုတော့ဘူး"

မေမေ့အသံက တည်ကြည်သည်။ မျက်နှာကလည်း လေးနက်သောအသွင်ကို ဆောင်နေသည်။

"သားဖေဖေက သားကို သိပ်အားကိုးတာ…သားကို သူ့နေရာမှာထားပြီး ကြီးပွားတိုးတက်အောင် လုပ်စေချင်တယ်လေ။ သား



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ လုပ်ခဲ့တယ် ဘယ်သူနဲ့တွေ့တယ်ဆိုတာကို မေမေသိပြီးပြီ၊ လောကမှာ မဖြစ်နိုင်တဲ့အရာတစ်ခုကို မျှော်မှန်းတမ်းတစွဲလန်းနေတာဟာ စိတ်ပန်းလူမန်းဖြစ်ပြီး ရူးသွားနိုင်တယ် သား"

"သား ဘာတွေလုပ်တယ်ဆိုတာ မေမေ သိတယ်"

"သိတာပေါ့၊ သားဖေဖေနဲ့မေမေဟာ နှစ်ကိုယ့်တစ်စိတ်ပဲဟာကွယ်"

စနေ ပြန်မပြောတော့ဘဲ မုန့်ဟင်းခါးကိုပဲ ငုံ့စားနေ၏။

စိမ်းက နံနံပင်ပန်းကန်ကို ကိုင်လိုက်ရင်း...

"ကိုစနေထွန်း နံနံပင်ယူဦးမလား၊ ကိုစနေထွန်း စားတာလည်း ခြောက်ခြောက်ကြီး"

"အင်း"

"နံနံပင် ထည့်လိုက်မယ်နော်"

"အင်း"

သူနှင့်စိမ်းမှာ ခင်မင်ရင်းနှီးနေကြပြီမို့ သည်မျှအစိတ်အပိုင်းထိ ဆက်ဆံမှု ရှိနေသည်။ စိမ်းက ဂရုတစိုက်ပင် မုန့်ဟင်းခါးဟင်းရည်ကို ပန်းကန်လုံးကြီးထဲမှ ဖွန်းနှင့်ယူကာ ခပ်ထည့်ပေးမည်လုပ်သည်။





"တော်ပြီ...စိမ်း၊ တို့ ဟင်းရည်များများ ထည့်မစားတတ်ဘူး မုန့်ဟင်းခါးဟင်းရည် သိပ်များရင် ဖွယ်ဖွယ်ကြီးနဲ့ စားမကောင်းဘူး"

စိမ်းမျက်နှာကိုမကြည့်ဘဲ စိမ်း၏ဟင်းရည်ခပ်လက်ကိုတားကာ စနေ ပြောလိုက်သည်။

"မေမေ့ကို ထည့်ပေး"

"အန်တီက သွေးတိုးရှိတော့ ကိုစနေထွန်းလိုပဲ ဟင်းရည်နည်းနည်းနဲ့ မုန့်ကို လုံးထွေးစားတယ်"

စနေ စားနေစဉ် နှင်းဖြူကို စဉ်းစားနေသည်။ စိမ်းနေရာမှာ နှင်းဖြူသာဖြစ်လျှင် ဘယ်လောက်ကောင်းမလဲ။

"မေမေ...ဖေဖေ နယ်မှာ ကြာဦးမှာလား"

"သူ့ငွေကို မရမချင်း လာမယ် မဟုတ်သေးဘူး"

"ငွေက များလား"

"ဆယ်သိန်းလို့ ပြောတာပဲ"

"ဖေဖေကလည်း ဒီငွေဆယ်သိန်းလောက်နဲ့ လုပ်ငန်းကြီးကို ...ပြီး..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် သားကိုပြောတာပေါ့၊ မင်းအဖေကိုချည်း
အားကိုးလို့ မရတော့ဘူး သားရဲ့။ သားအဖေကိုယ်စား လုပ်ငန်းခွင်ထဲ
ဝင်သင့်ပြီပေါ့"

"သား…အခု ကုမ္ပဏီကို သွားနေတာပဲ"

"သွားနေရုံနဲ့မပြီးသေးဘူး လုပ်ကိုလုပ်ရမယ်"

တစ်ချိန်တုန်းကဆို မေမေ အဲသည်လိုပြောလျှင် 'မေမေ့
က နားညည်းလိုက်တာဗျာ' ဟုဆိုကာ စနေ ထသွားတတ်သည်။
ယခု သည်စကားမျိုးပြောမည်လားဟု မေမေ မျှော်လင့်မိသော်လည်း
စနေ ထပ်မပြောဘဲ စိမ်းကိုသာ အားတောင့်အားနာ ပြုံးပြလိုက်၏။

စနေ ကုမ္ပဏီသို့ သွား၏။ ကုမ္ပဏီလုပ်ငန်းတွေကို ဘယ်သို့
ဘယ်ပုံ လုပ်ကိုင်ရကြောင်းကို မန်နေဂျာနှင့် ဆွေဇင်ထွန်းတို့က ပြသ
ပေးသည်။

"ဒီနေ့ လခထုတ်တယ်။ ကိုစနေထွန်းပဲ ဦးစီးပြီးထုတ်ပေးပါ။
အန်ကယ်(လ်)က ဒီငွေငါးသိန်းကို အပ်သွားတယ်"

ငွေငါးသိန်းကို ဆွေဇင်ထွန်းက စနေ၏လက်ထဲ ထည့်၏။

"ဖေဖေ့ဆီက ဖုန်းလာသလား ဆွေဇင်"





"သိပ်ထူးခန်းတာပဲ ကိုစနေထွန်း၊ တစ်ခါမှ ဖုန်းမလာဘူး"

ဒါ…စနေအတွက် သိပ်ကိုထူးခန်းသွားချေပြီ။ စိတ်ထဲလည်း
…ှင့်သွား၏။ အားလုံးကို သူကပဲ လခထုတ်လိုက်သည်။ ငွေဆိုတာ
…တွေအတွက် အသက်ရှင် ဆေးတစ်ခွက်ပဲ။ သည်ငွေနှင့် ဘဝကို
…ည်သန်ပေးနေကြရသည်။ ကိုယ့်လခလေးကိုယ်ရတော့ အားလုံးရွှင်ပြုံး
…ကြသည်။

မြန်မာနိုင်ငံတွင် ကုမ္ပဏီလုပ်ငန်း၊ ပုဂ္ဂလိကလုပ်ငန်းတွေ
…းများထွန်းကားရန်လိုသလို ဝန်ထမ်းတွေအတွက် ၊ အလုပ်သမား
…တွေအတွက်လည်း ပုဂ္ဂလိကတွေက ပံ့ပိုးမှုလိုသည်ဟု စနေ တွေး
…သည်။

သူ့ကုမ္ပဏီအတွက် ဝန်ထမ်းသက်သာ ချောင်ချိရေးနှင့်
…န်ထမ်းကျန်းမာရေးအတွက် အဖွဲ့တစ်ခုဖွဲ့ရ ကောင်းမလားဟု စဉ်း
…း၏။

ဖေဖေလာလျှင် တင်ပြရမည်။ ဖေဖေကတာဆင့် အစုရှယ်ယာ
…ှင် ဒါရိုက်တာတွေကိုပါခေါ်ပြီး တင်ပြပေးပါလိမ့်မည်။ နေ့လယ်
…ရောက်တဲရောက်တွင် လူတစ်ယောက် သူ့ဆီ ဝင်လာ၏။ ယူနီဖောင်း
…တ်ထားသည်။ ဒုရဲအုပ်အဆင့်။



www.burmeseclassic.com

www.burmeseclassic.com



''လေးစားပါတယ်''

ဒုရဲအုပ်ဖြစ်လာခဲ့သော စနေကစပြီး နှုတ်ဆက်စကားပြောပြီး နဖူးတွင် လက်ချောင်းကပ်ကာ အလေးပြုလိုက်၏။ သူက အရပ်ဝတ် ဆိုတော့ စတင်နှုတ်ဆက်ရပေမည်။

ဒုရဲအုပ်ကလည်း လေးစားပါတယ်ဟု ဆလံပေးအရိုအသေ နှင့် ပြန်နှုတ်ဆက်လိုက်သည်။ ရဲအုပ်တစ်ဦး ရောက်လာသဖြင့် စနေ စိတ်ထဲ ထူးထူးဆန်းဆန်း ဖြစ်နေသည်။

ဒုရဲအုပ်က သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။ သူ့အမည် သော်မောင်ထွေးပါဟု ဆို၏။ ကုမ္ပဏီကိစ္စအတွက် မေးမြန်းစရာရှိလို့ လာရောက်ကောင်း လာရောက်တာဖြစ်မည်ဟု စနေ တွက်မိ၏။

တကယ် ပြောလာတာကတော့…

''ကျွန်တော် ခင်ဗျားဖါးသားကြီးအမှုကို ကိုင်ရတဲ့ဒုရဲအုပ်ပါ။ ပြီးခဲ့တဲ့ တစ်နှစ်နီးပါးလောက်က ကိုစနေထွန်း ဝင်အမှုထမ်းခဲ့တဲ့ ရဲစခန်းမှာပဲ ကျွန်တော် ထန်းတပင်ကနေပြီး ရွှေ့ပြောင်းအမှုထမ်းခဲ့တာ ပါ။ ခင်ဗျားတို့အိမ်ကနော့(စ်) စိမ်းသဥ္ဇာလှဲ့နဲ့ ကျွန်တော် ခင်မင်ပါတယ်။ ခင်ဗျား အခု ဒီကုမ္ပဏီမှာ ဦးခင်မော်ထွန်းကိုယ်စား ဝင်လုပ်နေတယ်





ကြားလို့ လာခဲ့တာပါ။ ဒါဟာလည်း စိမ်းသဥ္ဇာလှဲ့က ပြောလိုက်တာ ပါ။ ကျွန်တော် အခုလာတာက လူသတ်မှုနဲ့ထွက်ပြေးတိမ်းရှောင်နေတဲ့ ခင်ဗျားရဲ့အဖေက ခင်ဗျားကို ဆက်သွယ်မဆက်သွယ် သိချင်တာပါပဲ''

စားပွဲတွင်ထိုင်ကာ အေးဆေးငြိမ်သက်နေခဲ့သူ စနေ၏မျက်နှာ သွင်ပြင်မှာ တည်ငြိမ်နေရာမှ ချက်ချင်းဖြူသယောင် ဖြစ်သွား၏။ ပြီးမှ မျက်နှာမှာ သွေးရောင်ပြန်တက်လာသည်။

မျက်နှာတွင် အံ့အားသင့်ခြင်း၊ လန့်ဖျတ်သွားခြင်း အမူအရာ များ ပေါ်လာ၏။

''ဘာပြောတယ်…ကျွန်တော့်အဖေက လူသတ်တယ်''

''ဟုတ်ပါတယ် ကိုစနေထွန်း၊ ဒီအမှု ခင်ဗျား မသိသေး ဘူးထင်တယ်။ စိမ်းသဥ္ဇာက ပြောမပြဘူးလား''

''ကျွန်တော် အိမ်ပြန်ရောက်တာ ဆယ်ရက်ရှိပြီ။ စိမ်းသဥ္ဇာလှဲ့ က ဒီအကြောင်းကို မပြောဘူး။ အဖေက ငွေဆယ်သိန်း အလွဲသုံးစား လုပ်တဲ့ကုမ္ပဏီပိုင်ရှင် နောက်တစ်ယောက်ကို လိုက်နေတယ်လို့ပဲ မေမေက ပြောတယ်။ ဘာတွေလဲဗျ…ခင်ဗျားဥစ္စာ''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့မဆိုးနဲ့ ကိုစနေထွန်း၊ ဒီဟာက စိမ်းသန္တာလဲ့က ခင်ဗျားအသွားကြီး စိတ်ချမ်းသာအောင် လှည့်ပြောတဲ့စကားဖြစ်မယ်။ တကယ်လူသတ်မှုဖြစ်တာက လွန်ခဲ့တဲ့ဆယ်ရက်လောက်က ဖြစ်တာပဲ။ အသတ်ခံရသူက ဦးမြတ်ထွန်းအောင်ပါ။ သတ်တဲ့လူက ခင်ဗျားအဖေပဲ ဦးခင်မော်ထွန်းပဲ။ ဒါပေမဲ့ ဦးမြတ်ထွန်းအောင်က မသေဘူး။ အတွင်းလူနာအဖြစ်နဲ့ ဆက်တည်ရှိနေတယ်။ သူကပဲ ခင်ဗျားအဖေ ဦးခင်မော်ထွန်းက သေနတ်နဲ့ပစ်ခဲ့ပါတယ်လို့ ပြောတယ်လေ။ မျက်မြင်သက်သေကလည်း ရှိတယ်။ အဲဒီလူက ဦးခင်မော်ထွန်းရဲ့တပည့် ကိုမြင့်သိန်းကလည်း မြင်ခဲ့တယ်"

စနေ ဘာမှမပြောဘဲ စိတ်ရှုပ်ထွေးစွာနှင့် ကြည့်လိုက်၏။ သူ့ခေါင်းထဲမှာ မမျှော်လင့်ဘဲ ကြားလာရသောစကားတွေကြောင့် ချာချာလည်သလို ခံစားနေရသည်။ ဟုတ်မှဟုတ်ပါ့မလားလို့လည်း သူ့ရင်ထဲ အတန်တန် မေးခွန်းထုတ်နေသည်။

သူ့မျက်နှာကို သော်မောင်ထွေးက အကဲခတ်ပြီး...

"ခင်ဗျားလည်း ရဲဝန်ထမ်းလုပ်ခဲ့ဖူးတာပဲ။ လူသတ်မှုဆိုတာ





ဒေါသနဲ့ သတ်တယ်၊ မခံချင်လို့ သတ်တယ်။ လောဘကြီးလို့ သတ်တယ်။ ရန်ငြိုးနဲ့ သတ်တယ်။ တစ်ခါတစ်လေတော့လည်း မရည်ရွယ်ဘဲ စိတ်မြန်ကိုယ်မြန်ကြောင့် လက်လွန်သွားတတ်တယ်။ ဒါတွေ ခင်ဗျားလည်း အတွေ့အကြုံအရ သိပြီးသားပဲ ကိုစနေထွန်း"

စနေထွန်း ဘာမှအသံမထွက်ဘဲ ငိုင်နေသည်။

"ခင်ဗျားအဖေ ကြည့်ရတာ မတော်တဆ လက်လွန်သွားတာနဲ့ တူပါတယ်။ ဦးမြတ်ထွန်းအောင်ကို ခင်ဗျား သိပါတယ်နော်"

"ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော်က အဖေ့အလုပ်နဲ့ ကင်းကင်းရှင်းရှင်းနေခဲ့တော့ သူ့မိတ်ဆွေဆိုတာတွေကို ကျွန်တော် မသိပါဘူး။ ဦးမြတ်ထွန်းအောင်က ဘာလုပ်သလဲ"

"အင်ပို့အိပ်(စ်)ပို့ အေးဂျင့်လို့ ပြောတာပဲ။ သူက ဦးခင်မော်ထွန်းကို နိုင်ငံခြားကုန်ပစ္စည်း ပို့တာတင်သွင်းတာမှာ ကြားက ခလောက်ဆန် အမြတ်ထုတ်ခဲ့လို့ ဦးခင်မော်ထွန်းက မကျေနပ်လို့ ကိုမြင့်သိန်း ပြောကြားချက်အရ သိတာပဲ။ ဦးမြတ်ထွန်းအောင်ကလည်း ဒီလိုပဲ အစစ်ခံပါတယ်"

"ဖြစ်ရလေဗျာ၊ ကျွန်တော် စိတ်မကောင်းဘူး။ အဖေဗျာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးလာကာမှ ဘာလို့ဒါသကြီး ခြေလွှန်လက်လွှန်တွေ ဖြစ်ရတာလဲ"

စနေက သူ့အဖေအတွက် ညည်းညူပေမင့် အဖေ့အကြောင်းကို သိသည်။ အဖေသည် လူကြီးလူကောင်း စာရင်းထဲမှာပါပေမယ့် တစ်ခါတစ်လေ လက်မြန်ခြေမြန် စိတ်လိုက်မာန်ပါ လူကြီးလူမိုက် လုပ်တတ်ပါလေသည်။

"အခု…ကျွန်တော့်ဆီလာတာ အဖေနဲ့ကျွန်တော် ဆက်သွယ်မှုရှိမရှိ သိချင်တယ်ပေါ့"

"မှန်ပါတယ် ကိုစနေထွန်း၊ ခင်ဗျားလည်း ရဲဝန်ထမ်းလုပ်ခဲ့တာပဲ။ ရာဇဝတ်မှုဆိုတာ ထိန်ချန်ထားလို့ မရဘူးလေ"

"ကျွန်တော် သိပါတယ်"

စနေထွန်းအသံက ခတ်ဆတ်ဆတ် ဖြစ်သွား၏။ ထို့မှ ဆက်ပြောသည်။

"ကျွန်တော် ရန်ကုန်ကို ပြန်ရောက်နေတာတောင် ကျွန်တော့်အဖေသိမှာ မဟုတ်ဘူး။ စိတ်ချပါ…ခုလိုအကြောင်းစုံသိပြီးမှတော့ အဖေ့ကို ကျွန်တော် နားချပေးပါ့မယ်။ အခု အဖေ ဘယ်ရောက်နေမှန်းတောင် မသိတာ"



သည်တော့ သော်မောင်ထွေးက ခါးကိုကုန်းကာ လေသံနှိမ့်၍…

"အခု ခင်ဗျားအဖေ ရန်ကုန်ကို ရောက်နေတယ်"

"ခင်ဗျား ဘယ်လိုသိလဲ"

"သက်ဆိုင်ရာ ယဉ်ထိန်းရဲက ခင်ဗျားအဖေစီးလာတဲ့ ပါဂျဲရိုးကို ပန်းဆိုးတန်းနားမှာ ဆိုက်ထားခဲ့တာ စစ်ဆေးတွေ့ရှိတယ်လေ။ ကျွန်တော်တို့ဆီကို အကြောင်းကြားတယ်။ ကျွန်တော် သွားကြည့်ခဲ့ပြီးပြီ။ ကားနံပါတ်လည်း မှန်တယ်။ အမျိုးအစားလည်း မှန်တယ်။

ပြောပြီး ကားနံပါတ်ကိုတောင် ရေရွတ်ပြလိုက်၏။

စနေ စဉ်းစားနေသည်။

"အဖေ…ရန်ကုန် ရောက်နေပြီကိုး…ကောင်းပြီလေ အဖေ ကျွန်တော့်ကိုဆက်သွယ်ရင် ခင်ဗျားကို အကြောင်းကြားပါ့မယ်။ ကျွန်တော် လုပ်ခဲ့တဲ့စခန်းပဲ မဟုတ်လား"

သော်မောင်ထွေးက ခေါင်းညိတ်ပြသည်။ နောက်မှ အားနာသင့်စရာကောင်းသော စကားကို ပြောပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျားအဖေကို ဖမ်းပေမယ့် ကျွန်တော့်အနေနဲ့က အမှုတွဲ မှာ သူ့ကို တရားခံတစ်ယောက်ရယ်လို့ လုံးဝဖော်မပြထားပါဘူး သံသယဖြစ်ဖွယ် တရားခံတစ်ယောက်အနေနဲ့ပဲ ဖော်ပြထားတယ်”

“ခင်ဗျာ…ဘယ်လိုကြောင့်”

“ခင်ဗျားအဖေကိုင် တတ်တဲ့သေနတ်ကို ခင်ဗျား သိလား”

“ကျွန်တော့်အဖေ လိုင်စင်နဲ့ကိုင်တာက ပွိုင့်သုံးဆယ့်နှ ဝေါလတာပီပီကေ သေနတ်ပါ”

“ကိုင်တာ ကြာပြီလား”

“ကြာပါပြီ”

“ဦးမြတ်ထွန်းအောင်ရဲ့ အိပ်ဆောင်ခန်းထဲက ပစ်ပြီးတဲ့ကျည် တစ်ခု ရတယ်။ ဓာတုဗေဒစစ်ဆေးရေးဌာနက အဲဒီကျည်ခွံဟာ ၁၉၉၉-ခု နှစ်လုပ် ပစ္စတိုလ်ကျည်ဆံတဲ့။ ပွိုင့်သေးပေမယ့် ယမ်းအား ပြင်းထန်မှုရှိတဲ့ ဝေါလတာပီပီကေ ပွိုင့်ဆုံးဆယ့်နှစ်မှာသုံးတဲ့ ကျည် ပဲ”

“ကျွန်တော် သိပြီ။ အဖေပစ်လိုက်တဲ့ ကျည်ဆန်





ဦးမြတ်ထွန်းအောင်ကို မမှန်ဘဲ သူ့နောက်ကနံရံထဲ ဝင်မှန်မယ် ဟုတ်ပလား”

“ရိုက် (RIGHT)”

“ဒါဆို…အဖေ ပစ်တာ တစ်ချက်တည်းပဲပေါ့။ ဒီလိုဆို ဦးမြတ်ထွန်းအောင်ကို မှန်တဲ့ကျည်ဆန်က…”

“ပွိုင့်သုံးဆယ့်ရှစ် ဝက်ဘလေခြောက်လုံးပြူးကျည်ဆံပဲ။ ဆရာဝန်တွေရဲ့ ဆေးမှတ်တမ်းနဲ့အတူ ကျည်ဆံကို ဓါတုဗေဒကျည်ဆန် နဲ့ လက်နက်စစ်ဆေးရေးဌာနကို ပို့လိုက်တယ်။ အဲဒါထက် စာအရတော့ မြောင်းရစ်တွေနဲ့အတူ ထွက်သွားတဲ့ကျည်ဆံ အနေအထားက ဆိုင်လင် ဆာကိရိယာကိုသုံးခဲ့လို့ နည်းနည်းလမ်းကြောင်းလွဲပြီး ဦးမြတ်ထွန်း အောင် မသေခဲ့တာဘဲ”

“ဟုတ်ပြီ”

စနေက စားပွဲကို စိတ်အားထက်သန်စွာ လက်ဖြင့်ပုတ်သည်။

“ဟုတ်ပြီ…ဦးမြတ်ထွန်းအောင်မှာ ဖေဖေ့အပြင် တစ်ခြား ရန်သူတစ်ယောက် ရှိရဦးမယ်”

“ဒါပဲပေါ့…ဒါကြောင့် ကျွန်တော်က ဦးခင်မော်ထွန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တယ်။ သူ ဒီလိုရှောင်ပြေးလို့ ကြာကြာနေရင် ဝရမ်းထုတ်

လိမ့်မယ်။ အခုတောင် ကျွန်တော်က သက်သက်ညှာညှာ လုပ်ထား

ပါတယ်။ သံသယတရားခံဆိုတော့လည်း ချက်ချင်းထွက်ပြေးတိမ်း

ရှောင်မှုနဲ့ ဝရမ်းမထုတ်ချင်ဘူးလေ''

''ကျေးဇူးတင်ပါတယ် ကိုသော်မောင်ထွေး''

''သော်မောင်ထွေးဆိုတာ ခင်ဗျား အခေါ်ရခက်နေရင်

ကိုထွေးလို့ပဲ ခေါ်လိုက်ပါ။ ဒါထက် ဒီကိစ္စ ခင်ဗျားမားသားကြ

မသိသေးဘူးနော်။ စိမ်းကြောင့်ဗျ…''

အံမယ်…ဒီလူ့ပါးစပ်ထဲမှာ စိမ်းတောင် ဖြစ်နေပါလား

''စိမ်းနဲ့ခင်ဗျား အတော် ခင်နေပြီလား''

''ကျွန်တော် ခင်ဗျားအိမ်ကို နှစ်ခါသုံးခါ ရောက်ခဲ့ပါတယ်

စိမ်းဟာ အင်မတန်ခင်စရာကောင်းတဲ့ ဒီနေ့ ခေတ်မိန်းကလေးပါ

သွက်လက်တယ်။ မျှော်မြင်မှုလည်း ရှိတယ်။ ခင်ဗျား မားသားကြ

ကိုလည်း အတော်ကြင်နာပါတယ်''

စနေက ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မယမ်းပါ

သူစဉ်းစားနေတာက စိမ်းမဟုတ်ပါ။ အဖေ့အကြောင်းပဲ ဖြစ်ပါသည်



စကားအနည်းငယ်ပြောကာ ကိုသော်မောင်ထွေး ပြန်သွား

သည်။ သူသည် စနေကို လေးစားပုံရှိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## စာတ်လမ်းစဉ် (၇)

စနေက စိမ်းသဉ္ဇာ၏လက်ကလေးကို ပုတ်သည်။

"ဘာလဲ ကိုစနေထွန်း"

"ပြောစရာရှိတယ်"

စနေ၏ တီးတိုးသံလေး။ စိမ်းသည် မေမေ့အတွက် မိုင်လို ဖျော်နေရာမှ လှည့်ကြည့်၏။ မေမေကတော့ ငြိမ်ခန်းမှာပဲ။

ဆောင်းအအေးက သည်နေ့တော့ အအေးပေါ့နေသည်။

"ဘာပြောမှာလဲ"





"မေမေ မကြားစေချင်ဘူး...ခြံထဲခဏ"

စိမ်းသည် မိုင်လိုဖျော်ပြီး မေမေ့ကို သွားပေးသည်။

"အန်တီ...ဒီမိုင်လိုလေးတော့ သောက်လိုက်ဦးနော်၊ မိုင်လို သောက်ပြီးမှ ဆေးသောက်ရမှာ ဆေးသောက်ပြီးရင် အန်တီ အိပ် ဆာ့နော်"

"အန်တီ မအိပ်ချင်သေးဘူး၊ စလောင်းဂြိုဟ်တု ကြည့်ချင် သေးတယ် သမီး"

သူမ၏ဆန္ဒကို မလွန်ဆန်လိုသဖြင့် စိမ်းက စလောင်းဂြိုဟ် တုစက်ဆက်သွယ်ရေးစက်နှင့် တီဗွီစက်ကိုဖွင့်ပေးခဲ့သည်။

ခြံထဲသို့ ဆင်းလာချိန်မှာ ညနေမှောင်ရီစ။ စနေက ခြံထဲမှာ အဆင်သင့် စောင့်နေ၏။ ခြံထဲတွင် သူတို့နှစ်ယောက် မျက်နှာချင်း ဆိုင်တွေ့၏။ ဗာဒံပင်အောက်တွင် လွဲဒန်းတစ်ခုလည်းရှိနေရာ စနေက စိမ်းကို လက်ဆွဲ၍ ဒန်းပေါ်တိုင်ခိုင်းပြီး သူက မတ်တပ်ရပ်သည်။

"ကိုစနေ...ဘာပြောမလဲ"

"စိမ်းကတော့ စေတနာနဲ့လွှမ်းအုပ်ထားတာပါပဲ။ ဒါပေမဲ့ သိချိန်တန်တော့လည်း သိလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက မတ်တပ်ရပ်ကာ ခါးတစ်ဖက်ထောက်ထားသည့် စနေကို မော်ကြည့်သည်။ နှုတ်မှ ဘာမှမပြော။ စနေကသာ…

"ဖေဖေ လူသတ်မှုဖြစ်တာ စိမ်း ဘာကြောင့် တို့ကို မပြောသလဲ"

"ကိုစနေ သိသွားပြီလား"

စိမ်းသဥ္စာလှဲ့ကို 'စိမ်း'ရယ်လို့ စနေကခေါ်လာတော့ စိမ်းက လည်း 'ကိုစနေ'လို့ပဲ ရင်းနှီးမှုနှင့်ခေါ်သည်။

"ဒီနေ့ ကိုသော်မောင်တွေး လာတယ်။ ကိုယ့်ကို အကြောင်းစုံပြောလို့ သိသွားရပြီ ကိုယ် စိတ်မကောင်းဘူး"

"အန်တီသိသွားရင် ကိုစနေအဖို့ အန်ကယ့်(လ်)အတွက်ရော အန်တီ့အတွက်ပါ။ ကိုစနေ စိတ်မကောင်း ဖြစ်သွားပါလိမ့်မယ်။ ကိုစနေသိရင် အန်တီ သိမှာပဲ။ ဒီတော့ စိမ်းက ဖုံးလက်စနဲ့ ဖုံးထားတယ်။ အန်တီက နှလုံးရောဂါ ရှိတယ်လေ။ သွေးတိုးကလည်း တစ်ခါတစ်ခါ မကျချင်ဘူး။ ဒီတော့ စိတ်မချမ်းသာတာတွေ အန်တီ့ကို မပြောပါနဲ့လို့ စိမ်းဆရာ ဒေါက်တာအောင်မြင့်ကလည်း ပြောတယ်။ ဒါကြောင့် စိမ်းပါးစပ် ရေငုံထားတာ"





"ကိုယ့်ကိုတော့ ပြောပြသင့်တာပါ။ စိမ်းကို ကိုယ်အပြစ် [illegible]နေတာ မဟုတ်ပါဘူး ထားလိုက်ပါလေ။ ဒီကိစ္စက အရေးမကြီး [illegible]ဘူး။ အရေးကြီးတာက ဖေဖေ့ကိစ္စပဲ။ ဖေဖေ စိမ်းဆီ အဆက် [illegible]ယ် လုပ်သေးလား"

"ဟင့်အင်း"

"မညာနဲ့နော်"

"မညာ…အမယ့်လေး"

စကားစပဲဖြတ်၍ စိမ်း လန့်ကာ အသံထွက်သွား၏။ ကျော [illegible]လေးလည်း ကော့သွားသည်။

"ဘာဖြစ်တာလဲ စိမ်း"

"ဘယ်သူ ခဲနဲ့ပေါက်သလဲ မသိဘူး"

စိမ်းကပြောပြီး သူမအောက်ခြေ ငုံ့ကြည့်သည်။ ခြောက် [illegible]ကြွေကျနေခဲ့သော ဗာဒံသီးတစ်လုံးကို တွေ့ရ၏။ စနေကပါ [illegible]တော့…

"ဗာဒံသီးအခြောက် ကြွေကျတာပါ၊ ကဲ…ဆက်ပြော"

"ဟုတ်တယ် စိမ်း မညာဘူး။ အန်ကယ်(လ်)ဆက်တာ



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ ဆယ်ရက်ကျော်လောက်က ဆက်တာ အဲဒါ…အား"

သူမအသံ ထွက်သွားပြန်၏။

ဗာဒံသီးတစ်လုံးက ခေါင်းကို လာမှန်သည်။ သူမမှာ သိပ်

မနာစေကာမူ လန့်တော့သွားရာ၏။

"ဘာဖြစ်တာလဲ မသိဘူး။ ဗာဒံသီးက ကြွေပဲကြွေလွန်း

တယ်"

"ဒီအချိန်က ဗာဒံသီးကြွေချိန် ဖြစ်မှာပေါ့။ ဒါကြောင့် အား

အမလေး…"

စနေ့စကား မဆုံးသေးပါ။ တစ်စုံတစ်ယောက်က မစ်ပေါက်

သလို ဗာဒံသီးအမှည့်တစ်လုံးက သူ့ဇက်ပိုးကို ဝင်မှန်သည်။ ပိုပြီး

ဆိုးတာက သူတို့အနီးတစ်ပိုက်တွင် ချက်ချင်း အပုပ်နံ့ကြီးတစ်ခုက

လှိုင်တက်လာသည်။

"ဟင်း…နံလိုက်တာ တာကြီးလဲ"

စိမ်းနှာခေါင်းလေး ပွစိပွစိဖြစ်ကာ မျက်နှာကလေးက ရှုံ့

သွားသည်။

"အေးကွာ၊ ဟုတ်ပါရဲ့ နံလိုက်တာ"





"စောစောက မနံပါဘူး အခုမှ ကိုစနေတို့ခြံက ရှီးမှရှီးရဲ့

"

"ဟာ…ဘာမရှီးတာလဲ၊ ခြံလည်း အိမ်ကကောင်မလေး

လာရှင်းလင်းထားတာပဲ"

"မြေကြီးထဲက မြေကြွက်များသေနေသလား မသိဘူး"

စနေက အကြောင်းသိသည်။ သူက စိမ်းနှင့်စကားပြောတာ

ပ်သော နှင်းဖြူက အစွမ်းပြခြင်း ဖြစ်ပါလိမ့်မည်။

"အရင်က စိမ်း ဒီခြံထဲ သွားလာလမ်းလျှောက်နေတာပဲ

မဖြစ်ပါဘူး ခုမှ…"

"ဒါဆို တစ်နေရာ သွားစကားပြောမယ်လေ"

စနေကဆိုကာ ဘေးဘီကိုလှည့်ကြည့်သည်။ ဘာကိုမှ မမြင်

တွေ့ရပါ။

"မှောင်တောင် မှောင်နေပြီ"

"တောက်"

တောက်ခေါက်သံတစ်ချက်။

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



အသံကို စနေရောစိမ်းပါ ကြားရလေရာ စိမ်းက လန့်ဖျတ် အော်မိသည်။

“စိမ်း…စိမ်း ဘာဖြစ်တာလဲ”

“ကိုစနေ မကြားဘူးလား။ အသံက လူတစ်ယောက် တောက်ခေါက်သံကြီး”

ထိုစဉ် ခြံတွင်းတစ်နေရာမှ အသံတစ်သံ ထွက်လာ၏။

“တောက်…တတောက်တောက် အောက်အဲ့…အောက်အဲ့ တောက်တဲ့”

“အမယ်လေး ဒါဘာသံကြီးလဲ ကိုစနေ”

သည်တော့ စနေက အသံမထွက်တစ်ထွက် ရယ်မော တော့၏။ ရယ်ပြီးမှ…

“စိမ်းကလည်း အဲဒါ တောက်တဲ့ပေါ့။ ခြံထဲမှာ သစ်ပင် တွေပေါတော့ တောက်တဲ့ရှိတတ်တယ်လေ။ စောစောက စိမ်းကြားတာ တောက်တဲ့ ဖြစ်မှာပေါ့”

အပုပ်နံ့ကြီးက ပျောက်သွားသည်။

“အိမ်ထဲဝင်ကြပါစို့ ကိုစနေရယ်…မှောင်တောင်လာပြီ ချမ်း





သည်းချမ်းလာပြီ။ စိမ်း အနံ့ကယ့်(လ်)ဆိုက အဆက်အသွယ် မရပါ ဘူး…ဒါပါပဲ”

ပြောလည်းပြော ကြောက်လည်းကြောက်သွားပုံရသော သူမ သည် စနေ့ရှေ့ရှိ လွှဲဒန်းပေါ်မှထကာ ထွက်သွားသည်။ စနေက တားလိုက်ပါ။ သူမ အိမ်ထဲဝင်သွားသည်အထိ ငိုင်ကျန်ခဲ့သည်။

သူက ထိုနေရာမှမခွဲခွာမီ မှောင်ထဲကြည့်ကာ…

“နှင်းဖြူ အထင်တလွဲနဲ့ သောင်းကျန်းမနေနဲ့နော်။ တို့နဲ့ စိမ်းနဲ့က ဘာမှဖြစ်ကြတာ မဟုတ်ဘူး။ ရိုးရိုးခင်နေကြတာ”

သူက ပြောမဆုံးမီ အိမ်ဘက်ကို လှည့်ထွက်လာသည်။

ညခြံထဲတွင်ပင် နှင်းဖြူဝိညာဉ်ပါသော ဂဝံရုပ်ထုကလေးကို ထား သည်။ သည်ည အိပ်ကာနီးတွင် သူက သူ့စိတ်ကို ခြံထဲသို့ အာရုံ ညကာ လွှတ်ပေးထားသည်။

အိပ်ပျော်သွားသည်။ ခြံထဲတွင်ပင် သူ့ဝိညာဉ်နှင့် နှင်းဖြူ ဝိညာဉ် ဆုံမိကြသည်။ နှင်းဖြူသည် မူလက်ပောင်း ရှုန်းလုံ့ရုပ်နှင့်ပဲ ဖြစ်သည်။ ဝိညာဉ်က နာနာရုပ်ဆောင်ထားတာကို စနေ သိသော် သည်း သူ့စိတ်ထဲမှာတော့ နှင်းဖြူဟာနှင်းဖြူပဲဟူသော အမှတ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေကကိစ္စကို စနေကပြောတော့ နှင်းဖြူက ဒေါ်သ
ကလေးနှင့်…

"ရှင်ရို့က ကျုပ်ရှေ့မှာ လာကသိကရိုး လုပ်နေကြသဟာကို
အနှီလုပ်လို့က နှင်းဖြူရို့ ဘဇာရမှာလဲတော် ကျုပ်က ရှင့်ကို အား
တကြီးနဲ့ လိုက်လာရတာဟာ ကျုပ်မျက်မှောက်မှာ ပြောကြဆို
ရယ်ကြနဲ့ ကျုပ်ဖြင့် မကြိုက်သပေါင်။ သဟာကြောင့် ကျုပ် ခြော
လှန့်လွှတ်လိုက်သဟာပဲ"

"မဟုတ်ဘူး နှင်းဖြူ တို့ခေတ်မှာ အပေါင်းအသင်းဆို
ရှိတယ်။ ဒီလိုပဲ ဒီခေတ်မှာ ယောကျ်ားလေး မိန်းကလေး ပေါင်းသ
ဆက်ဆံ ပြောကြဆိုကြတာပဲ"

"ကျုပ်ရို့ကတော့ မကြိုက်ပေါင်။ မိန်းမ မိန်းမ ဖါသာလ
နေပေါ့။ အခုတော့ ယောကျ်ားနဲ့မိန်းမ သမီးရဲဇားလို စကားပြော
သဟာ ကျုပ်အားကြီး အမြင်ကပ်သလေ…နောက် ဒီဟာမနဲ့ ရှ
စကားမပြောရဘူး။ မပြောပါနဲ့လို့လည်း ကျုပ် ပြောခဲ့သဟာပဲ အ
နားမထောင်ဘူးလေ့။ ကျုပ် ဒေါသဖြစ်သယ် တော်တော်ဒေါသဖြ
သယ်"





နှင်းဖြူအသံကို စနေမဲ ကြားရပါသည်။ လရောင်သည်
သမန်နေ့ကထက် ပိုထင်ရှားလာ၏။ စနေက နှင်းဖြူလက်ကိုဆွဲ၍
သူ့ဘက်ကို ပွေ့ယူလိုက်သည်။ နှင်းဖြူသည် လျှောခနဲလွှတ်ထွက်
သွားသည်။ လေထဲမှာ ပျံဝဲသွားသည်။

"ရှင်ကြီး ဒီည ပြန်တော့ ကျုပ်ကို လာမတွေ့နဲ့။ ရှင်ကြီးရို့
ယောကျ်ားတွေဟာ ငါးစိမ်းမြင်ငါးကင်ပစ်ပဲလေ။ ကျုပ် သည်းမခံနိုင်
ရှင် ရှင့်ကိုကော ကောင်မကိုပါ ဇိဥ္စစ်သတ်မှာ"

ပြောပြီး ခြံပြင်ကို ပျံဝဲသွားသည်။ စနေက အပြေးအလွှား
လိုက်ကြည့်သည်။ ခြံပြင်တွင် သူမလိုပဲ ဝိညာဉ်ပေါင်းများစွာ သွား
လာသူ၊ ဝဲပျံသူတွေ ရှိနေ၏။ သူတို့၏ရုပ်ကို မမြင်ရဘဲ ဖြူလွှသော
သဏ္ဍာန်အငွေ့တွေကိုသာ တွေ့နေရသည်။

"နှင်းဖြူ…နှင်းဖြူ…နှင်းဖြူ မင်း ဘယ်မှာလဲ"

သူက အမောတကော လိုက်လံရှာသည်။ စိတ်ကောက်စိတ်
ဆိုးထွက်သွားသောနှင်းဖြူကိုဖြင့် မရှိ။ လှုပ်ရှားနေသော ဝိညာဉ်များ
ကြားထဲတွင် ရှာမတွေ့ပါ။ သူတို့သည် စနေ၏ဝိညာဉ်ကိုလည်း ဂရု
မစိုက်ပါ။ အသံတစ်သံတော့ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူဟာ သေလူမဟုတ်ဘဲ ကို့ဆီ ဘာလို့လာနေရတာလဲ… သူ့ဆီမှာ ဥတ္တမာငွေ့တွေ ပါလာတယ်။ ကို့ ပူတယ်"

ပြောသံက ပျောက်သွား၏။ စနေက နှင်းဖြူအမည်ကို ဆက်… ခေါ်သည်။

"နှင်းဖြူ…နှင်းဖြူ မင်း ဘယ်မှာလဲ"

"သား…သား"

သူကခေါ်စဉ် အရိပ်မည်းမည်းကြီးတစ်ခု ထိုးကျလာသည်။ စနေ မကြောက်စဖူး ကြောက်ကာ အိမ်ထဲသို့ဝင်ပြေးဝင်လာသည်။

သည်စဉ် သူ့နားထဲ ခေါ်သံကြားသည်။ မေမေ့ခေါ်သံ၊ စနေ၏မျက်လုံးတွေ ပွင့်သွားသည်။ သူအိပ်ရာထဲမှာပဲ ရှိနေသည်။ သူ့ဘေးတွင် မေမေကော စိမ်းပါ ရပ်နေ၏။ မီးအလင်းရောင်သည် တစ်ခန်းလုံးကို လင်းချင်းစေသည်။

ဩော်…ငါ အိပ်ပျော်သွားပါကလား။ သူက သတိဝင်လာ… သလို လူးလဲထလိုက်၏။

"သား…ဘာဖြစ်တာလဲဟင်"

မေမေက စိုးရိမ်တကြီးမေးသည်။





"အိပ်မက် မက်နေတာပါ"

"နှင်းဖြူဆိုတာ ဘယ်သူလဲ သား"

သည်တစ်ခါ မေမေ့အမေးက တည်ငြိမ်သည်။ စနေက …ခဏငြိမ်နေပြီးမှ ခေါင်းကိုယမ်းလိုက်၏။

"သား မသိဘူး၊ သား ဘာဖြစ်လို့လဲ"

"မင်းပဲ အိပ်ရာထဲမှာ နှင်းဖြူ…နှင်းဖြူ အော်နေလို့ မေမေ …ရော စိမ်းပါ တယ်လီဗေးရှင်းမကြည့်နိုင်ဘဲ ထလာရတာ။ သားဟာ …လေ ကယောင်ကတမ်းတွေ လျှောက်အိပ်မက်မက်နေပြီ ထင်တယ်။ …ဘုရားရှိခိုးအိပ်ပါဆိုတော့လည်း ဘယ်တော့မှ ဘုရားရှိခိုးမအိပ်ဘူး"

စနေက သူ၏အိပ်ရာခေါင်းနားမှ စားပွဲပေါ်ကို လှမ်းကြည့် …သည်။ စားပွဲတင်နာရီက ဆယ်နာရီခွဲကို ပြဆဲ။ ထိုစဉ် အခန်းပြင်မှ …အသံတွေလွင့်လာသည်။ မြန်မာ့အသံမှပြသော စိတ်ဝင်စားစရာမရှိ …သည့် မြန်မာ့ရုပ်ရှင်ဇာတ်လမ်းမှ အသံတွေ။

သူ အိပ်တာ စောသွားတာပဲ။ စနေ ဟင်းခနဲ ရယ်လိုက်၏

"သား အိပ်မက်မက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးနော်…မင်း မဟုတ်တရုတ်တွေ လျှောက်မငံ မနေနဲ့။ ရှုန်းလဲ့လည်း မရှိတော့ဘူး ဘယ်က နှင်းဖြူတွေ နှင်းဖျက်တွေ လုပ်မနေနဲ့…မေမေ သဘောမတူဘူး"

မေမေ့အသံက နောက်ဆုံးတွင် မသိမသာမာသွားသည်။ စနေ သတိမပြုမိပါ။ နှင်းဖြူအကြောင်းကို တွေးတောနေသောကြောင့်ပဲ။

မေမေက တိပ်ခွေထဲကအကြောင်းတွေကို သိပြီးမှ သူ့သားကို သူ့ရဲ့မတစ်ကောင်က ညှို့ငင်ဖမ်းစား ဆွဲခေါ်ထားလိုက်ပြီဟု ယုံကြည်၏။ နှင်းဖြူဟူသော မရှိသည့်အရာကို ရှိသည့်အသွင်ဆောင်ကာ စနေ ဘာ့ကြောင့် စွဲလန်းနေရပါလိမ့်။

သူကတော့ သားအတွက် ရင်ပူမိ၏။

"ကိုစနေ…ကိုစနေ ပင်ပန်းနေတယ်နဲ့တူတယ်။ နူရိဘီယံ တစ်လုံးဖြစ်ဖြစ် ရီလီဆင်တစ်လုံးဖြစ်ဖြစ် သောက်ပြီးအိပ်လိုက်ပါလား"

ဂရုဏာမျက်နှာကလေးနှင့် စိမ်းကပြောတော့ စနေ၏ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။ သြော်…သူမ ကြင်နာပါကလား…



စနေ ခေါင်းခါပြလိုက်၏။

အဲသည်ည လူခြေတိတ်ချိန်တွင် သူ ခြံထဲဆင်းသွား၏။ နှင်းမြူ အနည်းငယ်ဆိုင်းတာကလွဲလို့ တစ်ခြံလုံးမဲမှောင်တိတ်ဆိတ်နေလေသည်။

သူက ဗာဒံပင်ရှိရာသို့သွားသည်။ ဗာဒံပင်ကိုင်းများရှိသည့် ပင်စည်ခွဆုံတွင် နှင်းဖြူဝိညာဉ်အောင်းသည့် ဂုဝံရုပ်ကလေး ရှိ၏။ ဂုဝံတွင် ဝိညာဉ်အောင်းနိုင်ရန် ဂမ္ဘီရဆရာကြီး ဦးဒဂ်ါးကပင် စီမံပေးခဲ့သည်။

"နှင်းဖြူ…ကိုယ်လာပြီ…ကိုယ့်ကို စိတ်မဆိုးပါနဲ့ နှင်းဖြူ။ နှင်းဖြူ ကိုယ့်ကို အိပ်မက်ထဲမှာ ခွဲသွားတယ်"

သူက တတွတ်တွတ် ပြောဆိုမိ၏။ ဗာဒံပင်အထက်ကိုလည်း ပင်စည်နားကပ်၍ မော်ကြည့်၏။

ဗာဒံပင်၏ပင်စည်မှာ ကြီးထွားကာသက်တမ်းပင် အိုစပြုနေပြီ။ သူ အဲသည်မှာ တစ်ညလုံး နှင်းဖြူကို စောင့်နေခဲ့လည်း စိတ်ဆိုးသွားပုံရသောနှင်းဖြူက ပေါ်မလာတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စနေသည် နှင်းဖြူနှင့်ပတ်သက်လာလျှင် စိတ္တဇရူးတစ်ယောက်ပင် ဖြစ်နေတော့သည်။ တစ်ညလုံး အအေးတော မှာ ထိုင်နေတော့လည်း အဆုပ်အအေးပတ်သွားခဲ့၏။ ဒါကို ဘယ်သူမှ မသိလိုက်ပါ။

မနက်အိပ်ရာအထတွင် သူ ချောင်းတဟွတ်ဟွတ်ဆိုးကာ ကိုယ်တွေပူလာသည်။ ဆရာမလေးစိမ်းက ပြဒါးချိန်တိုင်းသည်။ အ ချိန်က သာမိုမီတာပြဒါးတိုင်တွင် တစ်ရာ့နှစ်တောင် ပြနေချေပြီ၊ စိတ်ပူရတာက မေမေ။ သူမက ဒေါက်တာအောင်မြင့်ဆီ ချက်ချင်း ဖုန်းဆက်သည်။ ဒေါက်တာအောင်မြင့်မှာ သူတို့၏မိသားစုဆရာဝန် ဖြစ်သည်။

"ဘယ်လိုလဲ အစ်မကြီးရဲ့၊ မအေက ခေါက်ခနဲလဲပြိုလို့ ထင်နေချိန်မှာ အမေက ဒေါင်ဒေါင်မြည်လာပြီး သားလုပ်သူက ခေါက် ခနဲလဲပါရောလား"

ဆရာဝန်က ဒေါ်မြင့်ကြူကို နှောက်ပြောင်သည်။ ထိုသည် နောက် စနေ့ကို စမ်းသပ်ကြည့်ကာ အဆုပ်အအေးပတ်ကြောင်းပြော





ဆိုးရိမ်ရန်လည်း ပြောသည်။ စိမ်းအား ဘယ်သို့ဘယ်ပုံ တိုက်ရန် ညွှန်ကြားချက်ပေးပြီး ပြန်သွားသည်။ စိမ်းကပဲ ဆေးအိတ်ကိုင် လိုက် ပို့၏။ တိုက်ပြင်ခြံထဲရောက်မှ ဒေါက်တာအောင်မြင့်က တီးတိုးသံနှင့်

"စိမ်း...ဘယ်လိုလဲကွ၊ နေရတာ အဆင်ပြေရဲ့လား"

"ဆရာ့ကျေးဇူးပဲ၊ အဆင်ပြေပါတယ်။ နောက်ထပ် ဝမ်းဝိခ် (One Week) ဆိုရင် အန်တီလည်း သက်သာ၊ စိမ်းလည်း ဆရာ့ဆီ အလုပ် ပြန်ဆင်းနိုင်ပါပြီ"

"အေးကွာ...ဆရာလည်း တစ်ခြားနာ့(စ်)တွေ မခေါ်ချင် တော့ဘူး။ ခုတော့ ဆေးခန်းမှာ လူနာနည်းနေလို့ မိုက်ကယ်(လ်)နဲ့ပဲ အလုပ်လုပ်နေရတယ်၊ မိုက်ကယ်(လ်)က ပါးရေနပ်ရေတော့ ရှိပါ တယ်။ ကိစ္စပြီးရင် ဆရာ့ဆီ ပြန်လာခဲ့။ ဒါထက် ဦးခင်မော်ထွန်း ပြန်ရောက်ပလား"

"မလာသေးဘူး။ သူ့ပရော်ဘလမ် (PROBLEM) နဲ့သူ ရှိနေမှာပေါ့"

ဆရာ့ကို သူမက အကြောင်းစုံတော့ ဖွင့်ပြောထားခဲ့ပြီး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒေါက်တာအောင်မြင့်က သတ်ပြင်းချကာ…

"ဒီလူကြီး အဖမ်းခံလိုက်ရင် ကောင်းမယ်။ သူသတ်တဲ့လူက သေမှ မသေဘဲ။ ကရိုင်းဒတ်ဆင့်ပေး (Crime does'nt Pay) ဆိုတာ ဘယ်တော့မှ အကျိုးမပြုသလို ဘယ်တော့မှ ပြေးမလွတ်ဘူး"

ပြော၍ စကားဆုံးလျှင်ပင် သူ့ကားထဲဝင်ကာ မောင်းထွက်သွားတော့၏။

စိမ်း ငေးငေးလေး ကျန်ခဲ့၏။ ရာဇဝတ်မှုကျိုးမပြုဆိုသော စကားလေးက သူမနားထဲ ထပ်တလဲလဲ ကြားယောင်နေမိ၏။

သည်နေ့တွင် စနေက ကုမ္ပဏီသို့ဖျားလျက်ဆဲမှပင် ရွတ်သွားမည် ပြုသေးသည်။ မေမေက မာန်သည်။ စိမ်းက တားသည်။ သည်တော့လည်း သူ ငြိမ်သွားသည်။ မေမေ့အမာန်ကြောင့်မဟုတ်။ စိမ်းတားခဲ့သည့် စကားကြောင့်ပဲ။

"စိမ်းတို့က ကိုစနေကို မြူစုရက်နဲ့ ကိုစနေက အလုပ်ဆင်းမယ်ဆိုရင်တော့ စိမ်းရဲ့စေတနာမေတ္တာကို ကိုစနေ သစ်စိမ်းချိုး ချိုးတာပဲ"





သည်စကားရှိ စနေ ပြန်ကြားယောင်မိ၏။ အဖျားက ည့်သည်များ မဟုတ်ဘဲ အိမ်တွင်ပင်နေလိုသည့် အဖျား။ တောထဲ ာင်ထဲသွားခဲ့သည့်ဒဏ်ရယ် တစ်ညလုံး အအေးထဲမှာ ထိုင်စောင့် နေခဲ့သည့်ဒဏ်ကြောင့် နှစ်ရက်လောက်တော့ စနေကို အဖျားက ထု ဆောင်းပစ်လိုက်၏။

ပထမတော့ သူ့ကိုယ်သူ ငှက်ဖျားဝင်ပြီဟု ထင်လိုက်၏။ သွေးစစ်ကြည့်သည်။ စိမ်းကပင် သူ့သွေးကိုယူကာ ဒေါက်တာ အောင်မြင့်၏ ဆေးခန်းသို့သွားကာ ဒေါက်တာအောင်မြင့် အကူအညီနှင့် သွေးစစ်ပေး၏။ ငှက်ဖျားပိုး မရှိပါ။

"အင်း…သည်တော့လည်း စနေတစ်ယောက် သူ့ကိုယ်သူ စိုးရိမ်တတ်ပါပဲလား"

တွေးပြီး စိမ်းက ပြုံးသည်။

လောလောလတ်လတ်တွင် ဒေါ်မြင့်ကြူထက် စနေ့ကို ပိုပြု နေပါသည်။ ဒါကြောင့်ပဲ စိမ်းနှင့်စနေ လက်ပွန်းတတီး ရင်းနှီးသွား၏။

သည်ကြားထဲ သော်မောင်ထွေးက လာလည်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်မောင်ထွေးနှင့် စိမ်း ရယ်ရယ်ပြုံးပြုံး စကားပြောကြသည်ကို စနေမြင်လျှင် သူ့ရင်ထဲမှာ မလိုလားသလို ဖြစ်မိ၏။

သော်မောင်ထွေးသည် စိမ်းကို ခိုက်နေပြီဟု သူ ထင်၏။

❖ ❖ ❖





## စာတ်လမ်းစဉ် (၈)

သူ နေမကောင်းစဉ် သူ့စိတ်အားက ပျော့သည်။ သူ့ရှိညာဉ်ကို ညဘက်တွင် စိတ်အားနှင့်တွန်းပို့ကာ လွှတ်လို့မရပါ။ အဖျားသွးကြောင့်ပင် သူသည် အိပ်နေစဉ် ကယောင်ချောက်ချားတွေ မက်ခဲ့သည်။

မော်တော်ကားဘီးကြီးတစ်ဘီးက သူ့နောက်ကိုလိုက်လာသည်။ အဲသည်ဘီးမှာ ပထမတွင် လက်သီးဆုပ်လောက်ရှိရာမှ တစ်စတစ်စ ကြီးထွားလာကာ လှည်းဘီးကြီးနှစ်လုံးစာလောက် ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူ့ကို တက်ကြိတ်သွားသည်။ သူ လန့်ဖျတ်အော်ဟစ်သည်။ သတိရတော့ သူ့အိပ်ရာထဲတွင် သူ့ကိုယ်မှာ ချွေးတွေရွဲနေသည်။ သွေးလေခြောက်ချားမှုက သူ့အဖို့ သည်းမခံနိုင်မရပ်။

သူနှင့်မေမေ ပြန်လာစဉ် ဖေဖေက သူနေခဲ့ဖူးစာသင်ခဲ့ဖူးသော ကျောင်းတစ်ကျောင်း၏ အောက်ထပ်မှ သူတို့သားအမိနှစ်ယောက်ကို ထွက်ကြည့်သည်။ အဲသည်တွင်ပင် ဖေဖေသည် အရိုးစုတွေ ဖြစ်သွားသည်။ ထိုသည်နောက် တစ်ခြားသောအရိုးစုတွေပေါ်လာကာ စနေတို့ သားအမိနှစ်ယောက်နောက် လိုက်ကြသည်။

အမှောင်ထဲတွင်ပင် သားအမိနှစ်ယောက် ပြေးကြ၏။ နှစ် ယောက် ကွဲသွားသည်။ အရိုးစုတွေက မေမေ့နောက်မလိုက်ဘဲ သူ့ နောက်သို့ပဲ ပြေးလိုက်သည်။ စနေ ပြေးရင်း အသံကုန်အော်သည်။ ထိုသည်နောက် အသူတရာနက်သောချောက်ထဲကို ထိုးကျသွား၏။ ကြောက်လန့်မှုနှင့်အတူ သူ နိုးလာ၏။ သည်တစ်ခါမှာ သူ့တစ်ကိုယ် လုံး ချွေးတွေနှင့်။ ဒါမျိုးဆိုတာ ငယ်စဉ်အခါကသာ အိပ်မက်ဆိုး မက်ခဲ့ဖူးသည်။ ယခု ကြီးမှတစ်ဖန် ပြန်မက်သည်ဆိုတော့…။

စနေက အိပ်ရာထဲမှာပဲ ပြုံးမိ၏။ သူ့တစ်ကိုယ်လုံးသည် ပေါ့နေ၏။ သူ့အိပ်ခန်းတွင်းရှိ မီးစိမ်းကလေး၏ အလင်းရောင်မှလွဲလျှ





င်တစ်တိုက်လုံး အမှောင်။ သူ့ကိုယ်ပေါ်မှ သူ့ချွေးတွေကို သူ တ်ဖို့ ထလိုက်၏။

"နိုးပလား"

သာယာသောအသံကလေးက သူ့ကို အသိပေးလာ၏။ င့်တစ်ထောင့်တွင် ဒရင်းဘက်တစ်ခု၌ စိမ်း ရှိနေသည်။

"ဟင်…စိမ်းပါလား၊ အပြင်မှာ မအိပ်ဘူးလား"

"ကိုစနေ အိပ်ခါစက အဖျားတွေတက်နေတယ်။ စိမ်းလည်း တာနဲ့ အန်တီကိုခွင့်ပန်ပြီး ဒီမှာပဲစောင့်ကြည့်နေတာ"

သူမ ထလာသည်။ စနေ၏ နဖူး၊ လည်ချောင်းနှင့် လက် ဝတ်ကို သွေးစမ်းကြည့်သည်။

"တစ်ကိုယ်လုံး ချွေးတွေချည်းပဲ၊ ထ…အဝတ်လဲရအောင် ဒီချွေးနဲ့ ပြန်အအေးမိတတ်တယ်"

**သူမက စနေ၏**အဝတ်အစားတွေကို ချွတ်ပေး၏။ စပို့ရှပ် ည်နှင့် လုံချည်တစ်ထည်ကို အသစ်လဲလှယ်ပေးသည်။

"စိမ်း, မအိပ်သေးဘူးလား…ဘယ်နှစ်နာရီ ရှိပြီလဲ"

မေးပြီး သူက စားပွဲတင်နာရီကို လှမ်းကြည့်၏။ မီးစိမ်းတွင် နံပါတ်တွေက မထင်မရှား။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက ထသွားကြည့်ပြီး…

''ညဥ့်တောင်ကျော်လို့ မနက်တောင်ရောက်နေပြီ။ တစ်အ
ထိုးတော့မယ်''

''စိမ်း အိပ်ဖို့ကောင်းတယ်''

''အန်တီရော စိမ်းရော စိတ်ပူတယ်လေ။ နာ့(စ်)အတွ
အိပ်ရေးပျက်တယ်ဆိုတာ ကြက်သွန်နဲ့ငြုတ်သီးလို မထူးဆန်းပါဘူး
တွဲရက်ပါပဲ''

''တွဲရက်လုပ်မနေနဲ့၊ ကိုယ်တို့ နေမကောင်းရင် စိမ်း
ပြုစုနိုင်တယ်။ စိမ်း နေမကောင်းရင် ကိုယ်တို့က မပြုစုတတ်ကြ
စကားရှိတယ် မဟုတ်လား…တောင်ဝှေးလဲရင် ဘိုးသူတော်က ထူ
တယ်၊ ဘိုးသူတော်လဲရင် တောင်ဝှေးက မထူနိုင်ဘူးဆိုတာ''

''ဒါများရှင် ခက်တာလိုက်လို့ ဘိုးသူတော်လဲလို့ တောင်
မထူနိုင်ရင် ဘုန်းကြီးကျောင်းသား ခေါ်ထူခိုင်းပေါ့ အဟုက် ဟ

မချောက ရယ်တောင် ရယ်လိုက်သေး။ ပြီးတော့ စနေ
ပြဒါးချိန်နှင့် ချိုင်းအောက်ကို တိုင်းကြည့်၏။ မီးအလင်းအောက်
အသေအချာ ထောင်ကြည့်၏။

''မဆိုးဘူး အဖျားကျသွားပြီ''





''အဖျားကျတော့ အရင်းရောက်သွားတာပေါ့''

စနေက နောက်ပြောင်လိုက်၏။ စနေ သွက်သွက်လက်လက်
လေး ဖြစ်လာသဖြင့် စိမ်း ဝမ်းသာသည်။

''ကြည့်ရတာ နေကောင်းသွားပုံပဲနော်''

''ဆာတယ်ကွာ၊ ဘာစားရင်ရမလဲ စိမ်း''

''ကိတ်ခြောက်နဲ့ ကွေကာအုတ် သောက်ပါလား''

''ကွေကာအုတ်ကြီးတော့ မကြိုက်ပေါင်ကွာ၊ မိုင်လို လုပ်
ပေး''

''အိုကေ''

စိမ်း ထွက်သွားသည်။ အပြင်ခန်းတွင် မီးခလုတ်ဖွင့်သံတွေ
ကြားရသည်။

စနေက ပိတ်ထားသော ပြတင်းပေါက်တံခါးရွက်တွေကို
အားဖွင့်လိုက်သည်။

အပြင်မှ အေးစိမ့်တိုးဝှေ့ဝင်လာသော လေနုနုက သူ့ကို
ပ်နှင့် ထိုးသလိုလို ဖြစ်နေသည်။ ခြံအတွင်းထဲမှာ မှောင်နေ
မှောင်ရိပ်ထဲမှာပင် သူသည် တစ်ခုခုကိုတွေ့လိုတွေ့ငြား လိုက်ကြည့်
သည်။ နှင်းဖြူကို ရှာဖွေနေခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဖြူရယ်…ကိုယ့်ဆီကို မလာတော့ဘူးလား၊ ကိုယ့်ကို မုန်းသွားပလားကွာ၊ ကိုယ့်ကို ပစ်မပြေးပါနဲ့ နှင်းဖြူရယ်"

နှင်းဖြူ၏ဝိညာဉ်ရှိရာ ဂဝံရုပ်ကလေးဆီသို့ သူ မသွားတာ နှစ်ရက်ရှိခဲ့ပေါ့။ စူးခနဲ ချွေးအူသံတစ်ချက်သည် ဆွဲဆွဲငင်ငင်နှ အိမ်ရှေ့လမ်းမကြီးဆီမှ ပေါ်ထွက်လာသည်။

ကားတစ်စီး၏ ဖြတ်မောင်းသွားသံကိုလည်း ကြားနေရသည်

ဝိညာဉ်ကို ချစ်မိတဲ့ချစ်သူရယ်။ တိုက်ခတ်နေသောလေသည် ရှတ်ခြည်းရပ်သွား၏။ ဒါပဲ တစ်ခုခုခံစားရသလို စနေ ထင်သည် တိုက်ခတ်နေသောလေ၏ ငြိမ်သက်မှုများကြားတွင် မှောင်ထဲမှ အလင်းတန်းကလေးတစ်ခု ပေါ်လာသလို ထင်ရသည်။ ထိုအလင်း တန်းကလေးက ကျယ်ပြန့်ကာ ဖြူဖြူအတန်းကလေးအဖြစ် လွင့်က လူးကာ လေထဲမှာရှိနေ၏။

ညဥ့်ငှက်တစ်ကောင်သည် ကောင်းကင်ယံလေထဲတွင် ဂစ်ခ ဂစ်ခနဲ ထိုးမြည်သွားသည်။ ယင်းအဖြူတန်းကလေးကို စိုက်ကြည့်နေ စဉ် ငိုရှိုက်သည့်အသံသည် ထိုအဖြူတန်းကလေးမှ ထွက်ပေါ်လာ၏

"အစ်ကို မကောင်းဘူး။ နှင်းဖြူပေါ် သစ္စာဖောက်သလေ နှင်းဖြူကို မခေါ်နဲ့"



အဲသည်အသံများကိုပါ သူ့နားထဲကြားယောင်သည် ထင်မိ ပါသည်။ သူ့မျက်လုံးတွေကို အသေအချာ ပွတ်သပ်ကြည့်၏။ အဖြူ ရောင်ကတော့ လွင့်လူးနေဆဲ။ အိပ်ခန်းတံခါးသည် ကျွီခနဲပွင့်ထွက် သွားသည်။ စနေမှာ ထိုကျွီခနဲ့အသံကိုတောင် ရှေ့ကိုအာရုံစူးစိုက်ရလွန်း တာကြောင့် မကြားမိ။

"ဟောတော့…ဒီ ကိုစနေတစ်ယောက်တော့ ခက်ပါရော လား၊ ပြတင်းပေါက်ကြီးဖွင့်ပြီး ဘာလုပ်နေတာလဲ။ အအေးမိတော့ မှာပဲ"

သူနား စိမ်း လာရပ်သည်။ လက်ထဲတွင် မုန့်ပန်းကန်နှင့် မိုင်လိုခွက် ကိုင်ထား၏။ စနေက မှင်သက်မိသလိုကြည့်ကာ နောက် သို့ တစ်လှမ်းပြီးတစ်လှမ်း ဆုတ်သည်။ မျက်လုံးတွေကတော့ အဖြူ ရောင်တန်းဆီမှ မခွာသေး။ စနေက အဖြူရောင်တန်းကို မြင်သော် လည်း စိမ်းက မြင်မိပုံမရှိ။ မြင်လည်း မြင်ဟန်မတူ။ တံခါးရွက်တွေကို အသာဆွဲပိတ်လိုက်သည်။

"တော်က်"

ပြင်းထန်စွာ တောက်ခေါက်လိုက်သံကို တံခါးပိတ်... လေးမှာ စနေ အထင်းသားကြားရ၏။ စိမ်းကတော့ ကြား...

www.burmeseclassic.com

www.burmeseclassic.com



နှင်းဖြူ မိမိကို ကောင်းကောင်း အထင်မှားသွားပြီကို စနေ သိလိုက်တော့သည်။ စိမ်းက မိမိအိပ်ခန်းထဲ ရောက်နေခဲ့တာကိုး။

နောက်တစ်နေ့တွင် စနေ နေကောင်းသွားသည်။ ကုမ္ပဏီသို့ ဖုန်းဆက်လိုက်၏။ စနေသည် ကနေ့ နေမကောင်းသေးလို့ အနားယူနေသဖြင့် ဦးစီးမန်နေဂျာနှင့် ဆွေဇင်တို့က တာဝန်ယူလုပ်ကိုင်ရန် ဖြစ်၏။ သည်နေ့မှာပဲ ဖေဖေ့ဆီက ဖုန်းလာ၏။ မေမေ့ဆီသို့ တိုက်ရိုက် ဝင်သည်။ မေမေက ကန့်ကွက်သံတွေ ပေးသည်။ ပြန်လာရန် ပြောသည်။ ဖေဖေက ဘာပြောသည် မသိ။ မေမေက စိတ်ဆိုးဟန်နှင့် ဖုန်းကို စနေဘက်ကိုခေါ်ကာ ကမ်းပေး၏။

"အား…အဖေ"

"ဟေ…စနေလား"

"ဟုတ်"

"သား…လူလေး နေကောင်းတယ်နော်"

"အခု နေမကောင်းဘူး၊ အဖေ ဘယ်က ဖုန်းဆက်နေတာ လဲ"





"တစ်နေရာကပေါ့ကွာ"

သည်နေရာတွင် စနေက အသံနိမ့် လေသံတိုးတိုးနှင့် ခေါင်မော်ထွန်း ကြားလောက်ရုံပဲ ပြော၏။

"အဖေ…တစ်နေရာလုပ်မနေနဲ့။ အဖေ့အကြောင်းကို အမေ သိသေးပေမယ့် ကျွန်တော် သိသွားပြီ။ အဖေ လူသတ်မှုနဲ့ ပြေး နေနဲ့၊ ရဲလက်ထဲ အဖမ်းခံလိုက်၊ အမှုမြန်မြန် ပြီးပြတ်သွားလိမ့်မယ်"

"မင်း သိနေပြီလား…မင်းက ဘာလဲ ငါ့ကို ထောင်ထဲ ဘာလား။ မအေပေး…အတော် အားကိုးရတဲ့အကောင်"

"မဟုတ်ဘူး အဖေ၊ အဖေက ကြောက်တာနဲ့ ပြေးနေတာ ဦးမြတ်ထွန်းအောင် မသေဘူးဗျ"

"ဘာ…ဘာကွ"

"ဘာကွဆိုတာထက် ဘာဥဖြစ်နေရင် မလွယ်ဘူး။ အဖေက ကြောက်မယ့်ကြောက် နင်းကြောက်နေတယ်။ သတင်းလေး လေး နားမထောင်ဘူး မစုံစမ်းဘူး"

"ဟော့ကောင်…ငါ မင်းအဖေ၊ လေတွေ လာတွန်မနေနဲ့၊ တ်ထွန်းအောင် မသေတာ အမှန်ပဲလား"

"အမှန်ပဲ…ပြီးတော့ ရဲဘက်ကတွက်ကြည့်တော့ မြတ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုသတ်တဲ့ လူသတ်သမားက အဖေတစ်ယောက်ထဲမှ မဟုတ်ဘဲ။ နှစ်ယောက်ဖြစ်နေတယ်တဲ့···အဖေ့ကျည်ဆန်က မြတ်ထွန်းအောင်ကို မမှန်ဘူး။ တစ်ခြားရန်သူက ပစ်လိုက်တာက မှန်တာတဲ့”

“ဟာကွာ···ဟုတ်ပါ့မလား”

“မဟုတ်ဘဲ သား ပြောမလား၊ အကြောင်းသိချင်ရင် အဖေ အဖမ်းခံလိုက်တော့”

“အေး···ဒီလိုဆိုလည်း တစ်မျိုးပေါ့ကွာ၊ စနေ အကြောင်းရှိ မင်းဆီ ငါ ဖုန်းဆက်လိုက်မယ်။ မင်းအမေ နေကောင်းပြီပဲ မင်းမေမေကို ဂရုစိုက်”

“ဟုတ်ကဲ့”

တစ်ဘက်မှ ဖုန်းချသွားသည်။

စနေ တွေးနေသည်။ အဖေ့ကို အိမ်ကိုပြန်လာစေချင်သည်။ အမှုကို မှန်မှန်ကန်ကန် ဖြစ်စေချင်သည်။ ကြားမှဝင်ရောက်ခဲ့သော တစ်ခြားလူသတ်သမားက ဘယ်သူပါလိမ့်။

စနေ တွေးရင်းက သည်အမှုကို သူကိုယ်တိုင် ကူညီလိုက်ပြီး စုံစမ်းပေးလိုစိတ် ဖြစ်လာ၏။ သူလည်း ဒုရဲအုပ်လုပ်ခဲ့ဖူးသူ မဟုတ်လား။





သူ့စိတ်က နှင်းဖြူဆီ ရောက်သွားပြန်၏။ နှင်းဖြူ သူ့ကို စိတ်ဆိုးနေသဖြင့် ပြေလည်အောင်ရှင်းပြမှပဲ ဟူသောအတွေးကလေးနှင့် ခြံထဲထွက်လာသည်။ လူနှစ်ရပ်နီးပါးမြင့်သော သစ်ပင်ခွဆုံပေါ်မှ ဂဝံရုပ်ကလေးကို တက်ယူလိုက်သည်။

“နှင်းဖြူရယ် ကိုယ့်ကို စိတ်ဆိုးတုန်းပဲလား···ကိုယ်က နှင်းဖြူ ဝိညာဉ်ဘဝရောက်နေတာတောင် ချစ်ရနေဆဲပါ။ ကိုယ်ပြောတာကို ယုံပါ နှင်းဖြူရယ်။ ကိုယ့်ကို စိတ်ညစ်အောင် မလုပ်ပါနဲ့။ ကိုယ်လေ နှင်းဖြူကိုမှ ချစ်တာပါ။ နှင်းဖြူထင်သလို စိမ်းနဲ့ကိုယ်နဲ့ ဘာမှမဟုတ်ရပါဘူး နှင်းဖြူရယ်”

အရုပ်ကလေးကိုပွေ့ပြီး စကားပြောနေသည်။ တိုက်ဆိုင်ချင်တော့ အဲသည်အချိန်မှာ အိမ်ဖော်မိန်းကလေးတစ်ယောက်က ခြံထဲထွက်လာသည်။ ဘုရားတင်ဖို့ ပန်းများခူးညှပ်ရန် ကတ်ကြေးတစ်လက်ပါ ကိုင်လာသည်။

သူမလာတာကို စနေ မသိဘဲ အရုပ်ကလေးကိုကိုင်ပွေ့၍ တတွတ်တွတ်ပြောနေဆဲ ဖြစ်၏။ ဒါကို သူမ မြင်သွားသည်။ သစ်ပင်တွေရှိနေတာကြောင့် သူမက စနေ ဘာလုပ်နေပါလိမ့် ဟူသောအတွေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် စပ်စုလိုသောစိတ်ကြောင့် သစ်ပင်တွေကို အကာအကွယ်ယူပြီး သွားကြည့်သည်။

ကလေးတစ်ယောက်ကိုပွေ့သလို အရုပ်ကလေးကိုပွေ့ထားပြီး စကားတွေ တတွတ်တွတ်ပြောနေသော စနေ့ကိုတွေ့တော့ အံ့အားသင့်သွား၏။ တစ်ခြားစကားများ မကြားရသော်လည်း နှင်းဖြူဟူသော အမည်ကိုဖြင့် ကြားလိုက်ရ၏။

သူမက အရူးသဖွယ်ဖြစ်နေသော စနေ၏ပြုမူချက်တို့ကို ကြောက်လန့်ကာ နောက်သို့တစ်လှမ်းချင်းဆုတ်ပြီးမှ အိမ်ဆီသို့ပြန်ပြေးတော့၏။

လူဆိုတာ ထူးထူးဆန်းဆန်းမြင်ရလျှင် ပြောချင်စိတ်တို့ကို ထိန်းသိမ်းနိုင်သည် မဟုတ်ပါ။ သူမက အန်တီကြီးကို ရှာသည်။ အန်တီကြီးဆိုတာ ဒေါ်မြင့်ကြူကို သူမတို့ခေါ်သော အခေါ်။ သည်စဉ်က ဒေါ်မြင့်ကြူမှာ သူမအိပ်ခန်းတွင် သံကုန်းဆရာတော် ရှင်ဦးဉာဏသရ၏ ပရိတ်တော်တွေကို ကက်ဆက်နှင့်ဖွင့်၍ နားထောင်နေချိန် ဖြစ်၏။ စိမ်းကတော့ ပြတင်းပေါက်နားတွင်ရပ်ကာ ခြံကိုကျောပေးလျက် တစ်ခုခုကို စဉ်းစားနေသည့်ပုံ။





"အန်တီကြီး...အန်တီကြီး"

ပြူးပြူးပြာပြာနှင့် အခန်းထဲဝင်လာပြီး ကောင်မလေးက ခေါ်သည်။

"ဟဲ့...မို့မို့ ဘာလဲ"

"အန်တီကြီး အစ်ကိုရယ်...ခြံထဲမှာလေ အရုပ်ကလေးတစ်ခုကိုပွေ့ပြီး ဘာတွေပြောနေသလဲ မသိဘူး"

"အို"

"ဟယ်..."

အန်တီကြီးခေါ် ဒေါ်မြင့်ကြူနှင့် စိမ်း၏နှုတ်မှ တစ်လုံးစီထွက်လာသော ထိတ်လန့်သံ။

စိမ်းက အသံဆတ်ဆတ်နှင့်...

"မို့မို့...နင် အန်တီ့ကို အထိတ်တလန့်ဖြစ်အောင် မလုပ်နဲ့နော် ဘာတွေလဲ"

"မဟုတ်ဘူး မမရဲ့...ကိုကို ဘာဖြစ်လဲမသိဘူး။ ခြံထဲမှာ အရုပ်တစ်ရုပ်ကိုပိုက်ပြီး အရူးတစ်ယောက်လိုပဲ ပါးစပ်က တတွတ်တွတ် ပြောနေတယ် မမရဲ့"

ကောင်မလေးဆိုစကားက အရင်းမရှိအဖျားမရှိ အလယ်



www.burmeseclassic.com

www.burmeseclassic.com



စကားကြီးမို့ စိမ်းမျက်လုံးလေးတွေ ကျယ်သွားသည်။ ဒေါ်မြင့်ကြူ မျက်နှာပျက်သွား၏။

"နင့်ဟာဟယ် ...ဟုတ်ရဲ့လား၊ ကိုကိုက ရူးနေတဲ့အတိုင်းပဲ"

ကောင်မလေးလေးသံအတိုင်း စိမ်းက ကိုကိုလို့ လိုက်ခေါ်ပြီးမှ စကားရပ်လိုက်၏။

"ဟုတ်တယ်လေ...သူက ကျွန်မကို မမြင်ဘူး။ ကျွန်မက သူ့ကို မြင်တယ်။ ပါးစပ်က တတွတ်တွတ်ပြောတာတွေ မကြားရပေမယ့် နှင်းဖြူဆိုတဲ့စကားတော့ ကြားရတယ်"

"နှင်းဖြူ"

"အင်း...ဟုတ်တယ်"

ဒေါ်မြင့်ကြူအမေးကို မို့မို့က သွက်သွက်လက်လက်ပဲ ဖြေလိုက်သည်။

"နှင်းဖြူ...နှင်းဖြူ"

ဒေါ်မြင့်ကြူက ညင်သာတီးတိုးစွာရေရွတ်၍ မျက်နှာပိုပျက်သွားသည်။ နိုင်ငံခြားလုပ် အီးဇီးချဲ (Easy Chari) ပေါ် ပက်လက်ကုလားထိုင်မှ ထလိုက်သည်။





"အန်တီ ဒါ ဘယ်လဲ"

"သွားကြည့်မယ်လေ"

"ဒါဆို စိမ်းလည်း လိုက်မယ်၊ မို့မို့နင်လိုက်ပြ"

မို့မို့ကို လမ်းညွှန်ခိုင်းလိုက်သည်။ တိတ်တိတ်ဆိတ်ဆိတ် ခိုးကြောင်ခိုးဝှက် ကြည့်ကြရန် ဒေါ်မြင့်ကြူက သတိပေးသည်။ တံခါးဝသို့အရောက်မှာ ခြံတွင်းမှ အိမ်တွင်းသို့ဝင်လာသည့်စနေနှင့် သူမကြီးတို့ သွားရောက် ပက်စင်းတိုးနော့၏။

"ဟင်...ဒါ ဘယ်လဲ မေမေ"

လူသုံးယောက်ဖြစ်နေတာမို့ စနေက နားမလည်သလို မေးလိုက်သည်။ ဒေါ်မြင့်ကြူမှာ ဘာပြောရမည်မသိ။ ပါးနပ်သောစိမ်းက ဉာဏ်လျှင်သူပီပီ...

"အန်တီက သောင်းလို့တဲ့စနေ...ခြံထဲဆင်းလျှောက်မလို့တဲ့ အဲဒါ ခေါ်လာတာ"

"ခြံထဲ ဆင်းလျှောက်တာ အသောင်းပြေပါ့မလား မေမေရာ၊ သွားခြင်းသွားရင် ပြည်သူ့ရင်ပြင်တို့၊ ဗန္ဓုလပန်းခြံတို့၊ မြိုင်ဟေဝန်တို့မှာ လျှောက်ပါလား။ နေဦး...ဒီညနေ သားကိုယ်တိုင် မေမေ့ကို မယ်တော်ဘုရားနဲ့ အဘယလာဘမုနိဘုရားကို ဖူးရအောင်ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သား လိုက်ပို့ပေးမယ် ဘုရားလည်းဖူး လိပ်ဥလည်းတူးပေါ့နော်"

သူက ထပ်မံ၍ အပြုံးကလေးနှင့် စိမ်းအား...

"စိမ်းရာ...ကိုယ့်မေမေကို ဂရုစိုက်တာ သိပ်ကျေးဇူးတင်တာပဲ"

"ဟုတ်တယ် သားရယ်၊ သူ့ကြောင့် မေမေ တော်တော်လေး ထူထူထောင်ထောင် ဖြစ်လာတယ်"

အဲသည်အချိန်အတွင်းမှာပဲ မော်တော်ဆိုင်ကယ်သံ ကြားလိုက်ရသည်။ ဆင်ဝင်အောက်တွင် ဆိုင်ကယ်ရပ်သည်။ လူငယ်တစ်ယောက် စီးနင်းလာပြီး ဆိုင်ကယ်ရပ်မှ ခေါင်းကဆိုင်ကယ်စီး ဦးထုပ်ကိုချွတ်ကာ ဆံပင်တွေကို လက်နှင့်သပ်သည်။

"ဟာ...ဟော့ကောင် အောင်သူ"

"စနေရာ...မင်းကိုဖမ်းရတာ လေကိုဖမ်းရသလိုပါပဲလားကွ မင်း ဘယ်သွားနေလဲ"

"ငါလည်း ငါ့အလုပ်နဲ့ ငါပေါ့ကွာ"

မေမေက အောင်သူ့ကို တစ်ခါနှစ်ခါတော့ တွေ့ဖူးသည်။ စနေ့သူငယ်ချင်းလို့ စနေက ပြောတာပဲ။ စနေနှင့် အောင်သူက ရင်းနှီးရသည်။





အောင်သူက မိန်းမချောလေးစိမ့်ကို ကြည့်၏။ စိမ့်က အောင်သူ့ကို ကြည့်တောင်မကြည့်ပါပေ။

"ငါ့အခန်းထဲလိုက်ကွာ...ဟိုမှာ စကားပြောမယ်"

"စနေ...ဟိုစကီလေးက ဘယ်သူလဲကွ"

"မေမေ့ငှားထားတဲ့ ဟုမ်းနာ့စ် (Home Nurse) ကွ။ နာမည်က စိမ်းသဥ္စာလဲ့"

"လှလိုက်တာတဲ့နာမည်၊ လှလိုက်တဲ့ရုပ်ကွာ။ ငါက မင်းမိန်းမ အောက်မေ့နေတာ"

နောက်ဆုံးစကားကိုတော့ ဒေါ်မြင့်ကြူ မကြားပေမင့် စိမ်း ကြားလိုက်သည်။ မျက်နှာလေး နီသွားသည်။ မျက်စောင်းတစ်ချက်ကို အောင်သူအား ဒိုင်းခနဲပေးလိုက်သည်။

သေချင်းဆိုး ပါးစပ်သရမ်းလိုက်တာနော်၊ နောက်တစ်ခါ ပြောပါဦး...။

"စိမ်း အခုအခြေအနေအတိုင်းဆိုရင်တော့ သား မရှုံးသေးဘူးကွယ်"

ဒေါ်မြင့်ကြူက စိမ်းကို တိုးတိုးလေး ပြောသည်။ ပြီးမှ တစ်ပြင်းချ၍...



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒီအခြေအနေရောက်မှ မထူးတော့ပါဘူး။ ဒ
သိသင့်တယ် ထင်တာပဲ"

"အန်တီစကားက အတော်ထူးဆန်းတာပဲ။ ဘယ်
ပတ်သက်နေလို့လဲ အန်တီ"

"သားကလေး စနေထွန်းနဲ့ ပတ်သက်နေလို့ပေါ့။ လာ
လာ အန်တီ့အခန်းထဲ လိုက်ခဲ့…"

ဒေါ်မြင့်ကြူက စိမ်းကို တိုးတိုးလေး ပြောသည်။ ပြ
အိမ်ဖော်အား လုပ်စရာရှိတာ သွားလုပ်ရန် ပြောလိုက်၏။

"နှင်းဖြူဆိုတာ မိန်းမတစ်ယောက်ရဲ့ နာမည်ပဲလေ…ဘ
သူ ခေါ်တာလဲ"

ဒေါ်မြင့်ကြူက ရပ်တွေးနေသည်။ ပြီးမှ သက်ပြင်းချ

"အင်း…ဒီအခြေအနေကိုရောက်မှ မထူးတော့ပါဘူး ဒ
သိသင့်တယ် ထင်တာပဲ"

"အန်တီ့စကားက အတော်ထူးဆန်းတာပဲ။ ဘယ်သူနဲ့ ပ
သက်နေလို့လည်း အန်တီ"

"သားကလေး စနေထွန်းနဲ့ ပတ်သက်နေလို့ပေါ့ လာ…
အန်တီ့အခန်းထဲ လိုက်ခဲ့"





ဒေါ်မြင့်ကြူ၏ အခန်းထဲရောက်သွားကြသည်။ ဒေါ်မြင့်ကြူ
က ဦးခင်မော်ထွန်းဆီမှတဆင့် ရထားသော စနေထွန်း၏ ဖွင့်ဟပြော
ထားချက်တိပ်ခွေကို သူမ၏ကက်ဆက်ဖြင့် ဖွင့်ပြလိုက်ပါတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## စာတ်လမ်းစဉ် (၉)

"အန်တီက တစ္ဆေသရဲတွေကို ယုံသလား"

"ယုံတယ် မယုံတယ်တော့ မဟုတ်ဘူး။ ဒါပေမယ့် ... များတွေအပြော၊ စာအုပ်တွေထဲမှာ၊ ကျမ်းတစ်ချို့စာတွေထဲမှာ ဖတ်... တာတော့ ရှိတယ်လို့ပဲ ဆိုကြတယ်"

"ဒါတွေဟာ ဂမ္ဘီရနဲ့ပတ်သက်တယ်ဆိုတော့လည်း အဒေ... ကလေး ပြောရခက်တယ်"

"သမီးကကော..."





"သမီးကတော့ ဝိညာဉ်ကိုပဲ လက်ခံတယ်။ အသူရကာယ်ဘုံ ... ပြိတ္တာအဆင့်ဆိုတာတော့ ဘာကိုဆိုလိုမှန်း မသိတော့ ဘာကို ...က်ခံရမလဲ မသိဘူး အန်တီရဲ့"

"ပြိတ္တာဆိုတာ မကောင်းမှုအကုသိုလ်ဆို လုပ်ပြီးသေလွန် ...တော့ မကောင်းတဲ့ဘဝ ရောက်တာပဲ။ ပြိတ္တာဆိုတာ စားရမဲ့၊ သောက်ရ... ဘုံဗိမာန်မဲ့ နေစရာမရှိ၊ အဝတ်အစားမရှိတဲ့ဘဝလို့ အန်တီ ဆိုလို ...င်တာပဲ။ အဲဒီပြိတ္တာထဲမှာ တစ္ဆေ၊ သရဲ၊ မှင်စာ၊ ဘီလူးတွေ ပါမှာ ...။ အန်တီက သိပ်မကျွမ်းကျင်တော့ မပြောတတ်ဘူး"

မိန်းမတွေဆိုတာ ဇာဒင်၊ နတ်ကအစ သရဲတစ္ဆေအကြောင်း ...ှ ပြောရမှာ အင်မတန် စိတ်ပါဝင်စားတတ်ကြသည်။ ရှိသည် ...ိသည် အပထား။ ယင်းအကြောင်းတို့နှင့် ပတ်သက်ပြီးပြောရလျှင် ...ာရသည်၊ နားထောင်ရသည်ကိုပဲ သဘောကျနေကြသည်။

"ပြိတ္တာမှာ အဆင့်နှစ်ဆင့် ရှိတယ်တဲ့။ ပထမအဆင့်က ...သိုလ်ကောင်းမှုတော့ ရှိပါရဲ့။ ဒေါသကြောင့်၊ ပစ္စည်းဥစ္စာ၊ ဒါမှ ...တ် တစ်ခြားအကြောင်းတစ်ခုကို စွဲလန်းမှုကြောင့် သေရင်ပြိတ္တာ ...သွားတယ်။ အဲဒီအဆင့်မှာ သူဟာ ကမ္မဝါစရကုသိုလ်ကြောင့် ...ိဒ္ဓိအစွမ်းသတ္တိတော့ ရတယ်တဲ့။ ဥပမာ သူ့ကိုယ်သူ ...ယောင်

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းနိုင်တယ်။ ဘုံဗိမာန်ဖန်ဆင်းနိုင်တယ်ဆိုတဲ့ နာနာရုပ်တွေ ရတယ်လို့ပြောတာပဲ အေရယ်''

''ဒုတိယအဆင့်ကတော့ အောက်တန်းကျပြီး ဘာကမွှသိဒ္ဓိအစွမ်းသတ္တိမှမရှိဘဲ စားရမဲ့သောက်ရမဲ့ ဘုံဘဝမှာ နေတယ်''

''သမီးကတော့…တစ်ခုစဉ်းစားမိတယ်။ လူပဲဖြစ်စေ၊ တိရစ္ဆာန်ပဲဖြစ်စေ ရုပ်ကိုမှီခိုနေကြတယ်။ တစ်နေ့ သေရင် ရုပ်ကြီးကိုစွန့်ပြီး နာမ်ပဲသွားကြတယ်။ အဲဒီနာမ်မှာ ဝိညာဉ်နဲ့စိတ် တွဲပါသွားတယ်ထင်တယ်။ ဒီကနေ့ စိမ်းတို့အန်တီတို့ စားသောက်နေကြတာ ရုပ်ကြီးရှိလို့ စားသောက်နေကြတာပဲ။ ရုပ်မရှိရင် စားဖို့သောက်ဖို့ မလိုပါဘူး။ ဒါကြောင့် တစ်ချို့ပြောကြတယ်။ ရုပ်တရားကို စိတ်တရားက နိုင်တယ်။ အတ္တတစ်ဝက်ပြုတ်ပြီလို့ ပြောကြတယ်လေ။ ထားပါတော့ သေတဲ့လူဟာ သူ့နာမ်ဝိညာဉ်ပဲ တမလွန်ကိုမကူးခင်စပ်ကြား ရှိနေတော့တာ။ အဲဒီဝိညာဉ်တွေ နာမ်တွေအတွက် စားဖို့သောက်ဖို့ လိုသေးလားရုပ်မှမရှိတော့တာပဲ''

''အင်း…ဒါတွေဟာ နိုင်ငံရေးတစ်ခုကို ကိုင်တွယ်ရခက်သလို အကောင်အထည်မမြင်တော့လည်း ကိုင်တွယ်ရခက်ပြန်ကော။ သမီးပြောတာ ခုမှစဉ်းစားမိတယ်။ ရုပ်မှမရှိတဲ့ ဒီဝိညာဉ်တွေ နာမ်တွေ



စားဖို့သောက်ဖို့ ဘယ်လိုတော့မလဲနော်။ ဒါဆို အောက်ဆင့်ဘုံမှာရှိတဲ့ တစ္ဆေသရဲတွေဟာ အစားအသောက် ရှာဖွေစားကမ်မှ ဆင်းရဲတယ်။ ရှာဖွေစားသောက်ရတယ်ဆိုတာ ဟုတ်ပါ့သား''

''ဒါကို ပြတ်ပြတ်သားသား ဆွေးနွေးလို့ မရဘူးလေ။ အရေးကြီးတာက ကိုစနေထွန်းဟာ နှင်းဖြူကို တွေ့ခဲ့ပြီလား၊ တွေ့ခဲ့ဘူးလားဆိုတာပဲ အဖြေရှာရမယ် အန်တီ။ ယုံတာမယုံတာတော့ နောက်မှပေါ့''

''သမီးက နှင်းဖြူကို ဘယ်လိုယူဆသလဲ''

''ကိုစနေထွန်း ဝန်ခံခဲ့ပြီးပြီပဲ။ နှင်းဖြူဟာ ဝိညာဉ်ပဲ။ အန်တီပြောသလိုဆို ပြိတ္တာဘုံပထမအဆင့်မှာ မကျွတ်မလွတ်သေးတဲ့ အစွဲလန်းအားကြီးမှုနဲ့ တည်နေတဲ့ဝိညာဉ်ပဲ ဖြစ်မယ်''

''အင်း…တိပ်ခွေအရဆိုရင် သူဟာ နှင်းဖြူကို ရှာခဲ့မှာပဲ။ ရှာတွေ့လို့ပဲ ညားလာပြီလား မသိဘူး''

''အန်တီကလည်း ပေါက်ပေါက်ရှာရှာ…ရှင်၊ ဘယ်လိုလုပ်သူနဲ့ ဝိညာဉ်နဲ့ ညားမှာလဲ''

''ဟဲ့…စိမ်းရဲ့ သမီးရဲ့…သူတို့ကိုယ်သူတို့ လူယောင်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းနိုင်တယ်။ တိရစ္ဆာန်ယောင် ဖန်ဆင်းနိုင်တဲ့ကမ္ဘာသိဒ္ဓိအစွမ်းရှိတယ်လို့ပြောတယ် မဟုတ်လား။ ဒီတော့ သူက လူယောင်ဖန်ဆင်းပြီး ပေါင်းသင်းနိုင်ရင်…''

''အဟက်…ဟက်…ဟက် အန်တီတော့ နိုင်ငံခြားက လာတဲ့ သရဲကားတွေ၊ စုံးတစ္ဆေကားတွေကြည့်ပြီး အတွေးချော်သွားပြီထင်တယ်လေ။ ဒါတွေ မဖြစ်နိုင်ပါဘူး အန်တီရယ်။ ပူးကပ်ချင်တာ ပူးကပ်နိုင်မယ်။ ဝိညာဉ်ဆိုတာတော့ ယုံပါတယ်။ လူနဲ့ဝိညာဉ် ပေါင်းသင်းနိုင်မယ်ဆိုတာတော့…''

''အေးလေ…အန်တီက သမီးနဲ့ ဆွေးနွေးနေတာပါ။ အနိုင်အထက်ငြင်းဖို့တော့ စိတ်မကူးပါဘူး''

''အိုး…ဆောရီး အန်တီ၊ သမီးကလည်း ဒါကို အခြေအတင် အာဂူးမင့် (Argument) ငြင်းနေတာ မဟုတ်ပါဘူး။ ဒီဘိတ် (Debate) လုပ်နေတာလည်း မဟုတ်ပါဘူး။ စိမ်းစိတ်ထဲရှိတာ ဆွေးနွေးမိတာပါ''

''ဘာပဲဖြစ်ဖြစ် သားကိုတော့ အရိပ်အခြည် စောင့်ကြည့်ရမယ်။ လွှတ်ထားလို့တော့ မဖြစ်ဖူးပေါ့''

ထိုထက်ပိုပြီး မပြောမိကြ။ အဲသည်နေ့က အောင်သူနှင့်





ဘာတွေ ပြောကြသည်မသိ။ အောင်သူ ပြန်သွားတော့ စနေ့မျက်နှာ ထူးထူးခြားခြား ရွှင်ပျနေသည်။ သူသည် နေ့စဉ် ခြံထဲဆင်းခဲ့၏။ အမှုမဲ့အမှတ်မဲ့မို့ မေမေတို့ကလည်း သတိမပြုမိခဲ့။ သည်နေ့ကျမှပဲ အိမ်ဖော်မလေး မို့မို့ကပြောလို့ မို့မို့ကိုတောင် ကျေးဇူးတင်ရသေးတယ်ပေါ့။

ဒေါ်မြင့်ကြူစိတ်ထဲမှာ အချိန်တိုင်း ဦးခင်မော်ထွန်းက နေရာယူခဲ့လင့်ကစား စနေထွန်းနှင့် ပတ်သက်သောအတွေးတွေက ဝင်နေသည်။

စနေသည် သူ ထင်ရာမြင်ရာကို သူ ခွတ်လုပ်တတ်၏။ ခုလည်း မအပ်မရာ သရဲတစ္ဆေကို အိမ်ခေါ်လာပြီလား မသိပါ။ အိမ်ထဲကို ဝင်ခွင့်မရလို့ ခြံထဲမှာပဲ ထားသလား။ ယခုအချိန်တွင် သူမဘေးတွင် ဦးခင်မော်ထွန်း ရှိစေချင်သည်။ ကိုမော်ရှိလျှင် အကြံဉာဏ် ရနိုင်မည်။ ကိုမော်ကိုပဲ ဒေါသထွက်မိ၏။

သည်ငွေဆယ်သိန်းလောက်ကလေးနှင့် ကြန့်ကြာနေရသလား။ စိတ်ဆိုးမိသလို တစ်ဘက်မှအတွေးကလည်း ကိုမော် ငွေဆယ်သိန်းနောက်ကို လိုက်နေတာ ဟုတ်မှဟုတ်ပါမည်လားဟု သံသယဖြစ်နေသည်။ ကိုမော်သည် ကြီးလာမှတော့ မိန်းမနှင့် ပတ်သက်ပြီး ကြား

www.burmeseclassic.com

www.burmeseclassic.com



မိုက် မဖြစ်နိုင်ပါ။ သူလုပ်ချင်လျှင် အလွယ်ကလေး။ နိုက်ကလပ် သွားရှာမလား။ စီးပွားရေးအတွင်းက ထွန့်ထွန့်လူး မော်ဒယ်ဂဲ(လ်) ကလေးတွေကို ရှာမလား။ ယုတ်စွအဆုံး သူ့ဘေးတွင် အတွင်းရေး မှူးလေး ခွေဇင်ထွန်း ရှိခဲ့တာပဲ။ ဒါပေမဲ့ ဒီနေ့ထိ ကိုမော် လုံးဝ ကင်းရှင်းခဲ့ပါသည်။ အနံ့ထွက်ခြင်းတောင် မရှိ။

ရောက်တတ်ရာရာ အတွေးတွေကို မတွေးကောင်းပါဘူးလေ ဟု သူမစိတ်ကို ဆုံးမသည်။ စနေကိုတွေ့ပြီး ဖုန်းထဲတွင် မင်းအဖေ ဘာတွေ မေးသလဲပြောသလဲဟု မေးမြန်းကြည့်၏။

စနေက ရယ်ကျဲကျဲနှင့် အဖေက တောင်ငူတွင် မိန်းကလေး တစ်ယောက်နှင့် ထိမ်းမြားဖို့ရည်ရွယ်ထားဖို့ပြောကြောင်း နောက်တီး နောက်တောက်ပြောလျှင် ဒေါ်မြင့်ကြူ စိတ်ဆိုးသည်။

"စနေ ငါက မင်းအဖေအတွက် စိတ်ပူတယ်။ မင်းက နောက်ရွှတ်ရွှတ် လုပ်တယ်။ မေမေ မကြိုက်ဘူး အမှန်ကိုပြော..."

"အမှန်ကိုပြောရရင် ဖေဖေက သူ့ငွေတွေ ပြန်ရနေပြီတဲ့၊ တစ်ဘက်လူကို တရားစွဲထိုက် မစွဲထိုက် စဉ်းစားနေတယ်တဲ့။ မကြာ ခင် ပြန်လာတော့မယ်ပြောတယ် မေမေ"

"အေး...အဲဒီလို လုပ်စမ်းပါ သားရယ်"



မေမေ့စိတ်ထဲ အေးသွားပုံရသည်။ မေမေ့ကိုကြည့်ကာ စိတ် ထဲမှာ မကောင်းလှ။ မေမေ မသိသေးလို့ပါ။ လျှို့ဝှက်ထားသော အကြောင်းက တစ်နေ့မပေါ် တစ်နေ့ပေါ်လိမ့်မည်။ အဲဒီတော့ မေမေ ဘယ်လိုနေမလဲ။ ဖခင်အတွက်ရော မိခင်အတွက်ပါ သူ့ရင်ထဲ ဝမ်း နည်းမိ၏။

ညနေတွင် မေမေ့ကို ဘုရားများသို့ လိုက်ပို့၏။ မေမေပါ သော် စိမ်းပါ ပါသည်။ စနေအတွက် မေမေက မသက်မသာ ဖြစ် ပြန်ရော။ စနေကို မေမေပါ ဘုရားရှိခိုးဖို့ ခေါ်သည်။ စနေက ခေါင်းကိုသာ ခါပြ၏။ ကားပေါ်တွင် နေခဲ့မည်ဟု ဆိုသည်။

"ဒီကလေး...ဘယ်လိုလဲ ဘာသာရေးမရှိတာ ကျနေတာ ပဲ"

မေမေက ညည်းသည်။ မတတ်နိုင်ဘူးလေ။ သူ့အကျင့်နဲ့ သူ့ဝါသနာနဲ့ လာတာပဲ။ သူ့အဖေဆိုတာကလည်း စီးပွားရေးလိုက်နေ တော့ စီးပွားရေးလောဘနဲ့ ဘုရားမေ့တရားမေ့ ဖြစ်နေတဲ့သူ။

သူ့သားလည်း သူ့လိုပါပဲ။ ငယ်ငယ်ကလေးကတည်းက ဘာသာရေးမှာ စိတ်မဝင်စား။ ဘုရားတရားလည်း အာရုံမရှိ။

ဘာပဲဖြစ်ဖြစ် မေမေ့မှာ ဘုရားတွေလိုက်ဖူးပိုတ်ရတော့

www.burmeseclassic.com

www.burmeseclassic.com



တော်တော် စိတ်ကြည်သည်။ မြို့ထဲကို ပတ်သည်။ ပါရမီအအေး ဆိုင်တွင် အအေး ဆင်းစားသောက်ကြသည်။ သည်နောက် ကမ္ဘာအေး ဘုရားလမ်းဘက် ရောက်လာ၏။ မေမေက အင်းယားနားတွင်ရှိသော ကလေးကစားကွင်းတစ်ခုကိုကြည့်ကာ ဝင်ကြည့်ရအောင်ဟု ဆိုသည်။

"မေမေက သူငယ်ပြန်မလို့လား"

စနေက ပြုံးစနဲ့နဲ့နှင့် စသော်လည်း မေမေ့စိတ်ကြိုက်ဖြစ်ရအောင် ကစားကွင်းသို့ ဝင်သည်။ အမြဲ နောက်မှာထိုင်လေ့ရှိသော မေမေနှင့်စိမ်းတို့ ထွက်၍။ ဘုရားရင်ပြင်တော်တက်ဖို့ စိတ်မပါသော ငရဲကောင်လေး စနေက ကစားကွင်းထဲ လိုက်လာသည်။ ကြည့်ရအောင် ပြောတာက မေမေ။ တကယ် ကစားပစ်လိုက်တာက စနေနှင့် စိမ်း။ ပိုက်ဆံ အကုန်ကျခံတာက မေမေနှင့်စနေပဲ။

နှစ်ယောက်သား ကစားလိုက်ကြတာ ငွေတစ်သောင်းကျော်ဖိုး ထိသွား၏။ ထိုက်ကားစီးသည်။ ဝေဟင်ရထားတွဲ စီးသည်။ သေနတ်ပစ်ကြသည်။ တစ်ခြား ကစားနည်းတွေလည်း ပါရော။

စိမ်းမှာ အတော်ပျော်နေသည်။ တစ်ခါတစ်ခါ ကလေးလို လက်ကလေးတွေ ဘေးမြှောက်ကာ ခုန်ဆွခုန်ဆွ အော်သည်။ စိတ်ကျေနပ်လို့ ကားဆီပြန်လာတော့ မှောင်နေချေပြီ။ စနေတို့နေသော ပါရမီ



လမ်းနှင့်က သိပ်ဝေးတော့သည် မဟုတ်။

"ဟဲ့...အလို"

ကားနောက်ခန်းတွင် မထိုင်လိုသောမေမေက စနေ့ကားမောင်းသောရှေ့ခန်းတွင် တက်ထိုင်မည်အပြု မေမေက လန့်အသံပြု၏။

စနေက ကားစက်သော့ကို ထိုးထည့်ရာမှ...

"ဘာလဲ မေမေ"

"သားရယ်...မေမေ ဒီနေရာမှာ ထိုင်လိုက်တာ တစ်ယောက်ယောက် အထဲကနေပြီး အပြင်ကို တိုးထွက်ပြေးသလိုပဲ"

"လေတိုးတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူးကွ...လူတစ်ယောက်ယောက်က ပွတ်သပ်ထွက်ပြေးတဲ့ အတိုင်းပဲ"

"စိတ်ထင်လို့ပါ"

ဒါပဲ စနေပြောပြီး ကားစက်ကို နှိုးသည်။ စိမ်းက နောက်ဘက်မှာပဲ ထိုင်သည်။

"ဟင်"

စိမ်းက နှာခေါင်းလေး ပွစိပွစိလုပ်သည်။

"ဘာဖြစ်ပြန်ပြီလဲ စိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ပုပ်စော်နံလိုက်တာ"

"လုပ်ပြန်ပြီ ဘာတွေဖြစ်နေကြတာလဲ"

စနေ၏ စိတ်မရှည်သံ။

"အန်တီ…မနံဘူးလားဟင်"

စိမ်း ထိုင်နေရာကို မေမေက နောက်ပြန်ခေါင်းလှည့်၍ နှာခေါင်းနှင့် ရှူ၏။

"ဘာနံ့မှ မရပါလား စိမ်းရယ်"

"နံတယ် အန်တီရဲ့ ထွီ"

စိမ်း မအောင့်နိုင်တော့ပါ။ ရှိုင်းတယ်လို့ပဲဆိုဆို ကားတံခါးကိုဖွင့်၍ အပြင်သို့ခေါင်းထုတ် တံတွေးထွေး၏။

"ဂျိုင်း"

"အမလေး…အား"

ဖြစ်ချင်တော့ ခြေတစ်ဘက်ကပါ အပြင်ကို ထုတ်ထားမိရာ စိမ်းက တံခါးကိုပြန်အပိတ် အပြင်ကပါ တစ်စုံတစ်ယောက်က တွန်းပိတ်သလို ကားတံခါးက အားနှင့်ပိတ်၏။ ထိချင်တော့ ခြေထောက်ကို သာသာလေးရုတ်နေသည့် စိမ်း၏ခြေထောက်ကို ထိ၏။ စိမ်း အော်မိ၏။





"ဟင်…စိမ်း ဘာဖြစ်တာလဲ"

"ခြေထောက်…ခြေထောက်"

"ဟာ…ပြသနာ"

ရေရွတ်၍ စနေက ကားစက်ကိုပြန်သတ်၍ ကားအတွင်းမီးကို ဖွင့်သည်။

"သား…ကြည့်လိုက်ပါဦး၊ စိမ်း ဘာဖြစ်သွားသလဲလို့"

မေမေ ဒေါ်မြင့်ကြူ၏ စိုးရိမ်တကြီးအသံ။

စိမ်းမှာ မျက်လုံးကလေးမှိတ်၍ တကျွတ်ကျွတ် ညည်းနေမိရှာသည်။ စနေက စိမ်း၏ခြေထောက်ကို လာကြည့်၏။ ဒေါက်မြင့်ဖိနပ်ကလေးတစ်ဖက်မှာလည်း ကျွတ်ကျနေ၏။

"အတော်နာသွားသလား"

"အား…နာတယ် နာတယ် သိပ်မနှိပ်နဲ့"

စိမ်း၏ နာကျင်စွာပြောမှုကြောင့် ခြေမျက်စိကိုနှိပ်မိသော စနေက သူ့လက်ကို ပြန်ရုတ်လိုက်သည်။ ပြီးတော့ ဒေါက်မြင့်ဖိနပ်ကလေးနှင့်အတူ စိမ်း၏နုနယ်သော ခြေထောက်ဖွေးဖွေးကလေးကို ကားနင်းခုံပေါ် စနေက တင်ပေးသည်။

အားတုန့်အားနာဖြစ်မိသော စိမ်းက…



www.burmeseclassic.com

www.burmeseclassic.com



''ကိုစနေရယ်…ကန်တော့ ကန်တော့ စိမ်းတော့ ငရဲကြီးတော့မှာပဲ။ အားလား…ကျွတ်…ကျွတ်''

''သိပ်နာသလား''

''တံခါးစောင်းနဲ့ ခြေနင်းခုံညှပ်မိတော့ အီသွားတာပါ''

''အိမ်ရောက်မှ ဆေးထည့်။ ကိုယ့်မှာ ဆေးစွမ်းကောင်းရှိတယ်''

စနေက ခပ်ကြွားကြွားလေသံနှင့်ပြောပြီး တံခါးကိုညင်သာစွာ ပိတ်ပေးလိုက်သည်။ ကားထွက်လာသည်။ ဘီးလိမ့်လို့ လေးငါးကိုက်လောက်လည်းရောက်ရော ကားတစ်ကားလုံး အမွှေးနံ့တွေကဝင်လာ၏။ သည်အနံ့ကို သုံးယောက်လုံး ရကြသည်။

''ဟင်း…အမယ်…မွှေးလှချည့်လား ဘာနံ့ပါလိမ့်''

ဆောင်းတွင်း လေအေးဝင်မှာစိုးလို့ စနေက ပါဝါနှင့်မှန်တွေကိုပိတ်ထားရာ မွှေးကြိုင်သောရနံ့တွေက လမ်းဘေးဝဲယာမှ လာနိုင်ကြသည် မဟုတ်ရာ။

''ဟုတ်ပါရဲ့ အနံ့တီရယ် မွှေးလိုက်တာ။ ရေမွှေးနံ့လည်း မဟုတ်ဘူး သနပ်ခါးနံ့၊ ပေါင်ဒါနံ့လည်း မဟုတ်ဘူး။ အမွှေးတိုင်နံ့လည်း မဟုတ်ဘူး။ မွှေးတာတစ်မျိုးပဲ ဘာနံ့ပါလိမ့်''





''အီးနံ့''

ကားမောင်းနေသော စနေက နောက်သည်။

''ဟင်…သူ ပြောတော့မယ်''

ပြောပြီး စိမ်းက စနေ၏ပခုံးကို နောက်ဘက်မှ အသာတွန်းငိုက်သည်။ တကယ်ပဲ အမှတ်မထင် ဖြစ်လာသည်။ ကားမှာ တစ်စုံတစ်ဦးက စီယာတိုင်ကိုဆွဲလှည့်သလို ခါထွက်ပြီး ကားဦးက လမ်းဘီးညာဘက် ပလက်ဖေါင်း ဆွဲသွား၏။ ထိုမှ ဘယ်ဘက်ကို ဆွဲသွားသည်။

''ဟဲ့…ဟဲ့ လုပ်ကြပါဦး ဘုရားကြီး ကယ်ပါ''

''အမလေး''

ပထမအော်သံက ဒေါ်မြင့်ကြူ။ ဒုတိယအော်သံက စိမ်း။

စနေမှာ မနည်းကြီး စီယာတိုင်ကိုထိန်းသလို ဘရိတ်ကိုနင်းအုပ်ပစ်လိုက်ရ၏။ ကားခေါင်းက ညာဘက်ပလက်ဖေါင်းပေါ်ထိ တိုးတက်သွားသည်။ ကားရပ်သွားသည်။

''ဘုရား…ဘုရား…ဘုရားကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ''

မျက်လုံးစုံမှိတ်လျက် ဒေါ်မြင့်ကြူနှုတ်မှ ရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက မျက်လုံးလေးအပြူးသားနှင့် ဘာအော်ရမှန်း မသိ။

"ဟူး"

စနေက ရင်တွင်းမှ လေအုတစ်ချက် မှုတ်လိုက်သည်။ ကံကောင်းလို့ ကံကောင်းလို့။ သူ့လည်တိုင်တွင် အဝ်တွေးနှင့် ချွေးတွေ စို့တက်လာသည်။

"မေမေ…မေမေ ဘာဖြစ်သွားသလဲ"

သူ၏အမေးကို ဒေါ်မြင့်ကြူက တုန်တုန်ယင်ယင် ပြန်ဖြေသည်။ စနေ ခေါင်းကို ယမ်းလိုက်၏။ သူ့တစ်သက်တာတွင် သူ ကားမောင်းရာ၌ ဤတစ်ခါကြုံခြင်းသည် ပထမ။

"စိမ်းကော"

"စိမ်းဖြင့် နှလုံးရပ်သွားသလား ထင်ရတယ်။ ကံကြီးလို့ ကိုစနေ…ကားက ညာဘက်က ဘယ်ဘက်ရွှေ့သွားတာ ဥက္ကလာ ကားတစ်စီးစီးလာရင်တော့ သေပြီ။ အခု ညာဘက်ကို ကန့်လန့်ဖြတ် တက်သွားတာ နောက်ကားသာလာရင် ဝင်တိုက်မိမှာပဲ"

"ကိုယ်လည်း အဲဒါတွေးပြီး ချွေးပြန်သွားတာပေါ့…ဟင်း ကံကောင်းလို့ပဲ"

"သားရယ်…မင်း တစ်ခါမှ ဒါမျိုးမဖြစ်ပါဘူး"





"ဟုတ်တယ် မေမေ၊ တစ်ခါမှ သား မဖြစ်ဖူးဘူး"

"မင်းဟာ ရှိးမှရှိးရဲ့လားကွယ်"

"ဟာ…မေမေကလည်း"

"မင်း စဉ်းစားကြည့်လေ အနံ့ပေါင်းစုံရတယ်။ စိမ်းခြေ ဘက် ထိခိုက်သွားတယ်။ အခုလည်း မောင်းနေရင်းက ကားက ဘာဖြစ်တယ် မသိဘူး"

"အဲဒါ သားနဲ့ ဘာဆိုင်လို့လဲ"

"သားက ဘုရားတရားနဲ့ မနေဘူး။ ဒီတော့ လုပ်ချင်တဲ့ သူတွေက သားကို…"

"မေမေတို့ အဲဒါ ခက်တာပေါ့။ အခုဖြစ်တာကဲ စိမ်းက နန်းတော့်ပခုံးကို တအားကြီးတွန်းလို့"

"ဟယ်…ကိုစနေရယ် မဟုတ်ပါဘူး။ စိမ်းက နောက်ပြီး သာလေး တွန်းလိုက်တာပါ"

"ကဲ…ကဲ ပြောမနေကြနဲ့။ မေမေ ဘုရားအာရုံပြုပြီး ဘုရား ဂုဏ်တော်ရွတ်မယ်။ သားက ကားကိုပြန်မောင်း"

မေမေက ဘုရားကိုအာရုံပြုပြီး ဘုရားဂုဏ်တော်ကိုးပါးကို ရွတ်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ အန္တရာယ်ကင်းအောင် ကား



www.burmeseclassic.com

www.burmeseclassic.com



အတွင်းတစ်ခုလုံးကို စိပ်ပုတီးနှင့် ဇေ့ယမ်းသည်။ သူ့သားကိုလည်း ပါးစပ်မှ ဂုဏ်တော်ရွတ်ရင်း လက်ဖဝါးနှင့်ခေါင်းမှ အောက်သို့ သုံး ချက် သပ်ချသည်။

စနေက အဲဒါကိုကြည့်၍ ဟက်ဟက်ပက်ပက် ရယ်ပါသည်။ မေမေတို့များ အယူသည်းလိုက်ကြတာနော်။ ဒါပေမဲ့ စနေ သိပါသည်။ ခံစားနေရပါသည်။ သည်လက်ချက်ဟာ ဘယ်သူ့လက်ချက်လည်း ဆိုတာ တပ်အပ်မသိသော်လည်း သူ့ကိုပဲ ထင်မိသည်။

နှင်းဖြူငယ်...။

သည်ဝိညာဉ်ဆိုးမလေး နှင်းဖြူငယ်ပဲ ဖြစ်မည်။

အိမ်ကိုပြန်ရောက်တော့ စနေ ဘာမှမဖြစ်ပေမင့် အမျိုးသမီး နှစ်ယောက်မှာ ရင်တုန်မပြယ်သေး။ လမ်းလျှောက်တာ ထော့ ထော့နင်းဖြစ်နေသောစိမ်းကို စနေက တွဲပို့ရ၏။ မေမေကတော့ အိမ် တံခါးဝမှာ လူကြီးပီပီ 'ဖွ...ဖွ...ဖွ'ဟု သုံးကြိမ်ရွတ်ဆိုပြီးမှ ဝင်သည်။

ဒါကို လူငယ်နှစ်ယောက်က နောက်မှလိုက်ရင်း ကြိတ်ပြုံး ပြုံးကြသည်။ သူ့ပခုံးကို စိမ်းက သိုင်းဖက်။ စိမ်းပခုံးသားအောက် ကျောပြင်သားအိအိကလေးကို စနေကသိုင်းဖက်၍ အိမ်ထဲသို့ ဝင် သည်။ နီယွန်မီးရောင်အောက်တွင် အကဲခတ်ကြည့်မည့်သူသာရှိပါ





ငယ်နှစ်ယောက်၏ စိတ်လှုပ်ရှား နိုးကြွားနေမှုကို တွေ့ရချိမ့်မည်။

စနေမှာ မျက်နှာမထားတတ်သလို ရှိနေပြီး စိမ်းမှာတော့ က်သွေးလေးကြွကာ မျက်နှာလေးနီမြန်းနေသည်။ စိမ်းက မျက်နှာ း ငုံ့သွားသည်။ စိမ်းကို ဧည့်ခန်းမှပက်လက်ကုလားထိုင်တစ်လုံး င် ထိုင်ခိုင်းသည်။ သူ၏မဟာကျော်လိမ်းဆေးကြီးဖြစ်သည့် လင်ဇီး ကြေလိမ်းဆေးနှင့် စိမ်း၏နာသွားသောနေရာဒဏ်ရာကို တယုတယ သာအယာ ပွတ်သပ်လိမ်းပေးသည်။

"ငရဲအုံတွေ ကြီးတော့မှာပဲနော်။ ကိုယ့်ဟာကိုယ် လိမ်း ဆိုတာလည်း ကိုစနေက မရဘူး"

"ဆေးဆိုတာ ကိုယ်ကိုယ်တိုင် မလိမ်းရဘူး။ သူများလိမ်း မှ ပျောက်တာ"

ဟုတ်လည်း ဟုတ်သည်။ စိမ်း၏ နာနေသောဒဏ်ရာမှာ က်နေ့တွင် အတော်ကြီးကို သက်သာသွားသည်။

စိမ်း၏ခံစားချက်တော့ မသိ။

မိမိ၏ခံစားချက်ကတော့ ရင်ထဲတွင် စိမ်း ဝင်နိုးနေခြင်းပဲ။ နှင်းဖြူကိုချစ်သော်လည်း လုံးဝဥဿုံပိုင်ဆိုင်သော အကောင် ရုပ်ပိုင်းကို မပိုင်။ အငွေ့နှင့်ပဲ ချစ်နေရသည်။ စိမ်းသို့လျှင်



www.burmeseclassic.com

www.burmeseclassic.com



စောစောက ပွေ့ဖက်ခဲ့ရသော အထိအတွေ့ကြောင့် ရင်ထဲခံစားရသည့် နှစ်သိမ့်ကျေနပ်နေမိ၏။

"ဟယ်…ငါ ယောက်ျားပဲ ဒီလိုအတွေးမျိုး တွေးရမလား"

ရင်ထဲမှာပင် စိမ်းကို ပယ်ဖျက်လိုက်သည်။ သူချစ်တာ နှင်းဖြူ မဟုတ်လား။ နှင်းဖြူအကြောင်းကို တွေးရင်းတွေးရင်း အိပ်ပျော်သွား၏။

သည်တစ်ကြိမ် နှင်းဖြူနှင့်တွေ့ရတာ ခြံထဲမှာမဟုတ်။ အ… မတန်သာယာသော ရွာကလေးတစ်ရွာမှာ ဖြစ်၏။ သို့သော် ထိုရွာ… လူများ၏မျက်နှာသည် ပြုံးပြုံးရွှင်ရွှင်မရှိကြဘဲ မျက်နှာသေကြီးများ ဖြစ်သည်။ ဖြူဖတ်ဖြူလျော်နှင့် အသက်မရှိသော လူသေမျက်နှာ… မျိုးတွေ ဖြစ်၏။ သူတို့၏ခန္ဓာကိုယ်များသည် အငွေ့အသက် အ… ရောင်တွေ ဖြစ်နေသဖြင့် စနေ့စိတ်ထဲ လန့်မိ၏။ သည်ကြား… ဆုံးပါးသွားသော ဆွေမျိုးသုံးလေးဦးနှင့် စနေတို့ သိကျွမ်းသောလူ… ကို တွေ့ရသည်။ သူတို့သည် စနေကိုတွေ့သော်လည်း စနေကိုနှု… မဆက်ပါ။ မသိသလိုပဲ နေသည်။

ဟိုမှာဘက်တွင် မြစ်ကြီးတစ်မြစ် ရှိသည်။ ထိုမြစ်ကို ဖြ… သန်းပျံသန်းလာသော လူမည်းမည်းကြီးသုံးလေးယောက်နှင့် ဖြူ…





သော ငွေရောင်အဆင်းရှိသည့် အတန်းသုံးလေးတန်းက ယင်းရွာမှ လူတွေကို ရွေးချယ်ခေါ်ဆောင်သွားတာလည်း ရှိ၏။

"သူတို့ ဘယ်သူတွေလဲ"

လာခေါ်သူတွေကို မေးမိသည်။ သူမေးတာက နှင်းဖြူကိုပဲ။

နှင်းဖြူသည် သူ့ကို တည်ကြည်စွာကြည့်၍…

"အစ်ကို…နှင်းဖြူနဲ့ နေမလား၊ လူ့ပြည်မှာ နေမှာလား"

"နှင်းဖြူနဲ့နေရင် ဘယ်မှာနေရမှာလဲ"

"ဒီမှာပဲလေ ကြည့်…ဘယ်လောက် သာယာလဲ"

"ဟာ…မနေချင်ပါဘူး"

"ဘယ်နေချင်မလဲ…ဟိုကောင်မရှိနေသကိုးတော့"

"နှင်းဖြူ ဘာလို့ ညကလုပ်ရတာလဲ"

"ရှင်ကြီးတို့ကို အသေသတ်တာ ကံကြီးလို့ ရှင်ကြီးတို့ မသေတာ"

"ဒီလို မလုပ်ထိုက်ဘူး နှင်းဖြူ ကိုယ်နဲ့ စိမ်းနဲ့ ဘာမှဖြစ်ကြတာမှမဟုတ်ပဲ၊ ဒီလိုမလုပ်ရဘူးလေ"

"ကြည့်ပါလား…အကျွန့်ကျတော့ နှင်းဖြူ ဟိုဟာ… တော့ စိမ်းလဲ့…ရှင်ကြီးမကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ခေတ်အလျောက် ခေါ်တာပါ။ ကိုယ်တို့ခေတ်မှာ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင် ဒီလိုပဲအဖျားဆွတ်ခေါ်တာပဲ နှင်းဖြူ"

"မကြိုက်ပေါင် အနီးလိုမခေါ်နဲ့။ သူနဲ့လည်း စကားမပြော နဲ့"

"ခက်တာပဲ"

ခေတ်မရှိ ရှေးကျသည့်ဝိညာဉ်မလေးနှင့် စကားပြောရတာ သိပ် စိတ်ပိန်သည်။ သူတို့မိန်းမတွေ ရှေးကတည်းက တော်တော် သဝန်တိုကြတာပဲ။

"နှင်းဖြူ ဘယ်တွေလျှောက်သွားနေလဲ၊ နှင်းဖြူကို ကိုယ် လိုက်ရှာတာ..."

"နှင်းဖြူ စိတ်ညစ်လို့ ကိုယ့်နေရာကိုယ် ပြန်သယ်လေ ဟိုမှာ ခွေမျိုးတွေက ရှိကြသေးသာပ..."

"ဒီလိုပဲ လွယ်လွယ်ကူကူ သွားလို့ရလား"

"နှင်းဖြူတို့ဘဝမှာ လွယ်လွယ်ကူကူပဲ"

ဟုတ်မှာပေ့ါ။ သူတို့ဝိညာဉ်တွေက ပျံသန်းရေးအဖွဲ့တောင် ဖွဲ့ဖို့ မလို။ သွားချင်သည့်နေရာကို ချက်ချင်းရောက်သွားနိုင်တာပဲ။

သူသည် နှင်းဖြူကို မကျေနပ်သလို ရှိနေသည်။ နှင်းဖြူ၏ ဆက်ဆံပုံမှာ ချစ်သူအသွင်မပေါက်ဘဲ သူစိမ်းဆန်နေသည်။ သူက နှင်းဖြူကို ကိုင်တွယ်မည်ပြုလုပ်တော့ နှင်းဖြူကရှောင်ပြီး...

"မထိနဲ့"

"နှင်းဖြူကကွာ...တို့ကို တကယ် စိတ်ဆိုးနေလား"

"အစ်ကို စဉ်းစားကြည့်ပ။ နှင်းဖြူ စိတ်မတွေ့သဟာကို အစ်ကိုလုပ်တယ်။ ဒီမိန်းမနဲ့ အစ်ကို ဆက်ပေါင်းနေရင်..."

"နှင်းဖြူရယ်...ထင်တာတွေ ပြောမနေစမ်းပါနဲ့။ နှင်းဖြူ မှားမယ်နော်။ ကိုယ်နဲ့ စိမ်းသဥ္စာလဲ့ဟာ ရိုးရိုးခင်မင်တာပါလို့ ဘယ် နှစ်ခါပြောရမလဲ"

"ယုံပေါင်"

"နှင်းဖြူ ကျေနပ်အောင် ဘာလုပ်ရမလဲ"

"ဒီမိန်းမနဲ့ လုံးဝစကားမပြောနဲ့ ဒါပဲ"

နှင်းဖြူလေသံက အာဏာသံ။

ရွှန်းလဲ့တောင် အသက်ရှင်စဉ်က မိမိအပေါ် အာဏာလျှာနှာ ခွာနှာသံတွေ လုံးဝမသုံးခဲ့ဖူးပါ။ စနေ အောင့်သက်သက်ဖြစ်သွား၏။ သို့သော် နှင်းဖြူကို ချစ်သည့်စိတ်ကြောင့်...







www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ထားပါ။ ကိုယ် သူ့ကို စကားမပြောတော့ပါဘူး"

"အကယ်လား"

"တကယ်...တကယ်"

"စကားမပြောရဘူး သူနဲ့ မခင်ရဘူး ဟုတ်စ"

"မပြောဘူး မခင်ဘူး"

သူနှင့် နှင်းဖြူက ရွာကလေး၏သစ်ပင်ရိပ်တစ်ခုမှာ စကားပြောနေသည်။ စနေ၏ပြောသံကြောင့် တင်းနေသောနှင်းဖြူလေး၏ မျက်နှာက ပျော့ကျသွားသည်။

"အစ်ကို...မုသားမသုံးနဲ့နော်"

"တကယ်ပါ...လိမ်မပြောဘူး၊ ညာပြောတာ"

"ညာပြောတယ်ဆိုတာ ဘာလဲ"

"ဒီလက်...ဒီလက်"

စိတ်ပျက်ပျက်နှင့် စနေက သူ့ညာလက်ကိုပြ၍...

"အစ်ကို နှင်းဖြူနဲ့ ပေါင်းရအောင် ကြံမယ်"

"အစ်ကို့ဝိညာဉ်ကို နှင်းဖြူ လာခေါ်လိုက်မယ်။ မနေ့တခေါ်တာ ခေါ်မရဘူး"





စနေ ထိတ်လန့်သွား၏။ သူက ဘာပြောရမလဲ စဉ်းစားဆဲမှာ နှင်းဖြူက သူ့ဆီမှလွင့်ပါး ပျောက်ကွယ်သွားသည်။

"နှင်းဖြူ...နှင်းဖြူ"

သူက နှင်းဖြူ ဘေးဘီမှာရှိလိုရှိငြား အော်ခေါ်သည်။ နှင်းဖြူ၏ အရိပ်အယောင်တောင် မမြင်။

"နှင်းဖြူ...မင်း ဘယ်မှာလဲ"

သူခေါ်စဉ် တခုန်းခုန်းထုသံတွေကြောင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ရွာကလေးမှာ မရှိတော့ဘဲ မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

"သား...သားရေ...သားရေ"

ဟော...မေမေ့ခေါ်သံ။ သူ လန့်နိုးလာသည်။ အိပ်ရာပေါ်မှာ သူ ပက်လက်။ အိပ်မက်ပဲလား၊ တကယ်ပဲ နှင်းဖြူနဲ့ တွေ့သလား။ သူ့အထင်က ပြတ်ပြတ်သားသား မရှိ။

"သား...သား နိုးပလား"

မေမေက တံခါးရွက်ကို တခုန်းခုန်း ထုခေါ်နေသည်။ မီးမီးကလေးက ထွန်းမြဲထွန်းလျှက်...။

စနေက နေရာမှထပြီးတော့ တံခါးကို ဖွင့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေတစ်ယောက်တည်းပဲ ရပ်နေသည်။

"မေမေ…ဘာဖြစ်သလဲ"

"မင်း နှင်းဖြူ…နှင်းဖြူနဲ့ အော်နေပြန်ပြီ။ မင်း အော်သံကြားလို့ မေမေ ရေအိမ်မတက်ဘဲ မင်းဆီ တန်းလာရတာ"

မေမေ့မျက်နှာက စိုးရိမ်သောကမျက်နှာ။ အသံက ပူပန်မှုအသံ။ စနေ ခေါင်းကိုယမ်းလိုက်သည်။

"သား…အိပ်မက် မက်တာပါ"

"မင်းအိပ်မက်ကလည်း နေ့တိုင်းပဲ မက်နေသလား သား၊ မက်တိုင်းလည်း နှင်းဖြူ ပါနေသလား"

"သား စိတ်ထင်တာတွေ လျှောက်အော်နေတာပါ။ ကဲ…ကဲ မေမေ သွားအိပ်တော့၊ သားလည်း သွားအိပ်တော့မယ်"

နောက်တစ်နေ့တွင် စနေက နေကောင်းသွားပြီမို့ အလုပ်ဆင်းမည်ဆိုကာ ကုမ္ပဏီသို့ ထွက်သွား၏။

အလစ်ကိုချောင်းနေသော ဒေါ်မြင့်ကြူက အိမ်ဖော်မလေးနှင့် စိမ်းကိုခေါ်ကာ ဗာဒံပင်ကြီးကို သွားသည်။ စိမ်းခြေထောက်မှာ အနည်းငယ် နာနေသည်မှအပ ခြေထောက်က ကောင်းကောင်းလျှောက်နိုင်သည်။





လှေခါးတစ်ခုကိုရှာပြီး မို့မို့ကို တက်ခိုင်းသည်။ မို့မှ ၁ စပ်စပ်စုစု လုပ်လိုသူပီပီ လှေခါးထောင်တက်၏။ ခွဆုံတွင် လက်နှင့်လိုက်စမ်းသည်။ ပြီးတော့ ဝမ်းသာအားရနှင့်…

"တွေ့ပြီ အန်တီကြီးရေ…တွေ့ပြီ"

သူမက ဂဝံကျောက်ရုပ်နှင့်ထုထားသော အရုပ်ကလေးကို လက်နှင့်ကိုင်ပြ၏။ ချက်ချင်းပဲ…

"အမလေး"

ပြောပြောဆိုဆို ဂဝံရုပ်ကလေးကို ပစ်ချလိုက်သည်။ စိမ်းသာ ခြေမြန်လက်မြန်နှင့် မဖမ်းလိုက်လျှင် ဂဝံရုပ်မှာ မြေပေါ်ကျပြီး ကျိုးပဲ့သွားစရာ ရှိ၏။

"ဟဲ့…ဘာဖြစ်တာလဲ"

ဒေါ်မြင့်ကြူက အော်မေး၏။

"ဘာဖြစ်ရမလဲ အန်တီကြီးရဲ့၊ အရုပ်က လက်ထဲမှာလှုပ်လို့ လန့်လွှတ်ချလိုက်တာ"

"ဆင်း…မြန်မြန်ဆင်း"

အန်တီကြီးအမိန့်နှင့်ပင် မို့မို့ မြန်မြန်ဆင်းလာသည်။ အရုပ်ကလေးကို သူတို့ သေချာကြည့်ကြသည်။ ဂဝံရုပ်မှာ မိန်းမရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဝတ်အစားဝတ်မပေးဘဲ အရုပ်၏ကိုယ်အင်္ဂါတွေက ဟိုမှသည်မှ ပေါ်နေ၏။

ထူးထူးခြားခြားရှိတာက ထဘီအထက်ဆင်စလို အစတစ်စနှင့် လည်ပင်းတွင် ကြိုးကွင်းစွပ် ထည့်ထားသည်။ တကယ်တော့ ဂမ္ဘီရ ပညာနှင့် သုံးထားခြင်း ဖြစ်၏။

"အိမ်ထဲကိုယူခဲ့ ကြည့်ရအောင်"

မေမေက ပြောပြီး ထွက်သွားသည်။ စိမ်းမှာ စိတ်ထဲတစ်မျိုး ခံစားလာရသဖြင့်...

"အန်တီ...အိမ်ထဲတော့ ယူမသွားပါနဲ့။ မတော်တရော်တွေ ဖြစ်နေရင် မကောင်းဘူး"

"စနေထွန်း ဒါလောက် စိတ်ကူးယဉ်ပြီး မိုက်လုံးကြီးလိမ့်မယ်လို့ မထင်ဘူး"

ဒေါ်မြင့်ကြူ စိတ်ဆိုးသံ။ ဒေါ်မြင့်ကြူကိုကြည့်ကာ စိမ်း ဝမ်းသာမိ၏။ ညက သေဘေးကြုံခဲ့တာတောင် ဒေါ်မြင့်ကြူ ဘာမှ မဖြစ်။ ယခုလည်း ဂဝံရုပ်တွေ့တော့ သူမမှာ အကောင်းပကတိ။ ဒါဆို သွေးတိုးနှင့်နှလုံး သက်သာသွားပုံပဲ။

"မသိပါဘူး အန်တီရယ်...ကိုစနေ ဘာတွေပေါက်ကရ





လုပ်နေတယ် မသိဘူး"

"မဖြစ်ဘူး ဒီကောင့်ကို မိန်းမပေးစားမှ ဖြစ်တော့မယ်။ နှင်းဖြူ ဘယ်ကနှင်းဖြူမှန်းလည်း မသိ"

"ဟုတ်တယ်နော် အန်တီ၊ အခု ဒါ သူ့ဟာသူ စိတ်ရူး ပေါက်ပြီး အရုပ်တစ်ရုပ်ကို တစ်နေရာကဆွဲလာ...အယ်"

စိမ်း ရုတ်တရက်ပဲ စကားရပ်သွားပြီး ပါးစပ်မှ 'အယ်'ဟု အသံထွက်လာသည်။ တစ်နေရာကို စိုက်ကြည့်နေသည်။ မြွေဟောက်ကြီးတစ်ကောင်။ ပန်းပင်တွေ၏ကြားမှာ တစ်ကိုယ်လုံးခွေကာ ပါးပျဉ်း တရမ်းရမ်းနှင့် ထောင်နေသည်။

"ဟဲ့...ဘာလဲ"

"မြွေ...အန်တီရဲ့ မြွေကြီး"

စိမ်းက ညွှန်ပြသည်။ စိမ်း ညွှန်ပြရာကို ဒေါ်မြင့်ကြူက လိုက်ကြည့်သော်လည်း ဘာမြွေမှမတွေ့ရဘဲ ပန်းချုံများကိုပဲ တွေ့ရ၏။ ပန်းချုံဆိုတာ မွှင်တူရှက်တူပန်းချုံပဲ ဖြစ်၏။

"အို...စိမ်းရယ် ဘာမှလည်း မတွေ့ရဘူး"

ပြောပြီး ပန်းချုံဘက်ကိုသွားမည်အပြု စိမ်းက သူမ၏လက်ကို ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ…မသွားနဲ့၊ ပေါက်လိမ့်မယ်"

"ဘာမှမရှိတာ စိမ်းရယ်၊ သေသေချာချာ ကြည့်ပါဦးတော့လား"

"မမကလည်းနော်၊ အထိတ်တလန့်နဲ့။ ဘာကောင်မှ မရှိပါဘူး မမ်ရဲ့။ မို့မို့ဖြင့် ကြောက်တောင်လာပြီ"

စိမ်းက ပါးပျဉ်းထောင်နေသောမြွေကြီးကို မျက်စိမှိတ်လိုက်၏။ လက်ထဲရှိအရုပ်နှင့် ပစ်ပေါက်ဖို့ စိတ်ကူးလိုက်၏။ မို့မို့အသံကြားမှ မျက်စိတွေဖွင့်လိုက်သည်။

ဟော…မတွေ့ပါလား။ ဘာမြွေမှ မရှိပါ။ ပန်းချိုကိုပဲမြင်ရသည်။ အင်း…စိတ်ကထင်တာ ဖြစ်မှာပါ။ တွေးရင်း လက်ထဲကအရုပ်ကို ဆက်ကိုင်ဖို့ရန်ပင် မသတိတော့။

"မို့မို့ အရုပ်ကိုပြန်ထားလိုက်။ အန်တီရယ် မလိုချင်ပါနဲ့တော့ အန်တီရယ်…ကိုစနေထွန်း ဘာတွေလုပ်ထားမှန်းလည်း မသိဘူး"

"ငါ့စိတ်ထင် ဒီကောင် အစွဲရှိနေပြီနဲ့ တူပါရဲ့။ ဒါမျိုးက မယုံလို့လည်း မရဘူး"

အရုပ်ကို မို့မို့က ကြောက်ကြောက်ရွံ့ရွံ့နှင့်ယူကာ ပြန်ထားနေ





**စဉ် တစ်ခုခုကိုစဉ်းစားမိသော ဒေါ်မြင့်ကြူက…**

**"အန်တို့မှာ အန်တီနဲ့ သိကျွမ်းတဲ့ ဆရာကြီးတစ်ယောက်တော့ ရှိတယ်။ သူ့ကို မေးမြန်းကြည့်ရင်** ကောင်းမလားပဲ။ သူက ဗေဒင်လည်း တတ်တယ်။ ယောဂီကျင့်စဉ်တွေလည်း ကျင့်တယ်"

ရောက်တတ်ရာရာစိတ်များနှင့် ဒေါ်မြင့်ကြူနှင့်စိမ်းက ထိုဆရာကြီးဆိုသူကို သွားရောက်မေးမြန်းဖို့ရန် စိတ်ကူးလိုက်ကြ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

❖ ❖ ❖

## ဇာတ်လမ်းစဉ် (၁၀)

"သည်သူငယ်က ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းဘူး။ သူ့စန္ဒေမှာ အင်္ဂါဂြိုဟ်ခတ်ပြီ။ အင်္ဂါလက်မှာ သံဒေါင်းစီးနေတယ်။ အညွှံ့ဘက် ဦးတည်နေတယ်။ မဟုတ်တာ လုပ်ချင်တယ်။ တစွတ်ထိုးစိတ်က အညွှံ့ဘက် ဆွဲနေတယ်။ ရာဇဝတ်မှုတောင်ပြုနိုင်တဲ့လက္ခဏာ မမြင့်ကြူရဲ့"

ကျောက်မြောင်းလမ်းတစ်လမ်းတွင် ရှိသောအိမ်တစ်အိမ်သို့ ဒေါ်မြင့်ကြူနှင့် စိမ်း ရောက်သွားကြသည်။ အဲသည်ပုဂ္ဂိုလ်မှာ ဗေဒင်





[illegible]သာအပြော မှန်သည်။ တရားထိုင်သောပုဂ္ဂိုလ်လည်း ဖြစ်သည်။ [illegible]မည်မှာ ဦးရာဇာဝင်းလို့ ခေါ်သည်။

စနေထွန်း၏ဓါတ်ပုံ၊ စနေထွန်း၏ဇာတာကိုယူပြီး ထိုပုဂ္ဂိုလ်[illegible]အားပြကြရာ၌ ဦးရာဇာဝင်းက ဗေဒင်တွက်ပြသည်။

"ဟုတ်တယ် ဆရာ၊ ရာဇဝတ်မှုကတော့ တစ်ခါဖြစ်ခဲ့ပြီး[illegible] အဲဒီတုန်းက သူ ရဲ့အုပ်ဘဝနဲ့ပါ၊ လွန်ခဲ့တဲ့တစ်နှစ်လောက်ကပဲ။ [illegible]ား ခံကခုခံတာကို သူက အသေပစ်ခဲ့မိလို့ ပြဿနာဖြစ်ခဲ့သေးယ်"

မမြင့်ကြူက ပြောသည်။ အိမ်ဧည့်ခန်းထဲမှာ သူတို့ပဲ ရှိသည်။ [illegible]တောင်အိမ်ကလေးပဲ ဖြစ်သည်။ ဦးရာဇာဝင်းသည် အိမ်ထောင်[illegible]ဘဲ သူ့တပည့်တစ်ဦးနှင့် နေထိုင်သည်။

"ဒါဆို ပြီးသွားပြီပေါ့။ ကောင်းတယ် ... အင်း ဓါတ်ပုံ[illegible]ည့်ရတာ ရုပ်ကတော့ မိန်းကလေးတွေ ကြိုက်လောက်တဲ့ရုပ်ပဲ။ [illegible]ဒီယ်လူငယ်ပဲ သိတ္တိလည်း ရှိမယ်။ မျက်လုံးတွေကြည့်တာနဲ့[illegible]တယ်။ ထက်မြက်တူးချွန်မယ့်ပုံပဲ။ ဒါပေမဲ့ သူ့ကြည့်ရတာ သူ့ကိုယ်[illegible] အားကိုးပုံကလှဲလို့ ဘာကိုမှဂရုမစိုက်ဘူး။ ဘုရားတရားလည်း[illegible] [illegible]စိုက်မယ့်လူ့ပြုမယ့်မဟုတ်ဘူး မမြင့်ကြူ" [illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေ ဆရာရယ်"

"ကဲ…ဆို…ဒီသူငယ်နဲ့မတ်သက်ပြီး ကျုပ် ဘာလုပ်ပေး မလဲ"

"သူက သရဲမနဲ့ ကြိုက်နေတယ်"

"သူရဲမနဲ့ ကြိုက်နေတယ်၊ အင်း…ကြားရတာတော့ အဆန်းပဲ ဘယ်ကသူရဲမလဲ"

"သူရဲမကို ကျွန်မတို့လည်း မမြင်ဖူးပါဘူး ဆရာရဲ့။ သူ ဟာသာသူ စွဲလန်းပြီးကြိုက်နေခဲ့တာနဲ့ တူပါတယ်။ သရဲမနာမည်က မနှင်းဖြူတဲ့"

သူမသည် ပိုမိုပြီးသဘောပေါက်နားရှင်းအောင် ယူလာခဲ့သော တိတ်ခွေနှင့် ဆရာ့အိမ်မှကက်ဆက်ကို ဆက်သွယ်ဂဟေဆက်၍ ဖွင့်ပြ လိုက်၏။

ကက်ဆက်ခွေမှ စနေထွန်း၏ မှုင်မှာဝန်ခံချက်တွေကို ဆရာ ဦးရာဇာဝင်းက နားထောင်ပြီးအဆုံး သူ၏နှုတ်ခမ်းမွေးတွေကို လက်ဖြင့် သပ်ကာ…

"အင်း…ဒီသူငယ် ပြောပုံအရဆိုရင် တောကြီးမျက်မည်းအ





ဥစ္စာစောင့်တွေနဲ့ သွားတွေ့ပုံရတယ်။ အခု သူ အိမ်ကို ပြန်ရောက် ပြီပေါ့"

"ဒီကြားထဲအဖြစ်ကို ဆရာ မသိသေးဘူး။ ကျွန်မ ဆက် ပြောပါဦးမယ်။ သူ ပြန်လာတော့ တမှိုင်မှိုင်တွေတွေနဲ့ စိတ်ထဲက လည်း ဂယောင်ချောက်ချားတွေ ဖြစ်နေတယ်။ ဆရာဝန်တွေ၊ စိတ် ရောဂါကုဆရာဝန်တွေနဲ့ ပြတယ်"

သူမက စနေ၏ဖြစ်ပျက်ပုံများကို ပြောပြပြန်သည်။

တည်ကြည်လေးနက်စွာ ဆရာ ဦးရာဇာဝင်းက နားထောင် ပြီး ခေါင်းမြင့်ကြွ စကားဆုံးသောအခါ နက်နက်နဲနဲ တွေးသည်။ ခဏကြာမှ…

"အိန်း…ကျုပ်စိတ်ထင်ပြောရရင် ဒီမနှင်းဖြူဆိုတာ သရဲမ မဟုတ်ဘူး ဥစ္စာစောင့်မပဲ။ ဒါမျိုးတွေက ရှိတတ်ပါတယ်။ ဒီလို ကြီးပြကြီး လူနေထူထပ်တဲ့နေရာတွေမှာ မဖြစ်တတ်ပေမယ့် လူသူ ကင်းတဲ့တောတို့ တောနယ်တွေမှာ လူနဲ့ဥစ္စာစောင့် တွေ့တတ်ပါတယ်။ သာရေးစကားနဲ့ဆို မရှုံမရကုသိုလ်ရေစက်မကုန်လို့ တွေ့တတ် တယ်။ တစ်ချို့ မင်္ဂလာဆောင်၊ သိုက်ဆက်ပါလို့ တွေ့တတ်ကြ တယ်။ ဖောင်းဖနေလည်း ပဋိသန္ဓေဆက်သိုက်ဆက် မကုန်သေးလို့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြတာ ဖြစ်မယ်။ ဒီသူငယ်ရဲ့အင်္ဂါရုပ်တွ ရှုပ်ချော့ပြီး လုံ
သန့်လို့ ဥစ္စာစောင့်မကကြိုက်တာလည်း ဖြစ်မှာပေါ့လေ။ ကျုပ်
လုပ်ပေးရမလဲ''

''သူတို့နှစ်ယောက်ကို ခွဲပေးပါ ဆရာရယ်။ ကျွန်မတော့
ကြောက်တယ် ဆရာရဲ့''

''အင်း...နာနာဘာဝဆိုတာ သူတို့ အလိုမကျရင် အ
ဒုက္ခပေးတတ်တာတော့ အမှန်ပဲ မမြင့်ကြူ''

''အမယ်လေး ဆရာရယ်...ခုမှစဉ်းစားမိတယ်။ တစ်ချ
က ဒုက္ခပေးတာ သူပဲဖြစ်မယ်။ ထူးထူးဆန်းဆန်းတွေ ဖြစ်လိုက်
ကကြီးလို့ ကျွန်မတို့ သေမကုန်တယ်''

တစ်နေ့ညက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ပြောပြ
ပါသည်။ ကားမှောက်မတတ် ကြုံရတဲ့အဖြစ်။

''အင်း...ဒါဆိုရင်တော့ သည်ဥစ္စာစောင့်မ မနှင်းဖြူကို
တိုက်ပွဲစလာပြီပေါ့လေ သူ့ကို နှင်ထုတ်ပေးရမလား''

''ဒါကိုလုပ်ရမှာ မလွယ်ဘူးထင်တယ်။ ကျုပ်မှာလည်း
ယောဂီဝတ်ကြီးနဲ့ဆိုတော့ မလုပ်ကောင်းဘူး။ သူ့ဟာသူအမှန်မြင်
သူ့ဟာသူ ကွဲသွားတာ ကောင်းတယ်။ နောင် ဒီဥစ္စာစောင့်မ မနေ





ယှက်နိုင်အောင်တော့ ကျုပ် လုပ်ပေးနိုင်တယ်။ ရှင်းရှင်းပြောရရင်
ကျုပ်က ပယောဂဆရာ မဟုတ်ဘူးဗျ။ သီလသမာဓိနဲ့နေတဲ့ ဗေဒင်
ဆရာပါ။ ဒါပေမဲ့ ကျုပ် တတ်သလောက်သမျှ ဆေးဝါးလေးနဲ့တော့
လုပ်ပေးမယ်။ အဓိကကတော့ ရတနာသုံးပါးပဲ''

''ဟုတ်တယ်...ဆရာပြောတာ မှန်တယ်၊ စနေထွန်းဟာ
ငယ်ငယ်ကလေးကတည်းက ဘုရားမေ့ တရားမေ့ကောင်လေးပဲ။
ဒီကြားထဲ သူ့အဖေကကလည်း ငယ်ငယ်ကလေးကတည်းက ခြေမြန်
လက်မြန်ရှိအောင် မြှောက်ပေးထားတော့ ဒီကလေးက ထစ်ခနဲဆို
သတ်မယ်ဖြတ်မယ် ထဲကပဲ။ ငယ်ငယ်ကလေး သေနတ်တစ်လက်နဲ့
ငှက်လျှောက်ပစ်ပြီး အကုသိုလ်လုပ်ပြောတဲ့ကလေးပါ ဆရာရယ်''

ဒေါ်မြင့်ကြူက စိတ်ထိခိုက်ဆက်သန်သန်နှင့် မျက်ရည်စီး
လျှောက်ပြောနေသည်။ ဦးရာဇာဝင်းက အေးဆေးစွာနားထောင်၍—

''အိမ်းဗျာ...ဒီသူငယ်မှာ အကုသိုလ်တွေပြောပြီး ရတနာသုံး
ပါးကို မဆည်းကပ်တော့ မဟုတ်မဟုတ်တွေနဲ့ တွေ့တာပေါ့။ ဒီတော့
သူ့ကို ... ဖယ်ရှားနိုင်ရမယ်။ ဂုဏ်တော်
ပုတီး စိပ်နိုင်ရမယ်။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်ရမယ်။
မနက်အိပ်ရာထ တစ်ခါ၊ နေ့လယ် တစ်ခါ၊ ညအိပ်ရာဝင်ကာနီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ သရဏဂုံသုံးပါး ရွတ်ရမယ်"

"ဆရာရယ်…ဒီလိုလုပ်ပါလား၊ သူ့ကို ကျွန်မ ပရိယာယ် ဆင်ပြီး ဆရာ့ဆီရောက်အောင် ခေါ်လာမယ်။ ဒီရောက်တော့ ဆရာ ကြည့်စီမံပေးပေါ့ ဆရာ"

"သူ ဘာတွေ ယူလာသေးလဲ"

"ဂဝံရုပ်တစ်ခု ဆရာ၊ အဲဒီဂဝံရုပ်ထုက မိန်းမရုပ်ပဲ။ လည် ပင်းမှာလည်း အဝတ်နက်ကလေးနဲ့"

သည်စကားကြောင့် ဆရာ ဦးရာဇာဝင်းမျက်နှာ ပျက်သွား သည်။ သူ စဉ်းစားပြီးမှ…

"အဲဒီအရုပ်ဟာ နာနာရုပ်ပဲ၊ ဒီအရုပ်ထဲမှာ ဒီဥစ္စာစောင့် မနှင်းဖြူရဲ့ဝိညာဉ် ခိုအောင်းနေလိမ့်မယ်။ ကြာရင် သူက တမလွန် နောက်ကွယ်မှနေပြီး အားလုံးကိုဒုက္ခပေးလိမ့်မယ်"

"အမယ်လေး ပြဿနာပဲ၊ ဒီဂဝံရုပ်ကို ဘာလုပ်ရမလဲ လွှင့်ပစ်လိုက်ရမလား၊ မီးရှို့လိုက်ရမလား"

"အဲဒါတော့ မလုပ်နဲ့၊ [illegible] [illegible] မဆွဲ့သွားပဲ ရှင်သူကို မထွားထားနိုင်ရမယ်။ မနှင်းဖြူဟာ [illegible] ရှင်သူ မဟုတ်ဘူး။ သူ့အပေါ် မထွားထားပါ။ [illegible]





ဘွဲ့ရင် မနှင်းဖြူ လွှင့်ထွက်သွားမှာကတော့ သူ့အလိုလိုလွှင့်ထွက် သွားမှာပဲ။ တတ်နိုင်ရင် စနေထွန်းကို မိန်းမပေးစားလိုက် ဒါပဲပြတ် ရော"

အဲသည်စကားကြောင့် ဘေးမှတစ်ခွန်းမှဝင်မပြောဘဲ နား ထောင်နေသူ စိမ်းက မသိမသာလေး ပြုံးလိုက်၏။

ကိစ္စပြီးစီးတော့ ဒေါ်မြင့်ကြူက ငွေသုံးထောင်ထုတ်၍ ကန်တော့မည်လုပ်တော့ ဦးရာဇာဝင်းမျက်နှာကြီး နီသွားသည်။ လေသံ ဆတ်ဆတ်နှင့်…

"မြင့်ကြူ…ဒါ ဘာလုပ်တာလဲ"

"ဆရာ့ကို ကန်တော့မလို့"

"အံမယ်…ကျုပ်သိလေနဲ့ကျုပ်သမာဓိကို လာစော်ကားနေပြီ။ ကျုပ် အသပြာဆရာ မဟုတ်ဘူး၊ စေတနာဆရာ။ ကျုပ် ခုနစ်ရက် သားသမီးကို ကယ်မယ်လို့ အမိုက်ပြောပါတယ် သွား…ခင်ဗျားငွေ ခင်ဗျား ပြန်ယူသွား"

"စိတ်မရှိပါနဲ့ ဆရာရယ်"

ဒေါ်မြင့်ကြူ တောင်းပန်၍ သူမငွေထွေကို ပြန်ယူသွား ကန်တော့နှုတ်ဆက်ပြီး ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ပြန်လာတာ ညနေလေးနာရီ။ အိမ်နားရောက်ကာနီး တွင် ဆဲသံဆိုသံတွေ ကြားရသည်။ တက္ကစီကားက ခြံပေါက်ဝနား လည်းရောက်ရော လူတစ်ယောက် သူတို့ခြံဝနားတွင်ရပ်ကာ ဆဲဆိုနေ သည်ကို တွေ့၏။

သူ့တစ်ကိုယ်လုံးလည်း ယိမ်းထိုးနေသည်။

"တိရစ္ဆာန်ကောင်ကြီး ခင်မော်ထွန်း၊ မင်း သတ္တိရှိရင် ခြံ ပြင်ထွက်တွေ့ပါလားကွ။ မိန်းမလိုကြောက်ပြီး ကုတ်မနေနဲ့။ ငါ့အဖေ ဦးမြတ်ထွန်းအောင်ကို မင်းသတ်ထားတာ ငါ အခဲမကြေဘူးဟေ့"

သူ့အော်သံသည် တက္ကစီကားအတွင်းသို့ပါ ရိုက်ခတ်လာ သည်။ ကုသိုလ်ကံကောင်းချင်တော့ ကားတစ်စီးက ဟွန်းလွှတ်ပြီး ဟွန်းသံ ဆူညံသွားရာ ထိုလူဆဲဆိုသံမှာ ဟွန်းသံနှင့် ရောထွေးသွား သည်။ တစ်ခြားလူတစ်ယောက်က အဲသည်လူကို ချော့မော့၍ ခေါ် သွားတာကို ဒေါ်မြင့်ကြူရော စိမ်းပါ မြင်မိကြ၏။

"ဟဲ့ . . ဘာဖြစ်တာလဲ"

ရင်ဝကိုလက်နှင့်ဖိ၍ ဒေါ်မြင့်ကြူက တက္ကစီကားပေါ်မှ အဆင်း မြူးပြူးဖြာပြာ ဆို၏။ အဲဆိုအော်ဟစ်သံတွေကို ဟွန်းသံ ကြောင့် ဒေါ်မြင့်ကြူ မကြားလိုက်ရသော်လည်း လူယော်စီပီ နားပါး





ရောဂါစိမ်းကတော့ ကြားလိုက်ရလေသည်။

သူမရင်ထဲ ဖိုခနဲသိမ့်ခနဲ ဖြစ်သွားသည်။ ဦးမြတ်ထွန်းအောင် ၏သားဟူသောစကားသံကို သူမ ကြားလိုက်ခဲ့ရသည်။ မိုးထားသမျှ အားလုံးတော့ ပေါ်ကုန်ပါပြီ။

ကားတစ်စီး၏ ဟွန်းလွှတ်သွားသံကြောင့် အသံရော ရွေးပြီး ဒေါ်မြင့်ကြူ မကြားလိုက်ရ၍ တားဟွန်းကို ကျေးဇူးတင်မိ သည်နှင့်အမျှ မူးနေဟန်တူသော ရမ်းကားသူကို သူ့အဖော်က ဆွဲ ခေါ်နေသွားခဲ့တာကြောင့် အဲသည်လူကိုပါ ကျေးဇူးတင်မိပြန်၏။

"ဘာဖြစ်တာလဲ စိမ်း . . ခြံဝမှာ"

"အလကားပါ အန်တီရယ် . . ကြည့်ရတာ အမူးသမားနဲ့ တူပါတယ် . . ရန်ကုန်မှာ ဒီလိုလူတွေ အများကြီးပဲ"

"အစကတော့ ဒါမျိုးမြင်ရင် ရင်တုန်လိုက်တာ . . အခုတော့ ဘာမှ မဖြစ်သလိုပဲ စိမ့်"

"အန်တီ ကျန်းမာရေးကောင်းလာပါပြီ"

"အင်း . . အိမ်ကိုနိုင်နဲ့ ကောင်မလေးတွေနဲ့ချည်း ပစ်ထား လို့ စိတ်မချရဘူး စိမ့်ရဲ့ . . ခြံစောင့်တစ်ယောက်လောက်ရှာမှပဲ . . . အရမ်းရေရှည်ကို . . . . . . . . . ဘာဘူး

www.burmeseclassic.com

www.burmeseclassic.com



ညာဘူးဆိုတာနဲ့ လွှတ်ထားလိုက်တာ…အခုတော့ ကြည့်ပါဦး…ခြံထဲ ဝင်ရမ်းမဲ့အတိုင်းပဲ"

အင်း…ဒေါ်မြင့်ကြူ သွေးမတိုးပဲ မိမိ သွေးတိုးရလျှင် အခက် ပါပဲဟု စိမ်းက တွေးမိပါသည်။

ဒေါ်မြင့်ကြူသည် စနေနှင့်တွေ့သည်။

သူမ၏ အိပ်ခန်းထဲမှာပင် စနေကို ခေါ်တွေ့ပြီး စိမ်းကိုတော့ အနားမှာမနေစေပါ။

သူမက စနေကပေးပို့ခဲ့သော တိတ်ခွေကို ပြသ၍ စနေ၏ ဖွင့်ဟချက်များကို မိမိသိနေကြောင်းနှင့် စနေအတွက် စိတ်မကောင်း မိကြောင်းပြော၏။

"မိဘဆိုတာ သားသမီးရဲ့ အရိပ်အခြည်ကိုပဲ ကြည့်နေရ တာပဲ သား…သားက အမှန်အတိုင်းပြောတော့လည်း မေမေရော မေမေရော စိုးသာတယ်…သား စိတ်သိမ်းငယ်မဆုံးသေးဘူး။ နင်း မြို့ငယ်ဆိုတဲ့ ကလေးမကို သားရှာတွေ့ခဲ့ရဲ့လား"

စနေမှာ ငေးတော မိခင်မျက်နှာကို ကြည့်နေ၏။ ဒေါ်မြင့်ကြူ က သူ့သားအကြောင်းကို သိလိုစောနှင့် မြဲကြည့်နေပါသည်။

စနေမှာ [illegible]



ကို နားလည်လာသည်။ သူ့ဘဝတွင် အကောင်အထည်မဖော်နိုင်သော မရလောကမှ ဝိညာဉ်နှင့် နေလိုသည့်တိုင်အောင် နေလို့မရသည့်အဖြစ် ကို မိဘများအား ပေးသိစေချင်သည်။

"နှင်းဖြူဟာ သားတို့ လူ့လောကက မဟုတ်ပါဘူး၊ ပရ လောကထဲက ဝိညာဉ်တစ်ခုပါ၊ သူဟာ တစ်ချိန်က အင်္ဂလိပ်တွေကို အမုန်းနဲ့ တိုက်ထုတ်လိုစိတ်ပြင်းပြခဲ့ရာက သေဆုံးသွားရလို့ အယူလွဲ ပြီး ဝိညာဉ်လောကထဲက မကျွတ်နိုင်တဲ့သူပါ…သူ အခု သားတို့နား မှာရှိပါတယ်…ရှိတယ်ဆိုပေမဲ့ အိမ်ထဲမှာမဟုတ်ပါဘူး…အိမ်ပြင်မှာ ပါ"

"မေမေ ရိပ်မိပါတယ် သားရယ်…သား အိပ်တဲ့အခါတိုင်း နှင်းဖြူမှာမည် ခေါ်နေတာရယ်…တခြားစကားတွေ ကယောင်ကတမ်း ပြောနေတာရယ်…အဲဒီကတည်းက သားဟာ မမြင်ရတဲ့ဝိညာဉ်တစ်ခု ကို စွဲမှုလန်းလန်းဖြစ်နေပြီဆိုတာ မေမေ သိပါတယ်"

"သား သူ့ကို သိပ်ချစ်တယ် မေမေ၊ သူဟာ လူ့လောက ထဲက ဆုံးပါးသွားတဲ့ လှိုင်းလုံးနဲ့လည်း တူတယ်၊ သား ရွှေညောင်ကို ရောက်ပြီး မေမေနဲ့ မေမေ့ဆီကို သားအကြောင်းတွေသိရအောင် အသံ သွင်းအားတဲ့ကက်ဆက်ခွေပို့လိုက်တယ်…ဒါပဲ"

www.burmeseclassic.com



ကက်ခက်ခွေကို ဆောင်ပြသည်။

"ပြီးတော့...အား သူနေတဲ့ ဆင်မြီးဆွဲရွာကို သွားရှာတယ်၊ မတွေ့ရပါဘူး မေမေရယ်...သားမှာ အန္တရာယ်တွေနဲ့ ရင်ဆိုင်ပြီးမှ ဂမ္ဘီရဆရာကြီး ဦးဒင်္ဂါးနဲ့သွားတွေ့တယ်၊ ဦးဒင်္ဂါးဆိုတာက နှင်းဖြူတို့ရဲ့ ရတနာသိုက်ကို လိုက်ရှာနေတဲ့လူကြီးပါ...နှင်းဖြူတို့ရဲ့ ရတနာသိုက်ဆိုတာ သီပေါမင်းပါတော်မူတုန်းက နှင်းဖြူတို့မိသားစုဟာ အင်္ဂလိပ်အစိုးရကို ပုန်ကန်တော်လှန်တော့ ဒီအင်္ဂလိပ်ကို ပုန်ကန်နိုင်ဖို့ စုဆောင်းထားတဲ့ ရတနာတွေပါပဲ၊ နှင်းဖြူတို့ကို အင်္ဂလိပ်တွေက ဂူတစ်ဂူထဲမှာ ပိတ်မိထားပြီး ဝိုင်းထားတော့ အဲဒီဂူထဲမှာ ရတနာတွေကို မြှုပ်ထားခဲ့တယ်၊ နှင်းဖြူတို့လည်း အစာငတ်ရေငတ်နဲ့သေရင်း စိတ်စွဲလန်းရာက တမလွန်မှာဆိုးတဲ့ဘဝကို ရောက်သွားကြတာပဲ၊ ဒါကို ပေပရပိုက်တွေထဲမှာ ရေးထားခဲ့လို့ ဦးဒင်္ဂါးက ဖတ်မိတာကြောင့် သားကို ပြန်ပြောနိုင်တာပါ"

(ယင်းဇာတ်လမ်း၏ဖြစ်စဉ်ကို စာရေးသူက တမလွန်ဆိုးမလေး "အမည်ဖြင့် ရေးသားခဲ့ပြီးဖြစ်ပါသည်။)

သူက ဦးဒင်္ဂါးနှင့် ပဋိပက္ခတွေဖြစ်ကြပုံ၊ နှင်းဖြူကို ချုပ်နှောင်ထားပုံ၊ စနေက နှင်းဖြူကို ကယ်တင်ရန်ကြိုးစားရာမှ နောက်





ဆုံး ဦးဒင်္ဂါး အသိအမြင်ရကာ လက်လျှော့သွားပြီး မိမိအား ဂမ္ဘီရ ပညာဖြင့် နှင်းဖြူဝိညာဉ်ကို ပေးအပ်ခဲ့ပုံတွေကို ပြောပြခဲ့သည်။

"အမယ်လေး သားရယ်...မင်းပြောတာတွေဟာ မသိရင် ...တ်ကူးယဉ်ပြောတယ်ထင်ရမယ်...အင်း...မေမေ့မှာ ခွေးတိုးနဲ့ နှလုံး ...က်သာလို့သည်စကားတွေ နားထောင်နိုင်တာ...လောကကြီးမှာ ...င်းဖြစ်ပုံက တကယ့်မယုံစရာပဲ...အသည်းထိတ်စရာကြီးပါပဲလား.. ...င်း အခု ဒီဝိညာဉ်ကို မင်းနဲ့ ခေါ်လာတာလား"

"သူပါလာတယ်...ဂဝံရုပ်ထုကလေးထဲမှာ ဝိညာဉ်ပါလာ ...တယ်၊ အဲဒီဝိညာဉ်ကို သားတစ်ယောက်တည်းပဲမြင်ရတယ်၊ ဘယ် ...သူမှ မမြင်ရဘူး၊ အိမ်ထဲကို သူ ဝင်လို့မရဘူး၊ ဆိုင်ရာမိုင်ရာတွေက ...အိမ်ထဲဝင်လို့မရအောင် တားဆီးနေတယ်တဲ့...သူဟာ နာနာဘာဝ ...ဖြစ်နေလို့ လူတွေကြားထဲမှာ နေလို့မရဘူးလို့လည်း ပြောတယ်၊ ဒါ ...ကြောင့် သားက သူ့ဝိညာဉ်ကို ခြံထဲမှာပဲထားလိုက်တယ်"

သူ့အဖြစ်ကို မယုံသူတွေက ကလေးကလားဇာတ်လမ်းတစ် ...ရယ်လို့ ပြောကြပါလိမ့်မည်။

ဤလောကတွင် ဝိညာဉ်နှင့်ပတ်သက်သော ဆန်းကြယ်ဖြစ် ...တွေ အများကြီးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ ယုံပါသည်။

ဝိညာဉ်ဟာ **နာနာဘာဝပဲလို့** မေမေက တစ်ထစ်ချမှတ်ထား သည်။ **စနေကတော့ ဝိညာဉ်ဟာ** ဝိညာဉ်ပါပဲဟု တရားသေစွဲမှတ် **ယူထားသည်။**

ဒေါ်မြင့်ကြူ စိတ်မကောင်းပါ။

သားအတွက်ရော သူမတို့အတွက်ပါ ကြောက်မိ၏။ ဒါပေမဲ့ စနေက ဝိညာဉ်ကို ခေါ်လာခဲ့သော်လည်း ယနေ့အထိ မိမိတို့မှာ အိမ်တွင် အချောက်အလှန့် မခံရသေးပါ။

"**သားကိုကော** သူကချစ်သလား"

"**ချစ်တယ် မေမေ**"

"**ဒါဆို မင်းတို့** ဘယ်လိုလုပ်ကြမှာလဲ…လူသားနဲ့ **နာနာ ဘာဝ…ဆဲ…လူသားနဲ့** ဝိညာဉ်ပေါင်းသင်းလို့မှမရတာ"

"**ဒါကြောင့်ပေါ့** မေမေရာ…သားမှာ သူ့ကို ချစ်မိတာ ကြောင့် စိတ်ဆင်းရဲနေရတာ"

"သားက ရွှန်းလဲ့ကို သိပ်ချစ်ခဲ့တာကိုး…နှင်းဖြူမှာ ရွှန်းလဲ့ နဲ့မှာရှိ သားက ချစ်ခဲ့တာမဟုတ်လား"

"ဟုတ်တယ်…သား သူ့ကိုချစ်နေရတာ ရွှန်းလဲ့ကို ချစ်





နေရတဲ့အတိုင်းပဲ…သူက တစ်ခါတစ်ခါ ကိုယ်ယောင်ပြပါတယ်… ဒါပေမဲ့ သူ့အပြောက သူ့ရုပ်ပိုင်းဆိုင်ရာကို ကြာကြာပြလို့မရဘူး တဲ့"

မေမေက သက်ပြင်းချလိုက်၏။

"မေမေ ဘာလို့သက်ပြင်းချတာလဲ"

"ဩော်…သားတို့နှစ်ဦး ဘဝချင်းခြားနေတာ တစ်သက် ဒီလိုနေသွားလို့ ရပါ့မလားဆိုတဲ့အတွေးနဲ့ သက်ပြင်းချမိတာပါ"

"သား ဘာလုပ်ရင်ကောင်းမလဲ"

စနေက အကြံတောင်းလာသည်။ မိခင်ကို အားကိုးသော မျက်နှာနှင့်လည်း ကြည့်မိသည်။

ဒေါ်မြင့်ကြူ ခဏမျှ ဟန်လုပ်ကာတွေးနေ၏။ ပြီးမှ….

"သား သူ့ကို မစွန့်နိုင်ဘူးပေါ့"

"ဟုတ်"

"ရွှန်းလဲ့နဲ့တူတာကြောင့်လား"

"ဟုတ်"

"သားတို့ ပေါင်းစပ်ကြတာ ချစ်ကြတာ အိပ်မက်ထဲမှာပဲ ပေါ့…သား ဝိညာဉ်နဲ့ သူ့ဝိညာဉ်တွေ့ဆုံကြတယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"အင်း…မေမေတော့ မကြုံတတ်ဘူး…မေမေ့မှာတော့ ဆရာတစ်ယောက်ရှိတယ်၊ စောစောက သားပြောတဲ့ ဦးဒဂုံးဆိုတဲ့ ဆရာတော်တာကိုတော့ မေမေ မမြင်ဖူးဘူး၊ ဒီဆရာတော်တာတော့ မေမေ မြင်ဖူးတယ်၊ သူဟာ စွဲကပ်နေတဲ့အစွဲကိုလည်း ခွာပေးနိုင်တယ်၊ ပူးကပ်အောင်လည်း လုပ်ပေးနိုင်တဲ့ ဂမ္ဘီရဆရာတစ်ယောက်ပဲ၊ သူ့ကို မေမေနဲ့ သား သွားတွေ့ပြီး အကြံဉာဏ်တောင်းရင် ကောင်းမယ်ထင်ပါရဲ့"

"ဟာ…သား မသွားချင်ဘူး…ရှက်တယ်"

"အလို…သားက ဘာကိုများရှက်နေရတာလဲ"

"လူက မမြင်မထိနိုင်တဲ့ ဝိညာဉ်ကိုမှ ကြိုက်နေတယ် ချစ်နေတယ်ဆိုတာ လူသိတော့ ရှက်စရာကြီးပေါ့ မေမေရာ"

"ဘာရှက်ဖို့လိုလဲ…အဲဒီဆရာမှာ မင်းလိုအဖြစ်တွေမဟုတ်တောင် ပူးကပ်တာတို့၊ နှောင့်ယှက်တာတို့ ခဏခဏ လာတာတွေကို သူကပဲ လုပ်ပေးနေရတာ…သူ့အတွက် ရိုးတောင်နေပြီ…ဒါ့ထိ မင်းက ဝိညာဉ်မှန်းသိလျက်နဲ့ ဘာလို့ချစ်ရတာလဲ"

"ရှုန်းလှဲနဲ့တူလို့ပါပြောနေ"





"မင်းတို့ချင်းနေနိုင်အောင် ဆရာနဲ့ ဆွေးနွေးအကြံတောင်းကြည့်မယ်လေ…အဲဒီဆရာက စွမ်းပါတယ်၊ သူ အကြံဉာဏ်ပေးနိုင်မယ်ထင်တာပဲ"

"တကယ်ပေါင်းလို့ရရင် မေမေက သဘောတူမှာလား"

"တူတာပေါ့…မေမေတို့ စီးပွားရေးအတွက် တစ်ကွက်သာလာမှာပေါ့ကွာ"

မေမေ့အပြောက ယုတ္တိရှိသည်။

ဒါကြောင့် စနေက မေမေနှင့် ဆရာ ဦးရာဇာဝင်းဆီသို့ ရောက်သွားတော့သည်။

သူက မေမေ့ဆီမှ ကတိတစ်ခုတောင်းတော့တောင်း၏။

သူ့အဖြစ်တွေကို မေမေမှလွဲ၍ တခြားသူများ၊ အထူးသဖြင့် စိမ့်သဉ္ဇာလဲ့ မသိပါစေနှင့်ဟု ကတိတောင်း၏။

မေမေကလည်း ကတိပေး၏။ စိမ်းကို မသိဟန်ဆောင်နိုင်း၏။

ဒါကြောင့် စိမ်းက မေမေ ပြောသလိုပဲ မသိလိုက် မသိဘာသာ နေလိုက်သည်။

ဦးရာဇာဝင်းက ဂဝံရုပ်တုကို မတောင်းခဲ့ပါ။ စနေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ယူမသွားခဲ့ပါ။ မေမေကလည်း နှင်းဖြူနှင့်ပတ်သက်လို့ ကန့်ကွက်
ပြောဆိုခြင်းမရှိခဲ့ပါ။

ဆရာ ဦးရာဇာဝင်းနှင့် စနေကို မိတ်ဆက်ပေး၍ မေမေက
အကြံဉာဏ်တောင်းဟန်နှင့် စနေ၏အဖြစ်တွေကို ပြောပြသည်။ စနေ
ကလည်း ပြောပြ၏။ ဆရာဦးရာဇာဝင်းက နားထောင်၍ ပြီးဆုံးတော့
မှ စနေကို အကဲခတ်ကာ…

"မင်း ဒီကလေးမကို နှစ်သက်သလား"

"နှစ်သက်ပါတယ် ဆရာ"

"ချစ်သလား"

"ချစ်ပါတယ်ဆရာ"

"ပေါင်းသင်းဖို့ ရည်ရွယ်တယ်ဆိုပါတော့"

"ကျွန်တော်နဲ့ သူနဲ့က လူနဲ့ ဝိညာဉ်ဖြစ်တော့ အတူတကွ
နေထိုင်လို့မရတာကို နေထိုင်ချင်ပါတယ်၊ အခုတော့ အိပ်မက်ထဲမှာပဲ
တွေ့ရတယ်၊ ခြံထဲမှာပဲ စကားပြောရတယ်…လင်မယား…အဲ.."

သူက မေမေ့ကိုကြည့်ပြီး စကားရပ်လိုက်၏။ မိခင်ရှေ့ဆို
တော့ ပြောလို့မသင့်တော်။

"ဆရာ နားလည်ပြီ…မင်းမှာ ဂဝံရုပ်ရှိတယ်ဆိုရင် အဲဒီ





…ရုပ်ကိုယူလာ…ဆရာ ဒီကဆေးနဲ့ စီရင်ပေးမယ်…ဒီဂဝံရုပ်တုဟာ
…င်းလိုချင်တဲ့ လူသားအဖြစ်တော့ ပြောင်းလဲသွားမယ်"

"ဟုတ်ပါ့မလားဆရာ"

"ဂန္ဓာရီပညာတွေမှာ အံ့ဩနက်နဲဖို့ကောင်းတဲ့ပညာတွေ
…များကြီးရှိတယ်၊ သိပ္ပံပညာကောင်းသလို ဝိဇ္ဇာပညာတွေလည်း
…ကောင်းတာပဲ၊ ဒါပေမဲ့ အဲဒီအရုပ်က ဖြစ်လာတဲ့ မိန်းမဟာ လူမိန်းမ
…တော့မဟုတ်ဘူး၊ နာနာရုပ်နဲ့ ဝိညာဉ်ပဲရှိမယ်…လူတွေလို ဓာတ်ကြီး
…လေးပါး ဖွဲ့စည်းထားတဲ့ ကိုယ်မဖြစ်နိုင်ဘူး…သူ့ကို မင်းတစ်ယောက်
…ပဲ ကိုင်တွယ်လို့ရမယ်၊ တခြားလူ ကိုင်တွယ်လို့မရဘူး"

"စနေ သိပ်မယုံချင်လှပေ။

သို့သော်…နှင်းဖြူအပေါ် ချစ်ဇောတွေက များနေလေတော့

"နှင်းဖြူသာ တကယ်လူဖြစ်လာရင်တော့ ဆရာ့ကျေးဇူး
ကျွန်တော်တစ်သက်မမေ့ဘူး…ဆရာ့ကို ကျေးဇူးဆပ်ပါ့မယ်"

"အေး…တကယ်ဖြစ်လာရင် မင်းဘုရားတစ်ဆူတည်ရမယ်၊
အဲဒီကလေးမကိုလည်း ရတနာသုံးပါးကိုးကွယ်ခိုင်းရမယ်…အဲဒီကတိ
ကို မင်းပေးနိုင်မလား"

"ဖြစ်လာမယ်ဆိုရင် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မတင်မကျတော့မပြောနဲ့...ငါဖြစ်အောင်လုပ်ပေးမယ်"

"ဒါဆို...ဆရာတောင်းတဲ့ကတိတွေကို ကျွန်တော် ရဲရဲကြီးပေးပါတယ်ဆရာ"

"ကောင်းပြီ...မင်းလုပ်ရမယ့်အလုပ်တွေရှိတယ်၊ မင်းဆီက သွေးတစ်စက် ဒါမှမဟုတ် သုံးစက်ယူပြီး ဂဝံရုပ်ကိုဖြန်းရမယ်၊ ပြီးတော့ မင်းရဲ့ပေါင်တွင်းသားကိုလှီးယူပြီး ဂဝံရုပ်ကိုပတ်ရမယ်၊ အဲဒါတွေ မင်းခံနိုင်မလား"

တကယ်တော့ ဆရာရာဇာဝင်းက စနေကို စွပ်လေဖျန်းနေခြင်းသာဖြစ်သည်။ သူလည်း ဘာလုပ်ရမှာမသိ။ စနေ ယုံအောင်ပြောပြနေခြင်းဖြစ်သည်။

"ဒါလေးများဆရာရယ်..ရပါတယ်၊ အချစ်အတွက် အသားတောင်ပေးရဲတာ အသားနဲ့သွေးပေးရတာ ဘာခက်တာလိုက်လို့...ခုယူမလား"

အချစ်စိတ်မွန်နေသော စနေက ဖွတ်သမားပီပီ ရှေ့နောက်မချိန်ဆတော့။

"မင်းသတ္တိရှိတာတော့ ချီးမွမ်းပါတယ်ကွာ...ဒါပေမဲ့ ဒီလို



လုပ်လို့မရဘူး၊ နာနာရုပ်ပိုင်း စီရင်တယ်ဆိုတာ လိပ်ပြာသန့်မှ ခန္ဓာသန့်မှကွ၊ ဒီတော့ မင်း ခုနစ်ရက်သက်သတ်လွတ်စားရမယ်...ဂုဏ်တော်ပုတီးကို နေ့တိုင်း မနက်ကိုးခေါက် ညကိုးခေါက် စိပ်ရမယ်...နေ့တိုင်း ရတနာသုံးပါးကို ကန်တော့ရမယ်...မနက်တစ်ခေါက် ညတစ်ခေါက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ရမယ်"

"ကျွန်တော် ရက်မိပါတယ် ဆရာ"

"ဘာကိုလဲ"

"ဆရာ ပြောတဲ့ ဂုဏ်တော်ကိုးပါးပုတီးစိပ်နည်းနဲ့ ဟိုဗုဒ္ဓံ သရဏံဆိုတာ မရဘူး"

"မင်းကြည့်ရတာ ငယ်ငယ်ကလေးနဲ့ ဘုရားမရှိခိုးဘူးထင်တယ်...ဘာသာရေးဆိုတာ ငယ်စဉ်ကစပြီးလုပ်လာခဲ့ရတာ"

"ဆရာရေ...ပြောရရင်တော့ သူရော သူ့အဖေရော အတူတူပဲ...အဖေက ငွေရဖို့ပဲသိတယ်...သားက သူလုပ်ချင်ရာလုပ်ဖို့ပဲ သိတယ်"

ဒေါ်မြင့်ကြူက သူ့သားအတွက် ရှက်မိသဖြင့် အရှက်ပြေဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး…ငယ်ငယ်ကတည်းက မလုပ်လည်း အခုလုပ်ပေါ့ ကွာ…မင်းက မင်းချစ်သူနဲ့ ပေါင်းချင်ပြီကိုး…ဒါတွေလုပ်နိုင်မလား"

စနေ ခဏစဉ်းစားနေသည်။ ပြီးမှ ဆုံးဖြတ်လိုက်ဟန်နှင့်

"လုပ်မယ် ဆရာ"

"မင်းအမေက မင်းကိုသင်ပေးလိမ့်မယ်…မမြင့်ကြူ ဂုဏ်တော်ပုတီးစိပ်နည်းနဲ့ သရဏဂုံသုံးပါးကိုတော့ သင်ပေးလိုက်ပါ"

အင်း…ဘုရားလွတ်တရားလွတ်သူငယ်ပဲ။

သည်ခေတ်လူငယ်တွေမှာ အတော်များများ သည်ဘာသာရေးကို စိတ်ဝင်စားရမှာထက် အပျော်အပါးမှာ ခုံမင်စိတ်ဝင်စားနေကြတာပဲဟု ဆရာ ရာဇာဝင်းက တွေးသည်။

"မင်း အဲဒါတွေလုပ်လာရင် မင်းလိပ်ပြာသန့်မယ်၊ မင်းကိုယ်လည်း သန့်သွားမယ်၊ အဲဒီမှာ မင်းရဲ့သွေးနဲ့ အသားဟာ သန့်နေပြီ၊ မနက်ဖြန်ကစပြီး အဓိဋ္ဌာန်ယူရမယ်၊ မနက်ဖြန်ကစပြီး ခုနစ်ရက်လုပ်၊ ခုနစ်ရက်စေ့ရင် ငါ့ဆီပြန်လာခဲ့"

သူပြောသလို စနေ လုပ်ခဲ့ပါသည်။

လွယ်တော့မလွယ်ပါ။ အတော့်ကိုလုပ်ယူရသည်။ စလုပ်သည့်စကျင့်သည့်နေ့က စိတ်ညစ်လိုက်ရသည့်ဖြစ်ခြင်း။ စိတ်ပုတီးနှင့်



အရဟံဂုဏ်တော်ကို နှလုံးသွင်းပြီး စိပ်ရတာ စိတ်ကမငြိမ်။

ဒုတိယနေ့မှာ နည်းနည်းငြိမ်သွား၏။

တတိယနေ့မှာ သူ့စိတ်တွေက ယမန်နေ့တွေနှင့်စာလျှင် များစွာထိန်းလာနိုင်ခဲ့ချေပြီ။ သူ့ကိုသင်ပြပေးသူက မေမေ။

သည်ကြားထဲ နှင်းဖြူကို အိပ်မက်ထဲရှာသည်။ မတွေ့ပါ။ ခြံထဲမှာ စကားပြောကြည့်၏။ နှင်းဖြူ၏အသံကိုမကြားရ။

ငါးရက်မြောက်နေ့တွင် သူကုမ္ပဏီမှာ အလုပ်လုပ်ရင်း အနည်းငယ် ပင်ပန်းသဖြင့် ငိုက်သွား၏။

အဲသည်အချိန် နှင်းဖြူ အခန်းထဲဝင်လာသည်။

သူလန့်သွား၏။

နှင်းဖြူ၏မျက်နှာသည် ဒေါသရောင်ထနေသည်။

"အစ်ကို…ရှင်ကြီး ဘာစာလုပ်နေသဟာလဲ…အကျွန့်ပ်နဲ့ ကွဲအောင်လုပ်နေသဟာလား"

သူပြောသောစကားတွေမှာ ဒေါသရောင်သန်းသောစကားတွေဖြစ်သည်။ သူ့ကိုကြည့်ကာ စနေထွန်း ထိတ်လန့်သွားတော့၏။

နှင်းဖြူ မျက်နှာမှာ ရွှန်းလဲ့မျက်နှာမဟုတ်တော့ပါ။

ငယ်ရွယ်ချောမောသည့် ရုပ်သွင်အစား မည်းချိတ်ကာ မျက်

www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးတွေဟောက်ပက်၊ နှာခေါင်းကအထဲဝင်နေလျက် ဆံဖြူသွား ကျိုးနေသည့် ကြောက်စရာရုပ်အသွင်သာရှိ၏။

"ဟင်…မင်းဘယ်သူလဲ"

"အလိုတော်…ကျုပ် နှင်းဖြူဟာ နှင်းဖြူပေါ့"

"မဟုတ်ဘူး…မဟုတ်ဘူး…မင်းသရဲမပဲ…သွား… သွား"

သူ စိတ်ဆိုးမာန်ဆိုးနှင့်ထုတ်လိုက်စဉ် အဘွားကြီးအို ဖြစ်နေသော နှင်းဖြူ ဒေါသတကြီး ပြန်ထွက်သွားသည်။

ဆတ်ခနဲ သူ လန့်နိုးသွားသည်။

အိပ်မက်…။

ဒါပေမဲ့ နှင်းဖြူ တကယ်လာသွားလေသလား။

သည်စဉ် သူ့အခန်းပြင်မှ အသံတွေကြားရ၏။ အနံ့တစ်ခုကို လည်း ရှူမိ၏။ ပုတ်စော်နံလိုက်တာ။

သူ ရုံးခန်းပြင်သို့ထွက်ကြည့်၏။

ရုံးခန်းပြင်မှာလည်း နံနေလိုက်တာ။

"ဟာ…နံတယ်…ဘယ်ကအပုပ်နံ့ကြီးလဲ"

"ဟုတ်ပါရဲ့ နံလိုက်တာ"



"ရှုတ်တရက် နံလာတာကြီး…ဘာကြီးလဲ"

တစ်ယောက်တစ်ခွန်းပြောနေသံတွေ။

ဆွေဇင်ထွန်းမှာလည်း နှာခေါင်းကို လက်ကိုင်ပဝါနှင့်ဖိတ် ရင်းက…

"နံလိုက်တာ ဆရာရယ်…အပုပ်နံ့ကြီးက အလုပ်ခန်းထဲက ကျွန်မစားပွဲရှေ့ကိုဖြတ်သွားတာ"

မျက်နှာကလေးက အထိတ်တလန့်။

ထိုဆိုးဝါးသောအပုပ်နံ့ကို စနေထွန်းက ရှူရှိုက်ခံစားရင်းက သူ စိပ်ပုတီးစိပ်ခဲ့တာတွေ ပြန်သတိရမိ၏။

အရဟံဂုဏ်တော်ကို တွေးမိ၏။ သူ၏ကြိုးစားလေ့ကျက်မှု ကြောင့် အရဟံဂုဏ်တော်ကို အလွတ်ရနေခဲ့ချေပြီ။ ဂုဏ်တော်၏ အနက်ကိုလည်း သူသိသည်။

သူက ခေါင်းကိုခါပြသည်။

အပုပ်နံ့က တစ်စတစ်စ လျော့သွားသည်။

လူတွေ၏ ပါးစပ်ထဲမှာတော့ "ထူးဆန်းလိုက်တာ ထူးဆန်း လိုက်တာ" ဟု ပြောကြသည်။

အပုပ်နံ့ရခဲ့ပြီမို့ နှင်းဖြူလာခဲ့ကြောင်း သိလိုက်ခဲ့သည်။ နှင်းဖြူ

www.burmeseclassic.com

www.burmeseclassic.com



သည်အပုပ်ကို ပေးသော မကောင်းဆိုးဝါးမပါလား။

သူ့ကို တိမ်းညွှတ်ခဲ့သော မိမိမှာ ထိုအပုပ်နံ့ကိုပဲ သင်းထုံသောအနံ့ဟု ထင်ခဲ့၏။

ယခုတော့ အပုပ်နံ့၏ နဂိုရ်အော်ရီဂျင်နယ်မူလအနံ့။ အတုအ်ပမရှိသောအနံ့ကို ရခဲ့ချေပြီ။

ပထမဆုံးအကြိမ် နှင်းဖြူကို စိတ်ကုန်သွား၏။

အဲသည် ညမှာပဲ သူ့ဝိညာဉ်က နှင်းဖြူ ဝိညာဉ်နှင့် သွားဆုံသည်။ နှင်းဖြူသည် နှင်းဖြူအသွင်မရှိတော့ပဲ ကြောက်စရာ သွားကျဲကျဲ၊ နှာခေါင်းရှို၊ ဆံဖြူတွေနှင့် အဘွားကြီးအသွင်အစစ်ကို တွေ့ခဲ့ရ၏။

အိပ်မက်ထဲမှာပဲ သူ လန့်အော်မိ၏။

မေမေနှင့် စိမ်းရယ်၊ အိမ်ဖော်မလေးတွေရောက်လာ၏။

"သား ကြောက်နေတယ် မေမေ…မမေ့အခန်းထဲမှာပဲ သားလိုက်အိပ်ပါရစေ"

မပြောစဖူး ပြောသော စနေ၏စကား။

ဒေါ်မြင့်ကြူ အံ့အားသင့်ရသည်။ ထိတ်လန့်သွားရသည်။ သူ့မ အခန်းထဲတွင် ခုတင်နှလုံးထားသည်။



စိမ်းခုတင်နှင့် မေမေ့ခုတင်။

သည်ညတွင် စနေက မေမေ့အခန်းထဲတွင် ဒရင်း(မ်)ဘက်ပေါ်မှာ လိုက်အိပ်သည်။

မေမေကလည်း စနေကြောက်သည်ဆိုတော့ သူမပါ ကြောက်သဖြင့် ပရိတ်ကြီး ဆယ့်တစ်သုတ်ပါသော သဲကုန်းဆရာတော်၏ တိပ်ခွေကို ဖွင့်ပေးထားလိုက်သည်။

စိုးရိမ်တယ် သားရယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## စာတ်လမ်းစဉ် (၁၁)

စနေက ညက သူတွေ့ကြုံရချက် မနေ့က ကုမ္ပဏီမှာ အိပ်မက်အဖြစ်တွေ့ကြုံရချက်တွေကို မေမေ့အား ပြောပြ၏။

ပြီးတော့ ထူးထူးဆန်းဆန်း စကားလည်းဆိုလိုက်ချေ၏။

"သား တစ်သက် မကြောက်တတ်ပါဘူး၊ ဒါပေမဲ့ ဒီတစ်ခါ ကြုံရတာ သား ကြောက်လာပြီ…နှင်းဖြူဟာ နှင်းဖြူမှမဟုတ်ဘဲ…သရဲမကြီးပဲ…သား သူနဲ့ ထပ်မတွေ့ချင်တော့ဘူး"

ဒေါ်မြင့်ကြူမှာ အံ့သြငေးမောနေသည်။





သူ့သားသည် အစစ်အမှန်ကို တွေ့စပြုလာပြီဟုယုံကြည်မိသည်။

"သားပြောတဲ့ ဝိညာဉ်ရှင် နှင်းဖြူဟာ မကောင်းတဲ့ဘုံကပဲ၊ ဒီတော့ အခု သားက ဘုရားတရားလုပ်လာတော့ မကောင်းတဲ့ဘုံက ဘစ္ဆေသရဲကို သားက အမှန်အတိုင်းတွေ့ရပြီပေါ့…သား ယူမယ်ဆိုရင်တော့ ယူလေ"

"သူဟာ ရွှန်းလဲ့မှမဟုတ်ပဲမေမေရယ်…အိုကြီးရွတ်တွ အရုပ်ဆိုးကြောက်စရာကောင်းတဲ့အဘွားကြီးတစ်ယောက်ကို သား ဘယ်လိုလုပ်ယူရမှာလဲ"

ဒေါ်မြင့်ကြူ ကျိတ်ဝမ်းသာသွားသည်။

စနေ ကုမ္ပဏီသို့အဆင်းတွင် သူမက ဦးရာဇာဝင်းနှင့်သွားတွေ့ပြီး အဖြစ်အပျက်တွေကို ပြောပြသည်။

"လူတွေမှာ ရတနာသုံးပါးဆည်းကပ်ကိုးကွယ်မှုရှိရတယ်ဗျ၊ ဒီရတနာသုံးပါးဟာ လူ့လောကရဲ့ အထွဋ်အထိပ်အမြတ်ဆုံးပဲ…နေထွန်းက ဒီရတနာသုံးပါးကို မေ့ထားကောင်းမေ့ထားမယ်၊ မယုံကြည်ဖြစ်ချင်လည်းဖြစ်မယ်၊ ရတနာသုံးပါးမရှိတော့ ဘာသာမရှိသလိုဖြစ်ပြီး နေချင်သလိုနေမယ်၊ လုပ်ချင်သလိုလုပ်မယ်၊ ဒီတော့ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုအကုသိုလ်ဆိုတာ သူ့ဆီဝင်ပြီပေါ့၊ သူ့အလိုဆန္ဒမပြည့်ဘူး၊ ဆိုးကျိုး တွေတွေ့မယ်"

"ဟုတ်ပါတယ် ဆရာ…သူ ဒုရဲအုပ်တစ်ယောက်ဖြစ်စဉ်က တရားခံတစ်ယောက်ကို သတ်ခဲ့မိတာ ကံကောင်းလို့ ထောင်မကျတယ်၊ အဲဒီက ထွက်လိုက်ရတယ်၊ ပြီးတော့ သူ အင်မတန်ချစ်တဲ့ သူ့ရည်းစား ရှန်းလဲ့ဆိုတာ သူနဲ့ မော်တော်ဆိုင်ကယ်စီးရင် သေသွားတယ်၊ နောက် အဲဒီသရဲမနဲ့တွေ့တာပဲ"

"ရတနာသုံးပါးမရှိတော့ သူ့ကို နာနာဘာဝတွေက လှည့် စားနိုင်တာပေါ့…အမှန်ကို မမြင်ဘူး၊ မရှိကိုအရှိထင်တယ်၊ မဟုတ် တာကို ဟုတ်တယ်လို့ထင်မယ်၊ သူ့စိတ်တွေက သမာဓိမရှိတော့ ကပြောင်းကပြန်တွေဖြစ်မယ်၊ ကြာရင် ဒီဝိညာဉ်ကို စိတ်စွဲလန်းတာ ကြောင့် ငရဲပန်းကို ရွှေပန်းထင်လို့ ရူးရင်ရူး မရူးရင်သေဖို့ကိန်းပဲ"

"အမယ်လေး ဆရာရယ်၊ ဆရာ့စကားကြားရတာ ရင်တ... လိုက်တာ…ကျွန်မက နှလုံးရှိတော့ သိပ်မပြောပါနဲ့ဆရာရယ်…နှ... ပြန်ထနေပါဦးမယ်…ဘုရား…ဘုရား…သားကလေး နှံ့ထဲနစ်နေ... ပေါ့"

"အခု သူဘာပြောသလဲ"





"သူ့အာရုံထဲမှာ နှင်းဖြူကို လှလှပပမမြင်တော့ဘဲ အိုမင်း ရှုတ်တွနေတဲ့အဘွားကြီးအသွင်ပဲမြင်နေတယ်…မယူနိုင်ဘူးတဲ့"

"အင်း…ကျုပ်က ဒီအဖြစ်မျိုး မြင်လာနိုင်အောင် ရတနာ သုံးပါးဆက်ကိုင်းညွှတ်ပေးလိုက်တာပဲ၊ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်လာတော့ ငရဲပန်းကို ငရဲပန်း၊ လွှသွားကို ရွှေမျှင်ငွေမျှင် ကြိုးမမြင်ပဲ လွှသွားလို့မြင်လာပြီပေါ့…ဒါဆိုကောင်းပါတယ်…အဲဒါ ကိုပဲ ဆက်လုပ်ခိုင်းသွား…တတ်နိုင်ရန် မိန်းမပေးစားပစ်လိုက်ပေါ့"

"တစ်ခါက သူနဲ့ စေ့စပ်ပေးဖူးတဲ့ သိမ့်ဘရဏီဆိုတဲ့ မိန်း ကလေးတစ်ယောက်တော့ရှိတယ်၊ သူက မလိုချင်ပါဘူးဆိုလို့ အဲဒီ မိန်းကလေးကို ကျွန်မတို့ လက်လွှတ်လိုက်ရတယ်"

"ဟိုတစ်ခါကပါလာတဲ့မိန်းကလေးလား"

"အဲဒီမိန်းကလေးက ကျွန်မရဲ့ ပရိုက်ဗိတ်နာ့(စ်)ပါ၊ သူ့ နာမည်က စိမ်းသဥ္ဇာလဲ့တဲ့…သူလည်း ကျွန်မသမီးလေးလိုဖြစ်နေ တယ်၊ လိမ္မာပါတယ်…ကျွန်မမှာလည်း သမီးမရှိခဲ့ဘူးမဟုတ်လား"

"အေးလေ…ဒါက ခင်ဗျားတို့ရဲ့ကိစ္စပဲ…ကျွန်တော့်ကိစ္စက စနေကို အစွဲချွတ်ပေးဖို့ပဲ"

"သူ့မှာ အန္တရာယ်များရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သူ့ဇာတာကို မဟာဘုတ်တိုင်ထူကြည့်တော့ ဓနက မင်းသဘော်ပျက်ကိန်းကြုံနေတယ်၊ ဇာတာစန်းလတ်မှာလည်းပဲ စနေနဲ့ အင်္ဂါဝင်နေပြီး သံဒေါင်းစီးနေတော့ အညံ့ဆုံးဖြစ်နေတယ်"

"ယတြာလေး ဘာလေးလုပ်ပေးပါလားဆရာရယ်"

"ကျုပ်ယတြာကတော့ ရတနာသုံးပါးယတြာပဲ…ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့လူတွေဟာ ကောင်းသောလာဘ်လာဘတွေဝင်မယ်၊ စီးပွားဥစ္စာဖြစ်ထွန်းမယ်၊ ဘေးအန္တရာယ်ကင်းမယ်၊ ကျန်းမာချမ်းသာမယ်ပေါ့၊ ရတနာသုံးပါးမလုပ်တဲ့လူတွေအဖို့တော့ အဲဒါနဲ့ ဆန့်ကျင်ဘက်ပဲ၊ စနေထွန်းကိုပဲကြည့်လေ…ရတနာသုံးပါးကို မကိုးကွယ်ရင်မကောင်းတာတွေပဲဖြစ်မှာပဲ"

"ဆရာရယ်…သူ့အတွက် အဆောင်လေးများ"

ဦးရာဇာဝင်း စဉ်းစားပြီး ခမ်းနားသပ္ပာယ်ဖွယ်ရာကောင်းသော ဘုရားရုပ်တုတော်ရှိရာ ဘုရားစင်ပေါ်မှ အပ်ချည်အဖြူကြိုးတွေကို ယူလာကာပေးအပ်သည်။ ပရိတ်တော်နှင့် မွမ်းမံသောပရိတ်ချည်ဖြစ်ကြောင်းနှင့် စနေထွန်းကိုယ်အထက်ပိုင်းတစ်နေရာတွင် ဆောင်ထားဖို့ ပြောသည်။

သူကိုယ်တိုင် ဖော်စပ်ထားသောဆေးမှုန့်အနည်းငယ်ကိုပါ





…း၍ စနေထွန်းသောက်မည့် လက်ဖက်ရည်၊ ကော်ဖီထဲကိုပါ သူ…သိအောင် ထည့်ဖျော်တိုက်ရန်ပြောသည်။

ဒေါ်မြင့်ကြူက ပြန်လာတော့ စိတ်ထဲမှာ ရေရွတ်သည်။

"ကိုမော်ရေ…ရှင်ကတော့သွားချင်ရာသွားနေ… ကျွန်မမှာ…တော့ သားကလေးအတွက် လုပ်ကိုင်ပေးရတာ စိတ်မောလှပြီ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာပဲ ထပ်မံတွေ့ဆုံသည်။

သူ့နားကို အဘွားအိုရွတ်တွကြီးနှင့် နှင်းဖြူ ကပ်လို့မရတာကို ထူးထူးခြားခြားတွေ့ရ၏။

သူ့ကို နှင်းဖြူက တောင်းပန်သည်။

သူနှင့် ရှိရင်းစွဲ ဆင်ပြီးဆွဲရှာကိုလိုက်ဖို့…

သူတို့တွေ့တာ ခြံထဲမှာပဲ။

စနေက နှင်းဖြူကိုကြောက်နေသည်။ သူချစ်ခဲ့သော လှသောချောသော နှင်းဖြူမဟုတ်ပဲ ကြောက်စရာအဘွားအိုကြီးဖြစ်နေတာတွေ့တာကြောင်း နှင်းဖြူ ဆိုသည့် မိန်းကလေးကို ချစ်လို့မရတော့ပါ။





"ရှင်ကြီးက အသစ်တွေ့ထားတော့ ကျုပ် အဟောင်းကို မေ့ထားပြီပေါ့…ဘာဖြစ်ပဲပြောပါလေ့…ကျုပ်ကတောင်ညာစံပါ…ရှင် ကျုပ်ကို မချစ်တော့ဘူးပေါ့"

"နှင်းဖြူ…မင်းထင်တာတွေမပြောနဲ့…ငါက သူ့ကိုမှ ခုနေအိမ်မှာ မင်းကလွဲပြီး မချစ်ရသေးဘူး…ဒါပေမဲ့ ငါ ကွဲကွဲပြားပြား သိလာပြီ…မင်းဟာ ရှုန်းလှဲ့နဲ့တူတဲ့ နှင်းဖြူမှမဟုတ်ပဲ…လူတွေပြောပြောနေတဲ့ နာနာဘာဝဝိညာဉ်ပဲ…မင်း ဒီကထွက်သွားတော့"

"ရက်စက်လိုက်တာတော်…ကောင်းပါသလေ့…ရှင့်ကို ကျုပ်ဘာဖြစ်လုပ်မယ်ဆိုတာ သဟာစောင့်ကြည့်နေပါလေ"

နှင်းဖြူသည် ဒေါသတကြီးနှင့် လေထဲခုန်ပျံသန်းသွား၏။

သူ့ကိုတော့ ဘာမှလုပ်မရပါ။

စနေ လန့်နိုးလာသည်။ အမှောင်ထဲမှာ သူတစ်ယောက်တည်း။ သူကထလိုက်သည်။

အမှောင်ကိုဖြတ်ရမှာကိုပင်ကြောက်နေသည်။ သူ့စိတ်တွင် ယခင်က မကြောက်ဖူးသော စိတ်သည် ယခု ခဏခဏဖြစ်လာ၏။ နှင်းဖြူကိုပဲ ကြောက်နေမိ၏။

သူက ခေါင်းရင်းမှစိပ်ပုတီးကို လိုက်လံစုံစမ်းကာ ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ထဲစိပ်ပုတီးရောက်တာနှင့် အားရှိသွားသည်။ ဘုရားဂုဏ်တော်ကို အာရုံခံစိပ်ရင်းပဲ အိပ်ပျော်သွားသည်။

ကုမ္ပဏီသို့သွားတာတောင် စိတ်ကမပါလှ။

သူ့စိတ်က မလန်းသလို မျက်နှာကလည်းမသာ။

အဖေလုပ်ခဲ့သော အလုပ်တွေကို သူလုပ်နေတာတောင် တချို့အလုပ်တွေကို သူမထိသေး။

ဖုန်းလာ၏။

ခွဲယူနားထောင်လိုက်သည်။

မျက်လုံးတွေကျယ်သွားသည်။ တစ်ဘက်မှ ဖုန်းပြောနေသူမှာ အဖေပဲဖြစ်သည်။

အဖေက သူ့ကို ရေးဦးစွာ အမေ့အကြောင်းမေး၏။ ပြီးတော့ သူက စနေကို တွေ့ရှိရန် ချိန်းဆိုသည်။

သည်ညနေ ငါးနာရီတွင် မိမိနှင့်တွေ့ချင်ကြောင်း၊ မြောက်ဥက္ကလာ (၂) ဈေးအနီးက အိမ်တစ်အိမ်နှင့် ထိုအိမ်ရှိသည့်လမ်းကို အဖေက ပြောပြ၏။

"အဖေ…အဖမ်းခံလိုက်ပါတော့"

"အေး…ငါ မင်းနဲ့တွေ့ပြီး ဒီကိစ္စကို ဆုံးဖြတ်လိုက်မယ်"



စနေက အဖေပြောသောနေရာကို လိပ်စာနှင့်တကွ ရေးမှတ်လိုက်သည်။ တစ်ဘက်မှ ဖုန်းချသွားသည်။

အဖေ မည်သည့်နေရာကဆက်လေသနည်း။

စနေက အဖေနှင့်စကားပြောချိန်မှာ နေ့လယ်တစ်နာရီထိုးအချိန်ဖြစ်၏။

အဲသည်အချိန်၌ စနေ၏အိမ်တွင် စိမ်းက ဒေါ်မြင့်ကြူကို သွေးတိုးတိုင်းကာ ဒေါက်တာအောင်မြင့်က ဒေါ်မြင့်ကြူ၏ ကျန်းမာရေးကို စစ်ဆေးနေချိန်ဖြစ်သည်။

ဒေါ်မြင့်ကြူ၏ ကျန်းမာရေးအခြေအနေပိုမိုကောင်းမွန်လာကြောင်း မှတ်ချက်ပေးခဲ့၏။

ဆရာဝန်ကို စိမ်းက တီးတိုးသံနှင့်…

"အန်တီ့လှုပ်ရှားမှုတွေက ပကတိလူကောင်းလိုပြန်ဖြစ်လာပြီ ဆရာ…စိမ်း အန်တီ့အနားမှာနေဖို့လိုသေးလား"

"အင်း…သူ့ကွန်စတီကျူးရှင်းက (Constitution) ပြန်ရှိအက် (React) ဖြစ်လာပြီဆိုရင်တော့ သူ့ကို လိုမလို ပြောကြည့်ပေါ့…စိမ်း အန်ကယ့်(လ်)ဆီမှာပဲ ပြန်အလုပ်ဆင်းတော့လေ"

ဆရာဝန် ပြန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်း သော်မောင်ထွေးရောက်လာ၏။

"ဟား ..အန်တီကြည့်ရတာ ဖရက် (Fresh) ပါပဲလား၊ ပေါ့ပေါ့ပါးပါး ရွှင်ရွှင်လန်းလန်းပဲနော်"

"ကောင်းပါတယ်... ဒီလိုပဲကောင်းအောင်နေထိုင်ရတာပေါ့ ကွယ်"

သူက စိမ်းနှင့် ဧည့်ခန်းမှာ စကားပြောတော့ စိမ်းကို သော်မောင်ထွေးက...

"ဦးခင်မော်ထွန်းသတင်း ဘာကြားသေးလဲ စိမ်း"

သူက ရင်းရင်းနှီးနှီးပဲ စိမ်းလို့ခေါ်သည်။

"မကြားပါဘူး ကိုမောင်ကကော"

"သူ ရန်ကုန်ထဲမှာတော့ရှိတယ်၊ တောင်ဒဂုံဘက်မှာလိုလို၊ လှိုင်သာယာမှာလိုလို သွားခိုနေသလို သတင်းကြားထားတယ်၊ သူ့ဆီက ဖုန်းမလာဘူးလား"

"ဟင့်အင်း"

"ရှေ့တစ်ပတ်ဆိုရင်တော့ ဝရမ်းထုတ်ရတော့မယ်၊ တရားခံပြေးအဖြစ်ဆိုရင် သိပ်မကောင်းဘူး...သူ့ကို ကျွန်တော်က ချန့်(စ်)





(Chance) ပေးထားတာက သူဟာ လူသတ်ကောင်မဟုတ်ပါဘူးဆိုတဲ့ သံသယစိတ်နဲ့ပေးထားတာ"

"လူသတ်ကောင်အစစ်က ဘယ်သူလဲ"

"အဲဒါကို ကျွန်တော် သူနဲ့တွေ့မှ မေးကြည့်ရင်း သဲလွန်စရှာရမှာ...ခုတော့ သူနဲ့မတွေ့တာနဲ့ သဲလွန်စမပြပ်နေတော့ သူ့ကို ရှာဖမ်းမှဖြစ်တော့မယ်"

"ကိုမောင်တို့လုပ်စရာရှိတာလုပ်ပေါ့"

"ကိုစနေထွန်းကကော"

"သူကတော့ သူ့အဖေအကြောင်း ဘာသိမှာလဲ"

စကားနည်းနည်းပြောပြီး သော်မောင်ထွေး ပြန်သွား၏။ ခေါ်မြင့်ကြူက သူမတို့အနားမှာမရှိပါ။

သော်မော်ထွေး ဘာလာလုပ်တာလဲလို့ သော်မောင်ထွေး ပြန်သွားပြီးမှမေးတော့ စိမ်းက လာလည်တာပါပဲဟု ခပ်ပေါ့ပေါ့ပြော၏။

"ဟုတ်ရဲ့လားစိမ်းရယ်...ရွှေစွန်ညို ဘာကိုလိုလို့ဝဲတယ် မထွေးလိုလို့ဝဲတယ်နဲ့တူတာပဲ"

"အို...အန်တီကလဲ..."



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက မျက်နှာလေးမှာ ရှက်သွေးယောင်သန်းသွားရင်း မကြာမီ မိမိမှာ ဤအိမ်မှ ခွာရတော့မှာပါကလားဟူသောအသိက သူမကို လှုံ့ဆော်လိုက်၏။

စိမ်း ငိုင်သွားသည်။

"စိမ်း…ဘာဖြစ်သွားတာလဲ…အန်တီပြောတာ စိတ်ဆိုးသွားလား"

"မဟုတ်ပါဘူး"

"မသိပါဘူး၊ စိမ်းက ကိုမောင်၊ ဟိုက စိမ်းနဲ့ ခေါ်နေသံ တွေကြားလိုက်ရလို့"

စိမ်း စိုးရိမ်သွားသည်။ ဦးခင်မော်ထွန်းအကြောင်း ဖုံးအုပ်ထားတာများ ပေါ်လေမလားလို့။

"ဘာတွေမျက်နှာပျက်နေတာလဲ စိမ်း"

"အန်တီ…အခု အန်တို့ကျန်းမာရေးကောင်းလာပြီဆိုတော့"

သူက စကားမဆုံးလိုက်ရပါ။

တယ်လီဖုန်းခေါင်းလောင်းလူခေါ်သံက သူမ၏ စကားကို ရှေ့ဆက်ခြင်းမပြုနိုင်အောင်ဖျက်လိုက်၏။

"အန်တီ…ခဏနော်"



သူမသည် သွက်လက်စွာ အခန်းထဲမှထွက်လာ၏။ အိမ်ဖော်မလေးတစ်ယောက်က ဖုန်းကို ကောက်ကိုင်ပြီးနေချေပြီ။

"ဩော်…ဟုတ်ကဲ့ရှင့်…ရှိပါတယ်"

လာနေသော စိမ်းအား ဖုန်းကိုကမ်းပေးရင်း…

"မမနဲ့စကားပြောချင်လို့တဲ့"

သူမက လှမ်းယူပြီး ဖုန်းခွက်ကိုနားတွင်တေ့၍…

"ဟုတ်ကဲ့…စိမ်းသဉ္ဇာလဲ့ပါ"

"မိစိမ်း…ငါပါ"

"ကိုကို ဘာအရေးကြီးလဲ"

"ငါ နင်နဲ့ပြောစရာရှိတယ်…လာပါ"

"ဘာကိုပြောမှာလဲ…ဖုန်းမဆက်နဲ့ လူတွေရိပ်မိကုန်မယ်လို့ ပြောထားတာ"

"ငါအရေးကြီးလို့ဖုန်းဆက်တာ…လာခဲ့"

"ဘယ်ကိုလဲ"

"ဆူးလေဘုရားလမ်း… မီးသတ်ကြီးရှေ့ကကားဂိတ်ကို"

"ဘယ်တော့လဲ"

"အခုပဲ"

www.burmeseclassic.com

www.burmeseclassic.com



""ကိုကိုလုပ်လိုက်ရင် နောက်ကကျားလိုက်တဲ့အတိုင်းပဲ""

""လာမှာသာလာစမ်းပါ""

""အင်း…အင်း…စောင့်နေ""

ဖုန်းကိုချလိုက်သည်။

""ဘယ်သူ့ဆီကလည်း သမီး""

""သမီးအစ်ကိုတစ်ယောက်ဆီကပါ…မေမေ နည်းနည်းနေမကောင်းဖြစ်နေလို့တဲ့ အန်တီ…သမီးလခကို အိမ်ကိုသွားပို့ချင်တယ်၊ အမေ နေမကောင်းတာကိုလည်း ကြည့်ချင်တယ်၊ လိုအပ်ရင် ဆေးလေးဘာလေးပေးရအောင်ပေါ့…ခဏသွားမယ်နော်""

""ရပါတယ် သမီးရယ်…သွားပါ…အိမ်မှာက ကားနှစ်စီးရှိတာ တစ်စီးက ကိုမော်ယူသွားတာ သမီးအသိ၊ ကျန်တစ်စီးက စနေယူသွားတယ်၊ ဒီတော့ အိမ်ကကားနဲ့ လိုက်မပို့နိုင်ဘူး""

""သမီးတက္ကစီနဲ့ပဲဖြစ်ဖြစ် ဘတ်(စ်)နဲ့ပဲဖြစ်ဖြစ် သွားပါ့မယ်၊ ခဏပဲကြာမယ်""

""ရပါတယ် သမီးရယ်""

❖ ❖ ❖



## စာတ်လမ်းစဉ် (၁၂)

""နင့်ဟာက မဟုတ်သေးပါဘူး""

မဟာဗန္ဓုလလမ်းရှိ ကြက်ကြော်ဆိုင်ထဲတွင် သူတို့ဆုံကြသည်။

ပထမချိန်းထားတာ ကားဂိတ်တွင် စိမ်း၏အစ်ကိုက စောင့်နေပြီးမှ စိမ်းလာလျှင် ကြက်ကြော်ဆိုင်သို့ ခေါ်လာသည်။

သူတို့အတွက် ကြက်ကြော်တစ်ပိုင်းနှင့် အချိုရည်ဗူးများ မှာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်တုန်းကတော့ အားကျိုးမာန်တက်လုပ်ကြပြီးမှ အမျှား ရှုံးသွားတာတော့ ငါမလိုချင်ဘူး မိစိမ်း"

"ဟုတ်တယ်…ဖြစ်ဂုဏ်စတော့ သွေးပူကြတာကိုး ကိုကိုရဲ့၊ ဒါပေမဲ့ လက်စားချေတယ်ဆိုတဲ့စနစ်ဟာ ခေတ်ဟောင်းခဲ့ပါပြီ ကိုကို ရယ်"

"အေး…ငါ့စိတ်ထဲမှာတော့ အစ်ကိုကြီး သေရတာဟာ မနေ့က ဒီနေ့လို လတ်လတ်ဆတ်ဆတ်ပဲဟ…မိစိမ်း…နင် သွေးသား ထဲက အစ်ကိုတစ်ယောက် ဆုံးရှုံးခဲ့တာ နင် ရင်မနာဘူးလား၊ ဟိုတုန်း က ပြောတုန်းက စနေထွန်းဆိုတဲ့ကောင်ကို ကိုက်ဝါးစားချင်တယ်ဆို… အခုတော့ စနေထွန်းက ပါးစပ်ထဲငုံထားချင်တဲ့သကြားလုံးဖြစ်ချင်နေ မလား"

နှစ်ယောက်သား ကြားလောက်သည့်လေသံဖြစ်သော်လည်း လေသံ ကတိုးသည်။

အစ်ကိုကပြောပြီး ကြက်ကြော်ကို စိတ်လိုက်မာန်ပါ ကိုက် စားပစ်လိုက်၏။

"ငါက ကိုကြီးဇာနည်အတွက် စနေဆိုတဲ့ကောင်ကို အဲဒီလို ကိုက်စားပစ်ချင်တာ၊ နင့်ကို အတွင်းရန်သူအဖြစ် လှည့်ထားလိုက်ပါ





တယ်၊ နင်က အရည်ပျော်ချင်နေပြီ…ပြောလေ မိစိမ်း"

အစ်ကိုက ဂျော်ဒန်နိုးစပို့ရှပ်နှင့် ဂျင်းရိုက်ဒါကိုဝတ်ကာ ပုလိ(စ်)နေကာမျက်မှန်ကိုတပ်ထားသည်။ လည်တိုင်တွင် ရွှေဆွဲကြိုး ဆွဲထားသည်။

"ကိုကို့ကားအရောင်းအဝယ်လုပ်ငန်းကကော"

"မိစိမ်း…ငါ့ကို စကားမလှည့်နဲ့…ငါမေးတာဖြေ…နင် အခု အရည်ပျော်သွားပလား"

"စိမ်း…ပြောခဲ့ပါပြီကော အစ်ကို…ဟိုတုန်းက သွေးပူနေ တယ်လို့၊ ဒါပေမဲ့ သူတို့အိမ်သားတွေထဲဝင်ကြည့်တော့ သူတို့ဟာ သူတော်ကောင်းတွေပါ…စိတ်ကောင်းလည်းရှိကြပါတယ်၊ ကိုစနေ ထွန်း ဆိုတာလည်း စိတ်ရင်းကောင်းပါတယ်၊ စိမ်းအပေါ်မှာလည်း သူ့ညီမလေးလို ဂရုစိုက်တာပဲလေ"

"နင်တို့မိန်းကလေးတွေဟာ ကောင်းတာလေးတွေတွေ့ရင် အရည်ပျော်တတ်ကြတာပဲ၊ ဒါဆို ငါတို့ရဲ့ ကိုကြီးဇာနည်အတွက် လက်စားချေမယ်ဆိုတဲ့ရည်ရွယ်ချက်ကြီးဟာ ပျောက်သွားပြီပေါ့"

ဘာကိုမှမပြောဘဲ စိမ်းက ဆိုင်ပြင်ကိုငေးနေသည်။

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာကိုဆုံးဖြတ်ရမှန်းမသိပါဘူး ကိုကိုရယ်''

''အေး…နင်က ငါ့စည်းထဲကထွက်သွားရင် နင် သေပြီပဲမှတ်…ငါကတော့ ငါ့ရည်ရွယ်ချက်အတိုင်းလုပ်ရမယ်၊ ပထမဦးစွာ စနေရဲ့အဖေကိုတော့ ဝရမ်းပြေးဖြစ်အောင်လုပ်ပြီးပြီ၊ ဒုတိယက ပစ်မှတ်က စနေပဲ၊ စနေက မမျှော်လင့်ပဲ အိမ်ကိုပြန်ရောက်လာတာဟာ ကိုကို့အတွက် ပိုလွယ်သွားတယ်''

''ကိုကိုရယ်…ဒီလက်စားချေတဲ့အလုပ်ကို မလုပ်ပါနဲ့တော့ ရှုန့်လိုက်ပါ…တကယ် စဉ်းစားကြည့်ရင် တရားမျှတပါတယ်၊ ကိုကြီးဇာနည် သေရတာဟာ ကိုစနေက သတ်ချင်လို့ သတ်ရတာမှမဟုတ်ပဲ…ကိုကြီးဇာနည်က အဖမ်းမခံပဲ ခုခံလို့ လက်လွန်သွားတဲ့ကိစ္စပဲ ကိုကိုရယ်…ပြီးတော့ တရားဥပဒေနဲ့ကြည့်ရင် ကိုကြီးဇာနည်က ဥပဒေ ပြင်ဘက်ကလူဆိုး…ကိုစနေက လူကောင်း''

''ခွေးမ…တိတ်''

ကြက်ကြော်ကိုတောင် ဝါးမစားနိုင်တော့ဘဲ ကိုကိုက လေး နှင့် ဖိကြိမ်းလိုက်သည်။

''နင်စဉ်းစားကြည့်စမ်း…တို့မှာ ညီအစ်ကိုမောင်နမ ယောက်ပဲရှိတယ်၊ မိဘတွေမရှိကြတော့ဘူး၊ အညာက တို့ကို ဘ





ခွေမျိုးတွေက အဖေအမေမရှိကတည်းက ဂရုစိုက်လို့လဲဟင်.. တို့နှစ်ယောက် လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် ကိုကြီးဇာနည်ကပဲ ဖြစ်တဲ့နည်းနဲ့ ရှာဖွေကျွေးမွေးခဲ့တယ်မဟုတ်လား…နင် ကိုကြီးကျေးဇူးတွေကို မေ့ပစ်လိုက်ပလား…တမလွန်မှာရှိနေတဲ့သူ့ကို ကျေးဇူးဆပ်နိုင်တာ ဒါပဲရှိတယ်မဟုတ်လား''

ကိုကိုနှင့် ပဋိပက္ခမဖြစ်ချင်ပါ။

ကိုကိုက ကိုကြီးလိုပဲ တယူသန်အစွဲအလန်းကြီးသည်။ ဒါဆို ဒါမှလူစား။

သူ့ကို ရှင်းပြနေလို့လည်း ဖွတ်ချေးပဲဖြစ်မည်။

စားပွဲမျက်နှာပြင်ကို စိမ်းက စိုက်ကြည့်နေ၏။ အအေးလည်း မသောက်မိ။ ကြက်ကြော်လည်းမစားမိ။

ကိုကိုကသာ တကြွပ်ကြွပ်ကိုက်ဝါးစားသည်။

''ဒီနေ့ ညနေမှာ ဦးခင်မော်ထွန်းဟာ စနေနဲ့ မြောက်ဥက္ကလာ (၂) ဈေးနားက အိမ်တစ်အိမ်မှာ စနေနဲ့တွေ့ဖို့ ချိန်းထားတယ်၊ ဒီကောင် လာမှာပဲ…ဒီကောင်လာရင် သားအဖနှစ်ယောက်လုံး ဦးမြင့်ထွန်း အောင်ကို အပြတ်ရှင်းတဲ့နည်းမျိုးနဲ့ ငါရှင်းလိုက်မယ်…အေး နင်ပါလာ·

www.burmeseclassic.com



ခဲ့ရမယ်၊ တို့မောင်နှမ ဘယ်သူတွေဆိုတာ သူတို့မသေခင် သိသွား စေရမယ်"

"ကိုကို့သဘောပဲ…ညီမလေးတော့မလာဘူး"

"မလာရင် နင့်ကိုသတ်မယ်၊ နင် ငါ့ကို ဘာအောက်မေ့ လဲ မိစိမ်း"

ဒေါသသံနှင့် ကိုကိုက ပြောကာ မျက်နှာချင်းဆိုင်ထိုင်နေ သော မိစိမ်းပေါင်ကို စားပွဲအောက်မှ လက်လှမ်းပြီး လိမ်ဆွဲပစ်လိုက်၏။

အား…နာလိုက်တာ။

ကိုကို မကြိုက်ရင် ခေါင်းခေါက်တာတို့ လိမ်ဆွဲတာတို့ အမြဲတန်းလုပ်တတ်သည်။

လူတွေရိပ်မိမှာစိုးလို့ မအော်ရဲရှာပါ။

မျက်ဝန်းမှ နာကျဉ်မှုနှင့် ဝမ်းနည်းမှုကြောင့် မျက်ရည်ပေါက် နှစ်ပေါက်ကျလာသည်။

"တိတ်…မငိုနဲ့…ဟိုးကလူတွေမြင်ကုန်မယ်၊ ရတ်ရတ် ရတ်ရတ်လုပ်ရင် နင့်ကို ဓားနဲ့ထိုးပြီး ငါထွက်သွားမယ်"

ကိုကိုက ဖိကြိမ်းသည်။ တိုးတိုးကလေးကြိမ်းပေမဲ့ ကြောက်စရာကြီး။



ရာ။ ကိုကိုသည် စိမ်းကို ညီမလေးတစ်ယောက်လို တယုတယ ကြင်နာသည်မဟုတ်ပါ။

ငယ်စဉ်ကတည်းက အနိုင်ကျင့်လာသူ။

"လာမလား"

စိမ်းက ခေါင်းကိုညိတ်ပြ၏။

"အေး…အဲဒီလိုလုပ်စမ်းပါ…ဒါဟာ ကိုကြီးအတွက် တို့ လုပ်ပြတဲ့ပွဲပဲ…အိမ်လိပ်စာကို ငါပြောပြမယ်…အသေအချာမှတ်"

စိမ်း ကိုကိုနဲ့ ခွဲလာပြီးနောက် စိတ်လေးစိတ်ညစ်စွာ အတွေး များစွာနှင့် အိမ်သို့ပြန်လာခဲ့၏။

ကိုကြီးဇာနည်တို့ အသတ်ခံရတော့ သူတို့မောင်နှမနှစ်ဦးလုံး ဝတ်ထိခိုက်ရသည်။ ဒေါသဖြစ်ရသည်။

ဒေါသစိတ်နှင့်ပဲ စနေနှင့် သူ့မိသားစုကို အပြတ်ရှင်းမည် ဟူသောစိတ်နှင့် ကိုကိုနှင့် မိမိက ကိုယ့်အကြံအစည်နှင့်ကိုယ် လုပ် ကြ၏။

စိမ်းအကြံကမူ သတ်ရန်ဖြစ်၏။

ဖြစ်နိုင်လျှင် တစ်အိမ်လုံးကို အဆိပ်ခတ်သတ်မည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒေါက်တာအောင်မြင့်ဇော်တောင် မိမိ၏ရာဇဝင်ကို မသိစေရပဲ စနေ၏အိမ်သို့ အခွင့်ရခိုက် သူနာပြုဆရာမတစ်ယောက် အဖြစ် ဝင်ရောက်လုပ်ကိုင်၏။

စိမ်းသည် သူမစိတ်ကို သူမ မစမ်းစစ်ခဲ့ပါ။

သူနာပြုဆရာမတစ်ယောက်၏ စိတ်ဓာတ်သည် ကြင်နာခြင်း ယုယခြင်း၊ တစ်ဘက်သားကို ပြုစုလိုခြင်း၊ အနာတရကင်းဝေးစေခြင်း ကျန်းမာစေလိုခြင်း စသည့် တစ်ကိုယ်ကောင်းစိတ်ဓာတ်ကင်းမဲ့စေသည့် စိတ်ဓာတ်များသာဖြစ်သည်။

စိမ်းမှာ သည်စိတ်တွေရှိသည်။

ဒေါသဖြစ်စဉ်က ဖြစ်ခဲ့ပေမဲ့ ဒေါသသည် အစဉ်မဖြစ်နေပါ။ အငြိုးတရားအမုန်းတရားသည်လည်း ဒေါသနှင့်အတူ ပျောက်ကွယ် သွားရသည်ဖြစ်သည်မို့ သူနာပြုဆရာမလေး စိမ်း၏ စိတ်ဓာတ် အဲသည်အိမ်ကိုရောက်ပြီး လူနာကိုထိတွေ့ခြင်း၊ လူနာ၏စိတ်ဓာတ် ကောင်းမွန်မှု၊ ပတ်ဝန်းကျင်ကောင်းမွန်မှုတို့ကြောင့် မကောင်းသော အကြံတွေ၊ အငြိုးအတေးတွေ ပျောက်ကွယ်သွားသည်။

နဂိုရ်ရှိရင်းစွဲသူနာပြုစိတ်ဓာတ်သာလျှင် ဝင်လာသဖြင့် ဒေါ် ကြူကိုလည်းကောင်း၊ စနေကိုလည်းကောင်း အန္တရာယ်မပြုတော့သ



ဘာမက စနေကိုပင် သူမစိတ်က တိမ်းညွှတ်သယောင်ရှိခဲ့၏။

ဒါကြောင့် လက်စားချေမှုကို လုံးဝလက်မခံပဲ ကိုကိုနှင့် အတိုက်အခံဖြစ်ခဲ့ရသည်။

စနေ တစ်ခုခုဖြစ်လျှင် ဒေါ်မြင့်ကြူ စိတ်ထိခိုက်မှာ သေချာ သည်။

သူတစ်ပါးပျက်စီးသောအလုပ်ကို မိမိမလုပ်လိုပါ။

ကိုကိုတစ်ယောက်တည်း သူ့ဘာသာသူ လုပ်ချင်လုပ်ပါစေ တော့။

မိမိမလုပ်လို့ ကိုကို သတ်ချင်လည်း လာသတ်ပါစေတော့။

သည်တော့ သည်ကိစ္စကို စနေအား သွားအသိပေးဖို့လိုလာ ပြီဟုထင်သည်။ ကြိုတင်သတိပေးလိုက်လျှင် ပြဿနာမရှိနိုင်ပါ။

သူမသည် စနေ၏ကုမ္ပဏီသို့ တက္ကစီကားနှင့်ပင်သွားရောက် ခဲ့သည်။

စနေ၏ ရုံးခန်းကို လာမေးသော မိန်းမချောလေးကို ဝန်ထမ်း တချို့က စိတ်ဝင်တစားလှမ်းကြည့်ကြသည်။

စနေ၏အိမ်သို့ အလုပ်ကိစ္စနှင့် နှစ်ခါသုံးခါ ရောက်ဖူးသော ဆွေဇင်ထွန်းကတော့ စိမ်းကိုမြင်တာနှင့် ဘယ်သူမှန်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမပါလား…အစ်ကိုနဲ့တွေ့ချင်တယ်ထင်တယ်"

စနေ၏ အလုပ်ရုံးခန်းသို့တက်လာသော စိမ်းကို ဆွေဇင်ထွန်းကပဲ သူမ၏အလုပ်ခန်းမှ ဆီးကြိုနှုတ်ဆက်၏။

"ဟုတ်တယ် မဆွေဇင်…ကျွန်မ ကိုစနေနဲ့ တွေ့ချင်လို့"

"ရှိပါတယ်…အထဲမှာပါ"

သူမက ဆွေဇင်ထွန်းနောက်မှ လိုက်သွားသည်။ ဆွေဇင်ထွန်းက ဦးစွာဝင်သွားသည်။

သည်စဉ် စနေသည် လူတစ်ယောက်ကို စကားပြောနေ၏။

"တို့ကို လာမနှောင့်ယှက်နဲ့ကွာ…တို့ အေးအေးဆေးဆေးပဲ နေချင်တယ်၊ မင်းလည်း အိမ်ထဲကခြံမှာလဲ မနေပါနဲ့တော့"

စနေက ဆွေဇင်ထွန်းတံခါးကို အသံမပြုပဲ တွန်းဖွင့်ဝင်လာတာကိုမသိ။

ဘေးတိုက်ပေးထိုင်နေလျက်က စကားပြောနေပေမဲ့ စနေထွန်းရှေ့တွင် လူတစ်ယောက်မှမရှိပါ။

ဆွေဇင်ထွန်း ကြောင်တက်တက်ဖြစ်သွားသည်။

"အစ်ကို"

သူက လှည့်ကြည့်၏။





"အစ်ကို…ဘယ်သူနဲ့စကားပြောနေတာလဲ"

ဆွေဇင်ထွန်း၏မေးခွန်းကို ဇနဲကဘာဖြေရမည်မသိပဲ ကြောင်တက်တက်ဖြစ်နေပြီးမှ ချက်ချင်းသတိဝင်လာကာ…

"အာ…အို…ကိုယ် ဘယ်သူ့ကိုမှစကားမပြောပါဘူး"

"ဩော်…အစ်ကိုကလည်း ခုပဲစကားပြောနေပြီး"

သည်တော့ သူက ဟက်ခနဲရယ်လိုက်၏။ ကိုယ်ကိုမတ်ကာ ပြင်ထိုင်၍

"အာဟာ…ကိုယ်က ရုပ်ရှင်သရုပ်ဆောင်တွေလို ပျင်းပျင်းရှိတာနဲ့ အမူအရာလေ့ကျင့်ကြည့်တာပါ"

"ဟင်း…သိပ်ဟုတ်…တို့အစ်ကို ရုပ်ရှင်မင်းသားလုပ်ရင်ခွန်မှာပဲ…အပြင်မှာ စိမ်းလှဲ့သဉ္ဇာ ရောက်နေတယ်"

စနေ အံ့အားသင့်သွားသည်။ နောက်မှ ဣန္ဒြေဆယ်၍

"လွှတ်လိုက်လေ"

စိမ်း ဝင်လာတော့ သူက ပျာပျာသလဲထိုင်ခိုင်း၏။ ပြီးတော့ ဆွေဇင်ထွန်းအား…

"ဆွေဇင်…ဧည့်သည်အတွက် ကော်ဖီတစ်ခွက်လုပ်ပေးပါ၊ မြင့်ဆွေနဲ့ ပို့ခိုင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အောက်ဘက်ခန်းတွင် လျှပ်စစ်မီးဖိုရှိသည်။

"စိမ်း…ထိုင်…မလာစဖူး"

စိမ်းကထိုင်သည်။ မျက်နှာက သာသာယာယာမရှိလှ။

"စိမ်း နေမကောင်းဘူးလား…မျက်နှာလည်း မသာမယာ နဲ့"

စိမ်းက ပါးစပ်ဟာလိုက်သည်။

သည်စဉ်တွင် ထူးဆန်းတာဖြစ်ပေါ်လာသည်။

စိမ်းကုလားထိုင်ကို တစ်စုံတစ်ယောက်က နောက်လှန်ဆွဲလိုက်သလို ကုလားထိုင်က လန်ထွက်သွားပြီး စိမ်းပါ ပက်လက်လန် ကျသွားသည်။

စနေသာ လက်မမြန်လျှင် စိမ်း ဆေးရုံရောက်သွားနိုင်၏။

စနေက ဆတ်ခနဲကုန်းကာ ဆွဲမိဆွဲရာဆွဲလိုက်ရာ စိမ်း၏ လက်ကောက်ဝတ်တစ်ဘက်ကို ဖမ်းဆွဲမိသည်။

"အမယ်လေး"

စိမ်း၏နှုတ်မှ အသံမဟုတ်ပါ။

အောက်ထပ်မှ အမျိုးသမီးတစ်ယောက်၏အသံ။ ထိုအသံရှင်မှာ ဆွေဇင်ထွန်း။ ထိုအသံကို စနေတို့မကြားရ။





ကုလားထိုင်မှာ နောက်ပြန်လဲမကျဘဲ စနေထွန်းက စိမ်းလက်ကို ဆွဲလိုက်သောကြောင့် တစ်ဝက်တစ်ပျက်တန်းလန်းကြီး လန်နေ၏။

"စိမ်း…ထလိုက်…ထလိုက်"

စနေထွန်းက ကမန်းကတန်းပြောသည်။ စနေ၏အခန်းမှာ လေအေးပေးစက်ထားသောအလုံခန်းဖြစ်သည်။ သူတို့အသံကို သူတို့ ပဲကြားသည်။

စိမ်းက ထိတ်လန့်သောစိတ်နှင့် ကပျာကရာထလိုက်၏။ ရပ်လိုက်သည်။ စနေက စားပွဲကို ကွေ့ပတ်လျှောက်၏။ စနေ့စားပွဲမှာ သာမန်စားပွဲဖြစ်လို့သာ စနေလက်မြန်မြန်နှင့် လှမ်းဆွဲလိုက်ခြင်း ဖြစ်တော့သည်။

"ဘာဖြစ်တာလဲ…ဟင်…ဘယ်လိုကြီးလဲ"

စိမ်းက အထိတ်တလန့် နားမလည်ဟန်မေးသည်။ စနေ က ပထမမျက်နှာပျက်နေသည်။ ပြီးမှ စိမ်း ထိုင်သောဆိုဖာခင်းနှင့် ပြုလုပ်ထားသည့် လက်တင်သစ်သားကုလားထိုင်၏ လက်ရမ်းနှင့် အောက်ခြေကို စစ်ဆေးပြီး သက်ပြင်းချ၏။

"ကုလားထိုင်ခြေထောက်က မခိုင်လို့ပါ စိမ်း"

စနေ၏ အဖြေသည် လုံလောက်သည်ဟုမထင်ပါ။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှ ဆူဆူညံညံတွေဖြစ်နေသည်ကို စနေတို့မသိ။

ရုံးခန်းတံခါးကိုတွန်းဖွင့်ကာ လူတစ်ယောက်ပြေးဝင်လာ၏။ စနေ၏ အခန်းစောင့် တောက်တိုမယ်ရခိုင်းသော မြင့်ဆွေဆိုသည့် လူငယ်လေး။

သူက အစက ဦးခင်မော်ထွန်းအတွက် လုပ်ပေးနေရသည်။ ဦးခင်မော်ထွန်းမရှိစဉ် စနေကိုပဲ လုပ်ပေးနေရ၏။

"ဆရာ အောက်ထပ်မှာမီးလောင်နေတယ်"

"ဟင်"

"ဟာ"

စိမ်းရော စနေပါ ထိတ်လန့်တကြား အသံထွက်သွားတော့သည်။

စကားမပြောပဲ စနေက အခန်းပြင်မှ အောက်ထပ်သို့ ပြေးဆင်းကြည့်၏။ စိမ်းပါ သစ်သားလှေကားမှဆင်းရ၏။

အောက်ထပ်အခန်းတွင် မီးခိုးတွေတွေ့ရသည်။

ဝိုင်ယာညှော်နံ့တွေလည်းရနေသည်။ လူတွေမှာ ကြွက်စီကြွက်စီနှင့် ရုံးစုရုံးစု။

မီးခိုးတွေ့ပြီး မီးမမြင်ရပါ။





"ဘာတွေဖြစ်ကြတာလဲဗျို့"

စနေ စိတ်မရှည်ဘဲ အော်မေးသည်။ လူတွေကြားမှ ဆွေဇင်ထွန်း ထွက်လာသည်။

မျက်နှာကလေး အပျက်ကျက်နှင့် ဖြူလျော်လျော် ရှိနေသော အသားရောင်။

တုန်တုန်ယင်ယင်နှင့်...

"လန့်လိုက်တာ ဆရာရယ်...ဝိုင်ယာရှော့ဖြစ်တာ"

"ဝိုင်ယာရှော့ဖြစ်တာ ဘယ်လိုဖြစ်တာလဲ"

"လျှပ်စစ်မီးဖိုအဖွင့်မှာ လျှပ်စစ်မီးဖိုကြိုးက စဖြစ်တာပါ၊ ဆွေဇင်လည်းလန့်ပြီးအော်တယ်၊ ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း ဖိုင်တွဲစင် ဖိုင်တွဲစာရွက်တွေပေါ်ကျပြီး မီးကူးတာပါ၊ ကိုသက်ထွန်းတို့ ပြေးဝင်လာပြီး မီးသတ်ဗူးနဲ့ မီးကို ငြိမ်းလို့ပေါ့...တစ်ယောက်ကလည်း မိန်းဆွစ်(စ်)ကို သွားပိတ်လိုက်လို့ပဲ"

"ကြိုးတွေက နံရံတွေထဲမှာ မြှုပ်ထားတော့ ရှော့ဖြစ်လည်း အန္တရာယ်တော့မရှိပါဘူး၊ ဒါပေမဲ့ အခုလို အထိတ်တလန့်ဖြစ်သွားတာတော့ သိပ်မကောင်းဘူးပေါ့ ဆွေဇင်ရယ်...လျှပ်စစ်မီးဖိုကြိုးက အင်(မ်)ပီယာသေးတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတနစ်ယောက်က ဝင်ပြောသည်။

"အမ်(မ်)ဗီယာမသေးပါဘူး…ကျွန်တော်ကိုယ်တိုင် ပြီးခဲ့တဲ့ တစ်ပတ်က ကြိုးလဲပေးခဲ့တာ သော့စ်ရ…ဒီမှာကြည့်ပါလား"

မီးသွယ်ဝိုင်ယာကြိုးကို စနေကကြည့်သည်။

"အင်း…အမ်(မ်)ဗီယာအားပြည့်တာပဲ၊ ကြိုးကလည်း ဆဲဗင်းအိုသရီးနိုင်းဆိုတော့ စိတ်ချရသား…ဘာလို့ဖြစ်တာလဲ"

"အဲဒါထူးဆန်းတာပေါ့"

စနေ ဆက်မပြောတော့ပါ။ သူက နှင်းဖြူကို သွားတွေးမိ၏။ နှင်းဖြူတော့ ဝိညာဉ်ဘဝနှင့် ခလောက်ဆန်ပြီထင်သည်။

သူကိုယ်တိုင်က မအပ်မရာအလုပ်တစ်ခုသွားလုပ်တော့ ယခု ထိုအမှုက သူ့ကို ပတ်လေပြီ။ မိန်းမဆိုတာ ဝိညာဉ်ဘဝရောက်နေတာ တောင် သဝန်တိုတုန်းပါပဲလား။

ရုံးခန်းထဲတွင် စိမ်းကိုပဲ ပက်လက်ကုလားထိုင်လန်လဲအောင် ကြိုးစားတာပဲကြည့်တော့။

\ လူတွေ တစ်ယောက်တစ်ပေါက်ပြောရင်း လျှပ်စစ်မီးလှန့် သည့်ကိစ္စ ပြီးစီးသွားသည်။ စိမ်းက စနေကို မျက်နှာငယ်ကလေးနှင့် ကြည့်နေသည်။





စိမ်းကိုယ်တိုင်ပဲ အံ့ဩထိတ်လန့်နေရှာသည်။

ရုံးခန်းထဲကို စိမ်းအား စနေက ပြန်ခေါ်သွားသည်။

စိမ်းနှင့် စကားပြောမည်အပြု တယ်လီဖုန်းကမြည်လာ၏။ စနေကဆွဲယူနားထောင်လိုက်၏။ ခဏမှာပဲ အံ့ဩထိတ်လန့်သွားသည်။

"အခု ဘယ်မှာလဲ"

"ဆေးရုံကြီးမှာ…ဟုတ်လား၊ ကောင်းပြီ…ကောင်းပြီ… ကျွန်တော် သွားလိုက်ပါမယ်"

သူက ဖုန်းကိုချလိုက်သည်။ သူက စိမ်းကိုကြည့်ပြီးလျှင်…

"အဖေ ကားတိုက်ခံရလို့ ဆေးရုံရောက်နေတယ်တဲ့…သေ မလား ရှင်မလားတောင်မသိဘူးတဲ့"

"အို…ဖြစ်ရလေ"

စိမ်းကို စနေက ပြောပြသည်။ စိမ်းသည်လည်း အံ့အားသင့် သွားရသည်။ ထိတ်လန့်သွားရသည်။ ပြောတော့မည့်စကားတောင် ချက်ချင်းမပြောဖြစ်။

စနေသည် စိမ်းကိုတောင် မနှုတ်ဆက်နိုင်ဘဲ ရုံးခန်းထဲမှ ထွက်လာသည်။

ရုံးခန်းပြင်ပသို့ရောက်မှ စိမ်းကိုလှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းက သူ့ကို ပါးစပ်ကလေးအဟောင်းသားနှင့် ငေးကြည့်နေသည်။

"စိမ်း…အဖေကားတိုက်ခံရတာကို မေမေ့ကို သွားမပြောနဲ့ဦးနော်"

ဒါပဲမှာခဲ့သည်။ စိမ်းမှာ ခေါင်းပဲညိတ်သလား၊ ခေါင်းပဲခါသလားတောင် သူမကိုယ်သူမ မသိတော့။

အကြောင်းမှု တစ်စုံတစ်ဦးသည် သူမကို ပွတ်တိုက်သွားတာကိုခံရသည်။ ကြက်သီးတစ်ကိုယ်လုံးထသွားသည်။ အူလိုလိုနေရင်း ခေါင်းနဘန်းတွေကြီးသွားသည်။

စနေသွားရာနောက်တွင် အပုပ်နံ့ကြီးကျန်ရစ်ခဲ့သည်။ လူတွေမှာ ဟိုပြောသည်ပြောနှင့် ကျန်ရစ်ခဲ့၏။

အဖေ ဘယ်လိုကြောင့် ကားတိုက်ခံရပါလိမ့်။

စဉ်းစားမိသည်ကတော့ အဖေ ရှောင်တိမ်းရင်းရဲနှင့်တိုးလိမ့်မည်။

သည်အခါ ပြေးရင်းလွှားရင်းကပင် ကားတိုက်ခံရတာဖြစ်မည်။

သူ၏ ချေဆာ (CHASER) ဆလွန်းကားအတွင်းသို့ စနေ





ဝင်ထိုင်လိုက်သည်။ သူ့ဘေးတစ်ဘက်တွင် လူတစ်ယောက်ဝင်ထိုင်သလို သူနှင့်ပွတ်တိုက်ခြင်း ခံစားလိုက်မိ၏။

သူ သတိမမူမိပါ။

အဖေ၏ အာရုံက သူ့ကိုလွှမ်းမိုးထားသည်။

ကားမောင်းလို့ ဘီးလိမ့်ရုံရှိသေးသည်။ ကားပေါ်တွင် သူတစ်ယောက်တည်းမဟုတ်သည်ကို ခံစားသိရှိလာ၏။

အသိက နောက်ကျသွားပါပြီ။

ခပ်စူးစူးအရာတစ်ခုသည် သူ့လည်ကုတ်ကို လာထောက်သည်ဖြင့်…

"ဟောကောင်…မင်း မောင်းချင်သလိုမမောင်းနဲ့…ငါမောင်းခိုင်းတဲ့အတိုင်းမောင်း"

စနေသည် စိတ်ထဲထိတ်ခနဲဖြစ်သွားစေကာမူ ကြောက်ခြင်းလန့်ခြင်းမရှိဘဲ သူ့ခေါင်းထက်က နောက်ကြည့်မှန်ကို ကြည့်လိုက်၏။

မှန်ထဲတွင် သူနှင့် သက်တူရွယ်တူလူငယ်တစ်ယောက်။

ကွာခြားတာက အဲဒီလူငယ်၏ မျက်နှာမှာ ဖောအင်ခြင်ဖြစ်ကာ ဆံပင်တွေ ရှည်လျက် လည်ကုတ်အထိတောင် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက တေတေပေပေမျက်နှာ။

စကားပြောစဉ် သူ့ပါးစပ်မှလည်း အရက်နံ့ရသည်။ သူ့ကို စနေ တစ်ခါမှမမြင်ဖူးပါ။

"ကိုယ့်လူရေ...မင်းနဲ့ငါ တစ်ခုမှလည်း သိဖူးကျွမ်းဖူးရန် ဖြစ်ဖူးတာလည်းမဟုတ်ဘူး...လူမှားနေပြီထင်တယ်"

"စကားမများနဲ့ ဘော်ဒါစုတ်...မောင်းမှာသာမောင်း"

လည်ကုတ်ထောက်ထားသော ဓားမြှောင်ဦးဖျားချွန်ချွန်က စနေ၏ ဖြူဝင်းသောလည်းကုတ်သားထဲ အနည်းငယ်ပိုရှုးသွားသည်။

အနှာတရခံစားလိုက်ရတာမို့ ရှစ်မိုင်ဘက်မှနေပြီး မင်္ဂလာဒုံ အတိုင်းမောင်းလာ၏။

"မင်းဘယ်သူလဲ"

"စကားမများနဲ့"

နောက်ဘက်လူက ဟောက်ထည့်လိုက်သည်။ စနေ တွေး နေသည်။ သည်အန္တရာယ်က ဘယ်ကလဲ။

သူ့တွင် ရန်သူရှိမရှိကို အသေအချာတော့မသိနိုင်ပါ။ သူ ဒုရဲအုပ်လုပ်စဉ်က ခပ်ဆိုးဆိုးကောင်တွေကို ထောင်ထဲပို့ခဲ့သည်။ သို့



သော် အဲသည်ရောက်သွားသူတွေက ခုထက်ထိလွတ်နိုင်ရန် ထောင် သက်တမ်းမစေ့ကြသေး။

အဖေ့ကို သွားတွေးမိ၏။

အဖေ့ကို ရန်ရှာလိုသူတစ်စုက အဖေ့ကို ရန်မရှာရလို့ မိမိ ကိုပဲ ရန်ရှာလေပြီလား။

ဇွေ့တဲ့နွားကိုမရိုက်ရလို့ ခြံရှိသစ်ပင်ကို ဓားနဲ့စင်းသလား။

ကြွက်မနိုင် ဂျိုမီးနဲ့ရှို့သလား။

ဝိုင်းယာလက်ဈေးမရောက်မီ တစ်နေရာတွင် ရပ်နိုင်း၏။ လမ်းဘေးတွင် လူတစ်ယောက်စောင့်နေသည်။

သူ့လိုပဲ အမူးသမားတစ်ကောင်ဖြစ်သည်။ သည်လူက လူ ငယ်ထက် ပိုအသက်ကြီး၏။ ပိုကိုယ်လုံးထွား၏။

"ကိုဆင်ကြီး...တက်"

"မင်းက အချိန်ကိုက်ကိုးကွ၊ ငါ ဖုန်းဆက်ခဲ့တာ သူလား မင်းခွေ"

"ဟုတ်တယ်...ခင်ဗျား ဖုန်းဆက်တာမိသွားလို့ ကန်[illegible] တန်း ကုမ္ပဏီထဲက ပြေးထွက်လာတာ ကားထဲအောင်းနေ[illegible]ကို တောင် မမြင်တော့ဘူး...ဟား...ဟား...ဟား"

www.burmeseclassic.com

www.burmeseclassic.com



စနေက ကားကို ခပ်ပြင်းပြင်းမောင်းပြီး ဘရိတ်ကို ဒိုင်းခနဲ အသေအုပ်ရန် စိတ်ကူးလိုက်သည်။

"ဟေ့ကောင်...ကားကိုမှန်မှန်မောင်း၊ မင်းက ပြင်းပြင်း မောင်းပြီး ဒက်စတော့(ပ်)(DEADSTOP) အုပ်ဖို့ စိတ်ကူးထားသလား၊ မင်း မလွယ်ဘူးကွ...ဒါတွေက ရုပ်ရှင်ထဲဝတ္ထုထဲမှာသာဖြစ်တာ... အခု မင်းလုပ်ရင် ရှောကိန်းဆိုက်သွားမယ်၊ မင်းကုတ်ကို ထောက်ထား တာ ဓားမြှောင်နော်...ရော်ဘာဓားအတုမဟုတ်ဘူး...ပြီးတော့ တို့က နှစ်ယောက်"

မင်းဆွေ အခေါ်ခံရသူက ခပ်မာမာကြိမ်းသည်။ ကြည့်ရတာ သည်ကောင် ရန်ပွဲအကြိမ်ကြိမ်တိုးဖူးဟန်တူသည်။

ကြေးစားလူသတ်ကောင်တွေလား။

စနေ၏ ကားဘေးတွင် အခြားကားတွေသွားလာဖြတ်မောင်း နေကြသည်။

"မင်းဆွေရာ...ဒီနေရာမှာပဲ ကိစ္စတုံးလိုက်"

"ကိုဆင်ကြီး...မလွယ်ဘူးဗျ၊ ဒါ မင်္ဂလာဒုံနယ်မြေ၊ တစ်ခါ တည်း ကျုပ်တို့ပါကွိသွားမယ်၊ ကျုပ်တို့ သတ်မှတ်တဲ့နေရာကိုပဲ ခေါ်သွားမယ်"





စနေကို သူတို့သတ်မှတ်ထားသောနေရာမှာ ထောက်ကြံ့နှင့် မှော်ဘီကြားပဲဖြစ်သည်။

လူရိပ်လူခြေနည်းပါးသည်။ လယ်ကွင်းတွေနားမှာဖြစ်၏။ ားလမ်းတွင် ကားကိုထားခဲ့ရ၏။

စနေက သူ့လွတ်ရာလွတ်ကြောင်းကိုကြံဆရတော့၏။ သူ့ ာက်ကို ရှေ့တွင်ပူးပြီးချည်ကြသည်။

ဓားကို နံကြားထဲထောက်ခံရကာ ကြိုးချည်ခံရသော်လည်း ေနှ မှုမပျက်ပါ။

သူ့ကို မြေသားကျောက်ခင်းလမ်းကျဉ်းကလေးအတိုင်း တွန်း ိုးဆွဲငင်ခေါ်သွားကြ၏။ သစ်ပင်တွေက အုံ့အုံ့ဆိုင်းဆိုင်းရှိနေသည်။

ကိုဆင်ကြီးဆိုသူမှာ အရက်ပုလင်း ခါးတိုးလာသဖြင့် လူသူ းသောသစ်ပင်အုပ်တွေထဲအရောက်မှာ ပုလင်းကိုဆွဲ အဖုံးကိုဖွင့်ကာ ည်အတိုင်း မော့သောက်သည်။

"ခင်ဗျားကလည်း ခင်ဗျားကြီးမျိုနေ...ကျွန်တော့်အတွက် ည်း ပေးပါဦးဗျ"

"လူသတ်ကာနီး ပိုပြီး လက်ရဲဇက်ရဲရှိအောင်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်တာများ ခက်ခက်လို့ဗျာ…အရက်သောက်မှ လူသတ်ရမှာလား"

"မင်းက လက်ယဉ်နေတာကိုးကွ"

ကိုဆင်ကြီးကမ်းပေးသော အရက်ပုလင်းကို မင်းဆွေက ဆွဲယူလိုက်သည်။ ပုလင်းထဲတွင် တစ်ဝက်နီးပါးရှိသေးသည်။ ရမ်ပုလင်းတော့မဟုတ်ပေ။ ဒီဝမ်းဟု အရက်သမားတွေက ခေါ်နေကြပြီး တချို့က ပင်လယ်ဘီအီးလို့ခေါ်သော အပေါစားအရက်ဖြစ်သည်။

"သေကာနီးဆိုတော့ ရိက္ခာလေးတော့ ပေးလိုက်မယ် ဘော်ဒါစုတ်…မင်း သောက်တတ်ရင်သောက်ပါဦးလား"

ပြောင်သလိုလို ပျက်ချော်ချော်မျက်နှာနှင့် သူ့ဆီသို့ အရက်ပုလင်းထိုးပေးသော မင်းဆွေကို စနေက တင်းတင်းမာမာကြည့်ပစ်လိုက်သည်။

"အရက်တော့ မသောက်တတ်လို့ မသောက်ချင်ဘူး၊ စကားတော့ ပြောတတ်လို့ မင်းကိုမေးချင်တယ်၊ မင်းတို့ ဘယ်သူတွေလဲ"

သူ့အမေးကို မဖြေသေးပဲ မင်းဆွေက တဂွပ်ဂွပ်အသံမြည်အောင် အရက်ကို မော့ချလိုက်သည်။ ပြီးတော့ ဟဲခနဲအသံပြုကာ ပါးစပ်ထိပ်ကို လက်ခုံနှင့်သုတ်လိုက်၍





"ကိုဆင်ကြီး…အရက်ဖြူထဲမှာတော့ ဒီဝမ်းက အကောင်းဆုံးပဲဗျ"

ပြောပြီးမှ စနေဘက်လှည့်၍

"မင်းကို သေခါနီးမို့ မိတ်ဆက်ပေးရမှာပေါ့…ငါ့နာမည်က မင်းဆွေ…ဟို ငါ့ဘော်ဒါအကောင်းစားကြီးက ကိုဆင်ကြီးတဲ့"

"ခင်ဗျားတို့ ကျုပ်ကို ရန်သူမဟုတ်ပဲနဲ့ ဘာလို့သတ်ချင်နေရတာလဲ"

"မင်းအဖေကြောင့်ပေါ့…မင်းအဖေက ငါ့အဖေ ဦးမြတ်ထွန်းအောင်ကို သတ်ခဲ့တယ်၊ ဒီတော့ ငါက မင်းအဖေကို ရှာမတွေ့လို့ သတ်မရတော့ မင်းကိုပေါ့ကွာ…ပြီးတော့ မင်းအမေ…ဒါတွေဟာ လွယ်ဆုံးသတ်လို့ရတာပဲလေ…မင်းအမေပြီးရင် မင်းအဖေ…ဟား…ဟား…ဟား"

ဆံပင်စုတ်ဖွားမျက်နှာဖောအစ်အစ်နှင့်ရယ်တာ ကြည့်မကောင်း။

"ခင်ဗျားရယ်တာမလှဘူး"

"အံမယ်လေး သေချင်ဆိုး…ရယ်တာများ လှအောင်ရယ်ရမှာလား…မင်း ရုပ်လှလှကလေးကို"

www.burmeseclassic.com

www.burmeseclassic.com



သူက ဓားနှင့် စနေ၏မျက်နှာကို လှီးဖြတ်တော့မည့် လက်ကိုမြှောက်လိုက်၏။ စနေ၏ကိုယ်တွင် တစ်ခုခုပူးကပ်လာသည် ခံစားလိုက်ရသည်။ သူသတိလက်လွတ်ဖြစ်သွားသည်။

နဂိုကဒေါသကလည်း စိမ့်ထွက်နေသည့်အလျောက် မင်းဆွေ ရဲ့ဓားက အမြှောက်တွင် သူ့ညာခြေနှင့် မင်းဆွေ၏ဝမ်းဗိုက်ကို တအား ကြုံးကန်ပစ်လိုက်၏။

စနေ၏ ကန်ချက်ကပြင်းသည်။

မင်းဆွေ လွင့်ကိုလွင့်ထွက်သွားတာ။

ဆင်ကြီးက ဒါကိုမြင်၏။ သူက မင်းဆွေလက်ထဲမှ ပုလင်း ကို ပြန်လုယူထားပြီးမို့ ပါးစပ်မှ ကြုံးဝါးအော်ဟစ်ပြီး စနေ့ခေါင်း တအားရိုက်ချပစ်လိုက်၏။

လက်တွေက ပူးချည်ထားခံရတာမို့ ဘာမှမတုံ့ပြန်နိုင် စနေက ဘယ်ခြေရှေ့သို့ ညာခြေကို ညွတ်ပေးလိုက်၏။

ဟိုငနဲ့သားရိုက်ချက်လွဲသွားသည်။

ဒါပေမဲ့ သူမြန်သည်။ လက်ပြန်သိမ်းကြုံးရိုက်ပစ်၏။ ခနဲမြင်တာမို့ စနေ လှစ်ခနဲ ခုန်ရှောင်လိုက်၏။



ပုလင်းက သူ့ပခုံးစောင်းကို ပွတ်ရိုက်သွား၏။ ခံစားရသည်ကို စနေ မသိတော့ပါ။

သူ့အာရုံထဲတွင် သည်လူနှစ်ယောက်ကိုပဲ သတ်ချင်နေသည်။

ဆင်ကြီးက ထပ်ဝင်လာသည်။ နှုတ်ကကြုံးဝါးအော်ဟစ်ပြီးတော့ စနေ့ခေါင်းကို မိုးရိုက်ချပြန်၏။

စနေက မြန်ပြီးသားပဲ။

သူ့ခေါင်းနှင့် ဆင်ကြီး၏ဝမ်းဗိုက်ကို ဒိုင်းခနဲပြေးဝှေ့တိုက်ပစ်သည်။

ရိုက်လိုက်သောပုလင်းက စနေ့ကျောကို ဂွပ်ခနဲထိ၏။

စနေ မဖြုံပါ။ စနေ့မျက်နှာသည် မူလပကတိရုပ်ထက် ဒေါသကြီးပြီး ပြူးပြူးပြဲပြဲရုပ်ဖြစ်နေသည်။

စနေက ဆင်ကြီးကို ထပ်ပြီး ကြိုးပူးချည်ခံထားရသော လက်နှစ်ဘက်နှင့် လက်ပြန်လွဲရိုက်မည်အပြု ဆင်ကြီး၏ပုလင်းက စနေ့ခေါင်းကို ဂွပ်ခနဲထိ၏။

"ဟင်"

ဆင်ကြီး ကြောင်သွားသည်။ စနေမှာ ခေါင်းရိုက်ခံရသော်လည်း ထိမထင်။ ဘာမှမဖြစ်သလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



လွှဲရိုက်လိုက်သောစနေ၏ လက်နှစ်ဘက်ဒဏ်ကသာ ဆင်ကြီး၏ မျက်နှာကိုထိပြီး ချာချာလည်သွားစေ၏။ စနေ့ခြေထောက်က ဆောင့်ကန်ပစ်လိုက်ပြီးချေပြီ။

ဖုန်းခနဲ ဆင်ကြီးလဲကျသွား၏။

မင်းဆွေထပြီး ပြေးလာသည်။ သူက ဓားကို တန်းတန်းကိုင်ကာ ချိန်ဆလျက် စနေကို ထိုးရန်အကွက်ရှာသည်။ စနေမှာ မင်းဆွေကိုစိုက်ကြည့်နေရာ မင်းဆွေမျက်လုံးထဲတွင် စနေလို့မမြင်။

မျက်တွင်းဟောက်ပက်၊ နှာခေါင်းချိုင့်ချိုင့်၊ သွားအကြဲသားနှင့် အရိုးကမ္ဘာသန်းရုပ်ဖြစ်နေသော အသွားအိုကြီးတစ်ယောက်၏မျက်နှာလိုမြင်မိ၏။

သူ ကြောက်သွားသည်။

“အား…သရဲမကြီး”

သူအော်ပြီးတော့ ကြောက်လန့်ခြင်း၊ ဒေါသဖြစ်ခြင်းနှင့် စနေ့ဝမ်းဗိုက်ကို သိမ်းကြုံးထိုးပစ်လိုက်သည်။

စနေက ဆတ်ခနဲ သူ့ဝမ်းဗိုက်ကိုရှပ်လျက် ကိုယ်ကိုယို့ပေးလိုက်သလို ဓားသွားက ဝမ်းဗိုက်ရှေ့မှ လွတ်လွတ်ချင်း သူ့လက်နှစ်ဘက်ပူးချည်ထားတာနှင့် မင်းဆွေမျက်နှာကို ဖြတ်ရိုက်ပစ်လိုက်၏။





မင်းဆွေ တုန်းခနဲလဲကျသွားသည်။

သည်တော့မှ သူ့မျက်စိထဲတွင် စနေ၏ပင်ကိုယ်မျက်နှာကို ပြန်မြင်၏။

လူးလဲထသည်။

စနေက မြန်တာမှသိပ်မြန်တာ။

လှစ်ခနဲရောက်လာ၏။ ရှူးဖိနပ်စီးထားသောညာခြေက လှုပ်ရှားသွားသည်။

ခွပ်…

“အား”

မျက်လုံးထဲမီးပွင့်သွားသည်။ မေးတစ်လျှောက်လုံး နာကျင်သွားသည်။ လက်မှ ဓားပင်လွတ်ကျသွား၏။

စနေက ပူးချည်ထားသော နိုင်လွန်ကြိုးကို ဆောင့်ရုန်းပစ်လိုက်၏။ သာမန်အားဖြင့်ဆိုလျှင် မရုန်းနိုင်အောင် ခိုင်မြဲသောလက်တစ်လုံးခန့်ရှိနိုင်လွန်ကြိုးမှာ ဆတ်ခနဲပြတ်ထွက်သွား၏။

မူးဝေသွားသော မင်းဆွေမှာ အရက်မူးလည်းပျောက်၊ သာမန်ရိုးရိုးမူးဝေသွားတာလည်းပျောက်ကာ ခေါင်းကိုဆတ်ခနဲခါ၏။

လူးလဲထဖို့ကြိုးစား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်မှာ စနေကို သူတွေ့ရ၏။ စနေက သူ့ကိုမိုးရပ်နေသည်။ စနေ၏ လက်ထဲမှာက ဓားမြှောင်။

သူလွှတ်ကျနေသောဓားမြှောင်ကို စနေ ရသွားခဲ့ချေပြီ။ စနေမျက်နှာကလည်း ရုပ်ချောချောလေးပျောက်ကာ ဆံပင်တွေ ဖရိုဖရဲနှင့် ဖြူးဖြူးပြဲပြဲဖြစ်ကာ ကြောက်စရာကောင်းနေ၏။

သူရူးတစ်ယောက်၏အသွင်ထက် မကောင်းဆိုးဝါး၏အသွင်ပဲ။

မိမိအတွက် လွတ်လမ်းမရှိပြီမို့ မင်းဆွေက စိတ်ရိုင်းစိတ်မိုက်တွေ လွှင့်စင်ကာ ကြောက်ကြောက်နှင့်အော်လိုက်သည်။

"ကိုစနေထွန်း…ကျွန်တော့်ကိုမသတ်ပါနဲ့"

သူ့အော်သံက အော်ပြောသံပဲ။

စနေ၏ လက်သည် အထက်ကိုမြှောက်တက်ကာ ဓားကိုင်လက်က အရှိန်ပြင်းစွာကျလာသည်။

"အား"

အသံဆိုးကြီးနှင့် မင်းဆွေ၏အော်လိုက်သံ။

မင်းဆွေသည် ဝေဒနာကြားမှ ကုန်းရုန်းထသည်။ ရင်အုံတစ်ဘက်ကိုလက်နှင့်ဖိ၍ ထပြေးသည်။ သူ့နှုတ်မှလည်း





"စနေထွန်း ငါ့ကိုဓားနဲ့ထိုးတယ်၊ စနေထွန်း ငါ့ကိုဓားနဲ့ထိုးတယ်…ကယ်…ကယ်ကြပါဦး…ကိုဆင်ကြီး ကယ်ပါဦး"

အော်ဟစ်ရင်း သစ်ပင်အုပ်တစ်နေရာတွင် ဘုန်းခနဲလဲကျသွားသည်။ တစ်ချက်နှစ်ချက်တွန့်လိမ်ကာ ငြိမ်သက်သွား၏။

ဆင်ကြီးမှာ ဒါတွေမြင်ပြီး ကြောက်သွားသည်။

စနေက သွေးစက်လက်ပေကျံနေသောဓားမြှောင်ကိုကိုင်ကာ သူ့ဘက်လှည့်ကြည့်သောအခါ စနေ၏ ကြောက်မက်ဘွယ်အဆင်းနှင့် ပြုလုပ်ခဲ့တာတွေကိုမြင်တော့ သွေးပျက်သလိုခံစားရသည်နှင့်အမျှ…

"အမယ်လေးဗျာ…လုပ်ကြပါဦး…စနေထွန်း လူသတ်လို့၊ လူသတ်လို့…လုပ်ကြပါဦး"

ကမူးရှူးတိုးအော်သလို ကမူးရှူးတိုးပဲထွက်ပြေးတော့၏။

စနေက မလိုက်ပါ။ ကြည့်ကျန်ရစ်ခဲ့၏။

အနည်းငယ်ကြာမှ သူသတိဝင်လာသည်။ သူသည် လက်ထဲတွင် သွေးပေနေသောဓားနှင့် မလှမ်းမကမ်းတွင် လဲကျသေဆုံးနေသော မင်းဆွေကိုတွေ့သော် "ဟင်" ဟု တစ်ခွန်းတည်းသာ ဆိုလိုက်မိ၏။

သူ ဘယ်လုပ်မိလိုက်ပါလိမ့်။

သူ့ကိုယ်သူ ဘာဖြစ်ခဲ့မှန်း ဘာလုပ်မှန်းမသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား…ဘုရား…ငါ လူသတ်မိပါပကောလား"

သူက တုန်လှုပ်ခြင်းအတိနှင့် ရွတ်ဆိုမိ၏။ သူ ဘာဖြစ်ခဲ့ပါလိမ့်၊ ဘာလုပ်မိခဲ့ပါလိမ့်။ သူ့ကိုယ်သူ ပြန်ဆန်းစစ်မိ၏။

ခုခံချိန်မှ စခုခံတာနှင့် သူ သတိလက်လွတ်ဖြစ်သွားတာကို သတိရမိ၏။

"ငါ…ငါ…လူသတ်မိပြီ"

သူသည် တစ်ခါမှ မကြောက်ဖူးသော ကြောက်ရွံ့ခြင်းဖြင့် အော်ပြောမိ၏။ ဓားကိုပစ်ချကာ မျက်နှာကို လက်ဝါးများနှင့် ဖုံးအုပ်ပိုက်မိ၏။

သူ့ကိုယ်သူ ယူကြုံးမရဖြစ်မိသည်။

ဘာကြောင့် ဒီလိုလုပ်မိပါလိမ့်။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ထိုစဉ် သူ့နားထဲ အသံတစ်သံဝင်လာ၏။ ထိုအသံသည် နှင်းဖြူအသံပင်ဖြစ်၏။

"ဟား…ဟား…မောင်ကြီးစနေထွန်း…ရှင်ကြီး ဘဇာလို လုပ်တတ်နိုင်မှာလဲ…ကျုပ်အကြောင်း နှင်းဖြူအကြောင်း သိပြီဟုတ်စ၊ မောင်ကြီးက ကျုပ်ကို သစ္စာမဲ့ခဲ့သဟာကိုး…အကျွန်ကတော့ ချစ်လိုက် သဟာတော်…တောနေအုံကြားက လူတွေရှိပါသယ်ဆိုသဲ့မြို့ကို လိုက်





လာရမင့်ဟာ သည်ကျတော့ အကျွန့်ကို မောင်ကြီးက ဟိုသဘောက် မကြောင့် စွန့်ပစ်တယ်၊ အကျွန် မခံနိုင်ဘူးတော့…အနိုမ်မိန်းမကြောင့် အကျွန် မောင်ကြီးကို လူသတ်အောင်လုပ်ခဲ့သဟာ မောင်ကြီး သိပလား၊ နှင်းဖြူကို မစမ်းနဲ့လေ့…ဟား…ဟား…ဟား"

နားထဲကြားလာရသည်။ စနေ နားနှစ်ဘက်ကိုပိတ်လိုက်၏။

"ငါမသတ်ဘူး နှင်းဖြူ…မင်းသတ်တာ…မင်းသတ်တာ"

သူရူးစိတ်မနဲ့သူပမာ စနေ အော်လိုက်ခဲ့ပါသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



စာတ်လမ်းစဉ် (၁၃)

ဆင်ကြီးကတော့ လွတ်သွားပြီ။

မိမိက မရည်ရွယ်ပါပဲလျက် လူသတ်မိချေပြီ။

တကယ်တော့ လူသတ်သမားက နှင်းဖြူသာလျှင်ဖြစ်ချေသည်။

မိမိကို စိတ်ဒေါသဖြစ်ချိန်မှာ သူမ၏ ဝိညာဉ်က ဝင်ပူးပြီး လူတစ်ယောက်ကို သတ်ပစ်ခဲ့ကာ မိမိကို လူသတ်ကောင်ဖြစ်အောင် လုပ်ပါသည်ဟု မိမိကဆိုချေသော် ဘယ်သူကယုံမလဲ။

ဝိညာဉ်ဆိုတာ လူတွေ၏အသိထဲမှာပဲရှိသည်။





ဝိညာဉ်နှင့်ပေါင်းဖော်ခြင်း၊ ဝိညာဉ်နှင့်ဆက်သွယ်ခြင်းဆိုတာက အင်မတန်ရှားပါးသည်။ လူဦးရေ သန်းငါးဆယ်ကျော်တွင် မိမိတစ်ယောက်တည်းသာ ရှိကောင်းရှိမည်။

မိမိအဖြစ်ကို တစ်ဦးတစ်ယောက်မှမယုံပဲ ရယ်သွမ်းသွေးမည်။ အရူးလို့ပဲ ပြောကြလိမ့်မည်။

ဤလောက၊ ဤကမ္ဘာတွင် **လူတို့မယုံနိုင်သော ထူးဆန်းတာ**တွေ အများကြီးရှိသည်။

ဘာမင်ဂံတြိဂံခေါ်ဆိုကြသည့်နေရာတွင် **ထူးဆန်းသောအဖြစ်**လူတွေလက်ခံကြသည်။ သင်္ဘောတွေ ထိုနေရာရောက်လျှင် ပျောက်သွားသည်။ အတ္တလန္တိတ်သမုဒ္ဒရာကြီးထဲတွင် အတ္တလန္တိတ်မြို့တော်ကြီး ဘယ်သို့ဘယ်ပုံ ပျောက်ပျက်သွားကို လူတွေသိကြသော်လည်း **ထူးဆန်းသောအဖြစ်**လက်ခံကြသည်။

မိမိ စနေထွန်းက ဝိညာဉ်ရှင်မလေးနှင်းဖြူနှင့် ချစ်ကြိုက်ပြီးမှ ထိုဝိညာဉ်ရှင်ကို ဝိညာဉ်မှန်းသိလာလို့ မိမိကခွာထုတ်ရန် ကြိုးစားချိန်တွင် မိမိကို ဒုက္ခရောက်အောင် လုပ်ပါသည်ဆိုလျှင် လူတွေက မိမိကို 'စိတ္တဇအရူးဘွဲ့' ပေးကြမည်။

တရားရုံးတော်ကလည်း လက်ခံမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ့အကြောင်းကြမ္မာမကောင်းလို့ပဲ။ မေမေပြောသလို ရတနာသုံးပါးကို ငယ်ငယ်ကလေးကတည်းက မဆည်းကပ်မကိုးကွယ်ခဲ့သဖြင့် မအပ်မရာတွေဖြစ်ပြီး ဒုက္ခရောက်ရသည်ဟု ဆိုရချိမ့်မည်။

အေးလေ…စကားရှိသားပဲ။

လုပ်ရဲလျှင်ခံရဲရမှာပဲပေါ့။

မိမိကမလုပ်ခဲ့တာတောင် လုပ်သည့်အသွင်ဆောင်နေမှတော့ ဒါရာဇဝတ်မှုပဲ။

စနေသည် ဥပဒေသမားဖြစ်ပါသည်။ သူ့ကိုယ်သူ ရဲလက်တွင်းအပ်ကာ အဖမ်းခံဖို့လည်းရည်ရွယ်လိုက်သည်။

အဖေ့ကိုတွေ့နိုင်ဖို့အရေးကြီးသည်။

သူ့စိတ်ကို သူတည်ငြိမ်အောင်ထိန်းလိုက်သည်။ ရဲလက်တွင်းသို့ သူ့ကိုယ်သူအပ်နှံဖို့ စိတ်ဒုံးဒုံးချပြီးမှတော့ စိတ်တွေက ပြန်လည်တည်ငြိမ်သွားသည်။

ကားကို မော်ဘီနားမှပြန်မောင်းလာသည်။ ကီလိုလေးဆယ်မောင်းနေကြမှ ကီလိုခြောက်ဆယ်ကျော် ခုနစ်ဆယ်အထိ မြှင့်တင်လိုက်၏။





'ချေဆာ' သည် မြန်မာနိုင်ငံတွင် ရှားပါးသောကားဖြစ်ကာ ကိုယ်ထည်လှသလောက် စက်ကောင်းသည်။ အကြမ်းလည်းခံသည်။

သံရုံးတစ်ခုအကျုမှ အဖေက ကောက်ဝယ်လိုက်ခြင်းဖြစ်၏။ သူ မြောက်ဥက္ကလာသို့အဝင်တွင် ငါးနာရီထိုးလုနေပြီ။

သည်အချိန်သည် (၂)ဈေးမှာ ညနေဈေးအဖြစ် လူစည်သည်ကို သူမသိ။

ဈေး၏လမ်းကျဉ်းကလေးထဲမှာ လူတွေရော ဆိုက်ကားစက်ဘီးရော တခြားကားတွေပါ ညပ်နေသည်။

မြောက်ဥက္ကလာကို သူ မကျွမ်းကျင်ပါ။

သူသိလိုသောလမ်းကိုမေးသည်။ (၂)ဈေးအလွန် တစ်ဘက်ကားလမ်းမကြီးသို့ထွက်ရသည်။ အဲသည်လမ်းမမှသွားလျှင် ရန်ကုန်ထဲရောက်နိုင်သည့် သံသုမာလမ်းရှိ၏။

စနေ အဲသည်အထိမသွားပါ။

ဘယ်ဘက်ရှိ လမ်းကလေးတစ်လမ်းထဲ ချိုးဝင်လိုက်သည်။ အိမ်ကလေးတွေ ဘေးချင်းကပ်ဆောက်ထားသောလမ်းတိုကလေးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရှိ လူတစ်ယောက်အား သူလာလိုသောလမ်း ဟုတ်မဟုတ် မေးသည်။

ဟုတ်ပြီဆိုတာ သိရမှ သူလိုချင်သောအိမ်ကိုရှာဖို့ရန် တ[illegible] နေရာတွင် ကားကိုထိုးရပ်လိုက်၏။

ဘီလိယက်ခုံရှိသော အိမ်တစ်အိမ်မှ ငြင်းခုန်သံဆူသံတွေ ထွက်လာသည်။

အသံတွေပြန်တိတ်သွားသည်။

တွေ့လိုသောအိမ်ကိုလည်းတွေ့ပါပြီ။

အိမ်ရှေ့တွင် မာလကာပင်တွေရှိကာ အုံ့အုံ့ဆိုင်းဆိုင်းကလေး ဖြစ်နေ၏။

အအေးပေါ့သွားတာမို့ စနေတွင် ဂျာကင်မပါပဲ ဘရိုင်ယ[illegible] ရှပ်အင်္ကျီအညိုကွက်လက်ရှည်နှင့် မာရာဒိုနာဂျင်းဘောင်းဘီပဲ ဝ[illegible] ထားသည်။

သူက ၊တံခါးကိုကြည့်၏။

ပိတ်ထားသည်။

တံခါးရွက်တွေကို ဖြည်းညှင်းစွာခေါက်လိုက်၏။

''ဘယ်သူလဲ''



အထဲကမေးသံ။

''စနေထွန်းပါ''

ခဏပဲကြာသည်။ တံခါးရွက်ပွင့်သွား၏။

အမျိုးသမီးတစ်ယောက်ရပ်နေသည်။ ရုပ်ရည်မဆိုးဘဲ သင့်တင့်သောအဝတ်အစားတွေကိုပဲ ဝတ်ထား၏။

''ဘယ်သူ့ကိုတွေ့ချင်လို့လဲ''

စနေက သူမကို တစ်ခါမှမမြင်ဖူး။

သူမကလည်း စနေကို မြင်ဖူးဟန်မတူ။

ဒါပေမဲ့ အိမ်ရှင်တို့၏ မေးနေကျမေးခွန်းကိုထုတ်သည်။

''ဦးခင်မော်ထွန်းနဲ့ တွေ့ချင်လို့ပါ....ကျွန်တော် သူ့သားပါ''

အမျိုးသမီးသည် စနေကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ...

''ခဏနေဦး''

သူမက အိမ်ထဲဝင်သွားသည်။

စနေသည် စိတ်ရှည်စွာပင် လက်နှစ်ဘက်ပိုက်ကာ ရပ်စောင့်နေသည်။ အိမ်တွင်းဝင်ထိုင်စရာ ကြိမ်ကုလားထိုင်တွေ့ရှိသော်လည်း ဝင်မထိုင်ပါ။

တအောင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လှုနှစ်ယောက်ထွက်လာသည်။ ခုနက အမျိုးသမီးနှင့် သူ့အဖေ ဦးခင်မော်ထွန်းရယ်။

"အဖေ"

"သား"

ဦးခင်မော်ထွန်းမှာ ရုပ်ဖျက်မထားပါ။ ပင်ကိုယ်ရုပ်ပဲဖြစ်၏။ အဖေနှင့်သားသည် တစ်ဦးကိုတစ်ဦးခေါ်ကာ ပြေးဖက်လိုက်ကြသည်။ အဖေ့မျက်ဝန်းမှ မျက်ရည်တွေ စိမ့်ထွက်လာသည်။ အဲသည်မျက်ရည်တွေကို အဖေကသုတ်သည်။

စနေမှာလည်း မျက်ရည်တွေဝဲနေသည်။

"အဖေ…အဖေ နေကောင်းတယ်နော်"

"အေး…နေကောင်းပါတယ်သားရယ်… လူနေကောင်းပေမဲ့ စိတ်နေမကောင်းဘူးကွ"

"အဖေနဲ့သား မတွေ့တာ အတော်ကြာသွားပြီနော်…သား အဖေ့ရင်ခွင်ထဲကို ပြန်လာပါတယ် အဖေရာ…အခုလည်း အဖေ မရှိချိန်မှာ အဖေ့အလုပ်တွေ သားဝင်လုပ်ပါတယ်"

"အဖေ တစေ့တစောင်းစုံစမ်းသိထားပြီးပါပြီ၊ မင်းအမေရော နေကောင်းရဲ့လား"



"မမေက ဖေဖေရှိစဉ်ကထက် ပိုနေကောင်းလာတယ်… ဒါပေမဲ့ အဖေ့အကြောင်းကို မသိသေးဘူး…မသိအောင်လည်း သားတို့ အုပ်ထားတယ်"

"တစ်နေ့မသိ တစ်နေ့သိမှာပါပဲ သားရယ်…လူ့သတင်းဆိုတာ ကြာရှည်အုပ်ထားလို့မရပါဘူး"

"ဆရာ…ကျွန်မသွားမယ်"

အမျိုးသမီးက ဦးခင်မော်ထွန်းကို လေးလေးစားစား အမူအရာနှင့်ခွင့်ပန်သည်။

"သွားလို့ရပါပြီ မခင်မေမြင့်…ခင်ဗျားအိမ်ကို ခုလို ခဏအသုံးပြုခွင့်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

စနေကို မကြည့်ပဲ အမျိုးသမီးက အိမ်ပြင်ကိုထွက်သွားသည်။ မနေနိုင်သော စနေက…

"သူက ဘယ်သူလဲ အဖေ"

"သူက တစ်ခါက အဖေ့တပည့် ကိုမြင့်သန်းရဲ့မိန်းမပဲ… ကိုမြင့်သန်း သေသွားတော့ အဖေပဲ သူ့ကို ကြည့်ရှုစောင့်ရှောက်ခဲ့တယ်၊ အဖေ့ မီနီမားကက်ဆိုင်တစ်ခုမှာ ဆိုင်ထိုင်မန်နေဂျာအဖြစ် ပေးထားခဲ့တာ ဒီနေ့အထိပဲသား…သူက ကျေးဇူးသိတတ်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



အဖေ နိုအောင်းစရာရှိရင် တောင်ဒဂုံတစ်လှည့် ဒီမှာတစ်လှည့်ပဲ"

"အဖေ နိုအောင်းဖို့မလိုတော့ပါဘူး၊ အဖေ့အမှုကိုကိုင်တဲ့ ဒုရဲအုပ်သော်မောင်ထွေးက သားနဲ့သိတယ်၊ သူက အဖေ့ကို အဖမ်းခံစေချင်တယ်၊ သူ့အပြောက အမှုမှာ အဖေက တရားခံစစ်စစ်မဟုတ်ဘူးတဲ့…တကယ့်တရားခံရှိသေးတယ်…အဲဒီတရားခံကို သူက ရှာနေတယ်…ဒါပေမဲ့ အဖေက ရှောင်နေတော့ အမှုမှာ အဖေက တရားခံလိုဖြစ်နေတာပေါ့…အဖေ အဖမ်းခံလိုက်ရင် အမှုက ပိုရှင်းသွားမှာ အဖေရ"

"ဟာ…ဒါ ဘယ်လိုဖြစ်တာလဲ"

"ကံကြမ္မာလမ်းကြောင်းပေါ့အဖေရာ"

စနေက သော်မောင်ထွေး၏ အမှုမှ ယူဆချက်တွေကိုပြောပြ၏။

"ဒါဆို အဖေက မြတ်ထွန်းအောင်ကိုပစ်ခဲ့တာမထိဘူးပေါ့"

"မထိဘူး-အဖေပစ်တာ လွဲချော်သွားသလို အဖေပစ်ခဲ့တဲ့ ကျည်ဆန်ကို အုတ်နံရံတွေထဲက သူတို့ရလို့ စစ်ပြီးပြီ…အဖေကိုင်တဲ့ သေနတ်ကောအဖေ"

"အဖေ့ဆီမှာရှိတယ်"





"အဲဒီသေနတ်နဲ့ သူတို့ တိုက်ကြည့်လိမ့်မယ်…ဦးမြတ်ထွန်းအောင်ကိုယ်ထဲကရတာက ပွိုင့်သုံးဆယ့်ရှစ်ဝက်ဘလေခြောက်လုံးပြူးကျည်ဆန့်တဲ့…အဲဒီတော့ လူသတ်သမားက အသံတိတ်ကိရိယာတပ်ပြီး အဖေပစ်လိုက်ချိန်မှာ တစ်ချိန်တည်းအသုံးချသွားတာပဲ"

"အေးကွာ…အဲဒါတွေမသိခဲ့တော့ အဖေ စိတ်ဆင်းရဲခဲ့ရတယ် သားရယ်…အဖေကလည်း အဖေပဲ…ဒေါသကို ဦးစားပေးလိုက်မိတာကိုးကွ…ဒေါသကိုရှေ့ထားတာမကောင်းပါဘူးသားရယ်၊ ဒါပေမဲ့ အဲဒီတုန်းက အဖေ မပစ်ရင်လည်း မြတ်ထွန်းအောင်ဓားချက်နဲ့ အဖေ သေမှာပဲလေ…အခုတော့ သူသေသွားရရှာတာပေါ့"

"မထင်နဲ့ အဖေ…သူမသေဘူး"

"ဘယ်လို"

"သူ မသေဘူး…ဆရာဝန်တွေကောင်းမှုကြောင့် အခု သူ ဆေးရုံမှာ အသက်ရှင်လျက်ရှိနေတယ်"

"ဟာ…ကြားရတာ အဖေ ဝမ်းသာလိုက်တာသားရယ်…အဖေ့မှာ လူတစ်ယောက်ကို သတ်မိလေခြင်းဆိုတဲ့စိတ်နဲ့ နေ့တိုင်း စိတ်ဆင်းရဲနေရတယ်"

လူတစ်ယောက်၏အသက်ကို ဒေါသအလျှောက်လုပ်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမဲ့ ဦးခင်မော်ထွန်းမှာ အသက်ကို တန်ဖိုးထားကြောင်းတော့ သူ့စကားတွေက ထင်ရှား၏။

ညှိုးငယ်နေသော မျက်နှာသည် ချက်ချင်းရွှင်လန်းသွား၏။ ဝမ်းမြောက်ခြင်းက လေသံနှင့် မျက်နှာမှာအတိုင်းသား။

အဖေ ဘယ်သို့ခံစားရမည်ကို စနေထွန်း ကိုယ်ချင်းစာနားလည်သဘောပေါက်ပါသည်

ယခု သူကိုယ်တိုင်လည်း လူတစ်ယောက်အပေါ် လက်လွန်ခဲ့သည်မဟုတ်လား။ လူဆိုတာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စစ်ပွဲမှအပ လူ့အသက်ဆိုတာ တန်ဖိုးရှိစမြဲ။

"သား…မင်း ဘာငိုင်နေတာလဲ"

မိမိအကြောင်းကို မိမိတွေးနေသော စနေအား အဖေက ကောက်ကာငင်ကာ မေးသည်။

မိမိအကြောင်းကို အဖေ့အားမပြောချင်ပါ။

ရဲစခန်းကို သားအဖနှစ်ယောက် အတူရောက်မှပဲ သိပါစေတော့။

"ဩော်…အဖေရယ်၊ အဖေ မသတ်ဘူးဆိုတော့ အဖေ့ကိုယ်စား ဘယ်သူသတ်သွားမလဲလို့တွေးနေတာ"





စကားကိုလမ်းကြောင်းပြောင်းသည်။

"အေး…အဖေလည်း အဲဒါပဲတွေးနေတာပဲကွ၊ ဒီလူဟာ ဦးမြတ်ထွန်းအောင်ကို မုန်းတီးနာကျည်းစိတ်ရှိလိမ့်မယ်၊ ဒါပေမဲ့ သူက အဖေ့ကို အကွက်ဆင်ပြီး လူသတ်ကောင်ဖြစ်အောင်လုပ်တော့ အဖေ့အကြောင်းသိတဲ့လူဖြစ်ချင်ဖြစ်မယ်"

"ဟုတ်တယ် အဖေ…အဖေ ဦးမြတ်ထွန်းအောင်ဆီသွားတဲ့အကြောင်း သိတဲ့လူဖြစ်ရမယ်…ဒီတုန်းက အဖေ ဘယ်သူ့ကိုအသိပေးခဲ့သေးလဲ အဖေ"

ဦးခင်မော်ထွန်း စဉ်းစားပြီးမှ…

"သိတဲ့လူဆိုရင် မင်းသူငယ်ချင်းအောင်သူပဲရှိတယ်၊ အဲဒီနေ့က မင်းနဲ့တွေ့ဖို့ သူ မော်တော်ဆိုင်ကယ်နဲ့လာတယ် သား…ခြံပြင်မှာ အဖေနဲ့ ဆုံဆည်းတော့ မင်းမရှိတဲ့အကြောင်းနဲ့ ဦးမြတ်ထွန်းအောင်ဆီ အဖေသွားမယ့်အကြောင်း ပြောခဲ့တယ်…ဒါဆိုရင်"

"ဟုတ်တာပေါ့ဗျာ…ဒါဆိုရင် အောင်သူဟာ ကျွန်တော်…ကျွန်တော်က လူသတ်သမားပေါ့"

အသံတစ်သံသည် သူတို့ရှိနေသောနေရာနှင့် မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



မှထွက်လာသည်။ သားအဘနှစ်ယောက်၏အကြည့်က ထိုနေရာသို့ ရောက်သွားသည်။

အောင်သူက တံခါးဝတွင် ရပ်နေသည်။

သူချည်းတော့မဟုတ်။

အဖော်ပါသည်။ ထိုအဖော်က ခြောက်လုံးပြူးတစ်လက်။

"အောင်သူ…သူငယ်ချင်း"

"မင်း ငါ့ကို သူငယ်ချင်းလို့မခေါ်ပါနဲ့ စနေ…ငါက မင်းကို ငါ့သူငယ်ချင်းလို့ သတ်မှတ်ထားတာမဟုတ်ဘူး…မင်းဟာ ငါ့ရန်သူ"

စနေရော ဦးခင်မော်ထွန်းပါ မယုံကြည်နိုင်သောမျက်နှာနှင့် ကြည့်နေမိကြသည်။ အောင်သူက သေနတ်ဖြင့် ချိန်၍ အထဲကိုဝင်လာသည်။

မျက်နှာချင်းဆိုင်မှာရပ်လိုက်၏။

"ငါတို့အိပ်မက်များ မက်နေသလား အောင်သူရာ…မင်းက လူသတ်သမားပဲ…တကယ် မယုံနိုင်စရာပဲ"

ဦးခင်မော်ထွန်းအသံက စိတ်လှုပ်ရှားလာသည့်အသံ။ အောင်သူက သူ့ကို လေးလေးနက်နက်ကြည့်၍…

"ဦးမြတ်ထွန်းအောင်ကို သေနတ်နဲ့ပစ်ခဲ့တာ ကျွန်တော်ပဲ"





"ဘာလို့သတ်ရတာလဲ"

"ကျွန်တော့်စီးပွားရေးကို ဖျက်ဆီးပြီး ခုတ်လှန်းအားကြီးလို့ ကျွန်တော့်အစ်ကိုဇာနည်ဘိုကို လူဆိုးလူမိုက်ဖြစ်အောင် သိမ်းသွင်းခဲ့တဲ့လူ…ဒါကြောင့် ရှင်းပစ်လိုက်တာ"

"ဒါဆို ငါသေနတ်နဲ့ပစ်ခဲ့ချိန်မှာ မင်းကပါ သေနတ်နဲ့ပစ်ခဲ့တယ်ပေါ့"

"ဟုတ်ပဗျာ…ဟောဒီသေနတ်မှာ အသံတိတ်ကိရိယာနဲ့ကို တပ်ပြီး ရှင်းပစ်ခဲ့တာ…ဟဲ…ဟဲ…အန်ကယ်(လ်)လည်းသတ်၊ ကျွန်တော်လဲသတ်ပေါ့…ဒါပေမဲ့ ရဲက အန်ကယ်(လ်)သတ်တာပဲသိမယ်…ကျွန်တော်သတ်တာသိမှာမဟုတ်ဘူး"

မထေမဲ့မြင်ပုံစံမျိုးနှင့် စကားတွေ သွန်ထုတ်လာသူ အောင်သူကို စနေက ဒေါသနှင့်ကြည့်ရင်း…

"အောင်သူ…မင်းကိုယ်မင်း သိပ်မထင်မကြီးနဲ့…ဒီခေတ်ရဲတွေဟာ အတွေးအခေါ်အယူအဆတွေကောင်းတယ်ကွ…မင်းပစ်လိုက်တဲ့ ကျည်ဆန်က ပွိုင့်သုံးဆယ့်ရှစ်ဝက်ဘလေကျည်ဆန်…အဲဒီကျည်ဆန်ကို ဦးမြတ်ထွန်းအောင်ရဲ့ကိုယ်ထဲကရတယ်…အဖေပစ်တဲ့ကျည်ဆန်က နံရံကိုပဲမှန်တယ်…အဖေ့သေနတ်က ထွက်လာတာ ဒီဒီ



www.burmeseclassic.com

www.burmeseclassic.com



ကေပ္ပိုင့် ၃၂ ကျည်ဆန်…အဲဒီတော့ ကျည်ဆန်အမျိုးအစားချင်းမတူတာ သိတဲ့ပြင် လူသတ်ကောင်ဆိုတာ မင်းပဲလို့မသိပေမဲ့ သတ်တဲ့လူသတ်ကောင်နောက်ကိုလိုက်နေပြီ…အဖေက ဒီနေ့ပဲ သူ့ကိုယ်ကိုရဲလက်ထဲအပ်မယ်…အဲဒီမှာ ပိုရှင်းသွားမယ်"

"အေးပေါ့ကွာ…မင်းက ဒုရဲအုပ်လုပ်ခဲ့ဖူးတော့ ရဲစကားပြောပေါ့…ငါက လူသတ်သမားစကားပြောမယ်…မင်းတို့ သားအဖနှစ်ယောက်ကို အရှင်မထားဘူး…ငါ့လမ်းကြောင်းမှာ ငါရှင်းမယ်၊ စနေမင်းကို ငါက ပိုသတ်ချင်တယ်…ငါ့အစ်ကို ဇာနည်ဘို သေခဲ့ရတာမင်းလက်ချက်ဆိုတော့…"

သူက သေနတ်ပြောင်းကို စနေ၏နဖူးပြင်တွင်တေ့လိုက်၏။

သူ့မှားချက်။

အဲသည်အခွင့်အရေးကို စနေစောင့်နေခဲ့တာကြာပြီ။

သူ့ဘယ်လက်ဝါးစောင်းနှင့် အောင်သူ့သေနတ်ကိုင်လက်ကိုပင့်ရိုက်တင်လိုက်၏။

ဒိုင်း…

ပေါက်ကွဲထွက်လာသော သေနတ်သံ။



ကျည်ဆန်ကပြောင်းတွင်းမှ ရှန်းကန်ကာ စနေ၏ ခေါင်းပေါ်မှာ ကျော်ဖြတ်ဝဲသွားသည်။

စနေ့ညာလက်သီးဆုပ်က အောင်သူ၏ ရင်ဝထဲကို ဖောင်းခနဲဝင်သွားသည်။ ပြင်းသည်။

"အား"

အော်လိုက်သည့်အသံက အောင်သူ့အသံမဟုတ်ပါ။ စနေကနာကျည်းမှုနှင့်အော်ပြီး လက်ကိုခါလိုက်၏။ မျက်နှာလည်း ရှုံ့သွားတော့သည်။

သည်စဉ် ဦးခင်မော်ထွန်းက အောင်သူ့ကိုခုန်အုပ်လိုက်သည်။ နှစ်ယောက်လုံး လဲကျသွားသည်။ အောင်သူ့လက်မှာ သေနတ်ကိုကိုင်ထားဆဲ။

အောင်သူနှင့် ဦးခင်မော်ထွန်း လုံးထွေးစဉ် သူ့သေနတ်ကိုင်လက်ကို ဦးခင်မော်ထွန်းက ဆုပ်ထား၏။

အောင်သူသည် လူလည်ဖြစ်သည်။ နဂိုရ်တည်းက စဉ်းစားလာဟန်တူသည်။

သူ့ဂျာကင်အင်္ကျီရင်ဘတ်အောက်တွင် မာကျောသောအရာဝတ္ထုတစ်ခုကို ထည့်သွင်းခံထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စနေ့လက်နာသွားခြင်းဖြစ်၏။ စနေ၏ ဘယ်လက်မှာ ထင်သလောက်မသန်။

ရှန်းလုံနှင့် မော်တော်ဆိုင်ကယ်စီးစဉ်မှာ လက်ကျိုးခဲ့ဖူးသည်။

သူက ကပျာကသီ ပြေးသွားပြီး ဦးခင်မော်ထွန်းအပေါ်ကို ရောက်နေသည့် အောင်သူကို နောက်ဘက်မှ ဆောင့်ကန်ပစ်လိုက်၏။

အောင်သူမှာ ရှေ့သို့ဟတ်ထိုးလဲကျသွားသည်။

စနေ၏ဖိနပ်စီးထားသော ခြေတစ်ဘက်က အောင်သူ့လက်ကို ဆောင့်ကန်ပစ်လိုက်ပြန်၏။

"အား"

သည်တစ်ခါတော့ အောင်သူ့အလှည့်။ လက်ထဲမှ သေနတ်လွင့်သွားသည်။

စနေက အောင်သူကို လိုမ့်လိုမ့်ကန်သည်။ သူ့စိတ်ထဲတွင် ဒေါသဖြစ်နေသော်လည်း လက်လွန်ခြေလွန်မဖြစ်ခဲ့ဖို့ကိုတော့ သတိထားသည်။

အောင်သူမှာ ခြေကန်ချက်တွေကို ကိုယ်လိုမ့်ရှောင်သည်။ ထိသည်လည်းရှိသည်။

လွတ်သွားတာလည်းရှိသည်။





ထိလျှင်လည်း အောင်သူမှာ နာကျဉ်မှုနှင့်အသံထွက်ညည်းမိသည်။

စနေမှာ သက်သတ်လွတ်စားလာသည့်အခြေကြောင့် ယခင်ကထက်စာလျှင် အင်အားလျော့ပါးနေသည်။ ဒါကြောင့် သူ့ကန်ချက်တွေမှာ ထိသည့်တိုင်အောင် ရန်သူကို နာကျဉ်စေသည်မှအပ မူးမေ့သွားအောင် မရှိခဲ့။

အောင်သူအတွက် ကုသိုလ်ကံထောက်မလာသည်။

သူလိမ့်သွားသောနေရာမှာ သူ့သေနတ်လွင့်စင်ကျခဲ့သည့်နေရာဖြစ်သည်။

အဲသည်သေနတ်ကို သူရသွားသည်။

သေနတ်ကို ကောက်ယူကာ လူးလဲထပြီးတော့ သူ့ကို ထပ်ကန်ရန်ပြင်နေသော စနေထွန်းရှိရာသို့ မော်င်းဖြုတ်ချလိုက်သည်။

ဒိုင်း...

ထပ်မံထွက်ပေါ်လာသောသေနတ်သံ။

မီးစကြီးတစ်စ ရင်အုံထဲစူးဝင်သလို စနေခံလိုက်ရ၏။ စနေလန်ထွက်သွားသည်။

"သား"



www.burmeseclassic.com

www.burmeseclassic.com



ဆို့နင်ထိတ်လန့်သံနှင့် ဦးခင်မော်ထွန်း အော်လိုက်သည်။ သားယိုင်ဆင်းသွားတာကိုမြင်ကတည်းက သား သေနတ်မှန်သွားပြီကို ကောင်းကောင်းသိသည်။

မျက်လုံးတွေထဲ ပြာဝေသွား၏။

သူက စနေဆီသို့ပြေးသွားသည်။

အဲသည်အချိန်တွင် အောင်သူမှာ လူးလဲထပြီးချိန်မို့ ပြေးဝင်လာသော ဦးခင်မော်ထွန်းအား သေနတ်နှင့် လှမ်းချိန်လိုက်သည်။

ဒိုင်း...

"အား...အမယ်လေး"

ထပ်ပြီးထွက်လာသောသေနတ်သံနှင့် ကျည်ဆန်က အသား ထဲ နစ်မြုပ်ခြင်းခံလိုက်ရတာကြောင့် အော်လိုက်သံ။

အောင်သူမှာ ညာလက်မောင်းကို ဘယ်လက်ဝါးနှင့် ယောင်ယမ်းဆုပ်ကိုင်လိုက်သည်။ လက်မှာ ထုံကျဉ်၍ မခံမရပ်နိုင်သော နာကျဉ်မှုဝေဒနာကြောင့် သေနတ်ကိုကိုင်ထားနိုင်စွမ်းမရှိတော့ပါ။

ဒေါက်ခနဲထွက်ပေါ်လာသံက ကြမ်းပြင်နှင့် သေနတ်ကိုယ် ထည်ထိသံ။

တံခါးဝတွင် ရဲတွေရောက်နေကြပြီ။



ဒုရဲအုပ်သော်မော်ထွေးကပင် ခေါင်းဆောင်လာ၏။

သူ့လက်ထဲမှာက ဖစ်ပြီးသား မစ္စတိုလ်တစ်လက်ကိုင်လို့။

"ကိုအောင်သူ...ခင်ဗျား ထပ်လှုပ်ရင်တော့ ခြေထောက်ကို ပစ်ချိုးရလိမ့်မယ်"

သတိပေးစကားကိုပြောပြီး သော်မောင်ထွေးတို့ ဝင်လာကြ၏။ သော်မောင်ထွေးတို့နှင့်အတူ ပါလာတာက အရပ်လူကြီးနှစ်ယောက်နှင့်အတူ စိမ်းသဉ္ဇာလှဲ။

အောင်သူက စိမ်းသဉ္ဇာလှဲ့ကို တွေ့သောအခါ ဒေါသတကြီးနှင့် အော်ပြောလိုက်၏။

"ခွေးမ...သစ္စာဖောက်မ"

သူ၏ အုပ်ကိုင်ထားသော ဘယ်လက်ချောင်းကြားမှ နီရဲသော်သွေးများ တပေါက်ပေါက်ယိုစီးကျဆင်းနေသည်။

သည်စဉ်မှာ စနေသည် ရင်အုံတစ်ဘက်ကို လက်နှင့်ဖိရင်းကိုယ်က တဖြည်းဖြည်းညွတ်ကျသွားသည်။

မျက်လုံးထဲမှာ အရာမှန်သမျှ မှုန်ဝါးသလို ရင်အုံတွင် မခံမရပ်နိုင်သော ဝေဒနာက ပေါက်ကွဲမတတ်ခံစားနေရ၏။

"သား...သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



မချည့်တင်ကဲသံကြီးနှင့် ဦးခင်မော်ထွန်းက ရေရွတ်ပြီး စနေကို ပွေ့ထူလိုက်သည်။

စနေသည် သူ့အဖေကို ရင်ခွင်ထဲမှ မော်ကြည့်၍ အသံတိုးတိုးလေးနှင့်…

"ဓာတ်လမ်းတွေအားလုံးပြီးဆုံးသွားပြီအဖေ…အဖေ အပြစ်ပေ့ါအောင် အဖမ်းခံလိုက်ပါတော့နော်"

"သားရယ်…ဖြစ်ရလေ…ငါ့သားငါ့ဆီကို လာလို့ ဒီလိုဖြစ်ရတာ…အဖေ ဘယ်လိုလုပ်ဖြေရမလဲသားရယ်…အဖေ မကြည့်ရက်ဘူး…သား…သား မသေရဘူး"

ငိုသံပါကြီးနှင့် ဦးခင်မော်ထွန်းကပြောရင်း သူ့သားကို တင်းကျပ်စွာ ပွေ့ဖိုက်ထားသည်။ စနေက အသံပျော့လေးနှင့်…

"ဓာတ်လမ်းပြီးသွားပြီအဖေ…ကျွန်တော့်ဘဝလည်း ပြီးသွားပါပြီ…အားလုံးဟာ ကံကြမ္မာရဲ့လက်အောက်မှာပါပဲ အဖေရယ်"

ဦးခင်မော်ထွန်းသည် အောင်သူကို ဒေါသတကြီး ကြည့်ကာ

"ဒီကောင်ဟာ လူသတ်သမား…ကျုပ်သားကို သတ်တာ ဒီကောင်…ဒီကောင်ပဲ…သူ့ကိုဖမ်းကြပါ"

အောင်သူကို လက်ထိပ်ခတ်ပြီးသော သော်မောင်ထွေးက





"သူ့ကို ကျွန်တော်တို့က ကိုစနေထွန်းကို သေနတ်နဲ့ပစ်တဲ့ အမှုအပြင် ဦးမြတ်ထွန်းအောင်ကို သတ်မှုနဲ့ပါ ဖမ်းရပါမယ်"

သော်မောင်ထွေးသည် စနေနားတွင် ဒူးထောက်လိုက်၏။

"ကျွန်တော်တို့ နည်းနည်းလေးနောက်ကျသွားတယ် ကိုစနေထွန်းရယ်…အချိန်မီလာရင် ခင်ဗျား ဒီလိုခံရမှာမဟုတ်ဘူး…ဓာနည်ဘို အတွက် ကိုအောင်သူနဲ့ စိမ်းသဉ္ဇာလွဲတို့က ခင်ဗျားတို့ မိသားစုကို သက်စားချေဖို့ ကြံခဲ့ကြပေမဲ့ စိမ်းသဉ္ဇာလွဲက သတိရှိနေတာကြောင့် ဒီအကြံကို မလုပ်ပဲ သူ့အစ်ကိုက ခင်ဗျားတို့သားအဖကို ဒီအချိန် ဒီနေရာမှာသတ်ဖို့ရှိပါတယ်ဆိုပြီး ကျွန်တော့်ကို စိမ်းက လာအကြောင်းကြားလို့ အမြန်လိုက်လာနိုင်တာပါ…ဒါပေမဲ့ ခုလိုဖြစ်သွားတာမြင်တော့ ကျွန်တော် စိတ်မကောင်းဘူး ကိုစနေထွန်းရယ်"

စနေထွန်းသည် စိမ်းကို ခဏစိုက်ကြည့်လိုက်သည်။ မျက်နှာတွင် နာကျဉ်မှုဝေဒနာခံစားရသည်မှအပ မည်သို့မျှ မပြောင်းလဲခဲ့ပေ။ စိမ်းမှာ မျက်ဝန်းတွင် မျက်ရည်တွေပြည့်လျှံရင်း အသံတုန်တုန်ကလေးနှင့်…

"စိမ်းကို ခွင့်လွှတ်ပါ ကိုစနေရယ်"

"ခွင့်လွှတ်ပါတယ် စိမ်း…လူ့လောကမှာလူတွေဟာ ဒေါသ

www.burmeseclassic.com



လောဘတွေရှိနေရင် မှားနေကြတာပဲ…စိမ်း အချိန်မီ သတိရလာလို့ ကိုယ်တို့ကို အန္တရာယ်မပြုခဲ့တာပဲ ကျေး…ကျေးဇူး…တင်…အား''

နာကျဉ်သောဝေဒနာနှင့် ညည်းလိုက်ရှာသည်။ ကိုယ်က တွန့်သွားသည်။

''သူ့ကို ဆေးရုံခေါ်သွားမှဖြစ်တော့မယ်…နိုးစပ်ရာကားကို ဦးလေးတို့ရှာပေးပါ''

သော်မောင်ထွေးက ရပ်ကွက်လူကြီးတွေဘက်လှည့်အကူ အညီတောင်းသည်။ ဦးခင်မော်ထွန်းက မျက်ရည်များကျနေရင်းမှ

''ကျွန်တော့်သားကလေးကို ကယ်ကြပါဗျာ…သူ…သူ… မသေရအောင်လုပ်ကြပါဦး''

ဦးခင်မော်ထွန်းကို သော်မောင်ထွေးက စနေ မမြင်အောင် လက်တစ်ဘက်ကို လက်ထိပ်ခတ်သည်။ ထိုလက်ထိပ်ကို သူ့လက်နှင့်ပဲ တွဲခတ်လိုက်သည်။

''စိမ်း''

''ကိုစနေ''

''မေမေ့ကို ဂရုစိုက်ပေးပါနော်…အဖေလည်း သူ့အပြစ်နဲ့ သူဆိုတော့ ဘယ်တော့လွတ်မယ်တော့မသိဘူး''



''စိတ်ချပါ ကိုစနေရယ်…စကားသိပ်မပြောပါနဲ့…အခုပဲ ဆေးရုံပို့မယ်…ဆေးရုံရောက်ရင် ကိုစနေ မသေရဘူး''

စနေ သက်ပြင်းချလိုက်၏။

''ကိုယ်မသေချင်သေးပါဘူး စိမ်းရယ်…နေချင်ပါသေးတယ်၊ ဒါပေမဲ့ ကိုယ်မနေရတော့ဘူးဆိုတာ ကိုယ်သိပါတယ်''

သူက တစ်နေရာကိုစိုက်ကြည့်၍ မလိုလားသံနှင့်…

''သွား…နင်…ငါ့ဆီမလာနဲ့…ငါ့ကိုလာမခေါ်နဲ့… ငါ မလာဘူး…သွား…သွား''

စိမ်းက သတိပေးသံနှင့်

''ကိုစနေ…သတိထားပါ…သတိထားပါ… ဘာတွေပြော နေတာလဲ''

''သား…သား…မပြောနဲ့…အခုပဲ ဆေးရုံပို့မယ်''

''ဟိုကောင်မနှင်းဖြူ သားကို လာခေါ်နေတယ် အဖေ… သား မသွားချင်ဘူး''

''မဟုတ်တာသားရယ်''

''သတိထားပါ ကိုစနေရယ်''

စနေကို သတိပေးသည်။ သူတို့က စနေကို [illegible] ကယောင်ချောက်ချား ဖြစ်နေသည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနေ၏ပါးစပ်ထဲမှ သွေးတွေစီးကျလာသည်။

"ကျွန်…ကျွန်တော့်…မျက်…မျက်လုံးတွေမ…မမြင်ရ တော့ဘူး အဖေ…ကျွန်…ကျွန်တော်…စိတ်…စိတ်ဖြောင့်…ဖြောင့် သေချင်တယ် အဖေ"

"ကိုစနေ…ဘုရားကိုအာရုံပြုပါ ကိုစနေ"

မျက်ရည်တွေစီးကျလာရင်းမှပဲ စိမ်းကဆိုရှာသည်။ စိမ်းအသံမှာ တုန်ရင်နင့်ဆို့နေသည်။

အသက်ကို စနေပြင်းစွာရှူနေ၏။ သူ၏နောက်ဆုံးအချိန်က ကပ်လာသည်။ ထိုအချိန်တွင် သေသူအတွက် သတိတရားက အရေးကြီးသည်။

စနေကို ဦးခင်မော်ထွန်းက လက်အုပ်ချီကာ ကိုင်ထားပေး၏။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို စိတ်မှဝင်စားခဲ့သော ဦးခင်မော်ထွန်းမှာ သားအဖြစ်တွေကိုမြင်မှ သေကာနီးတွင် ရတနာသုံးပါး ဂုဏ်ကျေးဇူးဟာ အင်မတန်အရေးကြီးပါလားဟု နားလည်သဘောပေါက်သံဝေဂရလာ၏။

_သူကငိုသံပါကြီးနှင့်…

"သားရဲ့…ဘုရားကိုအာရုံပြုကွယ်"



"အဖေ…စိမ်း…ကျွန်…ကျွန်တော့်ကို ဘုရားစာရွတ်ပေး ပါ…ကျွန်တော်…လိုက်…လိုက်ဆိုပါ…ပါ့ရစေ"

အသံကို အားပြုညှစ်ထုတ်ပြောနေ၏။ လည်ချောင်းတွင် အမျိုးအမည်မသိရသောအလုံးကြီးတစ်ခု တစ်ဆို့ခြင်းခံနေရသဖြင့် ဦးခင်မော်ထွန်းမှာ အသံမထွက်အောင်ဖြစ်နေသည်။

စိမ်းက အားတင်း၍…

"ကိုစနေ…စိမ်း ဆိုပေးမယ်…လိုက်ဆိုနော်"

သူမက ပြောကာ ငိုသံပါကြီးနှင့်…

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ…ဂစ်…ဂစ်…"

နောက်ဆုံးတွင် အဆုံးတိုင်အောင် မဆိုနိုင်ရှာတော့ဘဲ ဦးခင်မော်ထွန်း အားတင်းဆိုရာမှအသံပျောက်သွားတော့၏။

ဆုပ်ကိုင်ထားသော ဦးခင်မော်ထွန်းလက်ဖဝါးပြင် [illegible] လက်ကလေးတွေ ပျော့ခွေကျသွားရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"သားရယ်…အဖေချစ်တဲ့သားရယ်…အဖေတို့နဲ့အတူ သားအတူကြာကြာမနေရတော့ပါလား သားရယ်"

ဦးခင်မော်ထွန်းက သားအလောင်းကိုကြည့်ကာ ငိုရှာသည်။

အင်မတန် ကြေကွဲဖို့ကောင်းသည့်ဖြစ်ရပ်။

သည်အဖြစ်ကို ဒေါ်မြင့်ကြူသိပါက ဘယ်သို့ရှိလေမည်နည်း။

ထိုနည်းတူ သားကလေး၏ဝိညာဉ်က ဘယ်သို့လွင့်ပါးသွားသည်ကို မသိရတော့။

စိမ်းမှာ မျက်ရည်တွေကျကာ ရင်ထဲမှာကြေကွဲနေ၏။ သော်မောင်ထွေးမှာ သူတို့အဖြစ်ကို မရှုမြင်ရက်သလို မျက်နှာလွှဲလိုက်မိ၏။

သည်အချိန်တွင် သူ့လက်တစ်ဘက်က စိမ်း၏လက်တစ်ဘက်အား ကြင်နာယုယစွာဆုပ်ကိုင်ထားမိသည်ကိုတော့ သတိပြုမိသည်။

စိမ်းမှာတော့ မျက်ရည်တွေနှင့်…။

ဆုံကြဦးမယ်ကွယ်…

**စောညို**

၂၃-၈-၂၀၀၃

www.burmeseclassic.com